

www.burmeseclassic.com
အောင်မြင်စာပေ
မြပုလဲခင်
ပန်းတောင့်နတ်သမီးကျိန်စာ

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၃၃၀၀၃၀၈၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၅၁၂၀၄၀၈


ထုတ်ဝေသူ...ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်...အောင်မြင်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊

သစ်ရာပင်လမ်းသွယ်၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ။

ဖြန့်ချိရေး...အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း။

ပထမအကြိမ် ၂၀၀၈ခုနှစ်၊(ဇွန်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်၊



www.burmeseclassic.com








## အခန်း(၁)
## ဒေါက်တာနေအုပ်စိုး

နံနက်ခင်း၏နေခြည်နုထွေးကို ခံယူရင်း ဒေါက်တာနေအုပ်စိုး အသက်ကို ဝဝရှူသွင်းပြီးနောက် ပါးစပ်ဟကာ လေကိုမှုတ်ထုတ်ခြင်းဖြင့် အသက်ရှူလေ့ကျင့်ခန်းကို လုပ်လိုက်သည်။

နောက် ခန္ဓာကိုယ်ရှိ အကြောပေါင်းတစ်ထောင် လျှော့ချလိုက်ပြီး တိုက်ကျိုကျွမ်း အားကစားနည်းကို စိတ်နှင့်ခန္ဓာကိုယ်ကျန်းမာရေးအတွက် ကက်ဆက်တီးလုံးဖွင့်ကာ လေ့ကျင့်လိုက်သည်။

ဤသည်ကား ဒေါက်တာနေအုပ်စိုး၏နံနက်ခင်းတိုင်း နိစ္စဓူဝ လုပ်ငန်းစဉ်တစ်ခု။ ပြီးလျှင် ချွေးခြောက်အောင်သုတ်၊ ရေ

www.burmeseclassic.com



တစ်ခွက် ပြည့်ပြည့်ဝဝ သောက်လိုက်ပြီးနောက် ရေချိုးချလိုက်သည်။

နောက်ပြီးတော့မှ. . .

သူ့အတွက် တစ်နေ့တာ လုပ်ငန်းစဉ် စတင်ရန် ခန္ဓာကိုယ်ကြီးကို အာဟာရ ဖြည့်တင်းရသည်။ Breakfast နံနက်စာကို သူ အလေးအနက်ထား စားရသည်။ အဘယ်ကြောင့်ဆိုသော်. . .

လူနာကို အလေးထားတတ်သော သူ့လို ဆရာဝန်အတွက် Lunch နေ့လည်စာက အချိန်ကာလ နေရာသတ်မှတ်ချက် မရှိတတ်သောကြောင့်ပင် တစ်ခါတစ်ရံ နေ့လယ်စာ လွတ်ခဲ့ရသည်လည်း ရှိတတ်သည်။

ညနေစာကိုတော့ အိပ်ယာဝင်ခါနီး အစာကြေလွယ်သော (Light Food)လောက်ကိုသာ စားဖြစ်သည်။

သူ ရေချိုးခန်းထဲမှ ထွက်လိုက်သည်နှင့်. . .

"မောင်ရေ. . ."

"ပြော. . . နွဲ့ရေ"

ချစ်မဝနိုင်သည့် ဇနီးချော၏ဆွဲဆောင်မှုပါဝါသံလေးက ထွက်ပေါ်လာသည်။ သူကသာ ဇနီးချောကို တုန့်ပြန်သံပြုရင်း လှမ်းကြည့်လိုက်နိုင်သည်။

သူ့ဇနီးကတော့ သူ့ကို မကြည့်အား။ နောက်ဆုံးပေါ် မှန်တင်ခုံကြီးရှေ့၌ မော်ဒယ်လ်ရှိုး ပြသည့်အလား ရုပ်ပြီး ပြင်ဆင်မှု၏ အဆုံးသတ်ကို ရေမွှေးဆွတ်ခြင်းဖြင့် အလုပ်များလျက်. . .

"နွဲ့တော့ စားသောက်ပြီးသွားပြီ၊ Breakfast လည်း ပြင်ဆင်ထားတယ်၊ ဟင်းချိုလေးတော့ မောင့်ဖာသာမောင်ပဲ နွေး





သောက်လိုက်တော့နော်၊ ဘိုင့်. . . ဘိုင့်. . . နွဲ့သွားပြီနော် မောင်"

ပြောပြောဆိုဆို မှန်တင်ခုံပေါ် တောင်ထားသော မိကျောင်းသားရေလက်ကိုင်အိတ်ကြီးကိုယူ သူ့အနီးမှ ဖြတ်ကျော်အလျှောက်တွင် သူ့ပါးတစ်ဖက်ကို မမှီမကမ်းမို့ ခြေဖျားထောက်ကာ မွှေးကြူလိုက်ပြီး နှုတ်ကလည်း ဒလစပ် ပြောကာ ကသုတ်ကရက်နှင့် ထွက်သွားလေသည်။

ကောက်ကြောင်းလှသော ချစ်ဇနီးသည်၏နောက်ပိုင်းအလှကို လျှပ်တစ်ပြက်သာ ကြည့်လိုက်နိုင်ပြီး ကုတင်ပေါ်၌ ချစ်ဇနီး ထုတ်ပေးသွားသော အဝတ်အစားကို ကောက်ယူ ဝတ်ဆင်လိုက်လေတော့သည်။

ဒီနေ့ အိမ်၌ ချိန်းထားသော လူနာတစ်ဦး ရှိနေသည်မို့ လူနာမရောက်ခင် နံနက်စာကို စားသောက်လိုက်မှ ဖြစ်မည်။ ထမင်းစားခန်း ကျွန်းစားပွဲပေါ်တွင် တင်ထားသော ပလတ်စတစ်အုပ်ဆောင်းကို ဖွင့်လိုက်သည်။

နန်းကြီးသုပ်နှင့် ကြာဇံဟင်းခါး၊ လိမ္မော်ရည်၊ ကြက်ဥကာကျက်နှစ်လုံး၊ ကွဲကောသီး အခွံခွာပြီးသား (၄)မွှာ။

သူရင်ထဲ ပြုံးနေမိသည်။ သူ့ဇနီးချော နွဲ့သည် စီးပွားရှာကောင်းသလို အိမ်တွင်းမှုလည်း နိုင်နင်းသည်။ အချက်အပြုတ် အစီအမံလည်း ကျွမ်းကျင်သည်။

ခုလည်းကြည့်. . . အလုပ်များသူ အချင်းချင်းမှာ နွဲ့က သူဝတ်ဖို့စားဖို့အတွက် အိမ်ဖော်အကူအညီ မရှိဘဲ ပြင်ဆင်ပေးထားပြီးမှ အလုပ်သို့ ထွက်သွားသည်။

သူက အသင့်စားသောက်ရုံ၊ နေ့လယ်စာအတွက် ချိုင့်ပြင်

www.burmeseclassic.com



ထားပေးသေး။ ဂက်စ်(gas)မီးဖိုပေါ် တင်ထားသော စတီးအိုးအဖုံးကို ဖွင့်ကြည့်လိုက်သည်။ အငွေ့ထနေဆဲမို့ နွေးမနေတော့။ ဟင်းချိုခပ်ပန်းကန်ထဲ သောက်နိုင်ရုံ ခပ်ထည့်လိုက်သည်။

နောက် စားပွဲပေါ်၌ မိန်းမက အသင့်ထည့်ကာ ပြင်ဆင်ထားသော နန်းကြီးသုတ်ကို တူနှစ်ချောင်း ကိုင်ကာ မွှေနှောက်လိုက်သည်။ ဘယ်လက်က ဆန်းကစ်ဖန်ခွက် ယူကာ တစ်ဝက်မျှ သောက်လိုက်သည်။

နောက် စားသောက်ခြင်းဖြင့် သူ၏ခန္ဓာကိုယ်ကြီး လှုပ်ရှားနိုင်ဖို့ကို အဟာရဖြည့်လိုက်သည်။ စားသောက်ပြီးသွားသည်နှင့် အုပ်ဆောင်းကို ပြန်အုပ်ထားလိုက်သည်။ ဒါကလည်း နွဲ့၏. . .

"မကူညီချင်နေပါ မောင်၊ မနှောင့်ယှက်ပါနဲ့၊ ပန်းကန်တွေက ဆေးလည်း ပြောင်တာမှ မဟုတ်တာ၊ ပြန်ဆေးရတာနဲ့ မောင်ကော နွဲ့ကော ပင်ပန်းရမယ့်တူတူ၊ မောင်ဘာမှမလုပ်ပဲ စားပြီးသားတွေ အုပ်ဆောင်းအောက်မှာပဲ ထားခဲ့ပါ၊ မောင့်လူနာတွေရဲ့စိတ်ကိုသာ ပြောင်စင်အောင် ဆေးပေတော့၊ နွဲ့က စေတနာနဲ့ ပြောတာနော် မောင်၊ ရွဲ့တာ မဟုတ်ဘူး. . . တကယ်ပြောနေတာ"

ချစ်ဇနီး၏စကားကို ကြားယောင်တိုင်း ပြုံးယောင်သန်းကာ ထမင်းစားခန်းထဲမှ ထွက်ခဲ့လေသည်။ လက်ထဲမှာတော့ ကော်ဖီခါးခါးတစ်ခွက်ကို ကိုင်သယ်ယူလာခဲ့သည်။ နာရီကြည့်လိုက်တော့ နံနက်(၈)နာရီထိုးလုလု စက္ကန့်ပိုင်းအလို။ ထိုစဉ် ခြံတံခါးဝမှ လျှပ်စစ်ခေါင်းလောင်း အချက်ပေးသံ ထွက်ပေါ်လာသဖြင့် နံရံကပ်ဖုန်းကို ဖွင့်လိုက်သည်။ ခြံစောင့် မောင်အေးပုံ Screen ၌ ပေါ်လာသည်။





"ဆရာချိန်းထားတယ်ဆိုတဲ့ ဦးညီရဲထူ ရောက်နေပါပြီ"

"လွှတ်လိုက်ပါ"

"ဟုတ်ကဲ့"

သူကော်ဖီတစ်ငုံ သောက်လိုက်ပြီး ဆက်တီကျွန်းစားပွဲပေါ်သို့ တင်ထားလိုက်သည်။ နောက် အိမ်ရှေ့ ဧည့်ခန်းတံခါးမကြီးကို ရီမုဗ်(Remote)နှင့်ပင် ဖွင့်ပေးလိုက်သည်။ သူ့တစ်ခြံလုံး တစ်အိမ်လုံးကို အလိုအလျောက် အဝေးထိန်းစက်ခလုတ်များနှင့် သူခိုးဖမ်းစက် တပ်ဆင်ထားခြင်းအားဖြင့် လုံခြုံစိတ်ချရစေသည်။

အဘယ့်ကြောင့်ဆိုသော (ပေ ၁၀၀) ပတ်လည်ခြံဝန်း၌ RC နှစ်ထပ်တိုက်၌ နေထိုင်သူက သူတို့လင်မယားနှစ်ယောက်တည်း ဖြစ်ခြင်းကြောင့်ပင်၊ ထို့ကြောင့် ဒရဝမ်(ခြံစောင့်)ကိုတော့ နေ့တစ်ယောက် ညတစ်ယောက် ထားရသည်။ ဒါကလည်း သူတို့နှင့် ကျေးဇူးခံ ကျေးဇူးစား မကင်းသူများထဲမှ စိတ်ချရသူများကို နွဲ့က သေသေချာချာ တွက်ချက် စေ့စေ့စပ်စပ် စစ်ဆေးပြီးမှ ခန့်ထားခြင်းဖြစ်သည်။

ထိုသို့ မလုပ်လို့လည်းမဖြစ်။ သူက ဒေါက်တာနေအုပ်စိုး၊ ရိုးရိုးဒေါက်တာမဟုတ်၊ စိတ်ပိုင်းဆိုင်ရာ အထူးကုဆရာဝန်ကြီးမို့ သူ၏ခြံဝန်းတံခါးဝတွင် ကြေးဆိုင်းဘုတ်တင်ထားသည်က. . .

ဒေါက်တာနေအုပ်စိုး

စိတ်ပိုင်းဆိုင်ရာအထူးကုဆရာဝန်ကြီး

[Psychiatrist]

M.B.B.S(Ygn), DPM (UK) M.Med.Sc (Psychiatry)

စိတ်ကျန်းမာရေးဆေးရုံ

www.burmeseclassic.com



ဟူ၍ သူတင်နေစဉ် အလုပ်များရုံမက ချစ်ဇနီး နွဲ့က လည်း. . .

လူပုံကနွဲ့၊ နာမည်က နွဲ့ပေမယ့် အလုပ်က မနွဲ့။

မဟာဗန္ဓုလလမ်းပေါ် လသာမြို့နယ်၌ 'သဒ္ဒါသစ္စာ' အမည်နှင့် စိန်ရွှေရတနာဆိုင်ကို ဖွင့်လှစ်ထားသူမို့ သူ့ထက် ဝင်ငွေကောင်းရုံတင်မက သူ့ဝင်ငွေလောက်ကို မှုသည်မဟုတ်။ အိမ်၏ စားဝတ်နေရေး ဝန်ဆောင်စရိတ်မှန်သမျှ နွဲ့က သူ့ဆီက တစ်ပြားတစ်ချပ်မှ လက်ဖြန့်ခံမတောင်းဘဲ တာဝန်ယူထားသူဖြစ်သည်။

သူက လစာအပ်လျှင် နွဲ့က ရယ်ကာ. . .

"မောင်ရယ် လိုအပ်တဲ့နေရာမှာ လှူဒါန်းရအောင် မောင်ပဲစုဆောင်းထားပေးပါ၊ မောင့်လစာကော မောင့် Outside(အပိုရငွေ)ကော မောင့်ဖာသာမောင် သိမ်းထား၊ လှူဒါန်းမယ်ဆိုမှ မောင်နဲ့နွဲ့ Half by half (တစ်ဝက်ဆီ) လှူကြမယ်နော်၊ ဒါမှ မောင်နဲ့နွဲ့ ဘဝဆက်တိုင်း ဆုံစည်းနေထိုင်နိုင်ရအောင်" ဟု. . .။

အဲဒီလောက်မြတ်နိုးစရာကောင်းသောသူ ပါရမီဖြည့်ဖက်လေး နွဲ့. . . အမည်အပြည့်အစုံကလည်း "နွဲ့သဒ္ဒါနွယ်" ။

သူ့နှလုံးသားထဲသို့ နွဲ့နွဲ့ကလေး ဝင်ရောက်လာပြီး သူ့အပေါ် သဒ္ဒါမိုးတွေ ရွာသွန်းဖြိုးပေးကာ သူ့နှလုံးသားနှင့် ဘဝတစ်ခုလုံးကို နွယ်တစ်ပင်လို ရစ်ပတ်နှောင်ဖွဲ့နိုင်သော သူ၏ ချစ်ဇနီး နွဲ့သဒ္ဒါနွယ်ဖြစ်သည်။

"ဒေါက်တာ"

". . . . . . ."

"ဒေါက်တာ"





ချစ်ဇနီးဆီသို့ အာရုံကိမ်းညွတ်သွားမှုကြောင့် သူ့အာရုံက ပစ္စုပ္ပန်ထဲမှ ခေတ္တရှောင်တိမ်းသွားရာ. . .

ဧည့်သည်က တံခါးဝမှ ရပ်ကာ အသံပြုလိုက်တော့မှ သူ့အာရုံသည် ပစ္စုပ္ပန်ကာလသို့ ပြန်လည်မျက်မှောက်ပြုလေတော့သည်။

"ဪ. . . လာပါ. . . ဝင်ခဲ့ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

အသက်(၃၀)ဝန်းကျင်ခန့်ရှိပြီး ဥပဓိရုပ်ကောင်းကောင်းနှင့် လူချောလူခန့်လူသန့် ယောကျာ်းပီသသော ရုပ်ရည်မျိုး ပိုင်ဆိုင်သူက သူ့အား နှုတ်ခမ်းနှစ်ခု ညွတ်ကွေးအောင် ပြုံးပြပြီး သူ့အနီးအရောက်တွင် ညာလက်ကို ကမ်းပေးကာ. . .

"ကျွန်တော်. . . ညီရတုပါ ဒေါက်တာ"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ. . . ထိုင်ပါ"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ညီရတုက လက်ထဲ ပါလာသော Blano တံဆိပ်ပါ အတက်ချိကော့စ်ပုံစံ လက်ဆွဲအိတ် အညိုရောင်ကို ဘေးချကာ သူနှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

"ကိုညီရတုမှာ အကြောင်းထူးကိစ္စ ရှိမယ်ထင်တယ်၊ အေးအေးဆေးဆေး ပြောပြနိုင်ပါတယ်"

သူက ဧည့်သည်အနေမခက်စေရေးအတွက် စကားလမ်းခင်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆေးခန်းမှာဆို ဘေးမှာ သူနာပြုတွေဘာတွေ ရှိနေတော့ ကျွန်တော်မပြောပြချင်ဘူး ဆရာ၊

www.burmeseclassic.com



ခုလို ဆရာနဲ့ တွေ့ဆုံတာမျိုး ဆေးကုသဖို့ လိုအပ်တာမျိုး လုပ်ရမယ်ဆိုလည်း လုပ်ပါမယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ မသိစေချင်လို့ပါ၊ လျှို့ဝှက်ထားပေးစေချင်ပါတယ် ဆရာ"

ဒေါက်တာနေအုပ်စိုး ပြုံးကာ ခေါင်းညိတ်လိုက်သည်။ ဒီလိုရောဂါရှင်မျိုးတွေ သူတွေ့မြင်ကြုံဖူးနေခဲ့ရသည်ပဲ။

"ကျွန်တော် သဘောပေါက်ပါတယ် ကိုညီရတုရာ၊ ပြောစရာရှိတာ ဆွေးနွေးစရာ ရှိတာတွေကိုသာ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့သာ ပြောပြလို့ရပါတယ်"

"ဟိုလေ. . . ကျွန်တော့်အဖြစ်က နည်းနည်းထူးဆန်းနေလို့ပါ"

ခန့်ညားသော ဥပဓိရုပ်နှင့် ဆန့်ကျင်စွာပင် စိတ်မလုံခြုံသကဲ့သို့ အိမ်တွင်းအိမ်ပြင်သို့ ကျိုးကန်းတောင်းမျှောက် ကြည့်နေပြန်သည်။

စိတ်ကျန်းမာရေး အထူးကုဆရာဝန်ဖြစ်သော ဒေါက်တာနေအုပ်စိုးအနေနှင့် ညီရတု၏အဖြူတွက်ကို ဖောက်ထွင်းမြင်နေသူပီပီ

"လာဗျာ. . . ကိုညီရတု၊ ကျွန်တော့်ရဲ့သီးသန့်စာကြည့်ခန်းကို သွားကြရအောင်၊ အဲဒီရောက်မှ ဆွေးနွေးကြတာပေါ့"

သူ့စကားအဆုံးတွင် ညီရတု၏မျက်နှာပြင်က ကျဉ်းထဲကျပ်ထဲမှ လွတ်မြောက်သွားသူနှယ် ဝင်းပသွားပြီး သူ့လက်ဆွဲအိတ်ကို ကောက်ယူကာ ငေါက်ကနဲ ထပြီးသားဖြစ်သွားသည်။

ဒေါက်တာနေအုပ်စိုး ပြုံးကာ သူ၏သီးသန့်စာကြည့်ခန်းလည်းဖြစ်၊ လူနာစမ်းသပ်ခန်းလည်း ဖြစ်သော သီးသန့်ခန်းသို့ ဦးဆောင်ခေါ်ဆောင်လာခဲ့သည်။





"ခုလို စီစဉ်ပေးတာ အထူးကျေးဇူးတင်ပါတယ် ဆရာ"

တွေ့စက ဒေါက်တာဟူသောအသုံးမှသည် "ဆရာ" ဟု ပြောင်းလွဲသုံးစွဲသည်ကိုကအစ ဒေါက်တာနေအုပ်စိုး သတိပြုမိသည်။

သူ့၌ ညီရတု ဟူသော လူနာတစ်ဦး တိုးလာပြီဟုလည်း သဘောပေါက်လိုက်ပြီမို့ ပင့်သက်မသိမသာ ချလိုက်မိသည်။

နှစ်ဦးသား စာကြည့်ခန်းထဲသို့ ရောက်သည်နှင့် ဒေါက်တာနေအုပ်စိုးက တံခါးသော့ (Door Lock) ချလိုက်သည်နှင့် ညီရတုမျက်နှာ၌ လုံခြုံစိတ်ချခြင်းနှင့် သူ့အပေါ် ယုံကြည်အားထားခြင်းတွေ အပြည့်အဝ ပေါ်လာလေသည်။

"အအေးသောက်မလား အပူသောက်မလား ကိုညီရတု"

"အအေးပဲ သောက်ပါ့မယ်"

ဒီလိုလူမျိုးအတွက် ရင်ထဲမှ အပူတွေကို ငြိမ်းအေးစေရန် အခန်းတွင်း အသင့်ရှိသော ရေခဲသေတ္တာထဲမှ ဆန်းကစ်ဘူးကို ထုတ်ပြီး ညီရတုရှေ့စားပွဲပေါ်တွင် တင်ပေးလိုက်သည်။ သူကိုယ်တိုင်အတွက်ကတော့ ရေနွေးကြမ်းသာ ငှဲ့လိုက်သည်။

"သင့်ခကျူး (Thank You) ဆရာ"

ညီရတုကဲ့သို့လူသိမခံချင်သော ဝေဒနာရှင်များအတွက် ဤအခန်းကို လိုလေသေး မရှိအောင် စီစဉ်ဖန်တီးထားခဲ့ခြင်းဖြစ်သည်။

ညီရတု၏မျက်လုံးများဝယ် စိတ်ရှုပ်ထွေးမှုဝေဒနာ ပင့်ကူအိမ်များက ကွန်ယက်သဖွယ် ယှက်နွယ်နေကြောင်းကိုလည်း အကဲခတ်လိုက်မိသည်မို့. . .

www.burmeseclassic.com



"ကောင်းပြီ ကိုညီရတု၊ အမောပြေပြီဆိုရင် စကားစကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာ. . . ကျွန်တော်ပြောပြပါ့မယ်"

"ဟုတ်ပြီ. . . စိတ်ကို လျှော့ထား၊ အသက်ကို ဝအောင်ရှူသွင်းရှူထုတ် လုပ်လိုက်ပါ၊ ဒါမှ တဖြည်းဖြည်း စိတ်တည်ငြိမ်မှုရလာပြီဆိုမှ. . . လုပ်ငန်းကို စကြတာပေါ့ဗျာ"

ဒေါက်တာနေအုပ်စိုးက ပြောရင်း လူနာရာဇဝင်မှတ်တမ်းပြုရန် ကွန်ပျူတာပါဝါခလုတ် ဖွင့်လိုက်ပြီး Box ထဲသို့ စီဒီရွမ်စကားပြောစက်ခလုတ်ကိုပါ ဖွင့်လိုက်သည်။

လူနာ၏ဝေဒနာခံစားမှုကို တိတိကျကျဖြစ်စေရန် တစ်ခါတည်း မှတ်တမ်းယူလိုက်ခြင်းဖြစ်သည်။

သို့မှသာ အနာသိမှ ဆေးရှိနိုင်မည်ဖြစ်သည်။

ဤစိတ်ကျန်းမာရေးဝေဒနာကို ကုသရန်မှာ ဝေဒနာ၏ဇစ်မြစ်သည် အင်မတန် အုတ်မြစ်ကျသည်မို့. . .။







## အခန်း(၂)
## ညီရတုပြောသော ဝေဒနာ

ကျွန်တော့်နာမည် ညီရတုပါ ဆရာ။

ကျွန်တော့်ကို နယ်စပ်မြို့ဖြစ်တဲ့ မူဆယ်မြို့မှာ မွေးခဲ့တာပါ။

ကျွန်တော့်အဖေရဲ့အမျှော်အမြင်ကြီးမားမှုကြောင့် ပြင်ဦးလွင်က ဘော်ဒါမှာ ကျောင်းအိပ်ကျောင်းစားဘဝနဲ့ နေလာခဲ့ရပါတယ်။

နောက်မန္တလေးတက္ကသိုလ်ကနေ B.Sc ဘွဲ့ရခဲ့ပြီး စီးပွားရေးလောကထဲမှာ ဝင်လုပ်ကိုင်ရင်း လုပ်ငန်းက အောင်မြင်လာခဲ့ပါတယ်။

www.burmeseclassic.com

အခုဆို 'ရသာမွန် ကုမ္ပဏီ' စားသောက်ကုန်မျိုးစုံကို မြန်မာတစ်ပြည်လုံးသာမက နိုင်ငံရပ်ခြားထိ ဖြန့်ဖြူးတင်ပို့နိုင်တဲ့ စက်ရုံတွေကို ရန်ကုန်၊ လှိုင်သာယာနဲ့ မန္တလေး ပြည်ကြီးတံခွန် ဖွင့်လှစ်ထားနိုင်တဲ့အထိ ပိုင်ဆိုင်ထားပါတယ်။

ဪ. . . ဆရာ. . . ကျွန်တော့်အသက်က (၃၀)ထဲ ရောက်လာပါပြီ။ အိမ်ထောင်မရှိသေးပါဘူး။

ပိုင်ဆိုင်မှု များလာတာနဲ့အမျှ အလုပ်က များလာသလို နှလုံးသားရေးရာမှာလည်း ကျွန်တော့်ကို ဖမ်းစားနိုင်တဲ့သူ တစ်ယောက်မှ မရှိသေးပါဘူး။

ဒါတွေက. . . ရိုးစင်းတဲ့ ကျွန်တော့်ဘဝအကျဉ်းပါပဲ။

ဘာပြဿနာမှ မရှိဘဲ ငွေကြေးကိန်းဂဏန်းတွေနဲ့ နစ်ပါးသွားနေတဲ့ ကျွန်တော့်ဘဝကို လွန်ခဲ့တဲ့(၆)လကမှ စတင်ပြီး မွှေနှောက်တော့တာပဲ။

ကျွန်တော် အိပ်မက်တစ်ခု မက်မက်လာပါတယ်။

အိပ်မက်ဆိုတော့ ခပ်ပေါ့ပေါ့ပဲ သဘောထားခဲ့ပါတယ်။ အိပ်မက်ဆိုတာ နိုးလာရင် ပျောက်ပျက်သွားတယ်ပေါ့။ သွေးလေချောက်ချားပြီး မက်တာတို့ အစာမကျေလို့ မက်တာတို့ဘာညာပေါ့။

ဪ. . စကားဖြတ်ပြီး ပြောရဦးမယ် ဆရာ။ ကျွန်တော့်မိဘနှစ်ပါးက လွန်ခဲ့သော(၄)နှစ်လောက်က ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြပါပြီ။ ညီအစ်ကိုမောင်နှမတွေကလည်း သူ့စီးပွားနဲ့သူ အိမ်ထောင်အသီးသီးနဲ့ အဝေးမှာပဲ ရှိနေကြတာမို့ ကျွန်တော်က တပည့်နှစ်ယောက်နဲ့ ရွှေတောင်ကြားမှာ နေပါတယ်။

ကျွန်တော် အိပ်မက်အကြောင်း ဆက်ပြောမယ်နော်





ဆရာ။

အိပ်မက်က နှစ်ပေါင်းအတော်ကြာက အဝတ်အစားနဲ့ လူနှစ်ယောက်က ကျွန်တော့်ကို အသေရရ အရှင်ရရ လိုက်သတ်နေလို့ ကျွန်တော့်မှာ သေလုမျောပါး ပြေးနေခဲ့ရတာချည်းပဲ ဆရာ။

အဲဒီလူနှစ်ယောက်က ကျွန်တော်နဲ့ သက်တူရွယ်တူပါပဲ။

အိမ်မက်တစ်ခုကို တစ်ပုံစံထဲ တစ်လတစ်ခါ မက်နေရာက နောက်ပိုင်း ပြီးခဲ့တဲ့လလောက်က (၄၊ ၅)ရက်ခြားကနေ ခုတော့ ဆက်တိုက်မက်တာ (၃)ရက်ရှိပြီ ဆရာ. . .

အဲဒီလို အိပ်မက်မက်ပြီးတိုင်း အိပ်မက်ထဲကလိုပဲ ပြေးလွှားလို့ မောဟိုက်နေရသလို နိုးလာလည်း မောဟိုက်ပြီး ကျန်ရစ်ခဲ့တော့ အိပ်ရမှာတောင် ကျွန်တော် ကြောက်နေပြီ ဆရာ. . .

ရှင်းရှင်းဆိုရရင် မျက်စိမှိတ်ရမှာကိုတောင်မှ ကြောက်နေပြီ ဆရာ၊ ဒါကြောင့် ခေါင်းတွေလည်း မကြည်တော့ဘူး၊ အလုပ်ပင်ပန်းလို့များလားဆိုပြီး နှစ်ရက်လောက် နားကြည့်လည်း မရလို့ နောက်ဆုံး ကြံရာမရဖြစ်ပြီး နာမည်ကြီးတဲ့ ဆရာ့လိပ်စာကို စုံစမ်းပြီး ခုလို ဖုန်းနဲ့တဆင့် ဆက်သွယ်ရတာပါ ဆရာ. . .

ကျွန်တော်. . . ဘာဖြစ်နေတာလဲ ဆရာ။

ဒီအိပ်မက်ကြောင့် အိပ်ရေးမဝ၊ စိတ်တွေ မကြည်မလင်ဖြစ်တော့ လုပ်ငန်းခွင်မှာပါ စိတ်တိုလာတယ်။ လက်အောက်ငယ်သားတွေကို ထစ်ကနဲရှိ အော်ငေါက်မိတယ်၊ Customer(ဝယ်သူ)တွေနဲ့ ဆက်ဆံရေးကအစ မပြေမလည် ဖြစ်လာတယ်။

ကျွန်တော့်ကို ကူညီပါ ဆရာ. . .

အဲ. . . ဒါပေမယ့် စိတ်ငြိမ်ဆေးတွေ ပေးပြီး အိပ်ပျော်နေ

www.burmeseclassic.com



"ကျွန်တော့်နာမည် အောင်ဇင်လို့ ခေါ်ပါတယ်"

"ကျွန်တော့် မိဘတွေက သာမန် အစိုးရ ဝန်ထမ်းတွေပါ၊ ခုတော့ မရှိကြတော့ပါဘူး"

"ကျွန်တော်က လျှပ်စစ်ပစ္စည်း အိမ်တွင်းအလှဆင်ပစ္စည်းတို့ကို လက်လီရောင်းတဲ့ အရောင်းဆိုင်လေး ဖွင့်ထားပါတယ်"

"ဒီလိုဆိုင်က သူများအသက်လည်း သတ်စရာ မလိုဘူးလေ၊ ကျွန်တော် ငယ်ငယ်ကတည်းက အဘွားနဲ့ နေလာခဲ့ရတော့ ဘုရားရှိခိုး ပုတီးစိတ် ဂါထာရွတ် အကုန်ရတယ်၊ အဲဒီဘက်ကလည်း ဝါသနာထုံပါတယ်၊ နေ့စဉ် ဂုဏ်တော်တစ်ထောင်ကတော့ မပျက်မကွက် စိပ်လာတာပါ ဆရာ"

ဒေါက်တာနေအုပ်စိုး အောင်ဇင်ကို အကဲခတ်မိသည်။

အပြောနဲ့ ညီနိုင်သည်။

မျက်လုံးများက ဂဏှာမငြိမ် ဖြစ်နေသည်မှအပ သူ့မျက်နှာပြင်ပေါ်၌ ဖျူစင်ရိုးသားခြင်းတို့က ဖြစ်တည်လျက် ရှိချေ





သည်။

"အဲ. . . ဒါပေမယ့် ဆရာရယ်၊ ပြီးခဲ့တဲ့ သုံးလကစပြီး အိပ်မက်မက်တယ် ဆရာ၊ ကျွန်တော်နဲ့အတူ အဖော်လူတစ်ယောက်ကလေ နောက်လူတစ်ယောက်ကို အသေ ဓားနဲ့ မသေမချင်း ထိုးသတ်တာ ဆရာရေ"

"ပြီးတော့ အဲ့ဒီလူနဲ့ ကျွန်တော်က အချင်းချင်း သူတပြန်ကိုယ်တပြန် သတ်ကြပုတ်ကြတာ သွေးချင်းချင်းကို နီပါလေရော"

"အီး. . . ဟီး. . . ဟီး"

ပြောရင်း ငိုချလိုက်သော အောင်ဇင့်ကို ဒေါက်တာနေအုပ်စိုး စိတ်မသက်သာစွာကြည့်ရင်း ငြိမ်သက်စွာဖြင့် နားစွင့်နေလိုက်သည်။

အောင်ဇင်က အငိုကို ရပ်ပြီး မျက်ရည်စက်လက်နှင့် ဆက်ပြောပြန်သည်။

"တကယ်က အပြင်မှာ ကျွန်တော်က အဲဒီလို လူသတ်ဖို့ မပြောပါနဲ့၊ ပုရွက်ဆိတ်တစ်ကောင် ခြင်တစ်ကောင်တောင် သတ်တဲ့လူမဟုတ်ဘူး၊ ဘာသာရေးသမား၊ သက်သက်လွတ် ရှာသက်ပန်စားတဲ့လူခင်ဗျ၊ တစ်ခါတစ်ရံ သွေးလေချောက်ချားပြီး မက်တာဆိုတော်ပါသေးရဲ့"

"ခုဟာက ၃-၄ ရက် တစ်ခါဆိုတော့ ကျွန်တော် တုန်လှုပ်ချောက်ချားရပြီ"

"ပုတီးတွေ စိပ်လွန်းလို့ ဓာတ်ပေါက်သွားပြီ၊ ဓါတ်ကြောင်သွားပြီလားဆိုတော့ မဟုတ်ပါဘူးဆရာ၊ ကျွန်တော့်ကိုယ်ကျွန်တော် သိပါတယ်၊ အမျိုးမျိုး စိတ်ကို လှေ့လာစောင့်ကြည့်ပါတယ်၊ ပရိတ်

www.burmeseclassic.com



ဘုထုံးနဲ့ ကုရပ့်မယ်"

ညီရတု မျက်ဝန်းက တောက်ပလာပြီး. . .

"ဟုတ်ကဲ့. . . ဆရာပြောတဲ့အတိုင်း လိုက်နာပါ့မယ်၊ ဒါပေမယ့်. . . ကျွန်တော့်ကို ခုလို အိမ်မှာပဲ လက်ခံကုသပေးဖို့တော့ တောင်းပန်ပါရစေ"

"No Problem. . . ဒီအတွက် ပြဿနာမရှိပါဘူးခင်ဗျာ၊ ဒါ့အပြင် တစ်ခုပြောချင်သေးတယ်"

"ကိုညီရတု. . . ကျန်းမာရေးနဲ့ ပတ်သက်ပြီး ဘာအား ကစားနည်း လုပ်သလဲ၊ တရားကော ထိုင်ဖူးသလား"

သူ့အမေးကြောင့် ညီရတု နှုတ်အနည်းငယ်လေးသွား သည်။ တွေးတွေးဆဆနှင့် မချိပြုံးပြုံးကာ. . .

"မှတ်မှတ်ရရ မရှက်တမ်း ဝန်ခံရရင် ဘာကိုမှ စွဲစွဲမြဲမြဲ မကစားဖူးသလို ကိုရင်ဝတ်တော့ (၃)ရက်၊ ပဉ္စင်းတက်တော့ (၅)ရက်တောင် ဖြစ်ဖြစ်မည်၊ မိဘတွေ စိတ်ချမ်းသာအောင် ဝတ်ခဲ့ ဖူးတာပဲ ရှိပါတယ် ဆရာ"

ညီရတု၏ရိုးသားမှန်ကန်သော စကားကို သူ သဘောကျ သွားသည်။

"ဒါဆို ပိုကောင်းပါတယ်၊ သူညာကနေ စရတာက ပို လွယ်ကူပါတယ်၊ ဒီလိုလုပ်ပါ ကိုညီရတု"

"ဟုတ်ကဲ့. . . ပြောပါ ဆရာ"

"ယောဂကျင့်စဉ် ကလပ်မျိုးမှာ ယောဂကျင့်စဉ် လုပ် ကြည့်တာမျိုး. . ."

"ဟုတ်ကဲ့. . . ကြားဖူးပါတယ်"





"တိုက်ကျိုကျွမ်း ကစားနည်းလိုမျိုး လေ့ကျင့်ပါလား၊ အဲ. . . အကောင်းဆုံးကတော့ ဗုဒ္ဓဘာသာနည်းအရ အာနပါန သတိပဋ္ဌာန်ကို ရသမျှအချိန်လေးမှာ အိပ်ရာဝင် အိပ်ရာထမှာ (၁၀)မိနစ် (၁၅)အချိန်ဖြစ်ဖြစ် ပေးပြီးတော့ လေ့ကျင့်အားထုတ် ကြည့်ပါလား"

ညီရတုမှာ နှစ်လိုဖွယ်ကောင်းသောအပြုံးနှင့် အရည် အချင်းတစ်ရပ် ရှိသည်ကို ဒေါက်တာနေအုပ်စိုး ကောင်းစွာ သုံးသပ် မိလိုက်သည်။ ဤသည်ကား. . .

"ဟုတ်ကဲ့. . . ကျွန်တော်ကြိုးစားကြည့်ပါမယ် ဆရာ"

သူ့စကား မှန်သမျှတို့ကို မငြင်းမဆန် လေးစားလိုက်နာ မည့်သဘောရှိသကဲ့သို့ ညီရတုကိုယ်တိုင်လည်း စူးစမ်းလေ့လာ ကြိုးစားလိုစိတ် ရှိသူတစ်ဦးဖြစ်သည်ဟု သူသုံးသပ်မိလိုက်သည်။

"ကောင်းပြီ. . . ကြိုးစားပြီး သေသေချာချာ ဆောင်ရွက်ရ မယ်နော်"

"စိတ်ချပါ ဆရာ"

"ကိုယ်က အမြင့်ဆုံး ရောက်နေတော့ စိတ်ရောကိုယ်ပါ ကျန်းမာနေဖို့ လိုအပ်တယ်ဗျ"

"ဟုတ်ကဲ့ပါ ဆရာရယ်. . . ခုလို ဆွေးနွေးတင်ပြခွင့်ရတာ ကိုပဲ ကျွန်တော့်မှာ ကျေးဇူးတင်လှပါပြီ"

"ကောင်းပြီ. . . Checkup လုပ်ပြီးရင်သာ ကျွန်တော့်ကို ဆက်သွယ်ပြီးမှ လာခဲ့ပါ. . . ကျွန်တော်ကူညီပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ. . . ခွင့်ပြုပါဦးခင်ဗျာ"

"အိုကေ. . ."

www.burmeseclassic.com



ထားရလေသည်။

တစ်လောက ကိုညီရတု

ဒီနေ့ ကိုအောင်ဇင်. . .


သူတို့နှစ်ဦး၏ ဝေဒနာ မှတ်တမ်းက တိုက်တိုက်ဆိုင်ဆိုင် အိပ်မက်၏ခြိမ်းခြောက်ဝါးမျိုမှုကို ခံနေရခြင်းပါလားဟု. . .

ဒေါက်တာနေအုပ်စိုး သက်ပြင်းပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး အာရုံထဲ ဝင်ရောက်လာသော အမှိုက်ဟူသမျှကို ရှင်းထုတ်ပစ်လိုက်သည်။

သူ သတိကပ်၍ ကားမောင်းကာ အိမ်ပြန်ရဦးမည်။ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားရင်း ညစာကို တူနှစ်ကိုယ် လက်ဆုံစားရန် စောင့်ဆိုင်းနေရှာမည့် ချစ်ဇနီးနွဲ့ထံသို့ ရောက်လိုဇောသာ ရှိတော့လေသည်။







အခန်း(၅)

လူကဲနှင့်စိန်ကဲ

"မောင်. . ."

"ဗျား. . ."

ထမင်းစားပြီး အချိုပွဲတည်နေကြစဉ် ရုတ်တရက် ပုံ့လွင့်သွားသော ဒေါက်တာနေအုပ်စိုး၏အာရုံကို နွဲ့သဒ္ဒါနွယ်က ဆွဲလဲသံလေးနှင့် ပြန်လည်ဖမ်းစားယူလိုက်သည်။

"မောင်. . . မနက်ဖြန်ညနေ အားသလား၊ ဆေးခန်း ဘယ်အချိန် ပိတ်မလဲဟင်"

"ထုံးစံအတိုင်း ခြောက်နာရီလေ. . . ဘာဖြစ်လို့လဲ"

"ညနေဘက် အိမ်မှာ ချိန်းထားတဲ့လူနာကော ရှိသလား"

www.burmeseclassic.com




သူ့ရင်မှာ ဟာတာတာဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။ စိတ်ရောဂါ ဝေဒနာသည်တွေကို ကုသဖို့အတွက် သူကိုယ်တိုင်လည်း စိတ်တည်ငြိမ်ပြီး စွမ်းအင်မြင့်မားနေစေရန် လိုအပ်သည်မို့ အပေါ်ထပ် ဘုရားခန်းသို့ တက်ခဲ့လေသည်။

စီးပွားအရှာကောင်းသလို အိမ်ထောင့်တာဝန် ကျေပြွန်သော ဇနီးကောင်းနွဲ့၏လက်ရာ. . . ဘုရားခန်းမှာ ကြည်ညိုဖွယ်ကောင်းလောက်အောင် သပ္ပါယ်လျက် ရှိလေသည်မို့. . .

ဒေါက်တာနေအုပ်စိုး၏အာရုံသည် ဘုရားထံသို့သာ တိမ်းညွတ်သွားလေတော့သည်။







အခန်း(၃)

ဒေါ်နွဲ့သဒ္ဓါနွယ်

ဒေါ်နွဲ့သဒ္ဓါနွယ် ကားကို ဆိုင်ဘေးလမ်းကြား၌ ထိုးရပ်လိုက်သည်။ အသင့်စောင့်နေသော ဆိုင်လုံခြုံရေးဝန်ထမ်း မောင်မောင်က သူ၏အတက်ချီကေ့စ်ကို လာကူသယ်ပေးရင်း သတင်းပေးလိုက်သည်။

"ဒေါ်ပန်းသစ္စာ ရောက်နေပါတယ် မမ"

"ဟုတ်လား"

ဒေါ်နွဲ့သဒ္ဓါနွယ် ဝမ်းသာသွားသည်။

"ဘယ်မှာလဲ"

"ဆိုင်ထဲမှာ"

www.burmeseclassic.com



ဒေါက်တာနေအုပ်စိုးက သူ၏ဦးနှောက် Memory(မှတ်ဉာဏ်)ကို နှိုးမေးလိုက်သည်။

မရှိ။

"မနက်ဖြန် ချိန်းထားတာ မရှိပါဘူး၊ ဒါပေမယ့် အမျိုးသမီးလူနာဆိုတော့ နွဲ့ရှိနေမှ ဖြစ်မှာနော်၊ ကိုယ့်ကိုယ်ကိုကော အားရဲ့လားဆိုတာ အရင်မေးပါဦး ဒေါ်နွဲ့သဒ္ဒါနွယ်"

"ညနေပိုင်းတိုင်း မော်င့်အတွက် အချိန်ပေးပြီး ကိုယ်တိုင်ချက်ပြုတ်ပေးတာ သိရဲ့သားနဲ့၊ လူ ့ ရှိနေပြန်ပြီနော်၊ ဟွန်း . . . တစ်ပတ်လောက် ဆိုင်ထမင်းဟင်းနဲ့ပဲ နှစ်ပါးသွားခိုင်းလိုက်ရမလား"

"မလုပ်ပါနဲ့ နွဲ့ရာ၊ ကဲပါ . . . နွဲ့ကိုယ်တိုင် လိုက်သွားပြီး မနက်စောစော ဒေါက်တာအေးနောင်ဆီမှာ Medical Check up ဝင်လုပ်ပေးခဲ့လိုက်၊ ညနေဆို Result အဖြေစုံရပြီ၊ အဲဒါယူပြီး ညနေခြောက်နာရီခွဲ အရောက်လာဖို့ ပြောလိုက်ပေါ့"

"ဟုတ်ပြီ . . . အိုကေ . . . ဒါဆို နွဲ့ ပန်းသစ္စာဆီ ဖုန်းဆက်လိုက်တော့မယ်နော်"

ဒေါက်တာနေအုပ်စိုး ခေါင်းသာ ညိတ်လိုက်သည်၊ နွဲ့သဒ္ဒါနွယ်က GSM လက်ကိုင်ဖုန်းလေး ယူကာ ဝရန်တာဘက် ထွက်သွားလေသည်။

အိပ်မက်တစ်ခုကို ထပ်ခါတလဲလဲ မက်ခြင်း၊

ဒါ . . . ဘာကြောင့်လဲ . . .

စိတ်နယ်လွန်ဖြစ်ရပ်လား . . .

မသိစိတ် အစွဲအလမ်းကြောင့် မွှန်းကြပ်နေသော အတိတ်





မှ ပြည်ဖုံးကားချထားသော ဖြစ်ရပ်ဆိုးကြောင့်လေလား။

ဒေါက်တာနေအုပ်စိုးမှာ . . .

ညီရတုနှင့် အောင်ဇင်တို့၏ဝေဒနာဖြစ်ရပ်ဆန်းကို ထပ်ခါတလဲလဲ စဉ်းစားရင်း ခေါင်းခါရမ်းလိုက်မိသည်။

တစ်ကြိမ်တစ်ခါစီသာ ရောက်လာကြပြီး သူ့ထံသို့ ထပ်မံရက်ချိန်းမယူသော ထိုသူနှစ်ယောက်၏အခြေအနေကိုလည်း သိချင်လာမိသည်။

"ဟူး . . ."

သူပါ မွှန်းကြပ်နေပါလား။

မဖြစ်ချေဘူး၊ စာဖတ်ချိန် နည်းနည်းလျှော့ပြီး တရားရှုမှတ်ချိန်ကို နည်းနည်းပိုပေးလိုက်မှဟု စဉ်းစားပြီး နေရာမှ ထလိုက်လေတော့သည်။

www.burmeseclassic.com



ရစ်သေးတာပါ။ ကိုယ်တွေ့တာတွေက ကိုယ့်ကို မြှတ်နိုးဖို့ထက် ကိုယ့်ရဲ့ဝင်ငွေကောင်းမှုကို စိတ်ဝင်စားနေတာတွေမို့ မမန္တဲ့ရေ"

"ဟုတ်ပ့ါ. . . ဟုတ်ပ့ါ. . . ဒီခေတ် လူငယ်လူရွယ်တွေကလည်း မိန်းမဆို အပျိုအအိုထက် ငွေပုံကို ကြည့်တတ်လာကြပြီ၊ ဟင်း. . . အိမ်ထောင်ရေးဈေးကွက် ဖွင့်လာကြပြီ"

နွဲ့သဒ္ဒါနွယ်က ပန်းသစ္စာ၏စကားကို အကြွင်းမဲ့ထောက်ခံလိုက်လေသည်။

ပန်းသစ္စာက အပြုံးကို နိဂုံးချုပ်လိုက်ပြီး. . .

"ကဲပါ. . . မမနွဲ့ရယ်၊ အိမ်ထောင်ရေးအကြောင်း ပြောရရင် ကုန်နိုင်ဖွယ်ရှိမှာမဟုတ်ဘူး၊ ပန်းသစ္စာတို့က နာရီနဲ့အမျှ စီးပွားရေးဝင်ငွေကို တွက်နေရတာ မမရဲ့၊ ဒီတစ်ခေါက် လက်ရာကို အရင်လက်ရာထက် ပိုသန့်ပေးရမယ်နော်"

"ဘယ်လို"

နွဲ့သဒ္ဒါနွယ် နားမရှင်း၊ သူ့ဆိုင်ထွက်လက်ရာမှန်သမျှကို အမြဲတမ်း သန့်နေ ခေတ်မီနေစေရန် ပြုလုပ်ထားပါလျက်. . .

"စီးပွားကွက်က သူများလုပ်လို့ ခွင်ကောင်းရင် မြင်လာပြီလေ၊ ရော့. . . ဒီမှာ Up to Date ဒီဇိုင်းရှာလာတာ"

ပန်းသစ္စာက ယူလာသောပစ္စည်းထုပ်အပြင် ရွေလက်ဝတ်ဒီဇိုင်းစာအုပ်လေးကိုပင် သူ့လက်ထဲသို့ အပ်လိုက်လေသည်။

နွဲ့သဒ္ဒါနွယ် စာအုပ်ကို ဖွင့်ကာ လှန်လှောကြည့်ရင်း. . .

"အဟင်း. . . ပန်းသစ္စာတို့က သူများထက် လက်ဦးအောင်ကို လုပ်တတ်ပါသေးတယ်"

"တွေ့တယ်မှတ်လား မမနွဲ့. . . ပန်းသစ္စာထက် ကျော်လို့





မရကြပါဘူး၊ စိန်ပစ္စည်းကို ဆိုင်နဲ့ကန္တားနဲ့ ရောင်းတာထက် ခုလိုအထည်ခတ်ရောင်းတာက ပိုတောင် အလုပ်ဖြစ်ပါတယ်"

ပန်းသစ္စာ အပြောကြီးခြင်း မဟုတ်ကြောင်း နွဲ့သဒ္ဒါနွယ် သိသည်ပေ့ါ။

ဟုတ်လည်း ဟုတ်ပေသည်။

ပန်းသစ္စာကို သူသိစဉ်က အငှားကားလေးနှင့်သာ သွားလာ လှုပ်ရှားလုပ်ကိုင်နေသူ။

ယ်ုမှ တဖြည်းဖြည်းနှင့် ကားကို လချုပ်နှင့် ငှားစီးကာ အလုပ်ဆက်လုပ်သည်။

ခုတော့ တိုယိုတာဗင်နှင့် G.S.M လက်ကိုင်ဖုန်းနှင့် အိုကေမှာ စိုပြေနေလေပြီ။

"ဒီတစ်ခါ စိန်တွေက တန်းစီးအလိုက် ဈေးကို ဝင်ရင်း ဈေးတက်ရမှာ မမနွဲ့"

"ဘယ်ပစ္စည်းကများ မတက်တာ ရှိလို့လဲကွယ်"

နွဲ့သဒ္ဒါနွယ်က ညည်းတွားလိုက်သည်။

"ဒီစာအုပ်ထဲက ဒီဇိုင်းကို ကြည့်ပြီး သော့ကက်ဆွဲကြိုး၊ လက်စွပ်၊ နားကပ်၊ ဝမ်းဆက် အစုံတွေ လုပ်ပေးပြီး လုံးကောက်ကျန်လေးတွေတော့ ဖန်စီလှလှလေးတွေ တစ်ခါတည်း ခတ်ပေးပါနော် မမနွဲ့၊ ဩော်. . . ရက်ချိန်းလည်း မှန်ဦးနော်၊ ဒီတစ်ခေါက် ပန်းသစ္စာ ခရီးထွက်ရက် မှန်ချင်တယ်"

"အမလေး ပန်းသစ္စာရယ်၊ မမနွဲ့က ညီမ မှာတာကို ဘယ်တုန်းကများ ရက်ရွှေ့ပေးတာ ရှိလို့လဲ၊ စိတ်ချ. . . စိတ်ချ"

"ဟင်း. . . ဟင်း. . . ဒါဆို ပန်းသစ္စာ သွားပြီနော်၊ မမနွဲ့

www.burmeseclassic.com



မျက်လုံးပြူး မျက်ဆံပြူးနှင့် ထိတ်လန့်တကြား သတိလက်လွတ်ဖြစ်နေရှာသော ပန်းသစ္စာကို ကြည့်ကာ. . .

"ပန်းသစ္စာ. . . ပန်းသစ္စာ. . . သတိထားလေ ညီမ၊ သတိထား. . . မမနွဲ့ရှိတယ်"

ပါးစပ်ကလည်းပြော၊ လက်ကလည်း အနီးရှိ သောက်ရေသန့်ဘူးထဲမှ ရေကို ငှဲ့ကာ ကမ်းပေးရင်း. . .

"ရေသောက်လိုက် ညီမလေး"

ပန်းသစ္စာ ရေကို အားပါးတရ ယူသောက်ရင်း မျက်ရည်များကလည်း ပိုးပိုးပေါက် ကျလာလေသည်။

"ဟင့်. . . ဟင့်. . . ဟင့်၊ ဒုက္ခပါပဲ မမနွဲ့ရယ်၊ ပန်းသစ္စာကတော့ သေရတော့မယ်ထင်တယ်၊ ဒီဝေဒနာတွေလည်း မခံစားချင်တော့ဘူး. . . ကြောက်တယ်"

မိမိရင်ခွင်သို့ ခိုဝင်လာသော ပန်းသစ္စာကို အလိုက်သင့်ပွေ့ပိုက်ကာ ကျောသပ်ပေးရင်း. . .

"မဟုတ်တာကွယ်. . . မကြာခင် မောင်ရောက်လာတော့မှာပါ။ အနာသိရင် ဆေးရှိမှာပါ ညီမရယ်၊ စိတ်အေးအေးထား. . . ဘာမှမပူနဲ့၊ မမနွဲ့တစ်ယောက်လုံး ရှိတယ်၊ စိတ်အေးအေးထား"

ဟု နွဲ့သဒ္ဒါနွယ် အားပေးစကား ပြောကြားရင်း နှစ်သိမ့်လိုက်သည်။

"ထားပါတယ် မမရယ်. . . ဒီအိမ်ထဲ ရောက်လာတော့ စိတ်လုံခြုံမှု ရှိတယ်ဆိုပြီး စိတ်ချလက်ချ အိပ်ပျော်သွားမိတယ်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပြီဆိုရင် အိပ်မက်လိုလို တကယ်လိုလိုနဲ့ မျက်နှာကြီးတွေ ပေါ်လာပြီး စားတော့ဝါးတော့မတတ်ပဲ မမနွဲ့ရယ်၊





မွန်းကြပ်လိုက်တာ၊ ဒါက တစ်ခါမဟုတ် နှစ်ခါမဟုတ်၊ အိပ်လိုက်ပြီဆိုတာနဲ့ မြင်မြင်နေရတော့ အိပ်ရမှာတောင် ကြောက်ကြောက်လာတယ်"

"ဖြစ်မှ ဖြစ်ရလေကွယ်"

"ဗေဒင်တွေ၊ နတ်တွေ၊ ဓါတ်တွေလည်း စုံနေပါပြီ၊ ငွေတွေသာ ကုန်သွားတယ်၊ ဒီအိပ်မက်က ပျောက်မသွားဘဲ ပိုတောင်စိပ်လာတယ်၊ အိပ်ပျက်ပေါင်းလည်း များလှပြီ၊ လူကိုသာ ကြည့်ပါတော့ အင်ခရယ်. . . ဟီး. . . ဟီး"

ပန်းသစ္စာ အားပါးတရပင် ငိုချလိုက်လေတော့သည်မို့ နွဲ့သဒ္ဒါနွယ် ရင်ထဲသို့သည်ပင် ဝမ်းနည်းမှု စမ်းချောင်းလေးက ကူးသန်းလာကာ ပန်းသစ္စာ၏ဒုက္ခဝေဒနာ ဟူသမျှကို မျှယူခံစားပေးချင်မိအောင် သနားသွားသည်မို့. . .


ညီမရင်းသဖွယ်ပင် သဘောထားကာ ပွေ့ဖက်ပြီး ကျောပြင်ကို သပ်ကာ အားပေးနှစ်သိမ့်မိသည်။

"တိတ်ပါ ညီမလေးရယ်၊ မောင်မကြာခင် ပြန်လာတော့မှာ၊ ညီမဝေဒနာတွေ ယူပစ်သလို ပျောက်သွားပြီ သတ်မှတ်၊ ကိုယ့်ယောက်ျားမို့ ကိုယ်ပြောတာ မဟုတ်ဘူးနော်၊ တကယ့်သူတော်ကောင်းကြီး၊ ဆုံးဖြတ်ချက်တွေ မမှားယွင်းစေဖို့ဆိုပြီး အိပ်ယာထတာနဲ့ အားလုံးကို ဆုတောင်းမေတ္တာပို့ အမျှဝေပြီး တရားထိုင်လေ့ရှိတယ်၊ ဒါကြောင့် ညီမ ဘာမှမပူနဲ့၊ ညီမ အစ်ကိုနဲ့ တွေ့ရင် ညီမ ခံစားနေရတာတွေ အားလုံးပျောက်ကင်းသွားမှာပါ"

ဟု ကရားရေလွှတ်သလို တတွတ်တွတ်နှင့် အမြုပ်ထွက်မတတ် အားပေးရင်း နွဲ့သဒ္ဒါနွယ် ခင်ပွန်းကိုလည်း စိတ်ထဲမှ ကြိတ်

www.burmeseclassic.com





## အခန်း(၄)
## အောင်ဇင်

ညနေ ဆေးခန်းပိတ်ခါနီးချိန်မှ လူတစ်ယောက် ကမျောသောပါး ရောက်လာပြီး. . .

"ဆရာ. . . ဆရာ"

အနောက်မှ ကပ်ပါလာသော သူနာပြုဆရာမ နာစ်ကိုပင် ဂရုမထား၊ ဖြတ်ကျော်တက်ကာ သူ့အား အားကိုးတကြီး ခေါ်လိုက်ပုံက အရေးတကြီး ဆန်လှသည်။

ဒေါက်တာနေအုပ်စိုး ထုံးစံအတိုင်း ကရုဏာမျက်ဝန်း ကရုဏာအပြုံးတို့ဖြင့် နှုတ်ဆက်ရပြန်သည်။

"ထိုင်ပါဗျာ"

ရှေ့မှ ကုလားထိုင်ကို ညွှန်ပြလိုက်တော့မှ ထိုသူက ဝင်ထိုင်





လိုက်ပြီး. . .

"ဒီလိုပါ ဆရာ၊ ကျွန်တော်က စိတ်မနှံ့သူ မဟုတ်ပါဘူး"

ဒေါက်တာနေအုပ်စိုးအဖို့ ထိုအပြောမျိုးက ရိုးနေပြီဆိုရပေမယ့် ပြုံးချင်ချင် ဖြစ်သွားရသည်။

"ကျွန်တော် လူကောင်းပါ၊ ဆရာ့ဆီ လာရတဲ့အဖြစ်ကို သူများသိမှာစိုးလို့ ဆေးခန်းပိတ်ကာနီး လူကုန်တော့မှ လာရတာပါ"

"ဟုတ်ပါပြီ၊ ကျွန်တော် ဘယ်လို ကူညီပေးရမလဲခင်ဗျာ"

"ဆရာ. . . အချိန်ရပါတယ်နော်"

ဒေါက်တာနေအုပ်စိုး အချိန်တော်တော်များများကို လူနာအတွက် ပေးဆပ်ထားသည်မို့. . .

"နာရီဝက်တော့ ရပါတယ်"

ထိုသူက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ပြီးနောက်. . .

"အိုကေ. . . ဒါဖြင့် ကျွန်တော် ပြောပါ့မယ် ဆရာ"

အလောသုံးဆယ် နိုင်နေပုံရသော လူနာအား. . .

"ပြောပါ. . . ဖြည်းဖြည်းဆေးဆေး ပြောပါခင်ဗျာ၊ ကျွန်တော် သေသေချာချာ နားထောင်ပေးမှာပါ"

"ဟုတ်ကဲ့. . . ဒီလိုပါ ဆရာ"

www.burmeseclassic.com



"ကျွန်တော့်နာမည် အောင်ဇင်လို့ ခေါ်ပါတယ်"

"ကျွန်တော့် မိဘတွေက သာမန် အစိုးရ ဝန်ထမ်းတွေပါ၊ ခုတော့ မရှိကြတော့ပါဘူး"

"ကျွန်တော်က လျှပ်စစ်ပစ္စည်း အိမ်တွင်းအလှဆင်ပစ္စည်း တို့ကို လက်လီရောင်းတဲ့ အရောင်းဆိုင်လေး ဖွင့်ထားပါတယ်"

"ဒီလိုဆိုင်က သူများအသက်လည်း သတ်စရာ မလိုဘူးလေ၊ ကျွန်တော် ငယ်ငယ်ကတည်းက အဘွားနဲ့ နေလာခဲ့ရတော့ ဘုရားရှိခိုး ပုတီးစိတ် ဂါထာရွတ် အကုန်ရတယ်၊ အဲဒီဘက်ကလည်း ဝါသနာထုံပါတယ်၊ နေ့စဉ် ဂုဏ်တော်တစ်ထောင်ကတော့ မပျက်မကွက် စိပ်လာတာပါ ဆရာ"

ဒေါက်တာနေအုပ်စိုး အောင်ဇင်ကို အကဲခတ်မိသည်။

အပြောနဲ့ ညီနိုင်သည်။

မျက်လုံးများက ဂဏ္ဍာမငြိမ် ဖြစ်နေသည်မှအပ သူ့မျက်နှာပြင်ပေါ်၌ ဖြူစင်ရိုးသားခြင်းတို့က ဖြစ်တည်လျက် ရှိချေ





သည်။

"အဲ. . . ဒါပေမယ့် ဆရာရယ်၊ ပြီးခဲ့တဲ့ သုံးလကစပြီး အိပ်မက်မက်တယ် ဆရာ၊ ကျွန်တော်နဲ့အတူ အဖော်လူတစ်ယောက်ကလေ နောက်လူတစ်ယောက်ကို အသေ ဓားနဲ့ မသေမချင်း ထိုးသတ်တာ ဆရာရေ"

"ပြီးတော့ အဲ့ဒီလူနဲ့ ကျွန်တော်က အချင်းချင်း သူတပြန်ကိုယ်တပြန် သတ်ကြပုတ်ကြတာ သွေးချင်းချင်းကို နီပါလေရော"

"အီး. . . ဟီး. . . ဟီး"

ပြောရင်း ငိုချလိုက်သော အောင်ဇင့်ကို ဒေါက်တာနေအုပ်စိုး စိတ်မသက်သာစွာကြည့်ရင်း ငြိမ်သက်စွာဖြင့် နားစွင့်နေလိုက်သည်။

အောင်ဇင်က အငိုကို ရပ်ပြီး မျက်ရည်စက်လက်နှင့် ဆက်ပြောပြန်သည်။

"တကယ်က အပြင်မှာ ကျွန်တော်က အဲဒီလို လူသတ်ဖို့ မပြောပါနဲ့၊ ပုရွက်ဆိတ်တစ်ကောင် ခြင်တစ်ကောင်တောင် သတ်တဲ့လူမဟုတ်ဘူး၊ ဘာသာရေးသမား၊ သက်သက်လွတ် ရာသက်ပန်စားတဲ့လူခင်ဗျ၊ တစ်ခါတစ်ရံ သွေးလေချောက်ချားပြီး မက်တာဆိုတော်ပါသေးရဲ့"

"ခုဟာက ၃-၄ ရက် တစ်ခါဆိုတော့ ကျွန်တော် တုန်လှုပ်ချောက်ချားရပြီ"

"ပုတီးတွေ စိပ်လွန်းလို့ ဓာတ်ပေါက်သွားပြီ၊ ခါတ်ကြောင်သွားပြီလားဆိုတော့ မဟုတ်ပါဘူးဆရာ၊ ကျွန်တော့်ကိုယ်ကျွန်တော် သိပါတယ်၊ အမျိုးမျိုး စိတ်ကို လေ့လာစောင့်ကြည့်ပါတယ်၊ ပရိတ်

www.burmeseclassic.com



ကြီး ဆယ့်တစ်သုတ်လည်း ချွတ်ဖတ်ပါတယ်"

"မရဘူး. . . အိပ်မက်က လာတာပါပဲ"

"ကျွန်တော် လျှောက်ပြီး တွေးနေတဲ့အတွေးလည်း မဟုတ်ပါဘူးဆရာ၊ ကျွန်တော် ဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ ပြောပါဦး ဆရာ"

အောင်ဇင် စကားဆုံးသွားပုံရသည်။ သူ့အား အားကိုးတကြီး တောင်းခံလာသော လူနာတစ်ဦးကို သူက နွေးထွေးသော အပြုံးနှင့် ကြိုကာ. . .

"ကိုအောင်ဇင်"

"ဟုတ်ကဲ့. . . ပြောပါဆရာ"

"ကိုအောင်ဇင် ဆေးကုသမှု ခံယူလိုက်ရင် ပျောက်မယ်ဆိုတဲ့စကားထက် အခု ဒီကိုလာတာ ကျွန်တော့်အပေါ် ယုံကြည်မှုနဲ့ လာတာမှတ်လား"

"ယုံကြည်တာပေါ့ဆရာ၊ ကျွန်တော့်အဖြစ်ကို ဘယ်ဆရာနဲ့ ကုစားရမယ်လို့ ရွေးတဲ့အခါမှာ ဆရာက တရားအားထုတ်မှု ပြုလုပ်ပြီးမှ လူနာကို ကုသတာလို့ နာမည်ကြားရတာနဲ့ ဒီဆရာနဲ့မှ ငါ့ဝေဒနာ ပျောက်မယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ ဆရာ့ဆီကို လာတာပါ ဆရာ"

"ကောင်းပြီ. . . အခု ကိုအောင်ဇင်က ဘာသာရေးသမား ဆိုတော့ ပုတီးစိပ်တာထက် အာနာပါနရှုပြီး တရားမှတ်ကြည့်ပါလား"

"ဟာ. . . ဝိပဿနာကို ကူးပြောင်းခိုင်းတာလား ဆရာ"

"မဟုတ်ပါဘူး. . . အာနာပါနဆိုတာ သမထရဲ့အခြေခံပါ





ပဲ၊ ကိုအောင်ဇင်ရဲ့စိတ်သမာဓိ တည်ကြည်လာပြီး အိပ်ပျော်ရင်း မက်တဲ့အိပ်မက် ထပ်မက်မမက် စောင့်ကြည့်ပါ"

"လက်ခံပါတယ် ဆရာ"

ထို့နောက် ထုံးစံအတိုင်း Medical Check up လုပ်ရန် ကား စာရွက်ရေးပေးလိုက်ပြီးနောက် ဆေးအညွှန်းကို ရေးပေးရင်း ညွှန်ကြားလိုက်သည်။

အောင်ဇင်က ဝမ်းသာအားရပင်. . .

"ဟုတ်ကဲ့ပါ ဆရာ၊ ဆရာက ဆေးကုသတာအပြင် ဘာသာရေး အကြံဉာဏ်လည်း ပေးတတ်တာ အတော့်ကို ကောင်းမွန်ပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်၊ ခွင့်ပြုပါဦးဆရာ"

"ကောင်းပါပြီ ခင်ဗျာ"

ကိုအောင်ဇင် ထွက်သွားသည်နှင့် ဆေးမှတ်ချက် C.D ခွမ်ကို ထုတ်ယူသိမ်းလိုက်သည်။

"ဆရာမရေ. . ."

"ဟုတ်ကဲ့. . . ဆရာ"

"စောစောက ကိုအောင်ဇင်ဆိုသူ နောက်ထပ်လာဖို့ Booking တင်ရင် ခုလို အေးဆေးတဲ့အချိန်ကိုပဲ ချိန်းပါ"

"ဟုတ်ကဲ့. . . ဆရာ"

ဒေါက်တာနေအုပ်စိုးအတွက် အတော့်ကို စိတ်ဝင်စားစရာ ကေ့စ်တစ်ခုကို တွေ့နေရသလိုပင်. . .

တစ်ခါ. . . တစ်ခါ. . .

စိတ်နယ်လွန်သမားတွေ၏ဖြစ်ရပ်သည် လက်တွေ့ ရှုသွပ် စိတ်ဖောက်ပြန်ဝေဒနာသမားတွေထက် ကုသချက်ကို အထူးသတိ

www.burmeseclassic.com



ထားရလေသည်။

တစ်လောက ကိုညီရတု

ဒီနေ့ ကိုအောင်ဇင်. . .


သူတို့နှစ်ဦး၏ ဝေဒနာ မှတ်တမ်းက တိုက်တိုက်ဆိုင်ဆိုင် အိပ်မက်၏ခြိမ်းခြောက်ဝါးမျိုမှုကို ခံနေရခြင်းပါလားဟု. . .

ဒေါက်တာနေအုပ်စိုး သက်ပြင်းပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး အာရုံထဲ ဝင်ရောက်လာသော အမှိုက်ဟူသမျှကို ရှင်းထုတ်ပစ်လိုက်သည်။

သူ သတိကပ်၍ ကားမောင်းကာ အိမ်ပြန်ရဦးမည်။ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားရင်း ညစာကို တူနှစ်ကိုယ် လက်ဆုံစားရန် စောင့်ဆိုင်းနေရှာမည့် ချစ်ဇနီးနွဲ့ထံသို့ ရောက်လိုဇောသာ ရှိတော့လေသည်။







## အခန်း(၂)
## လူကဲနှင့်စိန်ကဲ

"မောင်. . ."

"ဗျား. . ."

ထမင်းစားပြီး အချိုပွဲတည်နေကြစဉ် ရုတ်တရက် ပျံ့လွင့်သွားသော ဒေါက်တာနေအုပ်စိုး၏အာရုံကို နွဲ့သဒ္ဒါနွယ်က ဆွဲလဲသံလေးနှင့် ပြန်လည်ဖမ်းစားယူလိုက်သည်။

"မောင်. . . မနက်ဖြန်ညနေ အားသလား၊ ဆေးခန်း ဘယ်အချိန် ပိတ်မလဲဟင်"

"ထုံးစံအတိုင်း ခြောက်နာရီလေ. . . ဘာဖြစ်လို့လဲ"

"ညနေဘက် အိမ်မှာ ချိန်းထားတဲ့လူနာကော ရှိသလား"

www.burmeseclassic.com



"မရှိပါဘူး"

နွဲ့သဒ္ဒါနွယ်က ပျားလိမ္မော်သီးကို အခွံခွာရင်း. . .

"နွဲ့ရဲ့ ပါတနာ ညီမလေး၊ ဒီနေ့ ဆိုင်ကို ရောက်လာတော့ အံ့အားသင့်စရာပဲ မောင်ရယ်၊ ကြော့ကြော့မော့မော့လေးနဲ့ စတိုင်လ်အမိ၊ အမြဲလှနေတဲ့ မချောက တစ်ပတ်နှစ်ပတ်အတွင်း မယုံနိုင်အောင်ကို ပိန်ကျပြီး မျက်နှာမှာလည်း တကယ့်ကို အပူသည်ရုပ် ဖြစ်သွားတယ်"

ဒေါက်တာနေအုပ်စိုး ထိုအထိ စိတ်မဝင်စားသေး။

"သူ့ကို သူများတွေကတော့ သူ့ကို တစ်မျိုးထင်ကောင်းထင်လိမ့်မယ်၊ သူ ဗေဒင်မေး နတ်မေးနဲ့ ကုန်လှပြီ၊ ထူးခြားမလာဘူးတဲ့၊ ဒါနဲ့ သူ့အစ်မဝမ်းကွဲက အကြံပေးတယ်၊ ဒေါက်တာ နေအုပ်စိုးနဲ့ ပြကြည့်ပါလားတဲ့"

ယခုမှ ဒေါက်တာနေအုပ်စိုး ဆတ်ကနဲ ဖြစ်သွားရသည်။ ဇနီးကို ကျီစားချင်သဖြင့်. . .

"မင်း ပါတနာ ညီမအလှမယ် ပိန်ချုံးကျသွားတာ မောင်နဲ့ ဘာဆိုင်လို့လဲ၊ မောင်ရိုးသားတာ နွဲ့အသိဆုံးပါ. . . အဟဲ"

နွဲ့သဒ္ဒါနွယ်က သူ့အား မျက်စောင်းလေးတစ်ချက် ခွင်းလိုက်ပြီး. . .

"ဟွန်း. . . စကားအကောင်းပြောရင် ဖောက်လာပြီ၊ နွဲ့စကားကို ကောင်းကောင်းနားထောင်ပါ မောင်ရဲ့"

"ကိုင်း. . . ဆက်ပြောစေဗျား"

"ပန်းသစ္စာက"

"ပန်းသစ္စာဆိုတာ"





"သြော်. . . နွဲ့ပါတနာ ညီမနာမည်က ပန်းသစ္စာတဲ့ မောင်ရဲ့. . ."

"ဟုတ်ပြီ. . . ဆက်"

"ကြောက်စရာ အိပ်မက်တစ်ခုကို ခဏခဏ ထပ်ခါထပ်ခါ မက်တာမျိုး"

"ဟင်. . . လာပြန်ပြီ"

ဒီတစ်ချီတွင်တော့ ခေါင်းထောင်သွားရုံမက ဖင်ပါ ကြွပြီး မြောက်တက်သွားရသူမှာ ဒေါက်တာနေအုပ်စိုး ဖြစ်သွားသည်။ နှုတ်ကလည်း လွှတ်ကနဲ အာမေဋိတ်သံ ထွက်သွားသဖြင့် လှစ်ကနဲနေအောင် ပါးသော နွဲ့သဒ္ဒါနွယ်ကလည်း. . .

"ဘာဖြစ်လို့လဲ. . . မောင့်ဆီကို သူလာပြီးသွားပြီမို့လို့လား"

"ဘာမှ မဟုတ်ပါဘူးကွာ၊ အိပ်မက်နယ်လွန်သမားတွေ အခုတလော ဆေးခန်းကို ရောက်လာတတ်လို့ပါ၊ ဒီနာမည်နဲ့တော့ မလာပါဘူး"

"သြော်. . . ဒါလား"

"ဆက်ပြောပါ နွဲ့"

"အသေးစိတ်တော့ နွဲ့မမေးပါဘူး၊ နွဲ့က စိန်ကဲကျောက်ကဲသာ ခပ်တတ်တာ မဟုတ်ဘူးလေ၊ သူပြောပြလည်း နားလည်ချင်မှ နားလည်မယ်၊ သူမပြောတာလည်း အတင်းမမေးဘူး၊ မိတ်ဆွေကောင်းတို့ ဝတ္တရားအရ မောင်နဲ့ ကုချင်တယ်၊ အဲ. . . လူသိမခံချင်ဘူးဆိုတော့ မောင့်ဆီမှာ Booking လုပ်တာ မောင်ရေ. . . အိမ်မှာ ကုမယ်၊ မနက်ဖြန်ညနေ မောင်အားမလား၊ ဒါပဲ သိချင်တယ်"

www.burmeseclassic.com



ဒေါက်တာနေအုပ်စိုးက သူ၏ဦးနှောက် Memory(မှတ်ဉာဏ်)ကို နှိုးမေးလိုက်သည်။

မရှိ။

"မနက်ဖြန် ချိန်းထားတာ မရှိပါဘူး၊ ဒါပေမယ့် အမျိုးသမီးလူနာဆိုတော့ နွဲ့ရှိနေမှ ဖြစ်မှာနော်၊ ကိုယ့်ကိုယ်ကိုကော အားရဲ့လားဆိုတာ အရင်မေးပါဦး ဒေါ်နွဲ့သဒ္ဒါနွယ်"

"ညနေပိုင်းတိုင်း မောင့်အတွက် အချိန်ပေးပြီး ကိုယ်တိုင်ချက်ပြုတ်ပေးတာ သိရဲ့သားနဲ့၊ လူကို ရိုနေပြန်ပြီနော်၊ ဟွန်း. . . တစ်ပတ်လောက် ဆိုင်ထမင်းဟင်းနဲ့ပဲ နှစ်ပါးသွားခိုင်းလိုက်ရမလား"

"မလုပ်ပါနဲ့ နွဲ့ရာ၊ ကဲပါ. . . နွဲ့ကိုယ်တိုင် လိုက်သွားပြီး မနက်စောစော ဒေါက်တာအေးနောင်ဆီမှာ Medical Check up ဝင်လုပ်ပေးခဲ့လိုက်၊ ညနေဆို Result အဖြေစုံရပြီ၊ အဲဒါယူပြီး ညနေခြောက်နာရီခွဲ အရောက်လာဖို့ ပြောလိုက်ပေါ့"

"ဟုတ်ပြီ. . . အိုကေ. . . ဒါဆို နွဲ့ ပန်းသစ္စာဆီ ဖုန်းဆက်လိုက်တော့မယ်နော်"

ဒေါက်တာနေအုပ်စိုး ခေါင်းသာ ညိတ်လိုက်သည်၊ နွဲ့သဒ္ဒါနွယ်က GSM လက်ကိုင်ဖုန်းလေး ယူကာ ဝရန်တာဘက် ထွက်သွားလေသည်။

အိပ်မက်တစ်ခုကို ထပ်ခါတလဲလဲ မက်ခြင်း၊

ဒါ. . . ဘာကြောင့်လဲ. . .

စိတ်နယ်လွန်ဖြစ်ရပ်လား. . .

မသိစိတ် အစွဲအလမ်းကြောင့် မွှန်းကြပ်နေသော အတိတ်မှ ပြည့်ဖုံးကားချထားသော ဖြစ်ရပ်ဆိုးကြောင့်လေလား။

ဒေါက်တာနေအုပ်စိုးမှာ. . .

ညီရတုနှင့် အောင်ဇင်တို့၏ဝေဒနာဖြစ်ရပ်ဆန်းကို ထပ်ခါတလဲလဲ စဉ်းစားရင်း ခေါင်းခါရမ်းလိုက်မိသည်။

တစ်ကြိမ်တစ်ခါစီသာ ရောက်လာကြပြီး သူ့ထံသို့ ထပ်မံရက်ချိန်းမယူသော ထိုသူနှစ်ယောက်၏အခြေအနေကိုလည်း သိချင်လာမိသည်။

"ဟူး. . . "

သူပါ မွှန်းကြပ်နေပါလား။


မဖြစ်ချေဘူး၊ စာဖတ်ချိန် နည်းနည်းလျှော့ပြီး တရားရှုမှတ်ချိန်ကို နည်းနည်းပိုပေးလိုက်မှပဲဟု စဉ်းစားပြီး နေရာမှ ထလိုက်လေတော့သည်။




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com





အခန်း(၆)

ပန်းသစ္စာ

"အစ်မ. . . ဧည့်သည်ရောက်ပါတယ်"

"ဘယ်သူတဲ့လဲ"

"ပန်းသစ္စာတဲ့"

"လွှတ်လိုက်"

အိမ်ရှေ့သွားပြီး ခြံတံခါးဝ၏ပုံရိပ်ပြသည့် Screen ကို မကြည့်အား။ နောက်ဖေး မီးဖိုချောင်၌ လိုင်းခွဲယူထားသော Intercom နှင့်သာ လှမ်းပြောလိုက်ရသည်။

နွဲ့သဒ္ဒါနွယ်က ညနေစာကို ပန်သစ္စာအတွက်ပါ တစ်ခါတည်း စားနိုင်စေရန် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်နေခြင်း ဖြစ်သည်။

သင်လက်စ ဟင်းသီးဟင်းရွက်ကို ချထားခဲ့ပြီး အိမ်ရှေ့





တံခါးကို Remote နှင့် လှမ်းဖွင့်ပေးလိုက်ရင်း ပန်းသစ္စာကို လှမ်းကြိုလိုက်ရသည်။

"လာ. . . ညီမ Result တွေ ရခဲ့ရဲ့လား"

"ရခဲ့ပါတယ်"

"အေးကွယ်. . . မမက တစ်ခါတည်း စောင့်မခေါ်နိုင်တာ စိတ်မကောင်းပါဘူး၊ မြင်တဲ့အတိုင်းပဲ. . . ညနေစာလေးတော့ မောင်တော်အတွက် ဖွယ်ဖွယ်ရာရာလေး ချက်ပြုတ်ကျွေးချင်သေးတာကိုး။ ဒီနေ့ညနေစာတော့ ညီမပါ ဒီမှာပဲ စားရမယ်"

သူက အားတက်သရော ပြောနေသော်လည်း ပန်းသစ္စာက တော့ နွမ်းလျလျ၊ လှုပ်လီလှုပ်လဲ့လေး ဖြစ်နေရှာသည်မို့ ရေခဲသေတ္တာထဲမှ ဆန်းကစ်တစ်ဘူး ဖောက်ကာ ဖန်ခွက်ထဲ ငှဲ့ပေးရင်း နွဲ့သဒ္ဒါနွယ်က. . .

"ကိုင်း. . . ညီမရေ၊ ဒရင်းဘက်ပေါ်လှဲလှဲ ဆိုဖာပေါ် ဘဲ့လှဲ့ နားနားနေနေသာ နေလိုက်ပါ၊ မမနွဲ့ မီးဖိုချောင်ကိစ္စ သွားစီစဉ်လိုက်ဦးမယ်"

ဆန်းကစ်ကိုတိုက်၊ လူကိုလည်း တွဲ ၊ ဒရင်းဘက်ပေါ် တင်ပေးထားခဲ့သည်။

ချက်ပြုတ်ခြင်းကို အပြီးသတ် လက်စသတ်နေစဉ်မှာပင် မိနစ်(၂၀)ခန့်အကြာ၌. . .

"အား. . ."

ဟူသော အသံနက်ကြီး အော်သံကြောင့် နွဲ့သဒ္ဒါနွယ် ထိတ်လန့်သွားပြီး ပန်းသစ္စာရှိရာ ဧည့်ခန်းသို့ ပြေးထွက်ခဲ့လေသည်။

အနားရောက်တော့. . .

www.burmeseclassic.com



မျက်လုံးပြူး မျက်ဆံပြူးနှင့် ထိတ်လန့်တကြား သတိလက်လွတ်ဖြစ်နေရှာသော ပန်းသစ္စာကို ကြည့်ကာ. . .

"ပန်းသစ္စာ. . . ပန်းသစ္စာ. . . သတိထားလေ ညီမ၊ သတိထား. . . မမနွဲ့ရှိတယ်"

ပါးစပ်ကလည်းပြော၊ လက်ကလည်း အနီးရှိ သောက်ရေသန့်ဘူးထဲမှ ရေကို ငှဲ့ကာ ကမ်းပေးရင်း. . .

"ရေသောက်လိုက် ညီမလေး"

ပန်းသစ္စာ ရေကို အားပါးတရ ယူသောက်ရင်း မျက်ရည်များကလည်း ပိုးပိုးပေါက် ကျလာလေသည်။

"ဟင့်. . . ဟင့်. . . ဟင့်၊ ဒုက္ခပါပဲ မမနွဲ့ရယ်၊ ပန်းသစ္စာကတော့ သေရတော့မယ်ထင်တယ်၊ ဒီဝေဒနာတွေလည်း မခံစားချင်တော့ဘူး. . . ကြောက်တယ်"

မိမိရင်ခွင်သို့ ခိုဝင်လာသော ပန်းသစ္စာကို အလိုက်သင့်ပွေ့ပိုက်ကာ ကျောသပ်ပေးရင်း. . .

"မဟုတ်တာကွယ်. . . မကြာခင် မောင်ရောက်လာတော့မှာပါ။ အနာသိရင် ဆေးရှိမှာပါ ညီမရယ်၊ စိတ်အေးအေးထား. . . ဘာမှမပူနဲ့၊ မမနွဲ့တစ်ယောက်လုံး ရှိတယ်၊ စိတ်အေးအေးထား"

ဟု နွဲ့သဒ္ဒါနွယ် အားပေးစကား ပြောကြားရင်း နှစ်သိမ့်လိုက်သည်။

"ထားပါတယ် မမရယ်. . . ဒီအိမ်ထဲ ရောက်လာတော့ စိတ်လုံခြုံမှု ရှိတယ်ဆိုပြီး စိတ်ချလက်ချ အိပ်ပျော်သွားမိတယ်၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပြီဆိုရင် အိပ်မက်လိုလို တကယ်လိုလိုနဲ့ မျက်နှာကြီးတွေ ပေါ်လာပြီး စားတော့ဝါးတော့မတတ်ပဲ မမနွဲ့ရယ်၊





မွှန်းကြပ်လိုက်တာ၊ ဒါက တစ်ခါမဟုတ် နှစ်ခါမဟုတ်၊ အိပ်လိုက်ပြီဆိုတာနဲ့ မြင်မြင်နေရတော့ အိပ်ရမှာတောင် ကြောက်ကြောက်လာတယ်"

"ဖြစ်မှ ဖြစ်ရလေကွယ်"

"ဖေဒင်တွေ၊ နတ်တွေ၊ ဓါတ်တွေလည်း စုံနေပါပြီ၊ ငွေတွေသာ ကုန်သွားတယ်၊ ဒီအိပ်မက်က ပျောက်မသွားဘဲ ပိုတောင်စိပ်လာတယ်၊ အိပ်ပျက်ပေါင်းလည်း များလှပြီ၊ လူကိုသာ ကြည့်ပါတော့ အင်မရယ်. . . ဟီး. . . ဟီး"

ပန်းသစ္စာ အားပါးတရပင် ငိုချလိုက်လေတော့သည်မို့ နွဲ့သဒ္ဒါနွယ် ရင်ထဲသို့သည်ပင် ဝမ်းနည်းမှု စမ်းချောင်းလေးက ကူးသန်းလာကာ ပန်းသစ္စာ၏ဒုက္ခဝေဒနာ ဟူသမျှကို မျှယူခံစားပေးချင်မိအောင် သနားသွားသည်မို့. . .

ညီမရင်းသဖွယ်ပင် သဘောထားကာ ပွေ့ဖက်ပြီး ကျောပြင်ကို သပ်ကာ အားပေးနှစ်သိမ့်မိသည်။

"တိတ်ပါ ညီမလေးရယ်၊ မောင်မကြာခင် ပြန်လာတော့မှာ၊ ညီမဝေဒနာတွေ ယူပစ်သလို ပျောက်သွားပြီ သတ်မှတ်၊ ကိုယ့်ယောက်ျားမို့ ကိုယ်ပြောတာ မဟုတ်ဘူးနော်၊ တကယ့်သူတော်ကောင်းကြီး၊ ဆုံးဖြတ်ချက်တွေ မမှားယွင်းစေဖို့ဆိုပြီး အိပ်ယာထတာနဲ့ အားလုံးကို ဆုတောင်းမေတ္တာပို့ အမျှဝေပြီး တရားထိုင်လေ့ရှိတယ်၊ ဒါကြောင့် ညီမ ဘာမှမပူနဲ့၊ ညီမ အစ်ကိုနဲ့ တွေ့ရင် ညီမခံစားနေရတာတွေ အားလုံးပျောက်ကင်းသွားမှာပါ"

ဟု ကရားရေလွှတ်သလို တတွတ်တွတ်နှင့် အမြုပ်ထွက်မတတ် အားပေးရင်း နွဲ့သဒ္ဒါနွယ် ခင်ပွန်းကိုလည်း စိတ်ထဲမှ ကြိတ်

www.burmeseclassic.com



၍. . .

"မောင်ရယ်. . . မြန်မြန်လာပါတော့၊ မြန်မြန်. . . မြန်မြန်လေး. . ."

ဟု တမ်းတမ်းတတ ဆုတောင်းနေမိသည်။

ခင်ပွန်းနှင့် ပတ်သက်ပြီး စိတ်ကျန်းမာရေး ချို့တဲ့နေသောလူနာများနှင့် ကြုံတွေ့ဖူးပါသည်။ တစ်ခါတစ်ရံ ပြုံးရယ်မိခဲ့သည်များပင် ရှိခဲ့သည်။

ယခု ကိုယ်နှင့် ပတ်သက်နေသော ညီမတစ်ဦးသဖွယ်ဖြစ်နေသူ ပန်းသစ္စာ၏အသံနက်ကြီးနှင့် အော်လိုက်သံမျိုး၊ ကြောက်စိတ်နှင့် သွေးပျက်နေသော မျက်နှာမျိုးနှင့် တုန်လှုပ်ချောက်ချားနေမှုမျိုး မကြုံတွေ့ဖူးခဲ့ပါချေ။

ယခုမှ. . .

"ကလင်. . . ကလင်"

လူဝင် အချက်ပေး ခေါင်းလောင်းမြည်သံကြောင့် ခင်ပွန်းရောက်လာပြီဟု နွဲ့သဒ္ဓါနွယ် တွက်မိကာ. . .

"ဟော. . . မောင်လာပြီ"

ဝမ်းမြောက်ဝမ်းသာနှင့် ပန်းသစ္စာကို အသာအယာ ဖယ်ပြီး. . .

"မမနွဲ့ သွားကြိုလိုက်ဦးမယ်"

ဟု ပေါ့ပေါ့ပါးပါးလေး ပြေးထွက်ခဲ့လေသည်။

ဃ ဃ ဃ ဃ





ဒေါက်တာနေအုပ်စိုး ထုံးစံအတိုင်း စီဒီချွမ်းကို Box ထဲထည့်ကာ ကေ့စ်အမည် ထည့်သွင်းပြီး အသံဖမ်းစက် ရီကော်ဒါဖွင့်လိုက်လေတော့သည်။

"ကဲ. . . မိန်းကလေး အသက်ကို မှန်မှန် ဝအောင်ရှူသွင်းမယ်၊ ဟုတ်ပြီ. . . ရှူထုတ်မယ်၊ စိတ်ကို ငြိမ်ငြိမ်လေး ထားပြီးရှူသွင်းတာ ရှူထုတ်တာကိုပဲ မှတ်နေပါ"

နွဲ့သဒ္ဓါနွယ်မှာ မလှမ်းမကမ်းမှာ ငြိမ်သက်စွာ ထိုင်ရင်းပင့်သက်ရှိုက်မိလေသည်။

နှစ်မိနစ်ခန့်အကြာတွင် ဒေါက်တာနေအုပ်စိုးက. . .

"ဟုတ်ပြီ. . . စိတ်တည်ငြိမ်လာပြီလား မိန်းကလေး"

"ဟုတ်ကဲ့ပါ ဆရာ"

"ကောင်းပြီ. . . ဖြည်းဖြည်းချင်း ပြောမယ်၊ မိန်းကလေးရဲ့ဘဝအခြေအနေက စပြီးတော့ ပြောမယ်နော်"

"ဟုတ်ကဲ့"

www.burmeseclassic.com



"ပြောပါ. . . ပြောလိုက်ပါ"

"ကျွန်မနာမည်က ပန်းသစ္စာပါ၊ မိဘတွေက နယ်ဘက်ကို သွားပြီး ကုန်ရောင်းကုန်ဝယ် လုပ်ကိုင်ကြပါတယ်၊ ကျွန်မမှာ မောင်နှမသားချင်း မရှိပါဘူး၊ ကျွန်မ ခရစ်ယာန်သာသနာပြုကျောင်းမှာ နေခဲ့ဖူးပါတယ်၊ ဒါက ပညာသင်ဖို့သက်သက်ပါပဲ၊ ကျောင်းက ထွက်တာနဲ့ ကျွန်မဟာ ဗုဒ္ဓဘာသာဝင်ပါပဲ၊ ကျောင်းက ထွက်ပြီး ကျောက်ရောင်းကျောက်ဝယ် လောကထဲ ရောက်လာခဲ့ပါတယ်၊ ခုဆို စိန်အကြေတွေ ဝယ်ပြီး ပြန်ခတ်ရောင်းတဲ့ဘက်မှာ တော်တော်ကို အကျိုးပေးပါတယ်၊ စိန်ကောင်းစိန်သန့် အလုံးအရေအတွက်နဲ့ ရတီအလိုက် လိုချင်သူတွေကလည်း ကျွန်မကို မှာကြပါတယ်၊ ဒီလုပ်ငန်းက ကျွန်မကို တော်တော်အကျိုးပေးပါတယ်၊ ခုဆို မိဘနှစ်ပါးကိုလည်း ဘာမှမလုပ်စေတော့ဘဲ လိုလေသေးမရှိ ကျွေးမွေးစောင့်ရှောက်ထားနိုင်ပါတယ်

တစ်နေ့. . .

လွန်ခဲ့တဲ့ တစ်လလောက်ကပါ၊ ကျွန်မ ခေါင်းမတရားကိုက်လာလို့ ဆေးသောက်အိပ်ရာကစပြီး အိပ်မက်ဆိုး မက်ပါတော့တယ်"

ပန်းသစ္စာ၏ထိုစကားနေရာအရောက်တွင် ဒေါက်တာနေအုပ်စိုး မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေတော့သည်။ စိတ်ထဲ၌လည်း. . .

"လာပြန်ပြီဟ နောက်တစ်ယောက်" ဟု

"ဒါပေမယ့် နေထိုင်မကောင်းလို့ပဲလို့ မှတ်ယူလိုက်ပါတယ်၊ အိပ်မက်မကောင်းပြယ်အောင် တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်





ဘုရားရှိခိုး ကောင်းမှုတွေလည်း အများကြီး လုပ်ခဲ့ပါတယ်၊ မရပါဘူး ဆရာရယ်၊ နောက်မှ (၃)ရက်လောက် ကြာတာနဲ့ အဲ့ဒီအိပ်မက်ဆိုးပဲ ထပ်မက်တယ်"

"ဘယ်လို အိပ်မက်ဆိုးလဲ"

"ကြောက်စရာ မျက်နှာကြီးသုံးခုက သွေးသံရဲရဲနဲ့ ပေါ်လာပြီး ကြောက်စရာ ကောင်းလောက်အောင် ခြောက်လှန့်နေတော့တာပါပဲ ဆရာ"

"နောက်ရက်တွေကော ဒီအိပ်မက်ပဲလား"

"ဟုတ်ပါတယ် ဆရာ၊ အိပ်ရမှာတောင် ကြောက်လာပြီ၊ စောစောကတောင် ဆရာ့ကို စောင့်ရင်း မှေးကနဲ အိပ်ပျော်သွားတာနဲ့ အိပ်မက်ဆိုးက မက်တော့တာပဲ"

ဒေါက်တာနေအုပ်စိုး ဇနီးသည်ဘက်သို့ မသိမသာ ငဲ့စောင်းကြည့်လိုက်သည်။ နွဲ့သဒ္ဒါနွယ်က အလိုက်သိစွာပင် ခေါင်းညိတ်ကာ ဟုတ်မှန်ကြောင်း ထောက်ခံပေးလိုက်လေသည်။

"ဗေဒင်တွေမေး၊ ဓါတ်ဆင်ဓါတ်ရိုက်တွေလည်း စုံနေပါပြီ၊ ကျွန်မကို ကယ်ပါဦး ဆရာရယ်၊ ကျွန်မမှာ အိပ်မရ စားမရနဲ့ ဒီလိုပုံစံဖြစ်နေရပါပြီ၊ ဟီး. . . ဟီး. . ."

နွဲ့သဒ္ဒါနွယ်က အနားသို့ ရောက်လာပြီး ပန်းသစ္စာလက်ကို ဆုပ်ကိုင်ကာ အားပေးလိုက်သည်။

ဒေါက်တာနေအုပ်စိုးက. . .

"ရပါပြီ နွဲ့၊ သူ့ကို ဒေါက်တာအေး ဆေးခန်း လိုက်ပို့လိုက်ဦး၊ သွေးပေါင်ကလည်း ကျနေတယ်၊ အားကလည်း တအားနည်းတော့ အကြောဆေး အားဆေးအွန်ဖို့ ကိုယ် ဆေးစာရေးပေးလိုက်

www.burmeseclassic.com



တယ်"

"နွဲ့က ညစာကျွေးပြီးမှ ပြန်ပို့မလို့"

"အို. . . ရပါတယ် မမနွဲ့၊ ပန်းသစ္စာဖာသာ ပြန်ပါ့မယ်"

"ကားကို ခုလိုချိန်မျိုးမှာ မမောင်းသေတာ ကောင်းမယ် မိန်းကလေး၊ နောက်ပြီး နွဲ့ရေ. . . သူအိပ်ပျော်အောင်ရယ်၊ အိပ်ယာက နိုးတာနဲ့ ခေါင်းကြည်ဖို့ ဆေးကိုပါ ရေးပေးထားတယ် အဲဒါပါ နွဲ့ ကူညီပေးလိုက်ဦး၊ သေသေချာချာ စစ်ဆေးပြီးမှ စဉ်းစား ဆုံးဖြတ်ပေါ့"

"ဟုတ်ကဲ့ မောင်၊ ဒါဖြင့် နွဲ့ပြန်လာမှ ဟင်းချိုထည့်ပေး တော့မယ်နော်"

ဒေါက်တာနေအုပ်စိုး စာကြည့်ခန်းထဲမှ ထွက်ခွာလာရင်း ပြုံးလိုက်မိလေသည်။

နွဲ့က သူ့အား ထမင်းစား စောင့်နေဟု သွယ်ဝိုက်သော နည်းနှင့် ပြောလိုက်ခြင်း ဖြစ်သည်။

သူကလည်း နွဲ့ မမှာလည်း အဆာခံကာ စောင့်နေမည့်သူ ပင်၊ ရှိတာမှ ဒီလင်မယားနှစ်ယောက်၊ တစ်နေ့မှာ တစ်နပ်လေး မျက်နှာချင်းဆိုင် စားရတာတောင် အမြတ်မ်း ခဲရာခဲဆစ်ကြီးပင်။

ပန်းသစ္စာမှာ အားတုံ့အားနာကြီး ဖြစ်ကျန်ခဲ့လေသည်။

"ဘာမှစိတ်မပူပါနဲ့ ပန်းသစ္စာရယ်၊ မကြာခင် ကောင်း သွားမှာပါ၊ ထလို့ရရဲ့လား ညီမ"

"ရပါတယ် မမနွဲ့၊ ကျေးဇူးလည်း တင်ပါတယ်"

"ပြောစရာ မလိုပါဘူးကွယ်. . . အချင်းချင်းတွေပဲဟာ ညီမတွေလို ဖြစ်နေမှတော့ တစ်ယောက်လိုအပ်ချက် တစ်ယောက်





က ဖြည့်ဆည်းပေးရမှာပေါ့၊ ကိုင်း. . . လာ. . . ပန်းသစ္စာ၊ ထမင်း စားသွားဦး"

"မစားတော့ဘူး မမနွဲ့၊ စားလို့ဝင်မှာမဟုတ်ဘူး၊ မေမေတို့ မျှော်နေမယ်၊ မမနွဲ့ ပန်းသစ္စာကို ဆရာပြောတဲ့ ဒေါက်တာအေး ဆေးခန်းအထိပဲ ပို့ပေးပါ၊ ပြီးရင် ကက ငှားပြီး ပန်းသစ္စာ ပြန်လိုက် ပါ့မယ်၊ ကားကိုတော့ မနက်ဖြန်မှ ပန်းသစ္စာ လူလွှတ်ပြီး ယူခိုင်း လိုက်ပါ့မယ်"

"ကောင်းပြီလေ. . . ညီမသဘော. . . ညီမသဘော"

ပန်းသစ္စာ စိတ်ရင်းလေးကလည်း သူတို့လင်မယားအပေါ် ကျေးဇူးလည်းတင်၊ အားတုံ့အားနာလည်း ဖြစ်နေမှာသည်။

မိန်းမသားအချင်းချင်းမို့ စပ်စပ်စုစုတွေ ပြောရာက ညနေ စာ တူနှစ်ကိုယ်တွဲကာ လက်ဆုံစားခွင့်ကို မမနွဲ့ တန်ဖိုးထားသလို ဆရာလည်း တန်ဖိုးထားမည်ကို သိသဖြင့် သူ့ကြောင့် ထိုအခွင့် အရေးလေးသည် ထမင်းဝိုင်းကဲ့သို့ အေးစက်စွာ မစောင့်ဆိုင်းရစေ ဖို့အရေး ပန်းသစ္စာကပင် ဖြတ်လမ်းနည်းနှင့် စီစဉ်ရလေတော့ သည်။

နွဲ့သဒ္ဒါနွယ်ကလည်း နားလည်သည်ပင်။

ပန်းသစ္စာ အစီအစဉ်က မောင့်စကားကို လွန်ဆန်ခြင်း လည်း မရှိသည့်အတွက် သူလက်ခံလိုက်လေသည်။

ဒါတောင် ချွင်းချက်ကလေးနှင့်. . .

"ဒါဖြင့်ရင် အိမ်ပြန်ရောက်ရောက်ချင်း မမနွဲ့ဆီ ဖုန်းဆက် ရမှာနော်"

"စိတ်ချပါ ချစ်မမကြီးရဲ့"

www.burmeseclassic.com




ပန်းသစ္စာလေး၏မျက်နှာနွမ်းနွမ်းလေးပေါ်မှ အပြုံးတစ်ဝက်ကို ပြန်လည်မြင်တွေ့ခွင့် ရလိုက်ရသဖြင့် နွဲ့သဒ္ဒါနွယ် ရင်ထဲလည်း တစ်ခြမ်းတော့ပေါ့သွားသည်။

"ဘုရားသိကြားမလို့ ပန်းသစ္စာ ရောဂါကို ပျောက်ကင်းသွားအောင် အမြန်ဆုံး ကုသနိုင်ပါစေ" ဟုလည်း ကြိတ်ဆုတောင်းလိုက်မိလေတော့သည်။







## အခန်း(၇)
## ဝေဒနာတူ သုံးဦးအတွက် ရတက်ဖြာ

ဒေါက်တာနေအုပ်စိုး ဦးနှောက်စားနေရပြီ။

ခုတလော ရောက်လာသော လူနာများထဲတွင် အမြဲလိုလို ကြုံတွေ့နေရသော စိတ်မကျန်းမာသည့် ဝေဒနာမျိုး မဟုတ်ဘဲ ကျိန်စာမိသလိုလို အိပ်မက်ဆိုးမက်၍ စိတ်ဒုက္ခဝေဒနာ ခံစားနေရသူ သုံးဦး။

(၃)ဦး၏အဖြစ်က တစ်မျိုးစီဟု ဆိုပေမယ့် ပုံစံကတော့ တစ်ပုံစံတည်း ဖြစ်၍နေသည်မို့. . .

ဒေါက်တာနေအုပ်စိုး ဝေဒနာတူ(၃)ဦး၏ စီဒီရွှမ်များကို သေသေချာချာ မှတ်တမ်းပြု၍ရေးချလိုက်သည်။

www.burmeseclassic.com



နံပါတ်(၁) ညီရတု၏ ဝေဒနာ ခံစားမှု. . .

သူသည် အသတ်ခံရမှာစိုး၍ ပြေးလွှားနေသူ၏ ကြောက်လန့် စိုးထိတ်သော ဝေဒနာ ခံစားမှု. . .

နံပါတ်(၂) အောင်ဇင်၏ ဝေဒနာ ခံစားမှု. . .

သူသည် လူတစ်ယောက်ကို မသေမချင်း လိုက်သတ်နေသော ကြောက်မက်ဖွယ် ဒေါသဇောအဟုန်ကို ခံစားနေရသူ၊ လောလောဆယ် သက်သက်လွတ်စားပြီး ဘာသာရေး လိုက်စားနေသူဖြစ်ခြင်းကြောင့် တစ်ဖက်သားကို လိုက်သတ်သည်ဟူသော ခံစားချက်အတွက် ဖြေမဆည်နိုင်အောင် ရတက်ဖြာ ဝေဒနာတက်နေသူ။

နံပါတ်(၃) ပန်းသစ္စာ. . .

စားတော့ဝါးတော့မတတ် ကြောက်လန့်ဖွယ်ရာကောင်းသော ယောကျ်ားကြီး(၃)ဦး၏မျက်နှာနှင့် ခြောက်လှန့်နှောင့်ယှက်နေမှု။

အားလုံး မကြာခဏ မက်သော ပုံစံတူ အိပ်မက်တစ်ခုစီ၏နှောင့်ယှက်မှုကြောင့် ထိတ်လန့် အိပ်မရ ဝေဒနာ ရနေကြသူများ၊

ဟု သူမှတ်ချက်ချလိုက်သည်။

နောက်(၃)ဦး၏ကေ့စ်ဖိုင်ကို အတူဖွင့်လိုက်ပြီး ကွန်ပျူတာထဲတွင် မှတ်တမ်းပြုထားရပြန်သည်။

သဘောသဘာဝတူ ဝေဒနာခံစားချက်မျိုးဖြစ်သည်၊

ညီရတုနှင့် အောင်ဇင်က ယောကျ်ားသားများဖြစ်၍ ကျန်းမာရေး သိပ်မစိုးရိမ်ရ။

ပန်းသစ္စာမှာ မိန်းမသားမို့ ထိုအိပ်မက်၏ဒဏ်မျိုး ခံနိုင်ရည် မရှိရှာပေ။





"ကူးကူး. . . ကူးကူး. . . ကူးကူး"

သူ့လက်ကိုင်ဖုန်း မြည်သံကြောင့် ဖုန်းကို ကောက်ကိုင်လိုက်ရသည်။

"ဆရာ. . . ကျွန်တော် ညီရတုပါ"

သူ့ရင်ထဲ လှိုက်ကနဲ ဖြစ်သွားသည်။

မျှော်တုန်းမျှော်ဆဲ တစ်ယောက်တော့ ဆက်သွယ်လာပြန်ပြီ။ အသံကတော့ ခပ်လောလောပင်။

"ဆရာ. . . ကျွန်တော့်ရဲ့ Medical Check up တွေ ရပါပြီခင်ဗျာ၊ အဲဒါ မနက်ဖြန် အလုပ်မသွားခင် လာတွေ့ပါရစေ ဆရာ"

"ရပါတယ်. . . ကျွန်တော် ဆေးရုံမသွားခင် ရှစ်နာရီအရောက် လာတွေ့လို့ရပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပါပဲ ခင်ဗျာ၊ ကျွန်တော် ဖုန်းချလိုက်ပါပြီ"

"ကောင်းပါပြီ"

ဒေါက်တာနေအုပ်စိုး ဆုံးဖြတ်ချက် ချလိုက်သည်

ညီရတုဘက်က စတင်ဆက်သွယ်လာပြီ။

ကုသချက် နည်းစနစ်သစ်ကို စတင် အကောင်အထည်ဖော်တော့မည်။

ရတောင့်ရခဲ လူ့ဘဝမှာ လူဖြစ်ရကျိုး မနပ်သည့် စိတ်ဝေဒနာ ဖိစီးမှုမျိုးနှင့် လူ့ဘဝကို မကုန်ဆုံးစေချင်။

ဒေါက်တာနေအုပ်စိုး ဝေဒနာတူ (၃)ဦး၏ကေ့စ်များကို အထူးပြု မှတ်တမ်းယူကာ စိတ်ဝင်စားနေသဖြင့် ဇနီးသည်.သူ၏

www.burmeseclassic.com



အခန်းတွင်းသို့ ရောက်လာသည်ကိုပင် သတိမပြုမိအောင် အာရုံက ကျော့စ်ထဲ နစ်ဝင်နေလျက်ရှိရာ. . .

"မောင်တစ်ယောက်ကတော့ အမြဲဒီလိုချည်းပဲ၊ မိန်းမ အနားရောက်နေတာတောင် မသိရအောင် ဘာတွေ ဒီလောက် စိတ်ဝင်စားနေရတာလဲ"

"ဩော်. . . နွဲ့ရာ. . . ဆရာဝန်ဆိုတာ ဒီလိုပဲ၊ လူနာတွေ ရဲ့ကေ့စ်တွေကလွဲရင် ဘာစိတ်ဝင်စားစရာ ရှိရမှာလဲ"

"ကဲပါ. . . စိတ်ဝင်စားလဲ နောက်မှ ပြန်လေ့လာတော့၊ ခဏနေ ထမင်းစားရအောင်၊ ရေချိုးတော့ မောင်၊ အကျႌလည်း လဲခဲ့နော်၊ နွဲ့ ထုတ်ပေးထားပြီးသား၊ နွဲ့ ထမင်းစားခန်းကပဲ စောင့်နေမယ်၊ ထပ်မခေါ်ပါရစေနဲ့တော့. . ."

"အင်းပါ. . . အင်းပါ"

ဒေါက်တာနေအုပ်စိုးက ပြောပြောဆိုဆို အမိန့်တွေ ပေးသွားသော ချစ်ဇနီးဆီမှ နောက်ထပ်အမိန့်များ ထပ်ဆင့်မလာစေရန် နာခံလိုက်ပါသည်။

ရေကမန်းကတန်းချိုး၊ အသင့်ထုတ်ပေးထားသော အကျႌ လုံချည်ကောက်လဲပြီး အောက်ထပ်သို့ အဆင်းတွင်. . .

"ဟော့တော် မောင်ရယ်. . . ဆံပင်ကလည်း ရေတွေ မခြောက်၊ ဆံပင်ကလည်း စုတ်ဖွားနဲ့ ဘယ်လိုဖြစ်ရတာလဲ၊ မောင့် လူနာတွေပုံစံ မောင့်မှာ ဝင်လာလို့ မဖြစ်ဘူးနော်"

ပြောပြောဆိုဆို နွဲ့က သူ့အား ထမင်းစားပွဲဝိုင်းသို့ အဝင် မခံသေးဘဲ ခေါင်းကို မျက်နှာသုတ်ပုဝါနှင့် ထပ်သုတ်ပေး၊ ခေါင်းဖြီး ပေး၊ အကျႌကြယ်သီး အစုံအလင် တပ်ပေးသည်။ နှုတ်ကလည်း





ပွစိပွစိ။

ဒေါက်တာနေအုပ်စိုးက သူ့အပြစ်နှင့်သူမို့ ပြုံးပြုံးလေးပင် ခံယူနေလိုက်သည်။

မိန်းမပြုစုတာ မခံချင်သောယောကျာ်း ဤကမ္ဘာလောက ထဲ ရှိနိုင်ပါ့မလား။

"ကိုင်း. . . ထမင်းစားလို့ ရပြီလား"

"ရပြီ. . ."

သူ ထမင်းပွဲ ဝင်ထိုင်သည်။ နွဲ့ခူးခပ်ထည့်ပေးသမျှကို စားလိုက်သည်။

သူ့လူနာတွေ သူပြောသလို အာနာပါနကို မှန်မှန်လေ့ကျင့် ရင်း ဝေဒနာတွေ သက်သာလာနိုင်သည်။ အတိတ်ဝဋ်ကြွေး၊ ဝဋ်နာ ဆိုပါကလည်း ပို၍သိသာထင်ရှားလာပေလိမ့်မည်။

သို့ဆိုပါက. . .

"မောင်. . ."

"အင်း. . ."

သူ ရုတ်တရက် အာရုံပျံ့လွင့်သွားမှုက နွဲ့အသံကြောင့် ပျက်ပြယ်သွားသည်။

"ဟင်းထည့်မစားဘူး. . . နွဲ့ပဲ လိုက်ထည့်ပေးနေရတယ်၊ ထမင်းယူဦးမှာလားလို့"

နွဲ့၏မူနွဲ့နွဲ့ အပြစ်တင်သံလေးကတော့ သူ့အတွက် ပန်း နှင့် ပေါက်သလောက်ပင်မို့. . .

"မောင်စားတာ ဘယ်နှစ်ပန်းကန် ရှိပြီလဲ"

"ဟော့တော်"

www.burmeseclassic.com



နွဲ့က မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သူ့အား ကြည့်လေသည်။

ဒေါက်တာနေအုပ်စိုးက ချစ်ဇနီးနွဲ့ နဖူးကို လက်ညှိုးနှင့် အသာတွန်းထုတ်ရင်း . . .

"ဟင်း . . . ဟင်း . . . မောင် တစ်ပန်းကန်ပြည့်ပြည့် စားပြီးပြီ၊ တော်ပြီ နွဲ့၊ မောင်လုပ်စရာ ရှိသေးလို့ အချိုပွဲတော့ မောင်အလုပ်ခန်းကိုသာ ပို့ပေးပေတော့ နွဲ့ရေ . . . ဟင်း . . . ဟင်း"


"မောင်နော် . . . ကိုယ့်ဆေးရုံ ကိုယ့်လူနာတွေ မတက်ရဘဲ မောင်ကိုယ်တိုင် တက်နေရရင် နာမည်ပျက်လိမ့်မယ်နော်"

"ဘာဖြစ်လဲ . . . ဆရာနဲ့လူနာ တစ်သားတည်း ရှိသွားတော့ ပိုကောင်းတာပေါ့။ ဟတ် . . . ဟား . . . ဟား"

ပြောပြောဆိုဆို နွဲ့၏ချစ်မျက်စောင်းကို မျက်စိတစ်ဖက် မှိတ်ပြခြင်းဖြင့် ချေမှုန်းလိုက်ပြီး သူ့ခြေလှမ်းတို့က အလုပ်ခန်းလည်းဖြစ်၊ စာကြည့်ခန်းလည်းဖြစ်သော အခန်းဆီသို့သာ ဦးတည်လျက်။







အခန်း(၈)

ညီရတုနှင့် ဒုတိယံဝိ

ညီရတု ရောက်လာသည်။

နံနက်ရှစ်နာရီတိတိမှာပင် ဖြစ်သည်

အချိန်ကို လေးစားလိုက်နာသည့် ပုဂ္ဂိုလ်လေးပေပဲ၊ ဒါကြောင့်လည်း အောင်မြင်ကျော်ကြားသော စီးပွားရေး လုပ်ငန်းရှင်တစ်ဦး ဖြစ်နေတာဖြစ်မည်။

ဆေးစစ်ချက်များကို သေသေချာချာ ဖိုင်တွဲထားပြီး ပြသရှာသည်။

"အိုကေ . . . ဘာရောဂါအတိုက်အခံမှ ရှိမနေဘူးဆိုတော့ သိပ်ကောင်းပါတယ်၊ ကျွန်တော်တို့ ဆေးကုသချက် စကြတာပေါ့"

www.burmeseclassic.com



ဒေါက်တာနေအုပ်စိုး ပြောပြောဆိုဆိုနှင့် ညီရတု မျက်နှာကိုလည်း အကဲခတ်လိုက်လေသည်။

ယခင်အခေါက်ထက် ပို၍ကြည်လင်လာသည်ကို တွေ့ရသည်။

"ကျွန်တော်က ဆေးသောက်တာထက် ကိုယ့်ဘက်က စိတ်လေ့ကျင့်ရေးကို မဖြစ်မနေ လုပ်ဆောင်ပေးပါ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဆရာပြောသလို လေ့ကျင့်ပါတယ်"

"ဒီတော့ ဘာထူးခြားသလဲ"

"ထူးခြားပါတယ် ဆရာ၊ အဲဒါကို ပြောချင်လို့ ဆရာ့ဆီရောက်လာခဲ့တာပါ"

"ဟုတ်ပြီ. . . ကိုင်း. . . ဒါဆို ထုံးစံအတိုင်း စိတ်ငြိမ်ငြိမ်လေး ထားပြီး လှဲအိပ်လိုက်ပါဦး၊ ထွက်လေ ဝင်လေကို မှန်မှန်လေး ရှုမှတ်နေလိုက်ပါ"

ဒေါက်တာနေအုပ်စိုး ပါးစပ်ကော လက်ကောပါ လှုပ်ရှားရသည်။

ညီရတု၏လူနာမှတ်တမ်း စီဒီချွမ်ကို ပြန်ဖွင့်ရသည်။ အသံသွင်း မှတ်တမ်းတင်ရပြန်သည်။

အဆင်သင့် ဖြစ်ချိန်၌. . .

"စိတ်တည်ငြိမ်ပြီလား ကိုညီရတု"

"ငြိမ်ပါပြီ"

"ဟုတ်ပြီ. . . ဒါဆိုရင် ခင်ဗျားအာရုံထဲ မြင်လာထင်လာခဲ့တာတွေ စပြောနိုင်ပါပြီ"





"အရင်အိပ်မက်က ကိုယ့်ကို လိုက်သတ်လို့ ပြေးလွှားရတဲ့ ဒုက္ခမျိုး ဆရာ၊ တစ်ညကစပြီးတော့ ထူးခြားလာတယ် ဆရာ၊ အိပ်မက်က ပြောင်းသွားတယ်၊ တောနယ်ရွာလေးတစ်ရွာမှာ ကျွန်တော် သွားလာနေတယ်"

ဒေါက်တာနေအုပ်စိုး ခန္ဓာကိုယ် မတ်ကနဲ ဖြစ်သွားလေသည်။

"ကျွန်တော်နဲ့အတူ သူငယ်ချင်းနှစ်ယောက်လည်း ပါတယ်၊ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ ဆရာ၊ ဖဲရိုက် အရက်သောက်၊ ကြက်တိုက် ဆိုးဆိုးတေတေ အတူတူပါပဲ ဆရာ"

သြော်. . . သောက်သောက်စားစား လူမင်းသားတွေ ဖြစ်ပေလိမ့်မည်။ အင်း. . . ဘယ်ဘဝကပါလိမ့်ဟု ခေတ္တခဏမျှ ပြန့်သွားသော အာရုံကို ချက်ချင်းပင် ပြန်စုစည်းလိုက်သည်။

"ဒီလိုနေပြီး တစ်နေ့မှာ ကျွန်တော်တို့ သူငယ်ချင်း သုံးယောက် ခေါင်းချင်းဆိုင် တိုင်ပင်နေကြတယ်ဆရာ"

ညီရတုထံမှ အသံဆက်မထွက်လာသဖြင့် သူက. . .

"ဘာတိုင်ပင်တာလဲ"

"မသိဘူး ဆရာ၊ အဲဒီမှာ အိပ်မက်က ရပ်သွားပါတယ်"

ဆရာဝန်ကြီး ပင့်သက်ချလိုက်ပြီး. . .

"ရပါပြီ ကိုညီရတု၊ မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်ပြီး ဖြည်းဖြည်းချင်း ထပါ"

ညီရတု လှဲနေရာမှ ထလာပြီး သူ့ရှေ့တွင် ဝင်ထိုင်ရင်း. .

"အဲဒီနေရာမှာပဲ ရပ်သွားတယ်၊ ဘာတိုင်ပင်လဲဆိုတာကို မသိရဘူး ဖြစ်နေတယ် ဆရာ၊ စဉ်းစားလို့လဲ မရဘူး"

www.burmeseclassic.com



"ကောင်းပါပြီ ကိုညီရတု၊ ဒါကို မစဉ်းစားပါနဲ့၊ ကျွန်တော် အခုရေးပေးလိုက်တဲ့ဆေးကိုလည်း မှန်မှန်သောက်ပါ။ စိတ်လေ့ကျင့်ရေးကိုလည်း လုပ်ပါ၊ ဘာကစားနည်း ကစားနေသလဲ"

"ထိုက်ကွိုကျွမ်း သွားကစားပါတယ်၊ အာနာပါန ရှုမှတ်ပါတယ်"

"ဟုတ်ပြီ. . . ဒီအတိုင်းပဲ လေ့ကျင့်ပါ၊ ဖြစ်နိုင်ရင် အာနာပါန ရှုမှတ်တာကို (၁၀)မိနစ်ဖြစ်ဖြစ် (၁၅)မိနစ်ဖြစ်ဖြစ် တိုးမှတ်ကြည့်ပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဘယ်တော့ လာရဦးမလဲ"

"ထူးခြားတဲ့ တိုးတက်မှု ရှိလာရင် ခုလိုပဲ လာပါ၊ မဟုတ်ရင်တော့ တစ်လပြည့်ရင် လာခဲ့ပါ"

"ဟုတ်ကဲ့ပါ ဆရာ. . . ကျေးဇူးတင်ပါတယ်၊ ခွင့်ပြုပါဦး ခ ရာ"

ပထမအကြိမ် ရောက်လာတာနှင့် မတူဘဲ ရွှင်လန်းတက်ကြွစွာ ထွက်သွားသော 'ညီရတု' ကို ကြည့်ရင်း သူ့စိတ်အစဉ်မှာလည်း လန်းဆန်းသွားလေတော့သည်။

ပြုံးယောင်သန်းနေသော ခင်ပွန်းသည်၏မျက်နှာကို စိုက်ကြည့်ရင်း. . .

"မောင် ဘာတွေ သဘောကျနေတာလဲ"

"ဩော်. . . နွဲ့ ဒီနေ့ မသွားတော့ဘူးလား"

"ဒီနေ့ လပြည့်နေ့လေ မောင်၊ မောင့်အတွက် နေ့လယ်စာချိုင့်ကော ဆွမ်းချိုင့်ပါ အဆင်သင့် ပြင်ပြီးပြီ"

ချစ်ဇနီးနွဲ့က လပြည့်လကွယ်နေ့များကို ဆိုင်ပိတ်ပြီး သက်





သက်လွှတ်စားကာ မဟာစည် သာသနာ့ရိပ်သာ၌ တစ်နေ့လုံးတရားထိုင် တရားနာလုပ်ပြီး ညနေ(၅)နာရီမှ အိမ်သို့ ပြန်လာလေ့ရှိသည်။

"စောစောကလူက မောင့်လူနာပဲလား၊ သူ့ကြည့်ရတာ လူကောင်းလိုပါပဲ"

မိန်းမသားပီပီ စပ်စုစိတ်ကလေးကတော့ ရှိသည်ပင်၊ သူ မကြားဟန် ပြုနေလိုက်သည်။

"သူကကော ဘာရောဂါလဲ မောင်၊ အတက်လား အကျလား"

"ဘာမှမဟုတ်ပါဘူး နွဲ့၊ မောင်ရေချိုးတော့မယ်"

ဒေါက်တာနေအုပ်စိုး မုသားလွှတ်ဖြေကာ ရှောင်ခွာပြေးထွက်ခဲ့လေတော့သည်။


သူ့နောက်ကျောပြင်သို့ တစ်စုံတစ်ခု လာမှန်သည်ကို ခံစားလိုက်ရသည်။

ချစ်ဇနီးနွဲ့၏အကြောင်းသုံးပါး မရွေးသော နဂါးမျက်စောင်းတစ်ခုဟု သူ အလိုလို သိနေလိုက်သည်။

"ဟွန်း. . ."

www.burmeseclassic.com





အခန်း(၉)
အောင်ဇင်ပြောသောပုံပြင်

တစ်ယောက်ပြီးတစ်ယောက် ဝင်လာသော လူနာများကို လက်ခံကြည့်ရှုနေပြီး ဆေးခန်းပိတ်ချိန် အနည်းငယ် လိုသေးသဖြင့် ထိုင်ရင်း စိတ်က ညီရတုဆီ စိတ်ရောက်သွားရာမှ အလားတူ ဝေဒနာရှင် အောင်ဇင်နှင့် ပန်းသစ္စာကိုပါ ပူးတွဲသတိရလိုက်မိသည်။

"ငါ့နှယ်. . . ပန်းသစ္စာအခြေအနေ နွဲ့ကို မမေးမိသေးပါလား၊ အင်းလေ. . . အိမ်မှာ တစ်ပတ်လောက် အနားယူမှာမို့ မှာထားတာပဲ"

ဟုလည်း စိတ်ထဲ အတွေးနှင့် ဖြေနေလိုက်သည်။

ထိုစဉ်. . .





"ဆရာ. . . ပြီးခဲ့တဲ့အပတ်က လာတဲ့ပေးရှင့် ရောက်နေပါတယ်"

"ဘယ်သူလဲ"

"ကိုအောင်ဇင်ပါ"

တိုက်တိုက်ဆိုင်ဆိုင်ပါလား. . .။

"လွှတ်လိုက်ပါ"

အောင်ဇင်က ရှင်းသန့်စွာပင် ဝင်ရောက်လာသည်။ သူ၏ ထုံးစံအတိုင်း အကျီဖြူ စတစ်ကော်လံဖြူနှင့် ချည်ချောပုဆိုး ကွက်စိပ်လေးနှင့် ရှင်းသန့်ကြည်လင်သော ကိုအောင်ဇင်ကို ကြည့်ရသည်မှာ ရင်ထဲ အေးချမ်းသွားသည်။

"မင်္ဂလာပါ ဆရာ"

"မင်္ဂလာပါ ကိုအောင်ဇင် ထိုင်ဗျာ"

ယခင်ကလို ကမူးရှူးထိုး ပုံစံမရှိ၊ အေးဆေးတည်ငြိမ်နေသည်။

"ဆရာ့ကျေးဇူးကြောင့် အစစအရာရာ အဆင်ပြေပါတယ် ဆရာ၊ ဒီမှာ ကျွန်တော့်ရဲ့ Medical Check up ပါ"

အောင်ဇင် ကမ်းပေးလာသော ဆေးစာရွက်များကို လှမ်းယူပြီး တစ်ရွက်ချင်း ဖတ်ကြည့်လိုက်သည်။

"သွေးတိုးလက္ခဏာ နည်းနည်းပဲ ရှိတယ်၊ တခြားဘာမှမရှိပါဘူး၊ အားလုံးကောင်းပါတယ်၊ စိတ်ကို လေ့ကျင့်တဲ့အနေနဲ့ အာနာပါန လုပ်ဖြစ်ရဲ့လား"

"လုပ်ဖြစ်ပါတယ် ဆရာ၊ ကျွန်တော်က ပုတီးသမား ဆိုတော့ ဒီအလုပ်ကို ကူးပြောင်းလုပ်ရတာလည်း လွယ်ကူအဆင်

www.burmeseclassic.com



ပြေပါတယ်၊ ဒါကြောင့် ...ခြားတဲ့ ...ပြောင်းလဲမှုတွေကို တွေ့ရလို့ ဆရာ့ဆီ ပြေးလာခဲ့တာပါ

"ကောင်းပြီ . . . ခဏလောက် လှဲအိပ်လိုက်ပါဦး၊ ထုံးစံအတိုင်း စိတ်ကို အမှတ်ကလေးနဲ့ တည်ငြိမ်အောင် ရှုလိုက်ပါ။ ကျွန်တော် ခင်ဗျားရဲ့ဆေးမှတ်တမ်းဖိုင် ရှာပြီးဖွင့်လိုက်မယ်၊ ခင်ဗျားဘက်က အိုကေရင် ပြောပါ"

"ဟုတ်ကဲ့ပါ ဆရာ"

အောင်ဇင် ကုတင်ထက် လှဲကာ ရင်ဘတ်ပေါ် လက်ယှက်ပြီး စိတ်ကို အမှတ်ကလေးနှင့် တဖြည်းဖြည်း ရှုလေတော့သည်။

ဒေါက်တာနေအုပ်စိုးလည်း သူလုပ်သင့်သည်တို့ကို ဆောင်ရွ...ပြီး Recorder ခလုတ်ကို နှိပ်ထားလိုက်ပြီး . . .

"အိုကေပြီလား ကိုအောင်ဇင်"

"ဟုတ်ကဲ့ . . . ကျွန်တော့်နာမည် ဥက္ကာပါ"

ဒေါက်တာနေအုပ်စိုး မျက်ခုံးမြင့်တက်သွားလေသည်။

"ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် ရှိပါတယ်"

တိုက်ဆိုင်လွန်းလှပါတကား၊ ညီရတုကလည်း သူငယ်ချင်းသုံးယောက်တဲ့။

"သူငယ်ချင်းနှစ်ယောက်က ဇေယျနဲ့ နန္ဒပါ၊ ဆိုးဆိုးတေတေ အကြောင်းတူရာ ပေါင်းဖက်ကြတာပါပဲ၊ အရက်သေစာ သောက်စားမူးယစ်ကြတဲ့အပြင် လောင်းကစား၊ မိန်းမကိစ္စကိုပါ ရက်ရက်စက်စက် ဝါသနာပါခဲ့ကြတယ်၊ ကျွန်တော်တို့ရွာကြီး နန်းလယ်ရွာဆိုတဲ့ နယ်စပ်နဲ့ နီးတဲ့ တိုင်းရင်းသားရွာကြီးပဲ၊ အဲဒီမှာ နေထိုင်ကြတယ်"





ဒေါက်တာ နေအုပ်စိုးမှာ အသက်ရှူရန်ပင် မေ့လျော့နေမိသည်။ သမာဓိအား ပိုမိုကောင်းပုံရသော အောင်ဇင်က သူတွေ့မြင်နေရသော ပုံရိပ်များကို ပုံပြင်တစ်ပုဒ်နှယ် တန်ဆာဆင် ပြောဆိုနေသည်။

"သူငယ်ချင်း(၃)ယောက်စလုံး အကြိုက်တူတာတော့ မပြောပါနဲ့တော့ ဆရာ၊ ရွာထဲက အပျိုကြီး မြကြာမှုန်ကိုလည်း မြိုင်တူပိုးကြတယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ မြကြာမှုန်က တစ်ဦးတည်းသောသမီး၊ ရွာမှာ အချမ်းသာဆုံး၊ ရွှေကို စဉ့်အိုးနဲ့ ထည့်ပြီး သိမ်းရတယ်လို့ ကြားတယ်"

"အများအခေါ်တော့ ဒေါ်မြကြာမှုန်ပေါ့၊ ဘုရားအမ ကျောင်းအမကိုး၊ အသက်က (၃၀)ကျော် (၄၀)ဝန်းကျင်မို့ အရွယ်တော် အစိတ်ဟိုင်းပြီ မထင်နဲ့ ဆရာ၊ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကျနပြီး လှပလိုက်တာများ မြကြာမှုန် ရွာထဲ ထွက်လာပြီဆိုရင် ကာလသားမှန်သမျှ မျက်လုံးကျွတ်ကျမတတ်ကို ငန်းကြောထကြတော့တာပါပဲ၊ ဒီအထဲမှာ ကျွန်တော်တို့(၃)ယောက်ကလည်း သူ့အကြံနဲ့သူ ကိုယ့်အကြံနဲ့ကိုယ် မြကြာမှုန်နဲ့ နီးစပ်ဖို့အရေး ကြံစည်ကြတယ်"

"မိဘတွေ ဆုံးပါးသွားပြီး တကိုယ်ရည်တကာယ ဖြစ်နေတဲ့ မြကြာမှုန်ကို အဖော်ပြုပေးတာက သူငယ်ချင်း မနှင်းဆီပဲ၊ မနှင်းဆီက မကြာခင်မှာ ရွာနီးချုပ်စရွာက တစ်ရွာသားနဲ့ အိမ်ထောင်ကျသွားတော့ မြကြာမှုန်မှာ ညအိပ်ဖော်မဲ့သွားရာတယ်"

ဒေါက်တာ နေအုပ်စိုး ပင့်သက်ချလိုက်မိလေသည်။ ဘယ်ခေတ်ဘယ်အခါကိုများ သွားမြင်မက်နေသည်မသိ။

www.burmeseclassic.com



"ဒီမှာပဲ မြကြာမှုန်ခြံထဲ မကြာခင် ဝင်ထွက်ရသူကလည်း ကျွန်တော်တို့(၃)ယောက်ပဲ ဖြစ်နေတယ်"

"ကျွန်တော် ဥက္ကာက ပန်းကြိုက်တဲ့ မြကြာမှုန်အိမ်မှာ ပန်းမျိုးစုံ စိုက်ပေး၊ ရေလောင်းပေါင်းသင်ပေးရတဲ့ ဥယျာဉ်မှူး အဖြစ် ရောက်နေခဲ့တယ်"

"နန္ဒကတော့ ရေရှားတဲ့ဒေသမှာ ရေထမ်းသမားအနေနဲ့ မြကြာမှုန်အိမ်ရဲ့လိုအပ်တဲ့ သုံးရေချိုးရေမှန်သမျှ ပို့ပေးရသူ ဖြစ်နေ တယ်"

"နောက်ဇေယျဆိုတဲ့ကောင်က စာရင်းအင်း ကျွမ်းကျင် တော့ မြကြာမှုန်ရဲ့လယ်ယာသီးနှံဝင်ငွေမှန်သမျှကို စာရင်းဇယား ကူညီပြုစုပေးရတယ်၊ မြကြာမှုန်နဲ့ တရင်းတနှီး နေခွင့်ရတာ အဲ ကောင် ဇေယျပဲ၊ သူက နဖူးတည့်တည့်မှာ မှဲ့နက်တစ်လုံးပါတယ်"

'ဟင်' ဟူသော အာမေဋိတ်က ဒေါက်တာ နေအုပ်စို ရင်ထဲ ဖြစ်ပေါ်သွားလေသည်။ ညီရတု၏ရစ်နွယ်ခွေနေသော ဆံနွယ်များ ပင့်အတင်တွင် နဖူးအလည်တည့်တည့်၌ မှဲ့နက်တစ် လုံးရှိသည်ကို သူမျက်ဝါးထင်ထင် တွေ့မြင်ခဲ့ခြင်းကြောင့်ပင်။

"ကျွန်တော် မြကြာမှုန်နဲ့ နီးနီးကပ်ကပ် နေခွင့်ရတဲ့အချိ ကတော့ ပန်းတွေ ဘုရားတင်ဖို့ အိမ်ကြီးထဲကို ပို့ပေးပြီး ဘုရာ ညောင်ရေအိုးနဲ့ ဧည့်ခန်းပန်းအိုးတွေ အလှထိုးဖို့ ကူလုပ်ပေးတဲ အချိန်ပါပဲ"

"ရွာထဲက ယောကျ်ားတွေထဲ မြကြာမှုန်အိမ်ကို ဝင်ထွက် ခွင့်ရတာလည်း ကျွန်တော်တို့ပါပဲ၊ အခြားအလုပ်တွေသာ မလု ချင် နေရမယ်၊ မြကြာမှုန်အလုပ်ကဲ့ဆို ဦးကျိုးအောင် လုပ်ကိုင်ပေ





ကြတာပါပဲ၊ ဒါကြောင့် တစ်ရွာလုံးကလည်း မြကြာမှုန်နဲ့ ကျွန်တော် တို့(၃)ယောက်ထဲက တစ်ယောက်ယောက်နဲ့ ဘယ်တော့လောက် လက်တွဲမယ်ဆိုတာကို စောင့်ကြည့်နေကြတာပါပဲ"

"အိပ်မက်က ဒီလောက်ပါပဲ ဆရာ၊ မနိုပ်ပါဘူး ဆရာ ရယ်၊ အပြင်ဘက်နဲ့ အိပ်မက် တခြားစီပါပဲ၊ အပြင်မှာက ဘုရား တရားပဲ ကြည်ညိုပြီး မိန်းမဆို ရွံ့ရှာမိတဲ့သူပါ"

"ဟုတ်ပါပြီ ကိုအောင်ဇင်၊ ဖြည်းဖြည်းချင်း ထပြီး အနား ယူလိုက်ပါဦး"

ဒေါက်တာနေအုပ်စိုး အသံဖမ်းခလုတ်ကို ပိတ်လိုက်ပြီး အောင်ဇင်ကို တွဲထူပေးလိုက်သည်။

"ကျေးဇူးပါ ဆရာ၊ ကျွန်တော့်ကို ကူညီပါဦး ဆရာ၊ အိပ်မက် ခဏခဏမက်တာ ပျောက်ချင်ပါပြီ"

"အချိန်တော့ ယူရမှာပေါ့ဗျာ"

အနည်းငယ် လောလောလောလော ပျာပျာပျာပျာ ဖြစ် နေသော အောင်ဇင်နှင့် ညီရတုပုံကိုသူ နှိုင်းယှဉ်နေမိသည်။

"ဟုတ်ကဲ့. . .ကျွန်တော် ဘာဆက်လုပ်ရမလဲ ဆရာ"

"အချိန်ယူပြီး ကျွန်တော်ပေးတဲ့ဆေးသောက်၊ အာနပါန ရှုမှတ်ချိန် ပိုတိုးလိုက်ပါ၊ ခင်ဗျားဖြစ်တဲ့နည်းက ရောဂါလည်း မဟုတ်ဘူး၊ ဝေဒနာလည်း မဟုတ်ဘူး၊ အဲဒါကိုတော့ သေသေ ချာချာ ယုံကြည်လိုက်ပါ"

အောင်ဇင်မျက်နှာ ပြုံးရွှင်သွားပြီး. . .

"ဒါဆို အားရှိသွားပါပြီ"

"ဒီမှာ ဆေးစာရွက်ပါ၊ သေသေချာချာ လမ်းညွှန်တဲ့

www.burmeseclassic.com



အတိုင်း သောက်ပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဘယ်တော့ လာခဲ့ရဦးမလဲ"

"ဆေးကို တစ်လစာ ရေးပေးထားတယ်၊ ထူးခြားရင် ထပ်လာပါ၊ မထူးခြားရင်တော့ တစ်လပြည့်မှ လာခဲ့ပါ၊ စိတ်အေးအေးထားပါ. . . ပျောက်ကင်းသွားမှာပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် ဆရာ့စကား သေသေချာချာ နားထောင်ပါ့မယ်၊ ခွင့်ပြုပါ ဆရာ"

"ကောင်းပါပြီ"

အောင်ဇင်၏နောက်ကျောကို ကြည့်ရင်း ပျောက်ကွယ်သွားသောအခါမှ လေပူတစ်ချက် မှုတ်ထုတ်မိလိုက်လေသည်။

"ဟူး"

စိတ်မောရပါလား။

လောကကြီးမှာ ဤမျှ တိုက်တိုက်ဆိုင်ဆိုင် တစ်နေရာဆီက လာသော လူနှစ်ဦး၏ဖြစ်ရပ်က တူညီနေပါလား။

လောကကြီး၏ဆန်းကြယ်သော ဖြစ်ရပ်များကို သူလက်ခံရတော့မည်လား။

စိတ်နယ်လွန်ဖြစ်ရပ်လည်း မဖြစ်နိုင်။

အတိတ်ဘဝဟောင်းတစ်ခု၏အဖြစ်အပျက်ပေလား။

သို့ဆိုပါက. . . မြကြာမှုန်ဆိုတာ. . .

"အူဝဲ. . . အူဝဲ. . . အူဝဲ. . ."







အခန်း(၁၀)
မနုဿ သားကောင်

"ပြော. . . နွဲ့ရေ"

ဒီလူနာသုံးဦးနှင့် "သူ" စိတ်ချင်းဆက်နေသည်ဟု ဆိုရမလိုဖြစ်နေသည်။

တိုက်တိုက်ဆိုင်ဆိုင် အာရုံက ညီရတု၊ အောင်ဇင်၊ ပန်းသစ္စာတို့အပေါ် တိမ်းညွတ်မိသွားသည်နှင့် တစ်ယောက်ပြီးတစ်ယောက် ဆက်သွယ်လာသည်။ ယခုလည်း. . .

"မောင်ရေ. . . ပန်းသစ္စာက ရက်ချိန်းပြည့်သွားပြီတဲ့၊ လာခဲ့ရတော့မလားတဲ့"

ချစ်ဇနီးနွဲ့က ပန်းသစ္စာ၏သံမန်တော်အနေနှင့် သံတော်ဆင့်လာလေပြီ။

www.burmeseclassic.com



"ဆေးခန်းကို မလာနဲ့တော့၊ အိမ်ကပဲ စောင့်နေ"

"ဒါဆို နွဲ့တစ်ခါတည်း ခေါ်လာလိုက်တော့မယ်နော်"

"ဟုတ်ပြီ. . . ဒါပဲနော်"

ပန်းသစ္စာ ကေ့စ်ဝင်လာပြီ။

ဒေါက်တာနေအုပ်စိုး ပင့်သက်ချလိုက်သည်။

ဆေးကုသချက်မှတ်တမ်း ဟူသမျှကို သူ၏လက်ဆွဲအိတ်ထဲ ကောက်ယူထည့်ပြီး အိမ်သို့ ပြန်ချလာခဲ့သည်။

အိမ်ရောက်လျှင် နားရတော့မည်မထင်။ ပန်းသစ္စာကို စမ်းသပ်ကုသရပေဦးမည်။

အင်းလေ. . .။ ဆရာဝန်ဆိုတာ လူနာအတွက်ဆို (၂၄)နာရီလုံးသုံးလည်း ပေးဆပ်ခွင့် ရှိနိုင်ရပေမည်။

အမှန်စင်စစ်. . . ဤ(၃)ဦး၏ကေ့စ်ကိုလည်း သူအထူး စိတ်ဝင်စားနေသည်မှာ အမှန်ပင်။

စိတ်ကျန်းမာရေးနှင့် မဆိုင်သော ကေ့စ်ဟုလည်း သူ သုံးသပ်မိနေသည်။

မည်သို့ဆိုစေကာမူ. . .

ပန်းသစ္စာသည် "နန်းလယ်ရွာ" ကေ့စ်နှင့် ဆက်စပ်ခြင်း ရှိမရှိကိုတော့ စောင့်ကြည့်ရပေဦးမည်။

ဆေးခန်းမှအပြန် ခေါင်းကြည်လင်သွားစေရန် ကန်တော်ကြီးကို တစ်ပတ်ပတ်မောင်းလိုက်လေသည်။

တစ်နေ့တစ်နေ့. . . လူနာအမျိုးမျိုး၏စိတ်ခံစားမှု အမျိုးမျိုးကို နားထောင်ပေးရတာ တခါတခါတော့ ကိုယ်တိုင်ပင် ခေါင်းနောက်ကျိလာသည်။





ကားခြံထဲသို့ ဝင်လိုက်သည်နှင့် ဇနီးနွဲ့၏ကားကော၊ ပန်းသစ္စာ၏ကားကော တွေ့လိုက်ရသည်။

ကားကို ရပ်ပြီး အိမ်ထဲသို့ လှမ်းအဝင်တွင် သတင်းစာဖတ်နေသော ပန်းသစ္စာကို တွေ့လိုက်ရသည်။

ယခင်အခေါက်ကကဲ့သို့ လူမမာပုံစံ ရှိမနေသဖြင့် ဒေါက်တာနေအုပ်စိုး ကြိတ်၍ဝမ်းသာရလေသည်။

"ရောက်နေတာ ကြာပြီလား"

သူက စတင်နှုတ်ဆက်လိုက်တော့ ပန်းသစ္စာကလည်း ထိုင်ရာမှထကာ ပြုံးပြုံးရွှင်ရွှင်နှင့် . . .

"သိပ်မကြာသေးပါဘူး ဆရာ၊ မမနွဲ့ မီးဖိုထဲမှာ ရှိပါတယ်"

"ရပါတယ် ပန်းသစ္စာ၊ ဆရာ့ကို ခဏအချိန်ပေးပါ၊ ငြိုးစိစိ ဖြစ်လာလို့ ရေချိုးလိုက်ဦးမယ်"

"ရပါတယ် ဆရာ၊ ပန်းသစ္စာကို အားမနာပါနဲ့၊ အေးအေးဆေးဆေးလုပ်ပါ ဆရာ"

ဟု အားတုံ့အားနာ လေသံနှင့် ပြောရာလေသည်။

ဒေါက်တာနေအုပ်စိုး မီးဖိုထဲ ရောက်နေသော ဇနီးကိုပင် မနှုတ်ဆက်နိုင်တော့ဘဲ အပေါ်ထပ် တန်းတက်၊ ရေချိုးရန် ပြင်ဆင်ပြီး ရေချိုးခန်းသို့ တန်းဝင်ခဲ့လေတော့သည်။

ခဏအကြာ. . . ရေချိုးခန်းမှ ထွက်လိုက်သည်နှင့် အင်္ကျီ လုံချည်များ ကုတင်ပေါ်တွင် အဆင်သင့် ထုတ်ထားပေးသည်ကို မြင်လိုက်ရသဖြင့် ဇနီးသည်၏တာဝန်ကျေမှုကို ပီတိဖြစ်ရလေသည်။

www.burmeseclassic.com



သူအဝတ်အစားလဲပြီးချိန်တွင် ဇနီးနွဲ့ ဝင်လာပြီး. . .

"မောင် မောနေပြီလား၊ ပန်းသစ္စာ အပြုန်မိုးချုပ်မှာစိုးလို့လေ"

"အေးပါ. . . မောင် အခုပဲ လာခဲ့မယ်၊ စာကြည့်ခန်းထဲမှာပဲ စောင့်နေကြလေ"

"အိုကေ. . . မောင်"

နွဲ့က သွက်လက်စွာပင် ထွက်သွားလေသည်။

သူစာကြည့်ခန်းထဲ ရောက်တော့ ပန်းသစ္စာက ကုတင်ပေါ်တွင် လှဲလျောင်းနေလေပြီ။ နွဲ့ကတော့ မလှမ်းမကမ်း ထိုင်ခုံလေးတွင် ထိုင်ရင်း သစ်သီးများ ခွာလျက်။ တကယ့်ကို အလုပ်နှင့်လက်မပြတ်သည့် မိန်းမပေပဲ။ ဒါတွေကို သူမြတ်နိုးနေရတာ။

သူ့အာရုံ ပန်းသစ္စာထံ ပို့လိုက်ပြီး. . .

"နေလို့ထိုင်လို့ ကောင်းသွားပြီလား ပန်းသစ္စာ"

"ကောင်းပါတယ် ဆရာ၊ ဒါပေမယ့် အိပ်မက်က ဒီဇိုင်းပြောင်းနေပြန်ပြီ"

"ဟင်"

ဒေါက်တာနေအုပ်စိုး တုန်လှုပ်သွားမိလေတော့သည်။

ညီရတု၊ အောင်ဇင်အပြင် ပန်းသစ္စာကပါ ဒီဇိုင်းပြောင်းသည်ဆိုတော့ သေချာပါပြီ။ နန်းလယ်ရွာက မြကြာမှုန်မှာ ပန်းသစ္စာသာ ဖြစ်ချိမ့်မည်ဟု သူ့အာရုံထဲက ကြိုတင်နိမိတ်ယူနေမိလေပြီ။ စိတ်ကို ဖြေလျှော့လိုက်ပြီး. . .

"ကဲ. . . ပန်းသစ္စာ၊ အရင်လိုပဲ စိတ်ကို အမှတ်ကလေးနဲ့ ငြိမ်အောင် နေပေးပါ"





ပန်းသစ္စာကိုလည်း ပြောရင်း ပန်းသစ္စာ၏မှတ်တမ်း စီဒီခွေကိုလည်း ပြန်လည်ရွေးထုတ်ပြင်ဆင်ရင်း ထပ်မှတ်တမ်းယူရန် ပြင်ဆင်ရလေသည်။ အဆင်သင့်ဖြစ်သည်နှင့်. . .

"ရပြီလား ပန်းသစ္စာ"

"ရပါပြီ"

"စိတ်ထဲ ရှိတာတွေ သေသေချာချာပြောပါ၊ ဘာမှ မချွင်းချန်ပါနဲ့"

"ဟုတ်ကဲ့. . . ကျွန်မနာမည် မြကြာမှုန်ပါ"

ဒေါက်တာနေအုပ်စိုး သွေးပြောင်းပြန်စီးသွားသလို ခံစားလိုက်ရလေပြီ။

"နန်းလယ်ရွာကြီးမှာ အချမ်းသာဆုံးနဲ့ အချောအလှဆုံး စာရင်းဝင် အပျိုကြီးပါ၊ မိဘတွေ ဆုံးပါးသွားပြီးနောက် တကိုယ်ရည်တကာယ နေထိုင်ပါတယ်"

"မိန်းမသားဆိုတော့ မိဘတွေ ထားခဲ့တဲ့ လုပ်ငန်းကိစ္စအဝဝတိုင်းကို အကုန်မဆောင်ရွက်နိုင်ပါဘူး၊ ဒါကြောင့် လယ်မြေခြံမြေ၊ ယာမြေထွက်စာရင်း၊ ဝင်ငွေစာရင်းများ ကိုတော့ ကိုဇေယျဆိုတဲ့လူကို ခေါ်ခိုင်းပြီး ခြံတွင်း ဥယျာဉ်မှူးအဖြစ်တော့ ကိုဥက္ကာကို ခိုင်းရပါတယ်၊ ဒါ့အပြင် အိမ်ရဲ့သုံးရေကိုတော့ ကိုနန္ဒ ဆိုသူကို ခိုင်းရပါတယ်"

"ကျွန်မကြောက်တဲ့ မျက်နှာ(၃)ခုဟာ အဲဒီလူ(၃)ယောက်ရဲ့မျက်နှာကြီးတွေပါပဲ ဆရာ၊ သားကောင်ကို ချောင်းနေတဲ့ တောဘုရင်တို့ရဲ့မျက်နှာမျိုးကြီးတွေလိုပဲ၊ သူတို့(၃)ယောက်စလုံးရဲ့မာယာကျော့ကွင်းမှာ အမိခံနေရတဲ့ သမင်ပျိုမလေးလို လွတ်လမ်း

www.burmeseclassic.com



မရှိ လည်စင်းခံနေမိခဲ့တာ မြကြာမှုန်ရဲ့အားနည်းချက်ပေလား မသိနိုင်ပါဘူး"

"ကိုဇေယျက စာတတ်ပေတတ်ဆိုတော့ နူးညံ့ညင်သာစွာနဲ့ ကျွန်မကို သွေးဆောင်နိုင်တယ်၊ ကျွန်မ ကိုဇေယျကို တိတ်တခိုး မြတ်နိုးမိတာ အမှန်ပါပဲ"

"ကိုနန္ဒကတော့ အတ္တများပြီး ကြမ်းတမ်းသူပါ၊ သူ့ကို ကြောက်မိတာနဲ့အမျှလည်း ရုန်းမထွက်နိုင်ခဲ့ပါဘူး"

"ကိုဥက္ကာကိုကျတော့ ကျွန်မက သနားတာရော သူ့လက်ထဲက ပန်းဖြတ်ဓါးကို ကြောက်တာရောနဲ့ ရောထွေးပြီး သူ့အလိုလိုက်နေမိတာပါပဲ"

"အိုး... ကြောက်စရာ၊ ရွံစရာ၊ ခါးသီးစရာတွေနဲ့ ရောပွမ်းနေတဲ့ ကျွန်မရဲ့အကြောင်းတွေကို ဘယ်သူ့ကို ဖွင့်ပြောရမှန်းမသိ၊ မယ်နှင်းကလည်း တောင်ဘက်ရွာ ပါသွားတော့ တစ်ယောက်တည်း ကြိတ်မှိတ်ပြီး စိတ်ဆင်းရဲခဲ့ရတာ၊ အဲဒီမျက်နှာကြီးတွေကို ကြောက်ကြောက်လာတယ်၊ ကြောက်တယ်. . . ကြောက်တယ်"

ပန်းသစ္စာ ကြုံးအော်လေသည်မို့ အနီးမှ နွဲ့က. . .

"ပန်းသစ္စာ. . ပန်းသစ္စာ. . သတိထား၊ သတိထားလေ"

"ဟင်း. . ."

သက်ပြင်းချသံကြီး ကျယ်လောင်စွာ ထွက်လာပြီး ပန်းသစ္စာ မျက်လုံးပွင့်လာပြီး . . .

"အားလည်း အားနာပါတယ် ဆရာရယ်" ဟု အစချီကာ ကုတင်ပေါ်မှ ညင်သာစွာ ဆင်းလိုက်ပြီး နွဲ့ဘေးတွင် ဝင်ထိုင်ကာ





"ဘယ်ကမှန်းလည်းမသိ၊ ခု ကျွန်မမျက်နှာနဲ့လည်း မတူတဲ့ မျက်နှာစိမ်း မိန်းမတစ်ယောက်ရဲ့အကြောင်း အိပ်မက်နဲ့ နှောင့်ယှက်နေတာပါ၊ ကျွန်မမိဘအဘိုးအဘွားတွေမှာလည်း ဒီမျက်နှာမျိုး မရှိပါဘူး၊ လှတော့ အတော့်ကို လှပြီး မိန်းမချင်းတောင် သမင်လည်ပြန် ငေးကြည့်ယူရမယ့်အလှမျိုးပါ"

"ရော့. . . ညီမလေး၊ ဆန်းကစ်သောက်လိုက်ပါဦး"

နွဲ့က ပန်းသစ္စာကို ဆန်းကစ်ဘူးလေး ဖောက်ကာ ပိုက်တံလေး တပ်ပေးပြီး ကမ်းပေးလိုက်လေသည်။

ပန်းသစ္စာက တစ်ငုံနှစ်ငုံ သောက်လိုက်ပြီးနောက် စကားကို ပြန်ဆက်လေသည်။

"ကျွန်မ ပန်းသစ္စာက ယောကျာ်းဆိုရင် လုံးဝအထင်ကြီးလို့မရလို့ အပျိုကြီးလုပ်နေတာပါ၊ ခုလိုအိပ်မက်မျိုး မက်တော့ ရှက်လို့သေရပါလိမ့်မယ်၊ မြကြာမှုန် ရုပ်ဟာ ပန်းသစ္စာဆုံချင် ပန်းသစ္စာ ပိုခံစားရမှာပါပဲ"

ပြောရင်းမျက်ရည်များက ရစ်သိုင်းလာသဖြင့် ဒေါက်တာ နေအုပ်စိုးက နှစ်သိမ့်လိုက်လေသည်။

"စိတ်ထဲ မစွဲလမ်းပါနဲ့ ပန်းသစ္စာ၊ ဆရာပြောတဲ့အတိုင်း အာနပါနကိုသာ မှန်မှန်ရှုပေး၊ ဆေးလည်း မှန်မှန်သောက်၊ ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလည်း လုပ်ပေးပြီး နေလိုက်ရင် အိပ်မက်ဆိုတာ မေ့သွားမှာပါ"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် လောလောဆယ်တော့ မိန်းမသားဘဝကို အကျည်းတန်စေတဲ့ ဒီအိပ်မက်ဆိုးကြီးက ကြီးစိုးနေတော့ မခံချိမခံသာ ဖြစ်ရပြီး စိတ်ဒုက္ခဖြစ်နေရ

www.burmeseclassic.com



တာပါ"

"ဒါက အချိန်တော့ ယူရမှာပါ၊ ကိုယ်ကျန်းမာ စိတ်ချမ်းသာနေရင် အိမ်မက်ဆိုးကလည်း လွယ်လွယ်ကူကူ ဝင်ရောက်လာနိုင်မှာ မဟုတ်ပါဘူးကွယ်၊ တဖြည်းဖြည်း မှေးမှိန်သွားမှာပါ"

"ဟုတ်ကဲ့. . . အားကိုးပါတယ် ဆရာ"

"ကိုင်း. . . ဒီဆေးစာအတိုင်း ဆေးဝယ်သောက်မယ်၊ အရင်ဆေးဆိုင်ကပဲ ဝယ်၊ တစ်လစာ ရေးပေးထားတယ်"

"တစ်လပြည့်မှ လာရမှာလား ဆရာ"

"ဒီကြားထဲ ထူးခြားတာ ရှိရင်တော့ လာခဲ့ပါ. . . ရပါတယ်၊ အချိန်တော့ ယူပါ ပန်းသစ္စာ၊ အချိန်ဟာ အကောင်းဆုံး သမားတော်တစ်ဦးပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ဆရာ့ကျေးဇူးကြီးလှပါပေတယ်၊ ဆက်ပြီးအားကိုးပါရစေ ဆရာ"

"အိမ်မက်ဆိုး လုံးဝကောင်းသွားတဲ့အထိ ဖြစ်စေရမှာပါ၊ ကိုင်း. . ."

ဆက်လက်ပြီး ဒေါက်တာနေအုပ်စိုးက လိုအပ်သော ညွှန်ကြားချက်များကို ပြောပေးလိုက်သည်။

ပန်းသစ္စာက တလေးတစား နာယူပြီး နွဲ့က ထမင်းစားသွားဖို့ တားမြစ်နေသည့်ကြားက အားနာစွာ ငြင်းဆန်ပြီး ကားကို ကိုယ်တိုင်ပင် မောင်းကာ ကြော့ကြော့ကလေး ပြန်သွားလေသည်။

"ဟင်း. . ."

နွဲ့ထံမှ သက်ပြင်းမောချသံကို ဒေါက်တာနေအုပ်စိုး ကြားလိုက်ရလေသည်မို့. . .





"ဘာဖြစ်လို့လဲ နွဲ့"

"ဪ. . . ပန်းသစ္စာရဲ့အိပ်မက်ထဲက မြင်ကွင်းနှင့်ဘဝတွေးမိလို့ပါ၊ ဘယ်ခေတ်ဘယ်ကာလတုန်းကပါလိမ့်၊ တံခွန်မရှိတဲ့ဘုရား၊ အလံမရှိတဲ့ရထား၊ လင်မရှိတဲ့မယား မတင့်တယ် ဆိုသလိုပါပဲလားလို့ပါ၊ မိန်းမသားတွေရဲ့ဘဝဟာ တကယ့်ကို ထိလွယ်ရှလွယ် ပေါက်လွယ်ပါလားလို့ပါ"

ဒေါက်တာနေအုပ်စိုး ဇနီးသည်၏ခါးကျဉ်းကျဉ်းလေးကို ဆွဲကာ မွှေ့ယမ်းလိုက်ပြီး. . .

"အရူး. . . အိပ်မက်ထဲက အကြောင်းကို အဟုတ်မှတ်နေသလား"


"အို. . . လွတ်စမ်းပါ မောင်ကလည်း၊ အိပ်မက်ဆိုတာ တခါတရံ အတိတ်ဘဝရဲ့ပုံရိပ်တွေ အရိပ်ထင်တတ်တာပဲဟာ"

"အတွေးမခေါင်ပါနဲ့ နွဲ့ရယ်၊ အိပ်မက်ကို အိပ်မက်လိုသဘောထားတာ အကောင်းဆုံးပါပဲကွာ၊ လာ. . . ထမင်းသွားစားကြစို့၊ မောင့်ဗိုက်ထဲက ပိုးမျိုးရှစ်ဆယ်တို့ ဆန္ဒပြနေပြီ"

ဒေါက်တာနေအုပ်စိုးက ပြောပြောဆိုဆို နွဲ့ပခုံးကို သိုင်းဖက်ကာ ထမင်းစားခန်းဘက်သို့ ဆွဲခေါ်ခဲ့လေတော့သည်။

www.burmeseclassic.com





## အခန်း(၁၁)
## အတိတ်၏အရိပ်

တစ်နေ့တစ်နေ့ အာရုဏ်ကျင်း ရောင်နီပြူသည်နှင့် အိမ်မှု ကိစ္စအဝဝနှင့် ဆိုင်တစ်ဖက်နှင့်မို့ လင်မယားနှစ်ယောက် အေး အေးလူလူနှင့် စကားပြောရသည် မရှိချေ။

ဒီနေ့တော့ နွဲ့သဒ္ဒါနွယ် ရင်ထဲ အစာမကြေနိုင်သေးသလို ဖြစ်နေသော ပန်းသစ္စာ၏ကေ့စ်ကို အသေးစိတ် မေးမြန်းရန် အတွက်ကော ပင်ပန်းနွမ်းနယ်နေပုံရသော ခင်ပွန်းအတွက်ပါ တမင်အဖော်ပြုပေးရန်အတွက် ရွှေဆိုင်ကို နောက်ကျမှ ဖွင့်ရန် ဆုံးဖြတ်လိုက်ကာ ခင်ပွန်းဖြစ်သူကို စောင့်ဆိုင်းနေလိုက်သည်။

ခင်ပွန်းက နံနက်စောစောထ ကိုယ်လက်သန့်စင်အပြီး





တရားထိုင်၊ ပြီးလျှင် ခြံထဲ၌ ကိုယ်လက်လှုပ်ရှားလုပ်၊ တိုက်ကျိကျွမ်း ကစား၊ နောက် ရေချိုးပြီး မနက်စာ စားလေ့ရှိသည်။

ဒီအချိန်၌ သူက ဆိုင်ဖွင့်ရန် ထွက်သွားလေ့ရှိသည်။

ဒီနေ့မှစ၍ ယောကျ်ားအတွက် အချိန်ပိုပေးရန် ဆုံးဖြတ် လိုက်ပြီး ဆိုင်သို့ နောက်ကျမည်ဟု သူ၏မန်နေဂျာကို လှမ်းဖုန်း ဆက်ထားလိုက်သည်။

ဒီနေ့ အဆင်ပြေသွားလျှင် နောက်နေ့တွေလည်း ခင်ပွန်း အတွက် အချိန်ပေးရန် ဆုံးဖြတ်လိုက်သည်။

"ဟော. . . မောင် ရေချိုးပြီးပြီလား၊ အဆင်သင့်ပဲ. . . Breakfast စားကြရအောင်"

"နွဲ့က ဆိုင်မသွားသေးဘူးလား"

"နောက်ကျမှ သွားမယ်၊ စား. . . မောင်၊ မောင့်အကြိုက် ရှမ်းခေါက်ဆွဲရည်ဖျော်လေး လုပ်ထားတယ်"

"ကောင်းတာပေါ့"

ပြောပြောဆိုဆို ခင်ပွန်းက စားပွဲဝင်လာရင်း သူ့နဖူးပြင် ကို နမ်းရှိုက်လိုက်ပြီးမှ ဝင်ထိုင်လိုက်သည်။

ခင်ပွန်းရှေ့သို့ ခေါက်ဆွဲပန်းကန်ကို တိုးပေးရင်း. . .

"ပန်းသစ္စာကေ့စ်က စိတ်ရောဂါနဲ့ ပတ်သက်နေသလား"

"နွဲ့က ဘယ်လိုထင်လို့လဲ"

ဒေါက်တာနေအုပ်စိုးက သူ့အလုပ်ကိစ္စကို ချစ်ဇနီးက ပထမဦးဆုံး စိတ်ဝင်စားစွာ မေးခြင်းနှင့် စပ်စုခြင်း ဖြစ်ကြောင်း ကောင်းစွာသတိပြုမိလေသည်။

"နွဲ့ကတော့ စိတ်ရောဂါနဲ့ မပတ်သက်ဘူး ထင်တာပဲ"

www.burmeseclassic.com



"နွယ်တော့ နွယ်တယ်လို့ ဆိုရမယ်၊ သာမန် ဟစ်စတီးရီးယားလို့လည်း မှတ်ချက်ချလွဲလို့မရပြန်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မိန်းမသားတစ်ယောက်ထဲ ရုန်းကန်လှုပ်ရှားဦးဆောင်နေရတဲ့သူရဲ့ စိတ်အစဉ်ဟာ အမြဲတမ်း ယောကျ်ားတစ်ဦးလို ကြံခိုင်နေသလား၊ ဒီတစ်ချက်တော့ ထည့်စဉ်းစားရလိမ့်မယ်"

"အင်း. . . ဝ၁စ်ချက်တစ်ချက် အားငယ်စိတ်၊ ကိုယ်ခံအားနည်းလို့ နေမကောင်းတဲ့အချိန်မျိုးမှာ ကယောင်ချောက်ချားပြောတာဆိုတာတွေလည်း နွဲ့ကြုံဖူးမှာပေါ့"

"ဟုတ်တယ် မောင်. . . ကြုံဖူးတယ်"

"ဒါက တစ်ပိုင်း၊ တစ်ပိုင်းက ပြောရရင် ဘာသာရေးပိုင်းပေါ့"

နွဲ့သဒ္ဒါနွယ်က ခင်ပွန်းကိုလည်း စားသောက်ရင်း ပြောနိုင်စေရန် ကော်ဖီကို ဖျော်ပေးရင်း. . .

"ပြောလည်းပြော. . . စားလည်းစားဦး မောင်"

ခင်ပွန်းက ပန်းကန်တစ်ဝက်ပင် ကျိုးနေလေပြီ။

"ပြီးခဲ့တဲ့ သေခါနီး ထင်မြင်ခဲ့တဲ့ ကံနိမိတ်၊ "ကမ္မနိမိတ်" "ကတိနိမိတ်" တွေရဲ့ လမ်းကြောင်းမှာ အတိတ်ကံရဲ့အရိပ်"

"ဘဝဟောင်းရဲ့အရိပ်မဲ ဆိုတာမျိုးပေါ့နော် မောင်"

"ဟုတ်တယ်. . . လူဖြိန်းစကားအရ ဘဝဟောင်းက အရိပ်ကျိန်စာက လိုက်ပါလာတာ"

"အရင်က မပေါ်ဘဲနဲ့ ခုမှ. . ."

"အရင်က မပေါ်ပေမယ့် အတိတ်ကံရဲ့ဆိုးကျိုးပေးဖို့ တွန်းအားကြောင့် အချိန်တန်လာလို့ အခုပစ္စုပ္ပန်မှာ ပေါ်လာရတာပဲ"





"အင်း. . . နွဲ့သဘောပေါက်လာပြီ၊ ဖြစ်နိုင်တယ်. . . ဒါဆို မြကြာမှုန်ဆိုတာ ပန်းသစ္စာရဲ့အရင်ဘဝဟောင်းပေါ့"

"ဒီလိုယူဆလို့ရပေမယ့် သူ့စိတ်အာရုံကို အတိတ်ဘဝကို မတိမ်းညွတ်စေပဲ ပစ္စုပ္ပန်ဘဝကိုပဲ တိမ်းညွတ်စေဖို့ အာရုံပြောင်းပေးနိုင်အောင် ကြိုးစားရမယ်"

နွဲ့သဒ္ဒါနွယ် ရင်ထဲ ပူလောင်လာသဖြင့် လိမ္မော်ရည်လေး တစ်ငုံနှစ်ငုံ ယူသောက်လိုက်သည်။

ခင်ပွန်းကတော့. . .

"အရင်ဘဝကလည်း အခြေမလှခဲ့ လူမသိ သူမသိ အရှုပ်တော်ပုံ ဇာတ်လမ်းတွေ ရှိခဲ့သလို ယခုဘဝမှာလည်း အပျိုကြီးဆိုတော့ သူ့အနာဂတ်အတွက် စိုးထိတ်ရာပေမပေါ့၊ ကောင်းတယ် နွဲ့ရာ၊ တစ်ဝက်လောက် ထပ်ထည့်ပေးပါဦး"

နွဲ့သဒ္ဒါနွယ်က ပြောရင်းစားရင်း ကုန်သွားသော ခင်ပွန်း၏ပန်းကန်ထဲသို့ ရှမ်းခေါက်ဆွဲကို ဝမ်းသာအားရ ထပ်ဖြည့်ပေးရင်း. . .

"မောင့်လူနာတွေလည်း လူနာပေါ့၊ ကိုယ့်ကိုယ်ကိုလည်း အစားအစာ အာဟာရပြည့်ဝဖို့ ဂရုစိုက်ဦး မောင်၊ နွဲ့ ထည့်ပေးလိုက်တဲ့ ထမင်းချိုင့်ကို ဝန်ထမ်းတွေကိုချည်း ကျွေးမပစ်နဲ့နော်၊ ချိုင့်က ဆေးပေးလိုက်တာကိုတော့ ကျေးဇူးတင်ပါရဲ့၊ မောင့်ဝမ်းထဲ နည်းနည်းပဲ ရောက်မယ်ဆိုတာ နွဲ့သိနေတယ်"

ခင်ပွန်းက သူ့ထုံးစံအတိုင်း "ဟက်ကနဲ" ရယ်ကာ. . .

"မောင့်အတွက် အာဟာရက နွဲ့ကို မြင်လိုက်ရင် ပြီး

www.burmeseclassic.com



ပြည့်စုံသွားပါပြီကွာ"

"သွား. . . ကိုပို"

ထိုစဉ် Intercom မှ. . .

"ဆရာ. . ဧည့်သည်တစ်ယောက် ရောက်လာပါတယ်"

နွဲ့သဒ္ဒါနွယ်ကပင် အပြေးအလွှား ဖုန်းကိုင်လိုက်ပြီး. .

"ဘယ်သူတဲ့လဲ"

"ညီရတုတဲ့"

နွဲ့သဒ္ဒါနွယ်. . . ဇဝေဇဝါ။ ဒီနာမည်. . . ကြားဖူးသလား မကြားဖူးဘူးလား တွေဝေနေစဉ်. . .

"လွှတ်လိုက်လို့ ပြောလိုက် နွဲ့"

"လွှတ်လိုက်ပါ" ဟု ပြောပြီး ဖုန်းကို ပြန်ချိတ်လိုက်ပြီး ခင်ပွန်းအား. . .

"ဘယ်သူလဲ မောင်"

"မောင့်လူနာပဲ"

"ဪ. . ."

"မောင့်စာကြည့်ခန်းထဲကို ဧည့်သည်အတွက်ကော မောင့်အတွက်ပါ ကော်ဖီပို့ပေးပါလား နွဲ့"

"ကောင်းပါပြီ မောင်"

ခင်ပွန်းဖြစ်သူက ဧည့်ခန်းသို့ ထွက်သွားလေသည်။

နွဲ့သဒ္ဒါနွယ်လည်း ကော်ဖီပန်းကန်နှစ်ခွက်ကို ဗန်းထဲထည့်ပြီး စာကြည့်တိုက်ခန်းထဲသို့ သွားအပို့တွင်. . .

"ကိုညီရတု. . . ဒါ ကျွန်တော့်ဇနီး နွဲ့သဒ္ဒါနွယ်ပါ၊ လသာလမ်းမှာ စိန်ရွှေရတနာဆိုင် ဖွင့်ထားတယ်"





"ဟုတ်ကဲ့ပါခင်ဗျ. . . တွေ့ရတာဝမ်းသာပါတယ်၊ တွေ့ရင် ခေါ်ပါခင်ဗျ"

ဧည့်သည်က ခါးကို ကိုင်းညွတ်ပြီး ယဉ်ကျေးသိမ်မွေ့စွာ နှုတ်ဆက်လေသည်။ လူချောတစ်ဦးပေပဲ။

"ဟုတ်ကဲ့ပါ. . . ကျွန်မ မီးဖိုချောင်မှာ ကိစ္စလေးတွေ ရှိသေးလို့ ခွင့်ပြုပါဦး၊ ကော်ဖီလည်း သုံးဆောင်ပါဦး"

နွဲ့သဒ္ဒါနွယ်က အလိုက်သင့်ပင် တုန့်ပြန်လိုက်ပြီး ခင်ပွန်းကို မျက်လုံးအကြည့်နှင့် နှုတ်ဆက်ကာ ပြန်ထွက်ခဲ့လေသည်။

နွဲ့သဒ္ဒါနွယ် စိတ်ထဲ စပ်စုလိုစိတ်က ဝင်ရောက်လာလေသည်။ သူလည်း မိန်းမသားပေပဲ။

လူယဉ်ကျေး၊ အထက်တန်းကျသောပုံစံနှင့် လူကလည်း မောင့်လူနာတဲ့လား။

ဘာရောဂါလဲ။

ဟင်. . . မောင်က စိတ်ကျန်းမာရေး အထူးကုဆိုတော့လည်း ညီရတုသည်. . .

ဟွန်း. . . မထင်ရဘူး။

နွဲ့သဒ္ဒါနွယ် ခေါင်းကို ခါယမ်းလိုက်မိလေသည်။

စိန်ကဲကျောက်ကဲထက် လူကဲက ပို၍ခတ်ရခက်ပါလား နော်. . . ဟင်း. . .။

www.burmeseclassic.com





## အခန်း(၁၂)
## ဘဝပင် ခြားသော်လည်း

"မယုံနိုင်စရာပဲ. . . ကျွန်တော် ဇေယျနဲ့ မြကြာမှုန်ဟာ တိတ်တိတ်ပုန်း ညားနေကြတယ်"

ဒေါက်တာ နေအုပ်စိုး ခေါင်းနားပန်းမကြီးတော့ချေ။

နန်းလယ်ရွာ၏ မြကြာမှုန်နှင့် ရွာသား(၃)ဦး၏သပွတ်အူဇာတ်လမ်းကို ပန်းသစ္စာထံမှ ဆက်စပ်ကြည့်ပြီး သူသိနေသည်။

"ကျွန်တော်က မြကြာမှုန်ကို ချစ်တာထက် သူ့အလှနဲ့ သူပိုင်ဆိုင်တာတွေကို လိုချင်တဲ့လောဘဇောက ပိုရှိနေတယ်၊ ဒီကြားထဲ ဟိုကောင်နှစ်ကောင် နန္ဒနဲ့ဥက္ကာကိုလည်း မသက်ာလို့ အလစ်ချောင်းဖမ်းတာ ထင်တဲ့အတိုင်း မိတာပါပဲ၊ အကျင့်စရိုက်





တူ ဝါသနာတူတွေမှတ်လား မြွေမြွေချင်း ခြေမြင်တာပေါ့ဗျာ"

ဒေါက်တာနေအုပ်စိုး ပင့်သက်ကို တိတ်တဆိတ် ရှိုက်လိုက်မိလေသည်။

လူနာစမ်းသပ်ကုတင်ပေါ်မှ ညီရတုကတော့ မျက်လုံးအသာမှိတ်လျက် အိပ်မက်အာရုံထဲ ပေါ်သမျှကို အမိအရ ပြောနေလေတော့သည်။

"ကျွန်တော်တို့ ပုရိသ(၃)ယောက်နဲ့ ခြေပုန်းခုတ်နိုင်တဲ့ ကုတ္တိယ မြကြာမှုန်ကိုလည်း အံ့သြပြီး ကြောက်ရွံ့သလို ရွံရှာသလို ဖြစ်မိတာလည်း အမှန်ပဲ"

"ဒါ့အပြင် လူ့အန္တ သူငယ်ချင်းသုံးဦးလုံးရဲ့ မိန်းမတစ်ဦးအပေါ် သားမှတ်မှတ်မယားမှတ်မှတ် တာဝန်မယူချင်တဲ့စိတ်ကလည်း တူနေကြပြန်တော့ အကြံဦးမှ ဖြစ်မယ်ဆိုပြီး ကျွန်တော်က နန္ဒနဲ့ဥက္ကာကို အရက်ဆိုင်မှာ ဒကာခံပြီး မူးအောင် တိုက်တယ်၊ ကျွန်တော်ကတော့ အကြံသုံမားမို့ မူးဟန်ပြ သောက်ဟန်ပြပြီး လူအလစ်မှာ အောက်ကို သွန်ချတာပေါ့ဗျာ"

ဒေါက်တာနေအုပ်စိုး စဉ်းစားမိလေသည်။ ယခု ညီရတု၊ အောင်ဇေနှင့် အိမ်မက်ထဲက ဇေယျ၊ ဥက္ကာတို့မှာ အကျင့်စရိုက် အမူအယာ ခြားနားလွန်းလှပါတကား။

သူပင်လျှင် ဦးနှောက်ခြောက်လာပြီ။ ဆန်းကြယ်လှသော ဂမ္ဘီရလောကကို သူနားမလည်နိုင်တော့ချေ။

"ကျွန်တော့်ကို လူစိတ်ကင်းပျောက်သွားစေတာက မူးမူးနဲ့ ကျွဲခိုးပေါ်ဆိုသလို နန္ဒနဲ့ဥက္ကာ စကားတွေကြောင့်ပဲ"

"ဟော့ကောင် ဇေယျ"

www.burmeseclassic.com



"ဘာတုန်းကွ"

"အပျိုကြီး မြကြာမှုန်ကို ငါတို့နှစ်ယောက်တော့ အပိုင်ချိုင်ထားပြီ"

ကျွန်တော်က မသိချင်ဟန်ဆောင်ပြီး. . .

"ဘာအပိုင်ချိုင်တာလဲ"

"မင်းကလည်း. . . ဒီနေရာမှာတော့ လည်မလိုလိုနဲ့ တော်တော်ဒုံးဝေးပါလား၊ အပျိုကြီးက ငါတို့ကို ပစ်ကြွေနေတာ၊ လှည့်ပတ်ပြီး သူ့အတွင်းပစ္စည်းတွေ ထားတဲ့နေရာ သိရင် ဘုံးပြီး ခွဲယူမှာကွ၊ မင်းကော ရှယ်ယာပါချင်သေးလား. . . အေ့"

"ဝုတ်တယ်. . . ဝုတ်တယ်. . . ပါပါလား ဇေယျ၊ ငါတို့သုံးယောက် ဘာလုပ်လုပ် အတူတူပဲဟာ"

"အေးပါကွာ. . . မင်းတို့အပျိုကြီးက ကပ်ရခက်ပါတယ်"

ကျွန်တော်က ဒေါသစိတ်ကို မျိုသိပ်ပြီး သူတို့ကို အလိုက်သင့် ပြောပြီး မှားမှားတိုက်တော့ သူတို့ ဇက်ကျိုးကျပြီး အိပ်ပျော်သွားတာနဲ့ မြကြာမှုန်အိမ်ကို အားကုန်သုတ် ပြေးတော့တာပါပဲ ဆရာ၊ ဟူး. . . မောလိုက်တာဆရာရယ်၊ ဒေါသဇော၊ မောဟဇော၊ လောဘဇောတွေနဲ့ ပြေးလွှားသွားနေတာကို၊ မောလိုက်တာ ဆရာရယ်. . ."

ညီရတုမှာ ပြောရင်း မျက်နှာတစ်ပြင်လုံး၌ ချွေးများ စို့နေရှာသည်။

ဒေါက်တာနေအုပ်စိုး သက်ပြင်းရှိုက်လိုက်ပြီး. . . .

"ဟင်း. . . ကိုညီရတု၊ ထပါ. . . ဆက်မမက်တော့ဘူး မှတ်လား"





"ဟုတ်ကဲ့ ဆရာ. . . ဆရာ ဘယ်လိုလုပ် သိသလဲ၊ ဆောရီး ဆရာ. . . ဆောရီး၊ ဆရာဟာ ဆရာပဲလေ. . . သိမှာပေါ့"

"ကိုင်း. . . ထိုင်ဗျာ၊ ကော်ဖီသောက်လိုက်ပါဦး၊ အေးတောင် အေးသွားပြီလား မသိဘူး"

"ရပါတယ် ဆရာ၊ အိပ်မက်ထဲက လူတွေဟာ ရွံစရာ၊ ကြောက်စရာ ကောင်းလိုက်တာနော် ဆရာ၊ ကျွန်တော် ပြောနေတာတွေက တကယ့်မျက်ဝါးထင်ထင် မြင်နေရတာတွေပါ၊ စိတ်ကူးယဉ်ဆန်ပြီး ပြောတာလည်း မဟုတ်ပါဘူး၊ ကျွန်တော်ဟာ (sex) ကိစ္စကိုလည်း စိတ်မဝင်စားပါဘူး၊ စီးပွားရေးကိစ္စထဲပဲ စိတ်နှစ်ထားတဲ့လူပါ"

"ကျွန်တော်သိပါတယ်, ကိုညီရတု၊ အိပ်မက်ကိစ္စကို အိပ်မက်လို့ပဲ သဘောထားလိုက်ရင် ဖြစ်ပါတယ်၊ အာနပါန မှန်မှန် ရှုမှတ်ရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာ. . . မှတ်ပါတယ်"

ညီရတုက ကော်ဖီခွက်အေးအေးကို ကုန်စင်အောင်ပင် သောက်ချလိုက်စဉ် ဒေါက်တာနေအုပ်စိုးက ညီရတုအတွက် လိုအပ်သော ဆေးအညွှန်းစာရွက် ရေးပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ. . . ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ဒေါက်တာနေအုပ်စိုးက သူ့အား နှုတ်ဆက်ပြီး လေးတွဲ့စွာ ထွက်ခွာသွားသော ညီရတုကို ငေးကြည့်နေမိရာမှ အတွေးက ပြန့်လွင့်သွားလေသည်။

www.burmeseclassic.com



သူတို့သူငယ်ချင်း(၃)ဦးထဲမှ နုနွှဆိုသောလူကတော့ သူ့ လူနာ လာမဖြစ်ပါလား။

အိပ်မက်ဆိုးကကော ဘယ်တော့မှ ရပ်တန့်သွားမှာလဲ။ စီးရီးတွဲတွေလိုမျိုး မဆုံးနိုင်အောင် လာနေမှာလား။

"ဟူး"

"မောင်"

သူက သက်ပြင်းအရှိုက်။

ဇနီးနွဲ့က သူ့ပခုံးအပုတ်နှင့် နှုတ်ကလည်း အခေါ်မို့. . .

သူပင်လျှင် ဆတ်ကနဲ တုန်သွားရာ. . .

"ဟွန်း. . . ဒါကြောင့် ငမောင့်ဆီကို လူနာလာမှာ စိုးရိမ်နေတာ၊ လူနာက လာပြီးပြန်သွားရင် မောင်က လူနာဖြစ်ကျန်ရစ်ခဲ့ရော၊ မောင်ရယ်. . . တော်ကြာ မောင်က ဆရာဝန် မဖြစ်ပဲ ပေးရှင့်ဖြစ်နေပါဦးမယ်၊ ကဲ. . . ကော်ဖီသောက်လိုက်ပါဦး"

သူက သူ၏ကော်ဖီလက်ကျန် ပန်းကန်ကို မော့သောက်လိုက်ပြီး. . .

"မစိုးရိမ်ပါနဲ့ နွဲ့ရယ်၊ မောင်က လူနာဖြစ်စဉ်ကို စဉ်းစားနေမိလို့ပါကွာ"

"ဘာလဲ. . . ထူးခြားလို့လား"

"ဆိုပါတော့. . ."

"ဘယ်လို ထူးခြားတာလဲ၊ နွဲ့လည်း သိချင်လိုက်တာ"

"သိသင့်သိထိုက်တာဆို သိရမှာပေါ့ နွဲ့ရာ၊ ခုတော့ မောင်လည်း ဆေးရုံသွားရဦးမယ်၊ နွဲ့ကော ဆိုင်သွားမှာလား၊ မောင် ပို့ပေးရမလား"





"တော်ပါ. . . အပြန် တက္ကစီနဲ့ ပြန်လာနေရဦးမယ်၊ မောင့်ဖာသာမောင်ပဲ လွတ်လွတ်လပ်လပ် သွားပါ"


"အင်း. . . အဲဒီလို သိတတ်မှုလေးတွေကြောင့် နွဲ့ကို မောင်က ချစ်ရတာ"

ပြောပြောဆိုဆို ဖွဖွအနမ်းလေးတစ်ပွင့် ခြွေလိုက်ပြီး အပြင်သို့ သွားရန် ခပ်သုတ်သုတ် ပြင်ဆင်ကြလေတော့သည်။ နွဲ့နှုတ်ဖျားကတော့. . .

"ယောက်ျားတွေဟာ ဘယ်လိုမှန်းကို မသိဘူး၊ တခါတလေလည်း လူကြီး၊ တခါတလေလည်း ကလေးလေးလိုပဲ" ဟု. . .။

www.burmeseclassic.com





အခန်း(၁၃)
ဆုံလေပြီ အရိပ်(၂)ခု

ကုန်စည်ပြပွဲတွင် ညီရတုက သူ၏စက်ရုံထွက်ပစ္စည်းများကို ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်နေရသဖြင့် စိတ်ရောလူရော မနားနေရပေ။

ကိုယ့်စက်ရုံ၏ ပရိုမိုးရှင်းတက်ရန် သည်အချိန် သည်ကာလသည် အရေးအကြီးဆုံးဖြစ်သည့်အတွက်. . .

စိတ်ရောလူပါ နားရခြင်း မရှိသဖြင့် ညညမောမောနှင့် ရသမျှအချိန်လေး၌ တရှူးရှူးနှင့်ပင် အိပ်ပျော်သွား၍ အိပ်မက်ပင် မမက်နိုင်အောင် ဖြစ်နေလေသည်လားမသိ။ နိုးလာလျှင်. . . လူမှာ အတော်လန်းဆန်းတက်ကြွနေတတ်သည်။





ဆရာဦးနေအုပ်စိုးရဲ့ကျေးဇူးလည်း ပါပေမည်။ အသက်က မိမိတို့ထက် ကြီးလှ တစ်နှစ် နှစ်နှစ်သာ ရှိပေမည်။ တကယ့်သမားအိုများကဲ့သို့ သမ္မာကတော့ မသေးလှချေ။

ညီရတု ကုန်စည်ပြပွဲ ကျင်းပရက်မှာတော့ လူကိုယ်တိုင် ပြခန်းစားပွဲထိုင်၍ လေ့လာနေမိသည်။

ပျားပန်းခတ်မျှ များပြားလှသော လူအုပ်ထဲမှာ သူ့စက်ရုံ ကုမ္ပဏီထုတ် လူသုံးကုန်ပစ္စည်းများကို စိတ်ဝင်စားစွာ လာကြည့်နေသော အမျိုးသမီးချောနှစ်ဦးကို အများကြား၌ ထင်းကနဲ တွေ့လိုက်ရသည်။

ဟင်. . . ဆရာဦးနေအုပ်စိုး၏ဇနီး ဒေါ်နွဲ့သဇ္ဇါနွယ်ပါလား။

ညီရတု နေရာမှ ချက်ချင်းထကာ ဒေါ်နွဲ့သဇ္ဇါနွယ် အနားချဉ်းကပ်၍ နှုတ်ဆက်လိုက်ရသည်။

"မမ. . . မမ"

ဒေါ်နွဲ့သဇ္ဇါနွယ်၏ဝင်းပသောမျက်လုံးလေး ဝိုင်းသွားပြီး စတော်ဗယ်ရီရောင် နှုတ်ခမ်းလေးမှာလည်း ပြုံ ရာင်သန်းသွားပြီး

"ဩော်. . . ကို. . . ကိုညီ. ."

"ညီရတုပါ မမ. . . ပြပွဲလာတာလား"

"ဟုတ်တယ်"

"အချိန်ရရင် ခဏလေး ဝင်ထိုင်ပါဦးလား မမ"

နွဲ့သဇ္ဇါနွယ်ကလည်း တစ်ဖက်က ဖိတ်မန္တက ပြုနေတော့ ယဉ်ကျေးမှုအရ အားတုံ့အားနာ ဖြစ်ရကာ အတူပါလာသော ပန်းသစ္စာအား. . .

www.burmeseclassic.com



"လာ. . . ညီမ၊ မမတို့မိတ်ဆွေလေ ခဏထိုင်ရအောင်"

ပန်းသစ္စာက ခေါင်းကလေး ညိတ်ပြတော့ နွဲ့သဒ္ဒါနွယ်တို့ ညီရတု ပေးသော ကုလားထိုင်များ၌ ထိုင်မိလိုက်သည်နှင့် သူဌေး၏ဧည့်သည်ဖြစ်သဖြင့် ဝန်ထမ်းလေးများက ဧည့်ဝတ်ကျေပြွန်စွာ အပူအအေး၊ မုန့်မျိုးစုံနှင့် တည်ခင်းလေသည်။

"မမနွဲ့. . . သုံးဆောင်ပါခင်ဗျ၊ ဒါ ကျွန်တော့်စက်ရုံထွက် ကော်ဖီမစ်နဲ့ အအေး မုန့်မျိုးစုံပါခင်ဗျ"

ညီရတုကလည်း ခန့်ညားသော အပြုံးလှလှနှင့် ဧည့်ဝတ်ပြုလေသည်။

နွဲ့သဒ္ဒါနွယ်က. . .

"ဟင်း. . . ဟင်း. . . ကျွန်မက ကိုညီရတုကို ကုမ္ပဏီလောက်ပဲ လုပ်တယ် ထင်နေတာ၊ စက်ရုံကြီးတွေကိုပါ လုပ်ကိုင်နေတာကိုး"

"ဟုတ်ကဲ့. . . ဟိုဘက်က ဧည့်သည်လည်း သုံးဆောင်ပါခင်ဗျာ"

ညီရတုက ပန်းသစ္စာကိုပါ လှမ်း၍ဧည့်ဝတ်ပြုလေမှ နွဲ့သဒ္ဒါနွယ် သတိရသွားပြီး. . .

"ဪ. . . မိတ်ဆက်ပေးရဦးမယ် ကိုညီရတု၊ ဒါ ကျွန်မနဲ့ လုပ်ငန်းပါတနာ ပန်းသစ္စာတဲ့၊ ပန်းသစ္စာ. . . ဒါ ကိုညီရတုပဲ၊ မမတို့မိတ်ဆွေ၊ တစ်ဦးနဲ့တစ်ဦး မှတ်ထားကြဦးနော်"

ညီရတုက သွက်လက်စွာပင် စားပွဲပေါ်ရှိ ယွန်းဗူးလေးထဲမှ လိပ်စာကဒ်လေးကို ထုတ်ကာ ပန်းသစ္စာကို တရိုတသေပင် ကမ်းပေးပြီး. . .





"ဟုတ်ကဲ့ မပန်းသစ္စာ၊ ဒါ ကျွန်တော့်လိပ်စာကတ်ပါ၊ စက်ရုံ ရုံးခန်းကိုလည်း လာလည်နိုင်ပါတယ်၊ ကုမ္ပဏီရုံးခန်း အိမ်လိပ်စာပါ အကုန်ပါပါတယ်၊ လိုအပ်တာရှိ ပြောပါခင်ဗျာ"

နွဲ့သဒ္ဒါနွယ်စိတ်ထဲ ကိုညီရတု၏မျက်နှာပြင်ပေါ်၌ အပြုံးရိပ်တို့သည် ပန်းသစ္စာကို ကြည့်ပြီး စကားပြောဆိုသည့်အခါ ပိုမိုတောက်ပြောင်နေသည်ဟု ထင်မိလေသည်။ စိတ်ထဲမှား ထင်လို့လား. . .။

ပန်းသစ္စာကကော. . .

အံ့မယ်. . . မချောလေးရဲ့မျက်နှာပြင်ပေါ်မှာ အထူးသဖြင့် ပါးမို့မို့ထက်မှာ ရှက်သွေးရောင်လေး အနည်းငယ် သန်းနေပါလား။ သို့သော်. . .

စီးပွားရေးကျားနှင့် စိန်မမတို့၏ အပြန်အလှန်စကားကခံစားချက်များကို ဖုံးကွယ်လျက်. . .

"ဒါက ကျွန်မရဲ့ကတ်ပါ၊ စိန်အကြောင်း ကျောက်အကြောင်း စိတ်ဝင်စားတယ်၊ အလိုရှိတယ်ဆိုရင်တော့ ဆက်သွယ်ပါရှင်"

"ဟာ. . . ဟား၊ မပန်းသစ္စာက ရတနာစိန်ကျောက် ဇယ်တောက်တမ်း ကစားနေသူပေါ့နော်"

"ဟင်း. . ဟင်း. . ဇယ်တော့ မတောက်နိုင်သေးပါဘူးရှင်၊ တစ်ပွင့်ချင်းကောက်ပြီး ဆက်စပ်နေရတဲ့သူပါ"

"နောက်တော့ ဇယ်တောက်နိုင်မှာပါဗျာ"

"ကိုညီရတု ပြောသလို ဖြစ်ရင်အကောင်းသား"

နွဲ့သဒ္ဒါနွယ် ကြားမှ ငြိမ်သက်၍မနေနိုင်တော့။ သူ့

www.burmeseclassic.com



ပင်ကိုယ်ဓါတ်ခံကိုက အငြိမ်နေနိုင်သူမှ မဟုတ်လေပဲ။

"အံမယ်. . . အခုမှ သိကြတဲ့လူတွေက အလုပ်အကြောင်း ပြောပြီး စီးပွားချင်း ဖလှယ်ပြီးနယ်ချဲ့ကြတော့မယ်ပေါ့"

"မဟုတ်ရပါဘူး မမနွဲ့ရယ်၊ ပန်းသစ္စာက အမှန်အတိုင်း ပြောတာပါ"

ထိုစဉ် ပက်ကင်နှင့် ပစ္စည်းထုပ်များ ထည့်ထားသော စက္ကူထုတ် ပလတ်စတစ် လက်ဆွဲအိတ်နှစ်လုံးကို ဝန်ထမ်းလေး တစ်ဦးက ညီရတုကို လာပေးလေသည်။

ညီရတုက လှမ်းယူပြီး. . .

"ဒါ. . မမနွဲ့အတွက်ပါ"

"အို. . . အားနာစရာ ကိုညီရတုရယ်"

နွဲ့သဒ္ဒါနွယ်က အားတုံ့အားနာနှင့် လက်ခံလိုက်ရလေ သည်။

"ဒါက မပန်းသစ္စာအတွက်ပါ"

"ဟာ. . . မဟုတ်တာ၊ အားနာစရာ ကိုညီရတုရယ်၊ မမနွဲ့ကိုပဲ ပေးပါ၊ ပန်းသစ္စာနဲ့က အခုမှ သိတဲ့ဟာကို"

ပန်းသစ္စာက အားနာစွာ ငြင်းဆန်နေသဖြင့် ညီရတုက

"ကျွန်တော့်ရဲ့ခင်မင်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ယူပေးပါခင်ဗျာ"

နွဲ့သဒ္ဒါနွယ်က ကြားဝင်၍. . .

"ယူလိုက်ပါ ပန်းသစ္စာရယ်"

သည်တော့မှ ပန်းသစ္စာက လက်ခံယူသည်။ လက်ဆောင် ထုတ်ကို လှမ်းယူစဉ်မှာပင် ပေးသူနှင့်ယူသူ လက်ချင်း ထိခတ်မိ





ကြသည့် အခိုက်အတန့်. . .

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိရက်သား ဖြစ်သွားကြသည်။

အကြည့်လင်းတန်းတစ်ခု. . .

ဖြိုးဖြိုးဖျတ်ဖျတ် လက်ကာ ရင်ထဲသို့ ကိုယ်စီ စီးနစ်ဝင် သွားကြလေသည်။

အချစ်လင်းရောင်စဉ်တန်းလား။

အတိတ်နွယ်သော အရိပ်၏အရောင်ပေလား။

သဲသဲကွဲကွဲ မည်သူနားလည်နိုင်အံ့နည်း။

နွဲ့သဒ္ဒါနွယ်ကတော့ သမရိုးကျ တွေးလိုက်သည်။

အင်း. . အဖို့. . အမ လျှပ်စီးတန်း၏တွေ့ဆုံမှုကြောင့် ဖွင့်တတ်သော သဘာဝဟု။


အပျိုကြီးနှင့် လူပျိုကြီး Heart ထိသွားပြီဟု။

အံမယ်. . . ရှေ့သွားနောက်လိုက်ညီသား။ စိန်ရွှေရတနာ အရောင်းအဝယ်သမားပီပီ ပြောရလျှင်. . .

တကယ့်ကို ရွှေနဲ့မြပါပေပဲ. . .။

www.burmeseclassic.com





## အခန်း(၁၄)
## စိုးတာထိတ်ထိတ်

"မောင်ရေ. . . ဒီနေ့ ဘယ်သူနဲ့ တွေ့ခဲ့တယ် ထင်သလဲ"

ညနေ ဆေးခန်းပိတ်ပြီး အိမ်ပြန်လာသော ဒေါက်တာနေအုပ်စိုးကို ဇနီး နွဲ့သဒ္ဒါနွယ်က ဆီးကြိုရင်း နှုတ်ခွန်းဆက်သ မေးခွန်းထုတ်လိုက်ခြင်းကြောင့် သူစကားမပြန်နိုင်ဘဲ မျက်ခုံးပင့်၍ မေးခွန်းထုတ်လိုက်သည်။

မရှေနွဲ့တို့ကတော့ ပဲဟောင်ဦလုပ်နေပြန်ပြီ။

"ဒီမှာလေ"

စားပွဲပေါ်မှာ စားစရာ၊ ကော်ဖီမစ်နှင့် အထုပ်အပိုးတပုံတပင်ကို သူလှမ်းကြည့်လိုက်ပြီး. . .





"နွဲ့ Shopping ထွက်လာတာလား"

"ဘယ်ကလာ. . . ဒီနေ့ ကုန်စည်ပြပွဲ လုပ်တယ်လေ၊ အဲဒီကို သွားရင်း ကိုညီရတုတို့ စက်ရုံဟာ ပစ္စည်းပရိုမိုးရှင်း လာလုပ်တာလေ၊ အဲဒီမှာ တွေ့လို့ နွဲ့တို့ကို ခေါ်ပြီး ဧည့်ခံပြီး ပေးလိုက်တာ"

"ဘာ. . . နွဲ့တို့ဆိုတော့ ဘယ်သူပါသေးလို့လဲ"

"ပန်းသစ္စာ"

ဒေါက်တာ နေအုပ်စိုး ထိတ်လန့်သွားသည်။

"ဘာ. . . ပန်းသစ္စာ"

"အလန့်တကြား. . . မောင်ကလည်း. . . ဘာဖြစ်တာလဲ"

"မဖြစ်ဘူး. . . မဖြစ်ဘူး"

သူ၏အလန့်တကြား ဖြစ်နေပုံကို ကြည့်ပြီး နွဲ့သဒ္ဒါနွယ်နားမလည်နိုင်တော့ချေ။ ထို့ကြောင့်. . .

"သူတို့ချင်း သိတာ ဘာဖြစ်သလဲ၊ မောင်နော်. . . ကိုယ့်ပေးရှင့်အပေါ် မရိုးမသားစိတ်ဝင်လို့ မနာလိုဖြစ်နေတာလား"

အမြင်ကတ်ကတ်နှင့် အငေါ်တူး မေးခွန်းထုတ်လိုက်လေသည်။

ဒေါက်တာနေအုပ်စိုး အနာပေါ် တုတ်ကျသွားသည့်နှယ် ဆတ်ဆတ်ခါသွားရသည်။

"တော်. . . နွဲ့၊ မောင့်သိက္ခာကို မစော်ကားနဲ့"

"ဒါဖြင့် မောင်က ဘာဖြစ်ရတာလဲ၊ နွဲ့နားမလည်နိုင်ပါဘူး၊ ညောင်ဦးကမ်းပါးပြိုတာနဲ့ စမ္မာနဂိုရ်က နွားမပေါင်ကျိုးသလို

www.burmeseclassic.com



ဖြစ်နေပြီးတော့. . .”

ဒေါက်တာနေအုပ်စိုး ပင့်သက်ချလိုက်သည်။ သူမဖြစ် မနေ ဖြေရတော့မည်။ ဇနီးစိတ်ကို သိသည်။ သူ့ထံမှ ကျေနပ် လောက်သောအဖြေကို မရမချင်း ပြဿနာရှာတော့မည်။

“ဩော်. . .”

“ပြောပါ”

“ကိုညီရတုကလည်း စိတ်ကျန်းမာရေး ဝေဒနာသည် ပန်းသစ္စာကလည်း ဘာထူးသေးလို့လဲ၊ သူတို့ချင်းချင်း တစ်စ ရင်းနှီးလာရင် ဒုက္ခရောက်ကုန်မှာစိုးလို့ပါကွာ”

“ဟွန့်. . . ဘာများလဲလို့၊ မောင်ကတော့ သက်သက် ဆင်ဝန်ကတော် ကြောင့်ကြကြီးနေပြန်ပါပြီ၊ လုပ်ငန်းမတူ အနေ အထား မတူကြတဲ့သူချင်းပဲ၊ ပြီးတော့ စိတ်ကျန်းမာရေး ချို့တဲ့တာ မွေးရာပါမှ မဟုတ်တာပဲ၊ ပျောက်ကင်းသွားခဲ့တဲ့ မောင့်လူနာတွေ တပုံတပင်မှတ်လား”

နွဲ့ကို မိကျောင်းမင်း ရေခင်းပြလို့ မရနိုင်မှန်း ဒေါက်တာ နေအုပ်စိုး သဘောပေါက်ပြီးသား ဖြစ်သည်။ ဒါကလည်း နွဲ့က သာမန်ရောဂါအမှတ်နှင့် သာမန်တွေးကာ ပြောခြင်းဖြစ်ကြောင် ကိုလည်း သူသိနေသည်။

ခက်တာက. . .

ညီရတုနှင့် ပန်းသစ္စာတို့၏ရောဂါက ဘဝဟောင်း ဆက်စပ်မှု ရှိနေတာ၊ စိတ်ပိုင်းဆိုင်ရာ ဆက်စပ်မှု ရှိနေတာ ဒါကို သူတစ်ယောက်တည်းသာ အတွင်းကျကျ သိရှိနားလည်ထာ သည်ကိုး။ ထို့ကြောင့်လည်း စိုးရိမ်ပူပန်စိတ် ဝင်နေကာ ဇနီးစကာ





နောက် follow လိုက်၍. . .

“သူတို့ချင်း ရိုးရိုးမိတ်ဆက်ရုံပဲလား၊ လိပ်စာတွေဘာတွေ ပေးသေးသလား”

“ပေးတာပေါ့. . . ကိုညီရတုကပဲ စပြီး Visiting Card ထုတ်ပေးတော့ ပန်းသစ္စာကလည်း အားကျမခံ ပြန်ပေးတာပေါ့”

“ဟိုက်. . . သေပါတော့”

ဟူသော အာမေဋိတ်ကိုတော့ ဒီတခါ စိတ်ထဲ၌သာ ကြုံးဝါးလိုက်လေတော့သည်။

“ဘသားချောက ကားအထိတောင် လိုက်ပို့ပေးတာ၊ နွဲ့တို့ ကားကို ရပ်ကြည့်နေလိုက်တာများ Heart ထိသွားပုံပဲ မောင်၊ အဟင်း. . . ဟင်း. . . ဆံရာဝန်ကြီးကနေ ဘိသိက်ဩဘာဖတ်ပေး နေရဦးမယ်၊ ကိုင်း. . . မောင်သွားရေချိုးတော့၊ ပြီးရင် ထမင်းစား ရအောင်၊ ဒီနေ့ မောင့်အကြိုက် ငါးရံ့အူဟင်း ချက်ထားတယ်”

ဒေါက်တာနေအုပ်စိုး မအီမသာနှင့် အပေါ်ထပ်သို့ တက် ခဲ့ရလေသည်။

သူတို့နှစ်ဦး ဆုံစည်းပြီ။ ဘာတွေ ဆက်ဖြစ်ကြဦးမည် နည်း။ အတိတ်ဘဝ၏ဆိုးမွေက အရိပ်အဖြစ်နှင့် ပြန်လည် ထင်ဟပ် ဆက်စပ်ဦးမှာလား။

မိန်းမကို ပြောပြလို့ကလည်း မဖြစ်။

ကိုအောင်ဇင်ကကော ဘယ်အချိန် ပေါ်ပေါက်ဆုံစည်းဦး မှာမည်နည်း။ ဒီကြားထဲသို့ နန္ဒဟူသောလူတစ်ဦးက ခုထက်ထိ ပေါ်ပေါက်လာခြင်း မရှိချေ။

ဘယ်အချိန်မှ ဘွားကနဲ ပေါ်လာပြီး ဝင်ရောက် နှောင့်

www.burmeseclassic.com



ယှက်လိမ့်ဦးမည်ဟုလည်း ပြော၍မရချေ။

"သြော်. . . နွဲ့ရေ"

လှေကားတစ်ဝက်ရောက်ခါမှ သတိရပြီး ဇနီးသည်ထံသို့ လှမ်းခေါ်လိုက်ပြန်သည်။

"ဘာလဲ မောင်. . . အလန့်တကြား လုပ်ပြန်ပြီ"

နွဲ့သဒ္ဒါနွယ်က အောက်ထပ်မှနေ၍ သူ့အား မျက်မှောင်ချီကာ လှမ်းကြည့်နေသည်။

"သြော်. . . နွဲ့ကို ပြောထားရဦးမယ်"

"ဘာကိုလဲ မောင်"

"ပန်းသစ္စာရောဂါကို ဘယ်သူမှ ပေးမသိနဲ့နော်၊ ညီ့ရတုကိုကော မောင့်ပေးရှင့်ဆိုတာ ပန်းသစ္စာကော အခြားဘယ်သူကိုမှ ပေးသိလို့မရဘူး"

နွဲ့ထံမှ မျက်စောင်းမြား အစင်းရေပေါင်းများစွာ ပစ်လွှတ်မှုကို သူခံလိုက်ရသည်။

"ဒါများ မောင်ရယ်. . . အထူးအဆန်းလုပ်လို့၊ နွဲ့ကြောင့် မောင့်ရဲ့လျှို့ဝှက်ပေးရှင့်တွေ ပေါ်ပေါက်ခဲ့ရတာ ရှိဖူးလို့လား၊ မောင့်ရဲ့ပါရမီဖြည့်ဖက် နွဲ့ပါ မောင်၊ အပိုတွေ ပြောမနေနဲ့. . . သွား. . . ရေသာ မြန်မြန်ချိုးခဲ့. ."

နွဲ့ပြောတာလည်း ဟုတ်သားပဲ။ သူသက်သက်မဲ့ စိုးရိမ်စိတ် များနေတာများလား။

"သူတို့ဘဝအကျိုးပေးကံကလည်း မကြုံကြုံအောင်ကို ဆုံရဖို့ အကြောင်းဖန်လာရတယ်လို့၊ ဝိဘက်ကြမ္မာရဲ့တွန်းပို့မှုကြောင့်ပေလား။





ဒေါက်တာနေအုပ်စိုး ရုတ်တရက် အာရုံပြန့်လွင့်သွားလေသည်။


နောက်မှ အောက်ထပ်က. . .

"မောင်ရေ"

ဟု အသံကြားလိုက်တော့မှ ရေချိုးခန်းတွင်းသို့ ကမန်းကတန်း ဝင်လိုက်ရလေတော့သည်။

www.burmeseclassic.com





## အခန်း(၁၅)
## နှလုံးသား၏ညွှန်းစေရာလား
## စိတ်၏ညွှန်းစေရာလား

ညီရတု အိပ်မပျော်ဖြစ်ရပြန်သည်။

ယခင်နေ့တွေက ပင်ပန်းသမျှကို အတိုးချကာ အိပ်သင့်ပါလျက် အိပ်မရ။

အကြောင်းရင်းမှာ. . .

သူ့မျက်ဝန်းထဲဝယ် ဆရာကတော် မိတ်ဆက်ပေးသော ပန်းသစ္စာ၏ပုံရိပ်က တရစ်ဝဲဝဲ ပေါ်လျက်ရှိချေပြီ။

ဒုက္ခ။ တစ်သက်နှင့်တစ်ကိုယ် မဖြစ်ပေါ်ဖူးသော ဝေဒနာက ပင့်သက်ကို အခါခါရှိုက်။ ပန်းသစ္စာ၏လိပ်စာကဒ်ကလေးကို





ကိုင်ကြည့်လိုက်၊ ဖုန်းဆက်ရန် လက်လှမ်းပြီးမှ ချီတုံချတုံ စဉ်းစားရသည်ကလည်း အခါခါ။

"ဟူး"

သူဖုန်းဆက်လိုက်လို့ ပန်းသစ္စာက လက်ခံလျှင် တော်သေးရဲ့။ တစ်မျိုးတစ်မည် ထင်ပြီး မိတ်ပျက်သွားရင် မိတ်ဆွေဖြစ်ခွင့်လေးပါ ဆုံးရှုံးသွားနိုင်သည်။

ခုမြင်ခုကြိုက် ခုချစ်စကားပြောရမည့် မနူးမနပ်အရွယ်ကဲ့သို့ ခံစားရသည်ကတော့ အမှန်ပင်။

တွေ့ချင်လိုက်တာ. . . စကားတွေ ပြောချင်လိုက်တာ ပန်းသစ္စာရယ်. . .။

စိတ်ကိုကလည်း အတော့်ကို ထူးဆန်းနေသည်။

ပန်းသစ္စာထက် သာသော၊ ယဉ်ရွယ်ပျိုမြစ် ချောမောသော မိန်းမငယ်များစွာနှင့်လည်း ကြုံဆုံဖူးပါလျက် ဤကဲ့သို့သော ရင်ခုန်စီးချက်မြန်စေသည့် ခံစားမှုမျိုး မဖြစ်ပေါ်ခဲ့ပါချေ။

ယခု. . . "ပန်းသစ္စာ" နှင့်ကျမှ မခွဲချင်မခွာချင် စကားတွေ တတွတ်တွတ် ပြောနေချင်သည်။

"ပန်းသစ္စာကို ငါစိတ်ဝင်စားနေတာလား"

ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်သည်။

"ပိုင်ဆိုင်ချင်တာလား. . . ချစ်မြတ်နိုးတာလား"

မေးခွန်းတွေ ထုတ်ကြည့်သည်။

အဖြေကို ရှာမတွေ့။

အိပ်ပျော်အောင် မနည်းကြိုးစားရသည်။ ဆရာပြောသော အာနပါနကို အတင်းရှုရှိုက်လိုက်သည်။

www.burmeseclassic.com



ထွက်လေ ××× ဝင်လေ ××× ထွက်လေ ××× ဝင်လေ ××× ဟင်း. . . ပန်းသစ္စာရာ. . .

သို့နှင့် မိုးလင်းခါနီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေတော့သည်။

နိုးလာတော့ ခုနစ်နာရီကျော်။ ဘာမှစဉ်းစားမနေတော့ဘဲ ရေမိုးချိုးပြီး တန်းကာ စိတ်စေရာကို ခရီးနှင်ပစ်လိုက်လေတော့သည်။

ဿ ဿ ဿ ဿ

"တန်. . . တန်. . . . တန်"

ပန်းသစ္စာ တယ်လီဖုန်း မြည်သံကြောင့် လက်ကိုင်ဖုန်းလေးကို ဖွင့်ကာ ထူးလိုက်သည်။ Screen ပေါ်သို့လည်း မကြည့်အား။

"မပန်းသစ္စာ"

"ဟင်"





အိပ်ချင်မူးတူးစိတ်တို့ လွင့်ပြယ်သွားရသည်။ ညက မိမိအတွေးအာရုံကို ချဉ်းနင်းဝင်ရောက်ကာ အနိုင်ယူသဖြင့် အိပ်မပျော်ခဲ့ရသော တရားခံ ညီရတုထံမှ တိုက်တိုက်ဆိုင်ဆိုင် ဖုန်းဆက်လာပါလား။

"ကျွန်တော် ညီရတုပါ"

"အင်း. . . သိတယ်လေ"

ရင်ခုန်သော်လည်း အင်တင်တင်နှင့် အိုက်တင်ခံရသေးသည်။

"အခု မနက်ပိုင်း အားလား၊ တစ်မျိုးတော့ မထင်နဲ့နော်၊ ကျွန်တော် မပန်းသစ္စာနဲ့ အတူတူ နံနက်ခင်း Dimsum စားချင်လို့ပါ"

"ဟွန်း. . . သိတာဖြင့် မကြာသေးဘူး"

ပန်းသစ္စာ ဘာလုပ်ရမှန်းမသိ။ မူလည်း မမူချင်။

"အဲဒါတွေ ထားလိုက်ပါတော့ဗျာ၊ ကျွန်တော် ခင်ဗျားအိမ်ရှေ့ ရောက်နေပြီ"

"အယ့်တော့. . . "

ပန်းသစ္စာ တယ်လီဖုန်းကိုင်ရင်း ပြေးထွက်ကြည့်လိုက်သည်။ အပေါ်ထပ် ဝရန်တာမှ ဖြစ်သည်။

ညီရတု၏လင့်ခရူဆာ ကားကြီးက သူ့ခြံရှေ့မှာ အမြိန့်သားနှင့်ပါလား။ လက်ပင် လှမ်းပြလိုက်သေးသည်။

"ကျွန်တော် ကားပေါ်ကပဲ စောင့်နေမယ်နော်"

"အင်းလေ. . . ဆယ့်ငါးမိနစ်ကြာမယ်"

"ရပါတယ်ဗျာ. . . တွေ့ချင်တော့ စောင့်ရမှာပေါ့ဗျာ"

www.burmeseclassic.com



ဟု ပြောပြီး ဖုန်းအပိတ်တွင် ပန်းသစ္စာလည်း အိပ်ခန်းထဲ ပြန်ပြေးဝင်ကာ ရေအမြန်ချိုးလိုက်ရသည်။ ရင်တွေ တဒိတ်ဒိတ်နှင့် ရှက်ရွံ့သလိုလည်း ခံစားနေရသည်။

တော်ရုံစီးပွားရေး အောင်မြင်ရုံမျှနှင့် ယောကျ်ားများကို ခေါင်းခါနိုင်ခဲ့သူက "ညီရတု" နှင့်မှ ဘာကြောင့်များ ဤကဲ့သို့ ဖြစ်နေရပါလိမ့်။

ညီရတု အပြောကို နာခံချင်နေရပါလိမ့်။

ပန်းသစ္စာ၏အတွေးက အိမ်၌ ကျန်ရစ်ခဲ့ပြီး လူကတော့ ညီရတုကားပေါ် သို့ လိုက်ပါသွားလေတော့သည်။

အိုရီယမ်တယ်ဟောက်စ် (Oriental House) ရှေ့တွင် ညီရတု ကားပါကင် ထိုးလိုက်သည်။ ဝန်ထမ်းများက တံခါးလာဖွင့်ပေးသဖြင့် ပန်းသစ္စာ ကားပေါ်က ဆင်းသက်လိုက်သည်။ ညီရတု Remote ဖြင့် ကားတံခါးများကို ပိတ်ခဲ့ပြီး ပန်းသစ္စာနှင့်အတူ ယှဉ်တွဲလျှောက်ဝင်လာသည်။ အားလုံးက သူတို့စုံတွဲကို ငေးကြည့်ကြလေသည်။

လူရှင်း၍ ထောင့်ကျသော စားပွဲတွင် နေရာယူပြီး ညီရတုက (Lady first) ပုံစံမျိုးနှင့် ပန်းသစ္စာ ထိုင်ရန် ခုံကို မ၍ရွှေ့ပေးသည်။

"ကျေးဇူး ကိုညီရတု"

"ဝက်သားစားသလား"

"မစားပါဘူး. . . ဒါပေမယ့် မှာပါ၊ ကိုညီရတု စားရင်ပေါ့"

"ဝက်ကလွဲပြီး (Dimsum)အားလုံးချပေးမယ်၊ ရေညှိသိပ်များများချပေး၊ ဆန်းကာစ်နဲ့ကော်ဖီနှစ်ခွက်စီ ယူမယ်၊ ဟုတ်တယ်နော် မပန်းသစ္စာ. . . ကော်ဖီပဲမှတ်လား"

"ဟုတ်ကဲ့"

ပန်းသစ္စာ ကော်ဖီကို ကြိုက်မှန်း သူက ကြိုသိနေသလိုမှာပြီးမှ သတိရဟန်နှင့် လှမ်းမေးလေသည်။

"ကျွန်မက မနက်ဆို ကော်ဖီတစ်ခွက်လောက်နဲ့ ပြီးတာ၊ အားနာလို့သာ လိုက်လာရတာ"

ဟုလည်း ပန်းသစ္စာက ပြောလိုက်ပြီး ရေနွေးကြမ်း ငဲ့ပေးလိုက်သည်။

မျက်နှာချင်းဆိုင် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေရင်းမှ. . .

"ပန်းသစ္စာ"

"ရှင်. . . ပြောလေ"

"အသက်ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ကိုး"

"ဟား. . ."

"ဘာဖြစ်လို့လဲ"

"ကိုယ်က နှစ်ဆယ့်ကိုး ကျော်ပြီလေ. . . သုံးဆယ်ထဲမှာ"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့. . . အသက်သိပ်မကွာဘူးလေ၊ ဒါကြောင့် သူငယ်ချင်းပေါင်း ပေါင်းလို့ရတယ်ဆိုပြီး ပျော်သွားတာ"

"ကိုညီရတု"

"ကိုညီပဲ ခေါ်လည်း ရပါတယ်"

www.burmeseclassic.com



"ဟွန်း. . . အသက်သိပ်မကွာဘူးဆိုတော့ ညီပဲ ခေါ်မယ် သူငယ်ချင်းလေ"

"အိုး. . . ကိုယ့်စကားနဲ့ကိုယ်မိပြီ"

နှစ်ဦးသား နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိကြလေသည်။ ခင်မင် ရင်းနှီးသွားမှုက နှစ်ပေါင်းများစွာ ကွဲကွာနေသော သူငယ်ချင်း အချင်းချင်း ပြန်ဆုံစည်းသကဲ့သို့လည်း ခံစားလိုက်ရသည်။

"ညီ့စက်ရုံတွေက ရှယ်ယာပါတနာတွေနဲ့လား"

"No(နိုး). . . စတည်ထောင်ကတည်းက ကိုယ်တစ်ဦး တည်းပဲ၊ ခုတောင် နောက်ထပ်စက်ရုံသစ် တိုးချဲ့ဆောက်ဖို့ မြေ နေရာရှာနေတာ"

"ဘယ်ဘက်မှာလဲ"

"လှိုင်သာယာဖြစ်ဖြစ်. . . ရွှေပြည်သာဖြစ်ဖြစ်ပဲ"

"စီးပွားရေးတွေ ဒီလောက်ချဲ့ထွင်နေတာ သားသမီး မိသားစုများလို့လား"

ပန်းသစ္စာ သိပြီးသား ဖြစ်သည်။ မမန္တဲ့ထံမှ ဖြစ်သည်။ မမန္တဲ့က ရသာမွန် ကုမ္ပဏီပိုင်ရှင်ဟာ ညီရတုဆိုကတည်းက လူပျို လူလွတ်ဖြစ်ကြောင်း၊ သူ့ဖောက်သည်တွေဆီက ကြားပြီးဖြစ် ကြောင်း ရွှမ်းရွှမ်းဝေ ပြောလေသည်မို့. . .

"ဟာဗျာ. . . ကျွန်တော်က တစ်ယောက်တည်းသမားပါ"

"ဟာရှင်. . . သွားပါပြီ"

ပန်းသစ္စာက သံယောင်လိုက်ကာ ရယ်သွေးသွမ်းလိုက် သည်။

"ဗျာ. . . ဘာဖြစ်လို့လဲ"





"ဘာဖြစ်ရမှာလဲ. . . ပန်းသစ္စာဆီက ပစ္စည်းရောင်းဖို့ ဖောက်သည်တိုးမလား အောင့်မေ့ပါတယ်၊ ခုတော့ ဖောက်သည် အသစ်မရဘူးဖြစ်သွားတယ်"

ညီရတု သဘောကျစွာ ရယ်လိုက်သည်။

"ကျွန်တော် ယူမှာပေါ့ဗျာ"

"ယောကျ်ားတွေက လက်စွပ်အပြင် ဘာအပိုယူဦးမှာလဲ"

ပန်းသစ္စာက ဈေးသည်သမားပီပီ ဟန်ကောင်းကောင်းနှင့် အမှုပိုစကားဆိုလေသည်။

"ပန်းသစ္စာက ဆရာကတော်လို ဆိုင်ဖွင့်မရောင်းဘူး လား"

"ဟင့်အင်း. . . အဲဒီလောက် အင်အားမရှိပါဘူး"

"ဒါဆို ဆရာကတော်ဆီက ယူရောင်းတာလား"

"အဲဒီလိုလည်း မဟုတ်ဘူး၊ ပန်းသစ္စာက စိန်ဆို အထုပ် လိုက်၊ ကျောက်ဆို အထုပ်လိုက် သွားတက်ဝယ်တယ်၊ ပြီးမှ မမန္တဲ့ ဆီမှာ ကိုယ့်စိတ်ကြိုက် ဒီဇိုင်းပေးပြီး ခတ်ခိုင်းတယ်လေ၊ ပြီးတော့မှ ပြန်ရောင်းတာ၊ မမန္တဲ့ဆီက ခတ်တဲ့ပစ္စည်းဆိုရင် လူကြိုက်များပြီး ရောင်းကောင်းလို့ မမန္တဲ့နဲ့က စီးပွားဘက်လို ဖြစ်နေတာ"

"ဟုတ်လား. . . ဒါဆို ပန်းသစ္စာက ခရီးထွက်ရတာပေါ့"

"ဒါပေါ့. . . ကိုယ့်ဝမ်းကိုယ်ကျောင်းပြီး မိဘနှစ်ပါးကို လုပ်ကျွေးနေတာလေ"

"ကံကောင်းတာပေါ့. . . ကိုယ်က မိဘတွေ မရှိကြတော့ ဘူး၊ မောင်နှမရင်းတွေကလည်း အဝေးမှာ၊ ကိုယ်က တစ်ကောင် ကြွက်"

www.burmeseclassic.com



"ဟုတ်လား. . . ဒါနဲ့များ စီးပွားရေးကို နင်းကန် တွန်း[illegible] နေရသလား"

"ဒါက ဒါနပြုဖို့လေ၊ ကိုယ်က စက်ရုံက ရတဲ့အမြတ် အစွန်းရဲ့တစ်ဝက်ကို ဘုရား၊ တရား၊ သံဃာနဲ့ မိဘမဲ့ ပရဟိတ လှူဒါန်းတယ်လေ"

ပန်းသစ္စာရင်ထဲ လှိုက်ခနဲဖြစ်ကာ ပီတိဖြာသွားလေသည် မို့. . .

"သာဓု. . . သာဓု. . . သာဓုပါရှင်"

"ဟာဗျာ. . ."

ညီရတုက နောက်သည်ထင်ကာ မျက်နှာနီရဲလျှ[illegible] ရှက်ကိုးရှက်ကန်းကြီး ဖြစ်သွားရရှာလေသည်။

ပန်းသစ္စာက. . .

"နောက်တာ မဟုတ်ဘူး၊ တကယ်သာဓုခေါ်တာပါ ညီရဲ့"

"ဟုတ်ပါပြီလေ. . . ဒါဆို နောက်တစ်ခါ အလှူဒါန သွား ယုပ်ရင် ပန်းသစ္စာပါ လိုက်ခဲ့ပါလား"

"အင်းလေ. . အချိန်အခါနဲ့အခြေအနေအရ ကျိုးကြောင်း တိုက်ဆိုင်ရင် လိုက်ဖြစ်မှာပေါ့"

"အိုကေဗျာ. . . တိုက်ဆိုင်စေရမှာပေါ့"

Dimsum တို့ကို မြည်မြည်ရရ မစားကြ။ ကော်[illegible] တစ်ခွက်နှင့် ဆန်းကစ်တစ်ဝက်သာ ကုန်ကြသည်။

"ပန်းသစ္စာ ပြန်ချင်ပြီ"

"ရတယ်လေ. . . အိမ်ပြန်ပို့ပေးမယ်"

"နေပါစေ. . . မမန္တဲ့ဆိုင်သွားမလို့"





"ဆိုင်ဖွင့်ပြီလား"

"ဖွင့်လောက်ပါပြီ. . . ပိုသေချာအောင် ဖုန်းခေါ်ကြည့် [illegible]က်မယ်"

ပြောပြောဆိုဆို ပန်းသစ္စာက သူ့လက်ကိုင်ဖုန်းလေး ဖွင့် [illegible] ဖုန်းခေါ်လိုက်သည်။

"ဟယ်လို မမန္တဲ့"

"ပန်းသစ္စာလား. . . ပြောညီမ"

"ဆိုင်ဖွင့်ပြီလား. . . မြို့ထဲ ရောက်နေလို့ ဝင်ခဲ့မလို့"

"ခုပဲ ရောက်တယ်. . . လာလေ"

သို့နှင့် ညီရတုကားနှင့်ပင် သဒ္ဒါသစ္စာ ဆိုင်သို့ ရောက် [illegible]ားခဲ့လေသည်။

ဆိုင်ရှေ့သို့ ညီရတု ကားက ရပ်ပြီး ညီရတုက ဦးအောင် [illegible]င်၊ ပန်းသစ္စာဘက် တံခါးကို ဖွင့်ပေးလေသည်။

ပန်းသစ္စာက ကြော့ကြော့မော့မော့ကလေး ဆင်းလာ [illegible]ည်ကို ကြည့်ရင်း မျက်လုံးပြူးသွားရသူက နွဲ့သဒ္ဒါနွယ်ပင်။

စိတ်ထဲ၌လည်း. . .

"မောင်ရေ. . . မောင့်ပေးရှင့်တွေက မောင်မပြောနဲ့ [illegible]ကြားမင်းတောင် ဖျက်နိုင်မယ်မထင်ဘူး၊ အံ့ဩပါရဲ့. . . မနေ့က [illegible] တွေ့တယ်၊ ဒီနေ့တော့ တရင်းတနှီးနဲ့" ဟု ခင်ပွန်းကို လှမ်းကာ [illegible]ိုင်တည်နေမိလေသည်။

"မမန္တဲ့. . . ကျွန်တော် နောက်မှပဲ လာပါ့မယ်၊ ပန်းသစ္စာ [illegible]ားပြီနော်"

သူ့အား နှုတ်ဆက်ထွက်ခွာသွားသူကိုပင် ယောင်နနနှင့်

www.burmeseclassic.com



နွဲ့သဒ္ဒါနွယ်က. . .

"အင်း. . . အဲ. . . . အင်း"

နွဲ့သဒ္ဒါနွယ်ကို ကြည့်ပြီး ခိုးခိုးခစ်ခစ်ကလေး ရယ်လိုက် က ပန်းသစ္စာ။

"ဟင်း. . . ဟင်း. . . ဟင်း. . . မမနွဲ့ကြီးကလည်း"

"တော်တော်လေးကို လန်းနေကြပါလား"

ဟုသာ ခေတ်စကားနှင့် ဟစ်အော်ချင်စိတ်ကို မျိုသိ ပန်းသစ္စာကို ချစ်မျက်စောင်းလေးနှင့် ကြိုလိုက်သည်။

"လာခဲ့ မိန်းကလေး. . . စစ်ရဦးမယ်"







## အခန်း(၁၆)
## ပန်း၏ရင်ခုန်သံ

နွဲ့သဒ္ဒါနွယ် သီးသန့်ဧည့်ခန်းသို့ ရောက်သည်နှင့် ပန်း စ္စာကို. . .

"ပြောစမ်း ကောင်မလေး၊ ခြေလှမ်းတွေက သွက်လှချည် း"

"ဟွန်း. . . မနက်စောစောကြီး သူ့ကားကြီးက အိမ်ရှေ့ ထိ ပေါက်ချလာတာကို၊ ပန်းသစ္စာက ရှောင်လို့ရပါတော့မလား "

နွဲ့သဒ္ဒါနွယ် စိတ်ထဲ ဟုတ်လို့တော့ နေပေပြီဟု တွေးကာ ဝင်စားစွာဖြင့်. . .

www.burmeseclassic.com



"ဟင်း. . . ဟင်း. . . ဒါနဲ့ ပန်းသစ္စာက ချာန်ဈွှာ
မယ့်အဖြစ်လား"

"အင်း. . . ခင်မင်မှုကို အသိအမှတ် ပြုတဲ့အ
Dimsum လိုက်စားပေးပါဆိုလို့ပါ"

"အိုရီယမ်တယ်ဟောက်စ်မှာ စားဖြစ်ကြတယ်ဆိုပါစို့. . ."

လင်မယားနှစ်ယောက် မရောက်ဖြစ်တာ ကြာ
နေရာကို နွဲ့သဒ္ဒါနွယ် အောက်မေ့ရင်း ပြောလိုက်လေသည်။

"ဟင်. . . မမနွဲ့က သိနေတယ်"

"သိဆို ကျုပ်တို့လည်း ဒီလိုခြေလှမ်းတွေနဲ့ စခဲ့ကြတာ
ကိုး၊ ကဲပါ. . . ပန်းသစ္စာရဲ့ပေတံနဲ့ကော ပေမီဒေါက်မှီဖြစ်ရဲ့လား"

"ဟုတ်ပ့ါ. . . မှီပ့ါ. . ."

"ကြည့်စမ်း. . . ကြည့်စမ်း"

နှစ်ဦးသား ကြည်မွေ့စွာ ရယ်မောလိုက်ကြလေသည်
အတန်ငယ်ကြာမှ ပန်းသစ္စာက အရယ်ရပ်ပြီး. . . .

"ဟင်း. . . မမနွဲ့ စစ်နေတာနဲ့ လာရင်းကိစ္စတော
မေ့တော့မလို့"

ဟု ပြောလိုက်ရာ နွဲ့သဒ္ဒါနွယ်က. . .

"ဘာများပါလိမ့်. . . ပစ္စည်းတွေက ရှေ့အပတ်မှ ခို
ထားတာမှတ်လား"

"အလုပ်ကိစ္စ မဟုတ်ပါဘူး မမနွဲ့ရဲ့၊ ဟိုလေ. . . ဟို. . .
ပန်းသစ္စာ ဆရာနဲ့ ပြတာ ကိုညီရတု မသိစေချင်ဘူး၊ အဲ
မမနွဲ့ကော သိထားပြီး ဆရာ့ကိုလည်း ပြောပေးပါနော်"

"အမလေး. . . ဘာများလဲလို့ ညီမရယ်၊ ဒါများ. . . စိတ်





ရှင်တို့ဆရာကလေ. . . သူ့လူနာတွေအကြောင်း မမကို
သိတာ မဟုတ်ဘူး၊ ပန်းသစ္စာတောင် မမလူနာလည်းဖြစ်၊
မဖော်လည်း မပါလို့သာ မမကို အနားကပ်ခွင့်ပေးလို့ သိရ
ရှင့်. . သိလား၊ ဆရာ့အတွက် သူ့ပေးရှင့်ဟာ သူ့ရဲ့သားသမီး
ရှင့်"

ခင်ပွန်းအတွက် အာမခံချက်ပေးရင်း ဂုဏ်ယူပစ်လိုက်
သည်။

"ဟူး. . . ဒါဆို တော်ပါသေးရဲ့ မမနွဲ့ရယ်"

ပန်းသစ္စာက ရင်ဘတ်လေး ဖိကာ စိတ်အေးသွားဟန်နှင့်
ပြောရင်းက အလှနှင့် အပျိုကြီးမာန်က ခေါင်းပြူထလာပြန်သည်။

"ဟွန်း. . . ပန်းသစ္စာတို့က ယောကျ်ားသားတွေကို ကိုယ်
မလိုချင်ရင်သာ ငြင်းပယ်ပစ်လိုက်မယ်၊ သူတို့ရဲ့ငြင်းအပယ်ခံ
ဖြစ်နဲ့တော့ အဖြစ်မခံနိုင်ပါဘူး"

"ဒါဆို ပန်းသစ္စာက ညီရတုကို စိတ်ဝင်စားနေပြီလား"

"အင်း"

ပန်းသစ္စာက ခေါင်းကလေးလည်း ဆတ်ကနဲ ညိတ်ကာ
ပြုံးလေးနှင့် ဝန်ခံလိုက်သေး၏။

နွဲ့သဒ္ဒါနွယ်က. . .

"ဘုရား. . .ဘုရား" ဟု မျက်လုံးပြူး မျက်ဆံပြူး လုပ်ပြ
လိုက်လေသည်။

"ဟာ. . . မမနွဲ့ကလည်း၊ မမနွဲ့ရှေ့မို့လို့ ဝန်ခံတာနော်၊
သူ့ရှေ့ ဘယ်ဝန်ခံပ့ါမလဲ"

"ဟိုကကော ပရိုပို့စ် လုပ်ပြီလား"

www.burmeseclassic.com



"မလုပ်သေးပါဘူး"

"ကြည့်လည်း လုပ်ဦး. . . သေသေချာချာ စုံစမ်းပြီးမှ အဖြေပေးနော်၊ ငွေရှိတိုင်း လူကောင်းလို့ မထင်နဲ့၊ လူပျိုကြီး အမည်ခံပေမယ့် နောက်ကြောင်းရှင်းမရှင်း သေသေချာချာ လေ့လာစုံစမ်းဦး"

"အင်းပါ. . . ပန်းသစ္စာက သေသေချာချာကို လေ့လာ စုံစမ်းပြီး စဉ်းစားဦးမှာပါ"

"စိန်ကဲကျောက်ကဲထက် လူကဲခတ်ရ ခက်တယ်နော်"

နွဲ့သဇ္ဇါနွယ် မျက်စိထဲ အိပ်မွေ့ချခံထားရသော ပန်းသစ္စာ ပြောသည့် အိပ်မက်ထဲမှ မြကြာမှုန်၏မရှုနိုင်မကယ်နိုင် မနုဿသားကောင်တို့၏ ရမက်နွံ၌ နစ်နေရရှာသောအဖြစ်ကို ကြားယောင်မိကာ ထပ်ဆင့်သတိပေးလိုက်လေသည်။

နစ်နာစရာရှိလျှင် မိန်းမသားတွေဘက်ကသာချည်းပင်မို့

"ဟုတ်ကဲ့ပါ မမနွဲ့ရယ်၊ ခုလို မမနွဲ့ သတိပေးတာကို လည်း ကျေးဇူးတင်ပါတယ်၊ ပန်းသစ္စာတို့က ခုမှ နိဒါန်းပဲ ရှိသေးတာပဲ၊ ဘာကိစ္စပဲရှိရှိ မမနွဲ့ကို ဖွင့်ပြောပါ့မယ်. . . စိတ်ချပါ"

ပန်းသစ္စာက သူ့ကို ကတိပေးလေတော့ နွဲ့သဇ္ဇါနွယ် လျှပ်တပြက် ဝင်ရောက်လာသော မြကြာမှုန်ကိစ္စကို ဖျောက်ဖျက် ပစ်လိုက်ပြီး. . .

"အေးပါ. . . မမကလည်း ပညာရှိ သတိဖြစ်ခဲ ဖြစ်မှာစိုး လို့ သတိပေးတာပါ၊ ညီရတု ကြည့်ရတာ လူတော်လူကောင်းလေး တစ်ယောက်ပါလေ"

ဟု လျှောချလိုက်ရလေတော့သည်။

☺ အောင်မြင်စာပေ ☺




မည်သို့ဆိုစေကာမူ ပြုံးပျော်လန်းဆန်းတက်ကြွနေသော ပန်းသစ္စာကို ခုလိုမြင်တွေ့ရတာကိုကပဲ သူ့ရင်ထဲမှာ ချမ်းမြေ့သွား ရသည်။

ဘယ်ဘဝက ရေစက်ပါလိုမ့်။ သူ့ထက် နှစ်နှစ်သာ ငယ် သော ဤမိန်းကလေးကို ညီမငယ်လေးတစ်ဦးလို နွဲ့သဇ္ဇါနွယ် ချစ်စိတ်ဝင်ကာ သံယောဇဉ်တွယ်လျက်ရှိလေပြီ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com





အခန်း(၁၇)

နိဂုံး(သို့မဟုတ်)နိဒါန်း

ညက တော်တော်နှင့် အိပ်မပျော်။ ထူးထူးဆန်းဆန်း အိပ်မက်ရောဂါဆန်းနှင့် သူ့ထံသို့ ရောက်လာသော လူနာ(၃)ဦး၏အကြောင်းကို ဆက်စပ်တွေးမိကာမှ ပူပန်မှုဖြင့် အိပ်မရခဲ့ချေ။

နောက်. . . အာနပါန ရှုရှိုက်ပြီး အိပ်ပျော်သွားစေရန် အားထုတ်ခဲ့ရလေသည်။

ထို့ကြောင့် မနက်အိပ်ယာထ နောက်ကျသွားသဖြင့် ရေမိုးချိုး ကိုယ်လက်သန့်စင်ပြီး တရားအားထုတ်ခြင်းကိုသာ အချိန်ပိုပေးလိုက်ရသည်။

ဇာတိပ္ပိုလ်သီး ပိုးထိုး၍မဖြစ်။ စိတ်အတန်ငယ် ကြည်





လင်ပေါ့ပါးသွားသဖြင့် ဝရန်တာ၌ ရပ်ကာ ပြင်ပ လတ်ဆတ်သော နံနက်ခင်း၏လေပြေသစ်ကို ရှုရှိုက်နေစဉ်. . .

ကားတစ်စီး ခြံတွင်းသို့ ဝင်ရောက်လာသည်။

ဟင်. . . ညီရတု လာချေပြီ။

နှဲ့ခွင့်ပြုလိုက်သဖြင့် ခြံစောင့်က ဖွင့်ပေးလိုက်သည် ထင်သည်။ ထင်ကြေးမဆုံးလိုက်ရ။

"မောင်ရေ. . . ကိုညီရတုက အရေးကြီးလို့ တွေ့ချင်လို့တဲ့. . . အဲဒါ. . ."

"စာကြည့်ခန်းမှာ နေခိုင်းလိုက်ပါ၊ မောင်တို့ကို ကော်ဖီတော့ ပို့ပေးဦးနော်"

နောက်ပါးမှ သူ့အား အသံပြုကာ ပြောလိုက်သောနှဲ့ကို လှမ်းမကြည့်အားပဲ ဖြေလိုက်သည်။

ညီရတု၏မျက်နှာပြင်တွင် သောကရိပ်တို့ ယှက်နွယ်လျက်ရှိချေပြီ။

"အင်းလေ. . . ကိလေသာ နွယ်လာလေတော့ သောကလှိုင်းက ရိုက်ခတ်လာပေမပေါ့" ဟု သူ သုံးသပ်ပြီး အသက်ဝဝ တစ်ချက်နှစ်ချက်ခန့် ရှူသွင်းရှူထုတ် လုပ်ပြီး အောက်ထပ်သို့ ဆင်းခဲ့လေသည်။

"မောနင်း. . . ကိုညီရတု"

စာကြည့်ခန်း၌ ငုတ်တုတ်ငေါင်နေသော ညီရတုကို သူ နှုတ်ဆက်လိုက်သည်။

"မောနင်း ဆရာ"

"အရေးကြီးလာပြီ ထင်တယ်"

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ၊ တစ်ညလုံး ယောက်ယက်ခတ်ပြီး ဘယ်လိုမှ အိပ်မရတော့လို့ ငုတ်တုတ်ထိုင်ပြီး မိုးအလင်းကို စောင့်နေတော့တာပါပဲ"

"ဖြစ်ရမယ်. . . ပျောက်နေတာ တော်တော်ကြာပြီပဲ၊ ဝေဒနာ သက်သာသွားပြီလို့တောင် မှတ်ယူထားတာ"

"ဟုတ်ပါတယ် ဆရာ၊ အခုတလော စိတ်လေ့ကျင့်မှုတွေ ပျက်ကွက်သွားပါတယ်"

"ကိုညီရတု စိတ်တွေ မအားဘူး ထင်တယ်"

သူ့အနေနှင့် ညီရတု၊ ပန်းသစ္စာနှင့် သိကျွမ်းသွားမှုကိစ္စကို သိပြီးဖြစ်၍ တမင်ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်။

ညီရတု မျက်နှာပြင်ထက် အနီရောင်ပြေးသွားပြီး ရှက်ပြုံးနှင့် ဝန်ခံလေသည်။

"အဟဲ. . . အဲဒါလည်း ပါ. . . ပါတယ်"

ဒေါက်တာနေအုပ်စိုးက နွံ့ပို့ပေးထားသော ကော်ဖီခါးဆိမ့်လေးကို တစ်ဝက်ခန့် သောက်လိုက်ပြီး. . .

"ကိုင်း. . . ဒါဖြင့် ထုံးစံအတိုင်း အလုပ်စလိုက်ကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာ"

ညီရတု ကုတင်ပေါ်တွင် လှဲလျောင်းလိုက်သည်။

ဒေါက်တာနေအုပ်စိုးက စီဒီရွှမ်ထဲ ထည့်ကာ မှတ်တမ်းပြုထားလေသည်။

[illegible]





ဇေယျ. . . အရက်ဆိုင်က ထွက်လာသည်နှင့် မြကြာမှုန်အိမ်ကြီးဆီသို့ တန်း၍သုတ်ခြေတင်ခဲ့လေသည်။

တော်တော်လေး မိုးချုပ်မှ ရောက်လာသောသူ့ကို မြကြာမှုန် တအံ့တဩ ဆီးကြိုသည်။

"ဟင်. . . ကိုဇေယျ. . . မိုးချုပ်လိုက်တာ"

သူမြကြာမှုန်ကို ဆွဲယူပွေ့ပိုက်လျက် တံခါးကို ပြန်ပိတ်ကာ မင်းတုံးချထားလိုက်သည်။

မြကြာမှုန်ကို လက်ထပ်မယူချင်ပေမယ့် မြကြာမှုန်နှင့်တွေ့လေတိုင်း အထိအတွေ့၌ နစ်ဝင်သွားတတ်သော ဇေယျမှာ ထုံးစံအတိုင်း ချစ်ရည်ပလူးလိုက်ပြီးနောက် ယောကျ်ားတန်မဲ့ ငိုချလိုက်မိလေသည်။

"ဟင်. . . ကိုဇေယျ. . . ဘာဖြစ်လို့လဲဟင်၊ မူးနေတာလား. . . သိပ်မူးလို့လား"

"မဟုတ်ပါဘူး. . . ရင်ထဲမှာ မခံချင်လွန်းလို့ပါ"

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ခုပဲ အရက်ဆိုင်မှာ နန္ဒနဲ့ဥက္ကာတို့နဲ့ အရက်အတူသောက်လာတာ"

"ဟင်"

ဒီတစ်ချီတွင် တုန်လှုပ်ချောက်ချားသွားရသူက မြကြာမှုန်ပင်။ ဒီနှစ်ယောက်အမည်ကြားရရုံနဲ့ မြကြာမှုန်မှာ မျက်နှာပျက်သွားရုံမက ခန္ဓာကိုယ်ပါ တောင့်တင်းအေးစက်သွားလေတော့သည်။

ဇေယျက မသိကျိုးနွံပြုလျက်. . .

"သူတို့က မူးမူးရူးရူးနဲ့ ပြောလိုက်ကြတာများကွာ ရစရာကို မရှိဘူး × × × × မြကြာမှုန်ဟာ ထိလိုက်တာနဲ့ ကြွေကျတဲ့ပန်းမျိုးတဲ့"

"ဟင့်. . . ဟင့်. . ."

မြကြာမှုန် ဟန်မဆောင်နိုင်တော့ပဲ ရှိုက်ကြီးတငင် ငိုချလိုက်လေတော့သည်။

"ဟင်. . . ဘာဖြစ်လို့လဲ မြကြာမှုန်၊ သူတို့ သူတို့က"

"ဟင့်. . . ဟင့်. . . ခွင့်လွှတ်ပါ ကိုဇေယျရယ်၊ သူတို့က မြကြာမှုန်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်လို့ ငြိမ်နေရတာပါ။ နီးရာဓါး ကြောက်ရလို့ပါ။ ဟင့်. . . ဟင့်. . . ကျွန်မ တကယ်ချစ်တာ ကိုဇေယျကိုပါ"

ဇေယျစိတ်ထဲ ကျေနပ်သွားပြီ။

"တိတ်ပါ မြကြာမှုန်ရယ်. . . ကျုပ်နားလည်ပါတယ်၊ သူတို့ မြကြာမှုန်ဘဝကို ဘယ်လိုပဲနင်းချေချေ မြကြာမှုန်ကို ကျုပ်





မပစ်ပယ်နိုင်ဘူး၊ ဒါပေမယ့် ကျုပ်တို့နှစ်ယောက်ကို ဒင်းတို့နှစ်ယောက်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

"ဒါဆို ဘယ်လိုလုပ်ကြမလဲဟင်၊ ကျွန်မလည်း ဒီရွာမှာ မနေချင်တော့ပါဘူး၊ ရွာထဲမှာ သူတို့စိတ်ကြိုက် ပြောပြီးကြရောပေါ့"

"ဟုတ်တယ်. . . ကျုပ်လည်း မခံချင်လွန်းလို့ လူသတ်မိမှာစိုးလို့ ဒင်းတို့ကို အရက်မူးနေအောင် တိုက်ထားခဲ့ပြီး မြကြာမှုန်ဆီ ပြေးလာခဲ့တာ"

"သူတို့ လိုက်လာမှာလားဟင်"

"အမူးပြေသွားရင်တော့ မပြောတတ်ဘူး၊ သူတို့နှစ်ယောက်က ပေါင်းနေတာ၊ တစ်ကြိတ်တည်း တစ်ဉာဏ်တည်းတွေ"

"ဒါဖြင့် ခုပဲ ထွက်ပြေးကြမလား"

"အင်း. . . ဟိုနှစ်ကောင်လုံးက ဗလတောင့်တော့ လက်ရုံးချင်း ယှဉ်နိုင်မှာ မဟုတ်ဘူး၊ ခရီးထွက်သယောင်လုပ်ပြီး အိမ်ကိုတော့ သော့ခတ်ခဲ့"

"ဒါဆို ကျွန်မရဲ့အတွင်းပစ္စည်းတွေ ကော"

"ဝတ်ခဲ့ပေါ့. . ."

ဇေယျက မသိဟန်ဆောင်ကာ ဖြေလိုက်သည်။ မြကြာမှုန်က. . .

"မဟုတ်ဘူး မောင်ရဲ့၊ အတွင်းပစ္စည်းတွေလေ များတော့ တစ်နေရာမှာ ဝှက်ခဲ့မှ ကောင်းမယ်"

"ယူခဲ့တာ ကောင်းမယ်ထင်တယ်၊ ပြန်လာဖြစ်မဖြစ်ဆိုတာ ဘယ်သူက သိမှာလဲ"

www.burmeseclassic.com



မြကြာမှုန်တစ်ယောက် မိန်းမမာယာ သဲကိုးဖြာထက် ဆိုးတဲ့ ယောကျာ်းမာယာအောက်မှာ စင်းစင်းကြီး မိသဖြင့် မိဘဘိုးဘွားများလက်ထက်က ရှာဖွေထားသမျှကို တစ်သက်လုံး သိုသိုဝှက်ဝှက် သိမ်းဆည်းခဲ့သမျှ ယခုတော့. . .

အဝတ်တစ်ခုကို ဖြန့်ခင်းပြီး စဉ့်အိုးထဲမှ ရွှေငွေများသွန်ချလိုက်ပုံက တကယ့်ရတနာပုံကြီး ဆိုက်သလို ဟီးထသွားလေရာ. . .

ဇေယျမှာ လောဘဇောနှင့် လူစိတ်ပျောက်ကာ မည်သူနှင့်မျှ ခွဲဝေမခံစားလိုတော့ပဲ. . . .

"ကဲ. . . မြကြာမှုန်ရေ ဒီပစ္စည်းတွေ ထုပ်ပိုးပြီး ခရီးမထွက်ခင် တစ်ဝကြီး ချစ်လိုက်ချင်သေးတယ်"

"ဟင့်. . ."

မြကြာမှုန် ပင့်ကူမျှင်ထက်မှ ငြိမိသွားသော ပိုးကောင်လေးသဖွယ် ဇေယျအချစ်မုန်တိုင်းကြား သက်ဆင်းသွားလေရာ. .

"အစ်. . . အစ်. . ."

ဇေယျ မြကြာမှုန် မလှုးသာ မလွန့်သာ အခြေအနေ၌ ခေါင်းအုံးနှင့် အားကုန်ဖိကာ အဆုံးစီရင်ပစ်လိုက်လေသည်။

ဆေးပေါ့လိပ်ကို အသာခဲရင်း ပုဆိုးတိုတိုပြင်ဝတ်၊ ပစ္စည်းထုပ်ကို မ,အပြီး၌ မြကြာမှုန်၏ခန္ဓာကိုယ်ပေါ် စောင်တစ်ထည်ခြုံပေးခဲ့ပြီး ညအမှောင်ထုအားကိုးနဲ့ အေးအေးဆေးဆေးပင်ထွက်ခဲ့လေသည်။

ဇေယျ ခြံပြင်ရောက်ချိန်၌ မလှမ်းမကမ်း၌ လက်နှိပ်ဓါတ်မီးရောင် မြင်ရသဖြင့် သစ်ပင်ကြီးတစ်ပင်၏ပင်စည်ကို အသာ





ယ်ကာ စောင့်ကြည့်လိုက်သည်။

လူရိပ်နှစ်ခု။ ခန္ဓာကိုယ်ပုံပန်းအရ နန္ဒနှင့်ဉက္ကာမှန်း သူ ကောင်းစွာသိနေသည်။

မြကြာမှုန်၏ခြံကြီးထဲသို့ ဒင်းတို့ ဝင်သွားသည်ကို ကြည့် ပြီး ကျေကျေနပ်နပ်ကြီးကို ပြုံးမိလေတော့သည်။ အခြေအနေပေး ပါက ဝါးလုံးကွဲအောင် ရယ်ပစ်လိုက်မည့် အခြေအနေမျိုးပင်။

သို့သော် အခြေအနေအရ သူတိမ်းရှောင်ထွက်ပြေး ရလာ တောင်တက်တောင်ဆင်းနဲ့ လူသွားလမ်းတွေသာ ရှိသော သမို့ ပြေးရင်း မောမောနှင့် အိပ်ပျော်သွားစဉ်. . . .

အိပ်မက်ဆိုးလေလား။ တကယ့်အဖြစ်အပျက်လေလား သိနိုင်။ မြကြာမှုန်၏မျက်နှာကြီး ပေါ်လာပြီး. . .

"ဟဲ့. . . ငဇေယျ၊ နင့်ကို သံသရာအဆက်ဆက် ငါမကြေ အသေရအောင် သတ်ပစ်မယ်"

ဟူသောအသံကြီးက တောခြောက် တောင်ခြောက်သကဲ့ ့တင်ထပ်သံတွေ ထပ်လျက် ကြုံးဝါးအော်ဟစ်လျက်ရှိရာ. . .

ဇေယျမှာ အရူးတစ်ယာက်လိုပင် ချုံးပွဲချငိုကြွေးလျက်. .

"ဟီး. . . ဟီး. . . ဟီး"

ချုံးပွဲချငိုကြွေးနေသော ညီရတုကို အသာပုတ်နှိုးလိုက်ပြီး

"ကိုင်း. . . ကိုညီရတု၊ တော်ပြီ. . . တော်ပြီ၊ ခင်ဗျား ည်း မောသွားပြီ၊ ကော်ဖီဖြစ်ဖြစ် ရေဖြစ်ဖြစ် သောက်လိုက်ပါ

ညီရတုသည် မျက်ရည်သုတ်ကာ စားပွဲ၌ ထိုင်လိုက်ပြီး စက်နေပြီဖြစ်သော ကော်ဖီကို တကျိုက်တည်း သောက်ချ

www.burmeseclassic.com



လိုက်ပြီးနောက်. . . .

"ဆရာရယ်. . . အတိတ်ဘဝက ကျိန်စာများလားလို့ ကျွန်တော်တွေးမိပါတယ်၊ အခု ကျွန်တော့်ဘဝက အဲဒီလို အ အကျင့်မျိုး မရှိပါဘူး ဆရာရယ်၊ ကိုယ်ကျင့်တရားကို စောင့်ထိ တဲ့သူပါ"

ဒေါက်တာနေအုပ်စိုးက ဝမ်းနည်းကြေကွဲနေပုံရသေ ညီရတုကို နှစ်သိမ့်မှုတွေ ပေးလိုက်သည်။

"ဟုတ်ပါတယ် ကိုညီရတု၊ ကျွန်တော် ယုံကြည်ပါတယ် အတိတ်ဘဝလို့ ယူဆရင် အတိတ်ကို အတိတ်မှာပဲ ထားခဲ့ ပစ္စုပ္ပန်တည့်တည့်ကိုသာ ရှုမှတ်တာ တရားပဲ၊ ဘာသာတရား လေ့လာကိုင်းရှိုင်းပါ၊ အတိတ်ဘဝကို အာရုံမတိမ်းညွှတ်စေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် မှတ်သား နာယူပါ့မယ်"

"ခုရက်ပိုင်း အလုပ်ကော စိတ်ကိုပါ သိပ်ပြီးဖိစီးမှု မများ ပါစေနဲ့၊ ကျန်းမာရေး ထိခိုက်မယ်"

"ဟုတ်ကဲ့. . . ဆင်ခြင်ပါ့မယ်"

"ဆေးစာ ထပ်ရေးပေးလိုက်မယ်၊ ဆေးမှန်မှန်သောက်ပြီ ထုံးစံအတိုင်း စိတ်ကျန်းမာရေး လေ့ကျင့်ခန်းကိုတော့ မပြတ် လေ့ကျင့်ပေးပါ"

ဒေါက်တာ နေအုပ်စိုး လိုအပ်တာများကို ညွှန်ကြားချက် ပေးအပြီးတွင် ညီရတုက. . .

"ဆရာ"

"ပြော. . . ကိုညီရတု"

"ဆရာကတော်ကို ကျွန်တော့်ဝေဒနာအကြောင်း ပေးမ





ပါနဲ့နော် ဆရာ"

ဟု မဝံ့မရဲလေး ပြောလိုက်သော ညီရတုကို သနား ကရုဏာသက်သွားသလို စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်လာရ လေပြီ။

ပန်းသစ္စာ သိမှာကို စိုးကြောက်နေပုံရသည်ဆိုတော့ ပန်းသစ္စာအပေါ် မျှော်လင့်ချက်များစွာ ထားရှိနေပြီပေါ့။

ပင့်သက်ရှိုက်ရင်း. . .

"စိတ်ချပါ ကိုညီရတု၊ ခုချိန်အထိ စောင့်ထိန်းခဲ့သလို နောင်ကိုလည်း စောင့်ထိန်းသွားမှာပါ၊ ဒီအတွက်တော့ ဝါရီ (Worry) မများပါနဲ့"

"ကျေးဇူးကြီးလှပါတယ် ဆရာ၊ ခုလို မနက်စောစောပိုင်း လာပြီးနှောင့်ယှက်ရတာကိုလည်း ခွင့်လွှတ်ပါ"

"ဟာ. . . ဒီအတွက်လည်း ပြဿနာမရှိပါဘူး၊ ဒီအချိန်ပဲ ကောင်းပါတယ်"

"ဒီလိုကြားရတာ ဝမ်းသာပါတယ် ဆရာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အိုကေဗျာ. . ."

နှစ်ဦးစလုံး စာကြည့်ခန်းထဲမှ ထွက်ခဲ့ကြလေသည်။

စာကြည့်ခန်းမှ ဧည့်ခန်းအဖြတ်တွင် ထမင်းစားခန်းနှင့် မီးဖိုခန်း ကူးချည်သန်းချည် အလုပ်များနေသော နွဲ့အား. . . .

"မမနွဲ့. . . ကျွန်တော်သွားပါဦးမယ်"

"အေးအေး. . . မောင်လေးရေ၊ မနက်ပိုင်းဆို ဆေးရုံချိုင့် ဆိုင်ချိုင့်အတွက် အချိန်မီ ချက်ပြုတ်နေရလို့ကွဲ့"

www.burmeseclassic.com



"ဟုတ်ကဲ့. . . သွားပါပြီ မမနွဲ့"

ညီရတု ထွက်ခွာသွားသည်ကို ဒေါက်တာ နေအုပ်ဖိုး မျက်စိတဆုံးကြည့်ရင်း ယခုမှ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။


"ဒီလူနာသုံးယောက်ရဲ့ ထူးခြားတဲ့ဆက်စပ်မှုတွေနဲ့ ငါ့ဆီ လူနာလာဖြစ်ရတယ်၊ နန္ဒဆိုတဲ့တစ်ယောက်က ဘယ်ကိုများ ရောက်နေပါလိမ့်" ဟူသောအတွေးက သူ့အာရုံထဲသို့ မကြာခဏ တိုးဝင်လာတတ်လေသည်။

"မောင်ရေ. . . . Breakfast စားရအောင်"

နွဲ့၏ဆွဲလည်းသံလေးက သူ့အာရုံကို ဖြတ်တောက်လိုက်လေပြီ. . .။







## အခန်း(၁၈)
## ပူမိသော စလောင်းဖုံး

"ဒီနေ့တော့ တပင်တိုင် မုန့်ဟင်းခါးလေးပဲ မောင်၊ မနေ့က ငါးကျည်းရတာနဲ့ ဆီသတ်ထားလိုက်တာ"

နွဲ့ကလည်း တကယ့်ကို အိမ်ရှင်မကောင်း ပီသလွန်းလှသည်။ ဒေါက်တာနေအုပ်စိုးက. . . .

"ပင်ပန်းတာပေါ့ နွဲ့ရယ်၊ စောစော မောင်အေးတို့ကို မှာရင်လည်း ရတာပဲ"

နေ့ခြံစောင့်နှင့် ညခြံစောင့် အကူးအပြောင်းက မနက်ခြောက်နာရီနှင့် ညနေခြောက်နာရီဖြစ်သည်။ သူတို့ကို ဈေးမှာစရာရှိလည်း မှာနိုင်သည်ပင်ဖြစ်သည်။ ဒါကို ဆိုလို၍ သူပြောလိုက်

www.burmeseclassic.com



ခြင်းဖြစ်သည်။

"ဆိုင်ချက်က ကိုယ့်အိမ်က ချက်တာလောက် ဘယ်သန့်ရှင်းပါ့မလဲ မောင်ရယ်. . . ဘာလိုသေးလဲ"

"မလိုပါဘူး. . . နွဲ့လက်ရာပဲဟာ"

ဒေါက်တာနေအုပ်စိုးက စားသာစားနေရသည်။ အာရုံက မပြတ်နိုင်သေး။

ညီရတု၊ ပန်းသစ္စာနှင့် အောင်ဇင်တို့(၃)ဦး မဆုံစည်းစေရန် မည်ကဲ့သို့ ပြုလုပ်ရမည်နည်းဟု ကြံစည်တွေးတောနေသည်။

"မောင့်"

"အင်. . ."

"ထပ်ယူဦးမှာလားလို့"

နွဲ့က စိတ်မရှည်ဟန်နှင့် မျက်စောင်းချီကာ မေးလိုက်သည်။

သူကလည်း သူပဲ။ အာရုံတွေက လူနာတွေအပေါ် သက်ရောက်နေတာ များများပေကိုး။

"အင်း. . . နည်းနည်းပဲ၊ ဒါထက်. . . နွဲ့"

"ဘာလဲ"

"မောင် တစ်ခုစဉ်းစားမိတာရှိလို့"

"မောင်စဉ်းစားမိတာက တစ်ခုကလို့လား၊ ရေတွက်လို့ မရနိုင်ဘူးမှတ်လား၊ လူနာအကြောင်းမှ ဟုတ်ရဲ့လား"

နွဲ့ကလည်း အကင်းပါးသူပီပီ သူ့အကြောင်း အစင်းသိမို့ အငေါ်တူးလိုက်လေသည်။

သူကလည်း ကိုယ့်အပြစ်နှင့်ကိုယ်ပေမို့ "ဟက်ကနဲ"





တစ်ချက်ရယ်ကာ. . .

"နွဲ့ကလည်းကွာ. . . နွဲ့ပြောလည်း ပြောစရာပါ၊ မောင်က လူနာတွေအပေါ် သိပ်အလေးထားလွန်းတာကို၊ မောင်က ရတောင့်ရခဲ လူ့ဘဝမှာ လူဖြစ်မဆုံးစေချင်တာ မောင့်စေတနာပါ. . . စိတ်ကျန်းမာစေချင်တယ်လေ"

"ကဲပါ. . . မောင်ဘာပြောချင်သလဲ၊ ပြောမယ့်သာ ပြောပါ"

နွဲ့ကော သူကော အချိန်ကို အလုအယက် အသုံးချနေသူများမို့ နွဲ့ စကားစဖြတ်ကာ ဆော်ဩလိုက်သည်။ သို့မှ. . .

"ဒီလိုလေ. . . ညီရတုနှင့် ပန်းသစ္စာဟာ ဝေဒနာတူအုပ်စုဖြစ်နေတယ်"

ဒီတစ်ခါ အံ့အားသင့်သွားသူမှာ "နွဲ့" ဖြစ်သွားလေပြီ။ မျက်ခုံးချီကာ သူ့အား ကြည့်လိုက်ပြီး. . .

"ဟင်. . . ဟုတ်လား မောင်"

"သူတို့နှစ်ဦးစလုံး လျှို့ဝှက်စွာ ဆေးကုသမှု ခံယူနေတာကို မဲ့ပြောဖြစ်ဖို့နဲ့ နောက်တစ်ခုက. . . အင်း. . ."

ဒေါက်တာနေအုပ်စိုး ချင့်ချင့်ချိန်ချိန် စဉ်းစားလိုက်သည်။ နွဲ့သဘောပေါက်စေရန် မည်သို့ပြောရမည်နည်းဟု။

"နောက်တစ်ခုက ဘာလဲ မောင်"

နွဲ့ကလည်း အတော်စိတ်ဝင်စားသွားပုံရသည်။

"စိတ်ဝေဒနာ ကေ့စ်ကလည်း ခပ်ဆင်ဆင်တူနေတာဆိုတော့. . ."

ဉာဏ်ကောင်းသော နွဲ့က ပန်းသစ္စာ ကေ့စ်ကို တွေ့မြင်ပြီး

www.burmeseclassic.com



သားမို့ . .

"အတိတ်ကအရိပ်လို လိုက်နေတဲ့ အိပ်မက်ဆိုး မက်

ခြင်းလား" ဟုပင် နိမိတ်ပြစကားဆိုလေရာ သူမတာတ်နိုင်တော့

"ဆိုပါတော့ . . . ဒါကြောင့် သူတို့ အပြင်မှာ ငြိစွန်း

ရင်လည်း အန္တရာယ်ရှိနိုင်တယ်လေ"

သူ၏မရှုပ်မရှင်း စကားကြောင့် နွဲ့လည်း နားရှုပ်သွား

ရသည်။

"ဟင် . . . ဘယ်လို ဘယ်လို မောင်"

"သြော် . . . သူတို့တွေက စိတ်ဝေဒနာသည်စင်စစ် မဟု

ကြပေမယ့် စိတ်ဝေဒနာကို ကုစားနေကြရတာလေ၊ ဒါကြော

အိမ်ထောင်မပြုကြတာ ကောင်းတယ်လို့ မောင်က ဆိုလိုတာ

"အဲဒါမှ ဒုက္ခပါပဲ"

နွဲ့က အလန့်တကြား ညည်းလေတော့ သူက . . .

"ဟင် . . . ဘာဖြစ်လို့လဲ နွဲ့"

"မပြောချင်ဘူး မောင်ရယ်၊ ညီရတုနဲ့ ပန်းသစ္စာ

အမလေး . . . သူတို့အချင်းချင်း မနေ့ကပဲ ဒိတ်လုပ်ပြီး အပြင်ထွ

စားကြသောက်ကြနဲ့ ဖြစ်နေပြီ"

"ဟာ . . . ဟုတ်လား၊ ခြေလှမ်းတွေက မြန်လိုက်ကြတာ"

"ဟုတ်ပ . . . နွဲ့လည်း အဲဒါပဲ ပြောနေတာ၊ ပန်းသစ္စာ

တော့ စုံစမ်းပါဦးလို့တော့ ပြောထားပါတယ်"

ဒေါက်တာနေအုပ်စိုး သက်ပြင်းချလိုက်သည်။

"ဟင်း . . . အေးလေ . . . ဘေးကနေ ကူညီတည့်မတ်

ရုံပဲ ရှိကြတော့တာပေါ့၊ သူတို့ကံအကြောင်းတရား ရှိသလို လာ





တာကိုး"

ဟု ညည်းတွားသလို ပြောလိုက်သည်။ နွဲ့က နာရီကို မော့

ကြည့်ကာ . . .

"ဟင် . . . ကိုးနာရီတောင် ထိုးတော့မယ်၊ မောင် ဆေးရုံ

သွားဖို့ လုပ်တော့၊ နွဲ့လည်း သိမ်းဆည်းပြီး သွားတော့မယ်" ဟု

အာရုံကို ဖြတ်ချကာ ဇယ်ဆက်သလို အလုပ်များလေတော့သည်။

ဒေါက်တာနေအုပ်စိုး လေးတွဲစွာ ထထွက်ခဲ့လိုက်သည်။

ခေါင်းထဲတော့ အနည်းငယ် နောက်ကျိသွားလေသည်။

ဒီလူနာတွေနှင့် ဆုံလေတိုင်း သူ့၌ တွေးထင်စရာတွေ

စဉ်းစားစရာတွေ အမျှင်တန်းလျက် ကျန်ရစ်ခဲ့တတ်လေသည်။


အင်းလေ . . . ဒါလည်း ဝဋ်ဒုက္ခတစ်မျိုးပါပဲ။

သံသရာ၌ ဒင်းတို့တွေနှင့် ဘယ်လိုများ ပတ်သက်ခဲ့သည်

မသိလေဘဲ . . .။

www.burmeseclassic.com





## အခန်း(၁၉)
## တားဆီးမရနိုင်သော ကြမ္မာအရိပ်

Shopping Mall တစ်လစာ ဈေးဝယ်ကြသူတို့မှာ နွဲ့သဥ္ဇါနွယ်နှင့် ပန်းသစ္စာပင်ဖြစ်သည်။

တွန်းလှည်းလေး ကိုယ်စီတွန်းကာ စာရင်းစာရွက်များကို ကိုင်ကာ တဖြည်းဖြည်းချင်း ဝယ်နေကြသည်။

"ကိုညီရတုပစ္စည်းတွေက တော်တော်ကျယ်ကျယ်ပြန့်ပြန့် ရောက်နေကြပြီနော်"

"ဟုတ်တယ်နော်. . . ဆိုင်တိုင်းမှာ ရှိတယ်"

စကားတပြောပြောနှင့် ဈေးဝယ်အပြီး ကောင်တာ တစ်ဖက်စီ၌ ရှင်းကြလေသည်။ ဒါတောင် စကားက မပြတ်ကြ။





"ဆရာက သိပ်ကံကောင်းတာပဲ၊ မမနွဲ့လို ပါရမီဖြည့်ဖက် ရထားတာ အလုပ်ထဲ စိတ်ရောကိုယ်ပါ နစ်မြုပ်ခွင့် ရထားနိုင်တာပေါ့"

"ဒါတော့ ဒါပေါ့လေ. . . မမလည်း ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ အလုပ်နဲ့မယားကလွဲလို့ ဆရာက ဘာမှစိတ်မဝင်စားလို့လေ. . . ဟင်း. . . ဟင်း. . . ဟင်း"

သူဒါကိုတော့ အမြဲဂုဏ်ယူလေ့ရှိသည်။ မောင်သစ္စာရှိတာ၊ သူ့အပေါ် မြတ်နိုးတွယ်တာ,တာတွေဟာ မိန်းမသားတစ်ယောက်အတွက် ကံကောင်းခြင်း ဂုဏ်အင်တွေပင်။

ရှောပင်းမော၌ ငွေချေအပြီး ကားပေါ်သို့ တက်ကာ နွဲ့သဥ္ဇါနွယ် ဆိုင်ဘက်သို့ ပြန်မောင်းခဲ့လိုက်လေသည်။

ဆိုင်မှာက ပန်းသစ္စာ၏ကားကို ထားခဲ့သည်။ ဒါကလည်း သူပဲ ထားခဲ့ခိုင်းတာဖြစ်သည်။ အဖော်လေးနှင့် ဈေးဝယ်ထွက်ပြီး ဘစ်ခုခု စားသောက်ရတာမှ ပျော်စရာကောင်းသည်မို့လည်း ဖြစ်သည်။

"တန်. . . တန်. . . တန်"

"ဟော. . . ညီမဖုန်းထင်တယ်"

"ဟုတ်ကဲ့ မမနွဲ့၊ ဘယ်နံပါတ်ကြီးပါလိမ့်. . . ဟယ်လို"

" × × × "

ပန်းသစ္စာက ထူးလိုက်ပြီး. . .

"ဟင်. . . ဟုတ်လား၊ ခဏနော်. . . ကျွန်မကြည့်လိုက်ပါဦးမယ်"

ဟု ပြောကာ သူ့လက်ကိုင်အိတ်ကို ဖွင့်ကာ မျက်လုံးမြူး

www.burmeseclassic.com



မျက်ဆံပြူးနှင့် ရှာနေရာ. . .

"ဘာဖြစ်လို့လဲ ညီမ"

နွဲ့သဇ္ဇါနွယ်က မနေသာပဲ မေးလိုက်လေသည်။

"ဟုတ်ကဲ့. . . ပျောက်သွားပါတယ်ရှင်"

ဟု ဖုန်းကိုလည်း ဖြေရင်း သူ့ဘက်သို့လည်း. . .

"ပန်းသစ္စာ အထုပ်ပျောက်သွားလို့ မမ"

"အိုး. . . ဘုရားရေ"

"နွဲ့သဇ္ဇါနွယ် ဘုရားတလိုက်မိလေသည်။

ပန်းသစ္စာက. . .

"ဟုတ်တယ်ရှင့်. . . စိန်အကြွေထုပ်နဲ့အတူ စိန်စီလက်ကောက်(၅)ကွင်း၊ ဒိုင်းမွန်းပုံ စိန်လက်စွပ်(၅)ကွင်း၊ စိန်နဲ့ ပုလဲခတ် လော့ကတ်နှစ်ခု၊ စိန်နားကပ်ခြယ်က (၃)ရံ၊ ဒိုင်းမွန်းပုံ(၂)ရံပါ"

" × × × "

"ဟုတ်ကဲ့. . . ပြောပါရှင်"

နွဲ့သဇ္ဇါနွယ်က ကားကို လမ်းဘေးထိုးရပ်ပေးထားလိုက်သည်။

ပန်းသစ္စာက လိပ်စာတစ်ခုကို မှတ်နေလေသည်။

"ဘားလမ်း ××× ဟုတ်ကဲ့. . . အောင်အိမ်လက်ထရွှန်နစ် ××× ဟုတ်ကဲ့ရှင့်၊ အခုပဲ လာခဲ့ပါ့မယ်. . . ကျေးဇူးတင်ပါတယ်ရှင်"

ဖြူဖျော့သွားသော ပန်းသစ္စာ မျက်နှာလေး အရောင်ပြန်မတက်နိုင်သေးဘဲ. . .

"ဒီလိပ်စာအတိုင်း သွားရအောင် မမနွဲ့၊ ပစ္စည်းထုပ်ကို ကောက်ရထားတယ်တဲ့၊ တော်သေးတယ်. . . ညီမလိပ်စာကတ်တွေ





ပါ ပစ္စည်းအိတ်ထဲ ပါနေလို့. . ."

"သူတော်ကောင်း နတ်မတာပေါ့ကွယ်"

ဟု ပန်းသစ္စာပြသော လိပ်စာကို မှတ်သားပြီး နွဲ့သဇ္ဇါနွယ် ဘားလမ်းကြောင်း ပြောင်းလိုက်လေသည်။

"မမနွဲ့ကိုပါ လိုက်ဒုက္ခပေးသလို ဖြစ်နေပြီ"

"အပိုတွေ ပြောမနေနဲ့ ကောင်မလေး၊ အခုတလော စိတ်တွေက ဘယ်သူ့ဆီ ရောက်နေမှန်းမှ မသိတာ"

"ဘယ်သူ့ဆီ ရောက်ရမှာလဲ၊ မရောက်ပါဘူးနော်. . . မရောက်ပါဘူးနော်"

ပန်းသစ္စာမျက်နှာလေး သွေးရောင်ပြန်တက်လာလေသည်။

"ကောက်ရတာ ဘယ်သူတဲ့လဲ"

"အောင်အိမ်လက်ထရွှန်နစ်က ကိုအောင်ဇင်တဲ့ မမနွဲ့၊ ဘာလဲတော့ မသိဘူး၊ အဲဒီမှာ စောင့်နေပါ့မယ်တဲ့"

"ဟုတ်လား. . . တကယ့်သူတော်ကောင်းပဲ၊ အင်း. . . ခေတ်ကြီးမှာ ဒီလိုရိုးသားပြီး စာရိတ္တကောင်းတဲ့မျိုးက ရှားတယ်နော်"

နွဲ့သဇ္ဇါနွယ်က တွေးတွေးဆဆလေး ပြောလိုက်လေသည်။

ဘားလမ်းတစ်လျှောက် ကားကို တဖြည်းဖြည်းချင်း ကပ်မောင်းကာ မျက်စိရှင်ရှင်နှင့် ကြည့်ကြသောအခါ. . .

"ဟော. . . ဟိုမှာ မမနွဲ့"

"အောင် အိမ်လက်ထရွှန်နစ်" ဆိုင်းဘုတ်ကို လှမ်းတွေ့လိုက်ရလေပြီမို့ ထိုဆိုင်ရှေ့နှင့် အနီးတွင် ကားရပ်ရန် ရှာဖွေနေစဉ်

www.burmeseclassic.com



နေရာဦးထားပုံရသော ဆိုင်းဘုတ်ကို အသာမကာ ဖယ်ပေးရင်း သားနားရည်မွန်သော သူတို့နှင့် သက်တူရွယ်တူ လူတစ်ဦးက. . .

"ပန်းသစ္စာ ထင်တယ်၊ ကားဒီထဲ ထိုးရပ်လိုက်ပါ။ ကျွန်တော်၊ အောင်ဇင်ပါ"

"ဟုတ်ပါတယ်ရှင်. . . ကျေးဇူးတင်လိုက်တာရှင်"

ဟု ပန်းသစ္စာက လှမ်းတုန့်ပြန်လိုက်သည်။

"ဆိုင်ကားရပ်ရန်"

ဟူသော ဆိုင်းဘုတ်ဖြစ်သည်။ ကိုအောင်ဇင် ဖယ်ရှားပေးအပြီး နေရာလွတ်ကို နွဲ့သဇ္ဇါနွယ် ကားနောက်ဆုတ်ကာ နေရာယူလိုက်သည်။ တော်တော်လေး ရည်မွန်ပြီး ကြံ့ခိုင်တတ်သူ စေ့စပ်သူပေပဲဟု နွဲ့သဇ္ဇါနွယ် မှတ်ချက်ချရင်း ပန်းသစ္စာနှင့်အတူ အဖော်ပြုလျက် ထိုသူနောက်ကို လိုက်ပါခဲ့လေသည်။

ဆိုင်အတွင်း ဖြတ်ဝင်ကာ သီးသန့်ဖွဲ့ထားသော အခန်းတွင်းသို့ ဦးဆောင်ခေါ်ခဲ့လေသည်။

"ထိုင်ကြပါဦးခင်ဗျ"

နေရာယူပြီးကြသည်နှင့် ပစ္စည်းထုပ်ကို စားပွဲပေါ် တင်ကာ ဖွင့်ပြရှာလေသည်။

"သေသေချာချာ စစ်ယူပါ ခင်ဗျာ"

ပန်းသစ္စာက ပစ္စည်းများကို သူ့ပစ္စည်းဟုတ်မဟုတ် သေချာစွာ ကြည့်ရှုပြီး စိန်ကြွေများကို စစ်ဆေးနေစဉ်. . .

"ကျွန်တော် ရွှေပင်းမောမှာ ကောင်တာမှာ ငွေရှင်းတော့ ကျွန်တော့်အရင် သူရှင်းတယ်လေ၊ အဲဒီမှာတောင် ပစ္စည်းတွေ ထွက်ကျလို့ ပြန်ကောက်ထည့်တာ တွေ့ရသေးတယ်"





"ဟုတ်တယ်. . . ကျွန်မတောင် ဘောလ်ပင်လေး ကောက်ပေးလိုက်သေးတယ်"

"အဲဒီမှာ ကျွန်တော့်အလှည့်ရောက်တော့ ခြင်းတောင်းအချနားမှာ ဒီအထုပ်လေး ကောက်ရတော့တာပဲ၊ ဒါနဲ့ ပိုင်ရှင်လက်ထဲ အရောက်ပြန်ပို့မယ်ဆိုတဲ့စိတ်ကူးနဲ့ ကျွန်တော်သိမ်းယူထားပြီး ပစ္စည်းရှင်းထွက်ခဲ့ပြီး ကားပေါ် ရောက်တာနဲ့ စစ်ကြည့်တော့ ပန်းသစ္စာ လိပ်စာကတ် ပါလာပေလို့သာပေါ့ဗျာ၊ ကျွန်တော်လည်း မပင်ပန်းတော့ဘူးပေါ့"

နွဲ့သဇ္ဇါနွယ် သဘောကျသွားသည်။

"အကယ်၍ လိပ်စာကတ် မပါရင်ကော ကိုအောင်ဇင်"

"ဒါဆို သတင်းစာထဲ ကြော်ငြာထည့်ခေါ်ရမှာပေါ့ဗျာ၊ သက်ဆိုင်သူ အစစ်အမှန်ကတော့ ရောက်လာမှာ မဟုတ်ဘူးလား"

"အင်း. . . တော်သေးတာပေါ့၊ ဥစ္စာရှင်းမှန်လို့ သူတော်ကောင်းလက်ထဲ ရောက်ပြီး ပြန်ရပေတာပဲပေါ့"

နွဲ့သဇ္ဇါနွယ်တို့ စကားကောင်းချိန်၌ ပန်းသစ္စာက ပစ္စည်းများကို သိမ်းဆည်းအပြီး. . .

"ကျွန်မတော့ ဒီက အစ်ကိုကို ဘယ်လိုကျေးဇူးတုန့်ပြန်ရမှန်း မသိအောင်ကို ကျေးဇူးတင်ပါတယ်ရှင်၊ တကယ့်ကို သူတော်ကောင်းနဲ့ တွေ့ပေလို့သာပဲ"

"ဒီလိုလည်း မဟုတ်ပါဘူးလေ၊ ကျွန်တော်က ဘာသာရေးအဆုံးအမနဲ့ ကြီးပြင်းတဲ့လူဆိုတော့ ကိုယ်ကျင့်တရားကို ခါးဝတ်ပုဆိုးလို မြဲမြဲတဲ့သူမို့လို့ပါဗျာ"

အောင်ဇင်ဆိုသောသူ၏ ရည်မွန်မှုကို နွဲ့သဇ္ဇါနွယ်

www.burmeseclassic.com



သဘောကျမိသည်။ လုပ်ထုံး၍မရသော ပင်ကိုယ်စရိုက်ဟန်ပန်ဟု လည်း အကဲခတ်မိသည်။

မျက်နှာပြင်ပေါ်၌ နူးညံ့သောအရေးအကြောင်းများကို တွေ့မြင်ရသဖြင့် ဘာသာရေး အတော်လိုက်စားဟန်လည်း ရှိသည် ဟု သုံးသပ်မိသည်။

"အအေးသုံးဆောင်ကြပါဦးခင်ဗျာ. . . ရင်လည်း တော် တော်ပူသွားမှာပေါ့"

"ဟာ. . . မဟုတ်တာရှင်၊ ပစ္စည်းပြန်ပေးသူက ပြန်ပြီး ဧည့်ခံနေရတယ်လို့၊ အားနာစရာတွေ ဖြစ်ကုန်ပြီရှင်"

နွဲ့သဇ္ဇါနွယ်က အားနာပါးနာနှင့် ငြင်းဆန်လိုက်ရာ. . .

"မဟုတ်တာဗျာ. . . ကျွန်တော်က အိမ်ရှင်ပဲဟာ. . . ဧည့်ခံရမှာပေါ့"

"ကျွန်မလည်း ထူပူသွားတာနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ကျွန်မက ပန်းသစ္စာပါ၊ ဒီက အစ်မကတော့ ဒေါ်နွဲ့သဇ္ဇါနွယ်ပါ၊ သဇ္ဇါသစ္စာ စိန်ရွှေရတနာဆိုင်ပိုင်ရှင်ပါ၊ ဒီက အစ်ကိုရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်း မသိအောင် ကျေးဇူးတင်ပါတယ်"

"ရပါတယ် ညီမရယ်၊ ကူညီခွင့်ရလို့ ကူညီရတာကိုက မင်္ဂလာတစ်ပါးပါခင်ဗျာ၊ ကျွန်တော်ကတော့ အောင်ဇင်ပါ၊ ဒီဆိုင် ပိုင်ရှင်ပဲ ဆိုပါတော့ခင်ဗျာ၊ ဒီမှာ ကတ်ပါခင်ဗျာ၊ လျှပ်စစ်ပစ္စည်းနဲ့ ပတ်သက်လာရင် ကျွန်တော် ကူညီပေးပါ့မယ်"

"အခု အကူအညီနဲ့တင် ပြည့်စုံနေပါပြီ"

"ကိုင်း. . . အအေးလည်း သောက်လို့ကုန်ပြီ၊ ကျေးဇူးတင် ပါတယ်"





နှစ်ဦးသား ကိုအောင်ဇင်ကို နှုတ်ဆက်ပြီး ပြန်ထွက်အလာ တွင် ကိုအောင်ဇင်မှာ ကားပြန်ထွက်နိုင်သည်အထိ အကူအညီပေး လေသည်။

"သွားပါပြီ ကျေးဇူးရှင်ကြီးရေ"

"ဟုတ်ကဲ့ပါဗျာ. . ."

ပန်းသစ္စာနှုတ်ဆက်ပုံလေးက သင်းပျံ့လှသည်။ ကိုအောင် ဇင်မျက်နှာက အရိုးခံသက်သက် ရှိနေသည်။

"အင်း. . . ခုတစ်လော ပန်းသစ္စာတို့ ကံထနေတယ် ထင် ပါရဲ့နော်၊ စုတ်ကောလာဘ်ကော ဝင်ကိန်းတွေပါလား"

"ဟွန်း. . . မမနွဲ့ကလည်း၊ လူပျိုမှန်းမသိ လူအိုမှန်းမသိ၊ ဒီမှာဖြင့် ပစ္စည်းထုပ်အကြောင်း တွေးမိရင် ကြက်သီးထလွန်းလို့ပါ၊ မတော်သူရဲ့လက်ထဲ ရောက်သွားရင် သွားပြီ၊ ရှာထားသမျှ အရင်း တော့ အပြုတ်ပါပဲ"


"အင်း. . . ဥစ္စာရှင်းမှန်တော့ ပြန်တွေ့တာပေါ့၊ မိဘကို လုပ်ကျွေးနေတဲ့သူပဲ၊ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက မကြည့်ဘဲ မနေပါဘူးကွယ်"

ဟု နွဲ့သဇ္ဇါနွယ်က ရဲရဲကြီး မှတ်ချက်ချလိုက်လေတော့ သည်။

❦ ❦ ❦

www.burmeseclassic.com





## အခန်း (၂၀)
## ကူးစက်လာသော ဝေဒနာ

"အဲတော့. . . မရွှေသစ္စာ၊ ဘယ်က ဘယ်လို ပေါက်ချလာတာလဲ"

နွဲ့သဒ္ဒါနွယ်က ရွှေဝယ်သူများ ဈေးဆစ်မှုကို မန်နေဂျာက မနိုင်သောအခါမှ သူ့ထံ တင်ပြလာခြင်းကို သူက တွက်ချက်၍ လျှော့တန်လျှော့ပေးရသည်။

ဝယ်သူအများက အလျှော့တွက်ကိုသာ ဆစ်လို့ရတော့ အလျှော့တွက်ကိုပဲ ကပ်သီးကပ်သတ် ဆစ်ကြလေသည်။

ထိုအချိန်တွင် ပန်းသစ္စာ ရောက်လာခြင်း ဖြစ်သည်။

"ခဏထိုင်ဦး ညီမ. . . လာမယ်"





ပန်းသစ္စာမျက်နှာက သကာရည်လောင်းထားသလို ချိုမြနေလေသည်။

'ရွှေ'မျှလောက်ကိုသာ လျှော့တန်သလောက် လျှော့ပေးပြီးနောက် သီးသန့်ခန်းထဲ ဝင်ခဲ့လိုက်သည်။

"ဆိုစမ်း. . . ဘယ်သူနဲ့ ဒိတ်လုပ်လာလို့ ပျော်မြူးနေတာလဲ"

"ကိုအောင်ဇင်နဲ့"

သူက အရှုတ်အနောက်အမေးကို ပန်းသစ္စာက အရှုတ်အနောက် ပြန်ဖြေတာလား။ တမင်အတည်ဖြေတာလား နွဲ့သဒ္ဒါနွယ် မခွဲခြားနိုင်ဘဲ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ. . .

"ဟင်. . . မနေ့ကမှ စတွေ့တဲ့လူနဲ့"

"ဟုတ်တယ်လေ. . . မနေ့ကမှ တွေ့တဲ့သူက ကျေးဇူးရှင် သွားတော့ ဖေဖေ မေမေတို့ကို ပြန်ပြောပြတာ၊ ချက်ချင်း ထမင်း ဖိတ်ခိုင်းလိုက်လို့. . ."

"အိုး. . . ဟုတ်ပေသားပဲ၊ သူ့ကျေးဇူးကလည်း နည်းမှနည်းတာ၊ အဲဒီတော့ သွားဖိတ်ပြီးပြီလား"

"ပြီးပြီ. . ."

"ခြေလှမ်းသွက်လှချေလား"

"သွက်ဆို. . . ခုပဲ လိုအပ်တာလေး ဝယ်ပြီး ပြန်ပြီး ချက်ပြုတ်ပေးရဦးမယ်"

"ဘယ်အချိန် ဖိတ်ထားလို့လဲ"

"ညနေစာ. . . မမနွဲ့ပါ လာစားပါလား"

"နိုး. . . နိုး. . . ဆေးရိုးသည် အဖြစ်မခံနိုင်သလို ကျုပ်

www.burmeseclassic.com



မောင်တော်ကို ပြုစုရတဲ့ ညနေစာ အခွင့်အရေးလေးကို မဖျက်ဆီး ရက်ပါဘူးတော်"

နွဲ့သဒ္ဒါနွယ်၏ရင်ထဲက လာသောစကားနှင့်ပင် အမော်ကြည်းတစ် တူးလေး ဖြေလိုက်လေသည်။

"ဟင်း. . . မမနွဲ့ကလည်းလေ၊ ဩော်. . . ကိုအောင်ဇော က ထူးဆန်းတယ်. . . သိလား မမနွဲ့"

"ဘယ်လိုထူးဆန်းတာလဲ"

"သူ အသက်နှစ်ဆယ်ကတည်းက သက်သက်လွတ် တာ ခုချိန်ထိပဲတဲ့၊ နောက်ပြီး အင်္ကျီအဖြူပဲ ဝတ်တယ်တဲ့"

နွဲ့သဒ္ဒါနွယ် မျက်ဝန်းဝယ် လည်ကတုံးအင်္ကျီနှင့် ချည်ဖော ယောပုဆိုးလေး ဝတ်ကာ ပကတိအေးချမ်းလျက် ကျက်သရေ သော ကိုအောင်ဇင်ကို မြင်ယောင်ရင်း. . .

"အင်း. . . ဖြစ်နိုင်တယ်. . . သူတော်ကောင်း"

"အိမ်ထောင်မရှိသေးဘူးတဲ့"

"ဆတော်ကြီး ရုပ်ကိုး"

"အဲဒါ သူ့ကို ဘာလက်ဆောင်တွေ ပေးရမယ်ဆိုတာ လို့ ယောကျ်ားတွေအကြိုက် မမနွဲ့များ သိနိုင်မလားလို့"

နွဲ့သဒ္ဒါနွယ်က နှုတ်ခမ်းနှစ်လွှာကို လှလှပပလေး မဲ့ ပြီး. . .

"အလိုတော်. . . ကျုပ်ယောကျ်ားအကြိုက်ပဲ ကျုပ်သိ ပေါ့တော်၊ အခြားသူစိမ်းယောကျ်ားတွေအကြောင်း သိနိုင်ပါ့မ လို့. . ."

"အဆောင်အယောင်တွေကိုလည်း မက်ပုံမရဘူး လေ၊ အဲဒါနဲ့ သိလိုက်တာပါ မမနွဲ့ရယ်"





"ဒါဆို လွယ်ပါတယ်၊ သက်သက်လွတ်သမားဆို သစ်သီး ခြင်းတစ်ခြင်းနဲ့ ရယ်ဒီမိတ် အကောင်းစား ရှပ်လည်ကတုံး အဖြူ ချည်ချောလုံချည်ပုဆိုး၊ ပိုးချည်ပုဆိုးရယ်၊ မျက်နှာသုတ်ပုဝါ၊ ရယ် ဝယ်ကန်တော့လိုက်ပေါ့"

"အင်း. . . ကောင်းတယ် ကောင်းတယ်၊ မမနွဲ့ ပေးတဲ့ အကြံကောင်းတယ်၊ ဒါကြောင့် မမနွဲ့ကို ဆရာက ပစ်မပုန်းတဲ့ ချစ်ဆုံးကြီး ဖြစ်နေတာ ဖြစ်မယ်"

"နေစမ်းပါဦး. . . ညည်းက သူကို လူပျိုမှန်း ဘယ်လိုမေးလိုက်တာလဲ"

နွဲ့သဒ္ဒါနွယ်က မိန်းမသား သဘာဝပီပီ အောင့်အည်း အားနိုင်သည်တို့ကို စပ်စုလိုက်သည်။

ပန်းသစ္စာက "ဟက်ကနဲ" တစ်ချက်ရယ်လိုက်ပြီး. . .

"ဟက်. . . ဒါများ မမနွဲ့ရယ်၊ ဘာခက်တာမှတ်လို့လဲ၊ ကိုအောင်ဇင်ရဲ့တစ်မိသားစုလုံး ဇနီးသားသမီးတွေအားလုံးကို ကောင်းစားကြွခဲ့ပါလို့ ဖေဖေနဲ့မေမေက ဖိတ်ခိုင်းလိုက်လို့ပါလို့ပေါ့"

"အဲဒီတော့. . ."

"အဲဒီတော့. . . သူက ရယ်ပြီး ဒါဆို မပန်းသစ္စာတော့ အလုပ်များပြီ၊ ကျွန်တော်က မိသားစုများတယ်၊ ပန်းသစ္စာက လောက်များများ တစ်ဒါဇင်ဖြစ်ဖြစ် ကြွခဲ့ပါဆိုတော့ သူက ပြီး ကျွန်တော်တစ်ယောက်တည်းပဲ လာရမှာပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ တစ်ကိုယ်ရေတစ်ကာယ အထီးကျန်သမား လူပျိုကြီးမို့ပါ

www.burmeseclassic.com



"အင်း. . . ဖြစ်နိုင်ပါတယ်"

သူ့စိတ်ထဲ ဘာကြောင့်ရယ်မသိ ညီရတု ရုပ်သွင်နှင့် အောင်ဇင်၏ရုပ်သွင်ကို နှိုင်းယှဉ်မြင်ယောင်ရင်း နွဲ့သဒ္ဒါနွယ် ပင့်သက်ရှိုက်လိုက်မိသည်။

ပန်းသစ္စာကတော့. . .

"ကိုင်း. . . ဒါဖြင့် ပန်းသစ္စာ လုပ်စရာလေးတွေရှိလို့ သွားတော့မယ်၊ မမနွဲ့နဲ့ ဆရာ့ကိုလည်း သီးခြားဖိတ်ကျွေးရဦးမယ် တာ့တာ. . . သွားပြီ"

"ရပါတယ်. . . ဒုက္ခမခံနဲ့"


နွဲ့သဒ္ဒါနွယ်က ကြော့ကြော့လေး ထွက်သွားသော ပန်းသစ္စာ၏နောက်ပိုင်းအလှကို ကြည့်ရင်း ခေါင်းထဲ အတွေးရောက်လာပြန်သည်။

"အင်း. . . ရောဂါသည်ချင်း မဟုတ်ဘဲ ပန်းသစ္စာကို ကိုအောင်ဇင်နဲ့ဆိုရင်ကော ဖြစ်နိုင်မလားလို့ မောင့်ကို မေးကြည့်ဦးမှပဲ"

ဟူသောအတွေးပင်ဖြစ်သည်။







## အခန်း(၂၁)
## ညှိနှိုင်းရပြီ

နွဲ့သဒ္ဒါနွယ် ကောင်းကောင်း သင်ခန်းစာ ရနေလေပြီ။

ညနေထမင်းစားချိန်တွင် ခင်ပွန်းအား လူနာအကြောင်းကို လုံးဝစကားမဟဘဲ ထားလိုက်သည်။

ထမင်းစားပြီး အသီးအနှံလေး အချိုတည်းချိန်ကျမှ. . .

"မောင်ရေ"

"ပြောလေ နွဲ့"

ဒေါက်တာနေအုပ်စိုးက ကျန်းမာရေးဂျာနယ်၌ သူရေးထားသောဆောင်းပါးအပြင် အခြားရောဂါအစိတ်အပိုင်းဆိုင်ရာ ကျန်းမာရေးဆောင်းပါးများကို ဖတ်ရှုနေရာမှ မျက်နှာမလွှဲဘဲ နှုတ်

ကသာ ထူးလိုက်သည်။

“ပန်းသစ္စာက ဝေဒနာတူ အချင်းချင်းနဲ့သာ အိမ်ထောင်မပြုရတာလား၊ ရောဂါဝေဒနာ မရှိတဲ့ အခြားသူနဲ့ဆိုရင်ကော အိမ်ထောင်ပြုနိုင်သလား”

“ဟင်. . .”

ဒေါက်တာနေအုပ်စိုး ဂျာနယ်ကို မျက်နှာမှ ခွာလိုက်ပြီး စားပွဲပေါ် တင်လိုက်လေသည်။

နွဲ့သဒ္ဒါနွယ် စိတ်ထဲ ကြိတ်၍ပြုံးလိုက်မိလေသည်။ သိသားပဲ. . . သူ့လူနာနဲ့ ပတ်သက်လာလျှင် မနေနိုင်ဘူးဆိုတာ. . . ဟွန်း။

“ပန်းသစ္စာက ညီရတုအပြင် အခြားလူ တွေ့ထားသေးလို့လား”

ဒေါက်တာနေအုပ်စိုးက စိတ်ဝင်စားစွာ မေးလိုက်လေသည်။

နွဲ့သဒ္ဒါနွယ်က အကဲစမ်းသည့်အနေနှင့်. . .

“တွေ့ထားတယ်ဆိုရင်ကော မောင်. . . နွဲ့ဘယ်လို အကြံဉာဏ်ပေးရမလဲ”

“နွဲ့ကို သူက တိုင်ပင်လို့လား”

ဒေါက်တာနေအုပ်စိုးကလည်း အကင်းပါးစွာဖြင့် ဝေ့လည်ကြောင်ပတ် မေးခွန်းပြန်ထုတ်လေသည်။

နွဲ့သဒ္ဒါနွယ် သိပ်စိတ်မရှည်ချင်တော့။

“တိုင်လည်း မတိုင်ပင်ဘူး၊ ဒါပေမယ့် နွဲ့စိတ်ထဲမှာ သိချင်နေလို့ မေးတာ”

“ပန်းသစ္စာ ရောဂါရှင်းရှင်းပျောက်သွားမှ စဉ်းစားတာပဲ





ကောင်းမယ်ထင်တယ်”

“အင်း. . . ပန်းသစ္စာရောဂါကို နားလည်ပြီး ဖေးမပေးနိုင်မယ့် ယောကျ်ားဆိုရင်ကော မောင်”

နွဲ့သဒ္ဒါနွယ် နောက်သို့ တစ်လှမ်းဆုတ်ပြီးမှ ရှေ့သို့ တစ်လှမ်းတိုးလိုက်လေသည်။

“ခုခေတ်ကြီးမှာ အဲဒီလိုယောကျ်ားမျိုး ရှားပါတယ်၊ အင်းလေ. . . ရှေ့ဖူးစာရှင် မှန်လာရင်တော့လည်း အကြောင်းဆက် နိုင်ကြပေမပေါ့”

ခင်ပွန်းကလည်း ဝေ့လည်လည်မို့ နွဲ့သဒ္ဒါနွယ် စိတ်မရှည်တော့။

“ရှေ့ဖူးစာကံက ဖက်လာပြီထင်တယ်၊ ပန်းသစ္စာ လူတစ်ယောက်နဲ့ တွေ့နေပြီ မောင်၊ ဒီလို ×××”

ခင်ပွန်းက သေသေချာချာ နားထောင်ပြီး. . .

“အဲဒီလူနာမည် ဘယ်သူ. . .”

“ကိုအောင်ဇင်တဲ့. . . အသက်(၃၀)လောက်ပဲ”

ဒေါက်တာနေအုပ်စိုး ခန္ဓာကိုယ် တောင့်ကနဲ ဖြစ်သွားသည်။ နာမည်တူ လူတူမရှားပေလား။ ပိုမိုသေချာရန်. . .

“ဘာလုပ်သလဲ”

“အောင် အီလက်ထရွန်နစ် ပိုင်ရှင်ပဲ၊ ဘားလမ်းအလယ်ဘလောက်မှာ. . .”

“ဘာ. . .”

ဒေါက်တာနေအုပ်စိုး အလန့်တကြား အော်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ မောင့်ရဲ့"

နွဲ့သဒ္ဒါနွယ် ခင်ပွန်းကို တအံ့တသြဖြစ်ကာ မေးလိုက်လေသည်။

"လောကကြီးက ဒီလောက်တောင် ဆန်းကြယ်မှုတွေ ရှိနေတတ်လား၊ မဖြစ်ဘူး နွဲ့. . . မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ မောင်၊ နွဲ့ကိုလည်း အသိပေးသင့်တာပေးထားမှပေါ့၊ တော်ကြာ ဘုမသိ ဘမသိနဲ့ နွဲ့ပါ သူတို့ကို အမှားလုပ်မိတဲ့ထဲ ရောပါနေရင် မခက်ပါလား"

နွဲ့သဒ္ဒါနွယ် အကွက်ဆိုက်ပြီမို့ သူလိုချင်သောပွိုင့်ကို ချပြလိုက်သည်။

"နွဲ့ပြောတဲ့ အောင်ဇင်ဟာ သက်သတ်လွတ်စားတယ်၊ လည်ကတုံး ရှပ်လက်ရှည်အဖြူပဲ ဝတ်တယ်. . . ဟုတ်တယ်မှတ်လား"

"ဟင်. . . ဟုတ်တယ်၊ ဒါတွေ မောင်ဘယ်လိုလုပ်သိသလဲ၊ နွဲ့ပြောတဲ့အထဲ အသေးစိတ် ဘာမှမပါပါဘူး"

"မောင်သိတာပေါ့. . . ဘာဖြစ်လို့လဲဆိုတော့ အောင်ဇင်ဟာလည်း မောင့်လူနာဖြစ်နေလို့ပဲ"

"ဘုရားရေ"

ဒီတစ်ချီတွင်တော့ အံ့သြမှုအပေါင်း သရဖူ ဆောင်းသွားရသူက နွဲ့သဒ္ဒါနွယ်ပင် ဖြစ်လေတော့သည်။

သူ့ရင်ဘတ်ကလေးကိုပင် သူ့လက်နှစ်ဖက်နှင့် ဖိလျက် ခင်ပွန်းကို မျက်လုံးအပြူးသားနှင့် ကြည့်နေမိလေသည်။

ဒေါက်တာနေအုပ်စိုးက. . .





"သိပ်အံ့သြသွားသလား နွဲ့၊ မအံ့သြပါနဲ့. . . ဒီထက်အံ့သြစရာ ရှိသေးတယ်၊ အောင်ဇင့်ရောဂါကလည်း ပန်းသစ္စာ၊ ညီရတုတို့လို အုပ်စုတူ အမျိုးအစားပဲ"

"ဘုရား. . . ဘုရား၊ အတိတ်က အရိပ်မဲလို အိပ်မက်တွေရဲ့နှောင့်ယှက်မှု ခံနေကြရရှာတဲ့သူတွေပေါ့"

"ဟုတ်တယ်"

"မောင်ရယ်. . . သူတို့ရောဂါက မပျောက်နိုင်တော့ဘူးလား"

"ဒါ သူတို့ရဲ့စိတ်ခံယူနိုင်မှု အခြေအနေပေါ် မူတည်ပြီး တွန်းလှန်နိုင်ရင် ရပြီ၊ သမာဓိအားကောင်းကောင်းနဲ့ အတိတ်ကို အတိတ်မှာထား၊ အနာဂတ်ကို အနာဂတ် ပို့ထားပြီး ပစ္စုပ္ပန်တည့်တည့်ကိုပဲ ရှုမှတ်လက်ခံမယ်ဆိုရင် ဘာကမှ မနှောင့်ယှက်နိုင်တော့ဘူး၊ နှောင့်ယှက်ရင်လည်း မတုန်လှုပ်ဘဲ ဝေဖန်ပိုင်းခြား ဆင်ခြင်သုံးသပ်နိုင်မယ်ဆိုရင် ဘာဝေဒနာ ဘာရောဂါမှ ဝင်မလာဘူးပေါ့"

"အင်း. . . နွဲ့နားလည်ပါတယ်၊ ရောဂါပျောက်ဖို့ကိုပဲ ဝိုင်းဝန်းကူညီပေးရဖို့ပဲ ရှိတာပေါ့နော် မောင်"

တစ်တောင်ပြလျှင် တစ်လံမြင်သော နွဲ့သဒ္ဒါနွယ်ကို ဒေါက်တာနေအုပ်စိုးက ကျေနပ်စွာ ပြုံးကြည့်ရင်း. . .

"ဟုတ်တယ် နွဲ့. . . အိမ်ထောင်ရေးဆိုတဲ့ ကဏ္ဍကြီးကို သူတို့အတွက် ခဏဘေးဖယ်ထားပြီး ရောဂါပျောက်ကင်းဖို့အရေးကိုသာ ကြိုးစားပေးကြရအောင်၊ နွဲ့လည်း ဒါကိုပဲ ကြံတဲ့လူကို ကြံသလို မသိမသာလေး နားချပေးပါ၊ သိသိသာသာဆိုရင် အားငယ်စိတ်ပါ ဝင်ပြီး ဒီပရက်ရှင်ပါ ဝင်လာရင် ခက်မယ်"

www.burmeseclassic.com




"ဟုတ်ကဲ့ပါ မောင်. . . နွဲ့သဘောပေါက်ပါပြီ"

အကင်းပါးသော နွဲ့သဒ္ဒါနွယ်က ခင်ပွန်းက ထုတ်မပြောသော်လည်း အုပ်စုတူဝေဒနာဆိုကတည်းကံရယ်၊ ဆန်းကြယ်တဲ့လောကရယ်ဆိုကတည်းက သူတို့သုံးဦးသည် အတိတ်ဘဝ၌ ဆက်စပ်လျက်ရှိနေမည်ဟု တွေးမိပြီး ပန်းသစ္စာ ပြောသော မြကြာမှုန်၏ဘဝဇာတ်ကြောင်းကို မြင်ယောင်ကြည့်သောအခါ ကြက်သီးမွေးညင်းထလျက်. . .။

❋❋ ❋❋ ❋❋







အခန်း(၂၂)

အောင်ဇင်၏ဝေဒနာဆိုး

ဒေါက်တာနေအုပ်စိုး ဆေးခန်းပိတ်ခါနီးအချိန်ရောက်မှ ပျာယီးပျာယာနှင့် ရောက်လာသူက ကိုအော ဇင်။

"ဆရာ. . . ဆရာရေ. . . ကယ်ပါဦး၊ ကျွန်တော် အသက်ရှူမရတော့ဘူး"

ဟန်ဆောင်ခြင်း ကင်းမဲ့သူ ကိုအောင်ဇင်မှာ ထုံးစံအတိုင်း ပျော့ညံ့စွာ ညည်းတွားလေသည်။

"ထိုင်ပါဦး ကိုအောင်ဇင်. . . ဘယ်လိုဖြစ်ရပြန်တာတုံး"

"ဟုတ်ပါတယ် ဆရာ၊ တော်တော်ကြာ ပျောက်နေပြီးမှ သူတို့ ပြန်ရောက်လာကြပြန်ပြီ"

www.burmeseclassic.com



ဒေါက်တာနေအုပ်စိုး သိနေပါသည်။ သူတို့၏ဘဝဟောင်းက ကျိန်စာဓာတ်သက် နိုးထလာတာပဲ ဖြစ်ချေမည်။

"ကဲ. . . အိပ်ယာပေါ် လှဲပြီး စိတ်တည်ငြိမ်အောင် ကြိုးစားလိုက်ပါဦး"

"ဟုတ်ကဲ့ပါ ဆရာ"

"အသက်မှန်မှန်ရှူ. . . ရှူ. . . ပြန်ထုတ်၊ ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဆက်ရှူနေ"

ဒေါက်တာနေအုပ်စိုး အောင်ဇင်၏ File ကို ရှာကာ မှတ်တမ်းဆက်ယူရပြန်သည်။

"ဟုတ်ပြီ. . . ရပြီနော်"

"ဟုတ်ကဲ့. . ."

"ဒါဆို. . . ခင်ဗျားမြင်သမျှတွေ ပြောပါဦး"

အောင်ဇင် ပြောသမျှကို ဒေါက်တာနေအုပ်စိုး သေသေချာချာ အာရုံစိုက် နားထောင်ရလေသည်။

အောင်ဇင်က ဥက္ကာအဖြစ်သို့ ပြောင်းလဲသွားပြီး. . .

ဆ ဆ ဆ ဆ





တစ်နေ့. . .

ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် အရက်အတူ သောက်ကြရင်း မူးမူးနဲ့ ပြောလိုက်တာများ မြကြာမှုန်အကြောင်းပါ ပါကုန်တယ်။

ဒီအချိန်မှာ ဘယ်အချိန်ကများ ဇေယျဆိုတဲ့အကောင် လစ်ထွက်သွားမှန်း မသိလိုက်ပါဘူး။ ဆိုင်ရှင်နှိုးလို့ နိုးလာတော့ အမူးမပြယ်နိုင်သေးလို့ မျက်နှာပေါ် ရေလောင်းချပြီး နန္ဒကိုလည်း ရေနဲ့ လောင်းချပြီး နှိုးရတာပေါ့။

"ဇေယျကော"

"ဒီကောင် လစ်သွားပြီ"

"ဘယ်ကိုလဲ"

"မြကြာမှုန်ဆီ ဖြစ်မှာပေါ့"

"ဒါဆိုမဖြစ်ဘူး. . . လိုက်မှ၊ ဒီကောင် ဖော်ကောင်လုပ်သိမ့်မယ်ထင်တယ်"

"ဟုတ်တယ်"

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ခတ်မီးတစ်လက်နဲ့ ရွာစွန်က
မြကြာမှုန်အိမ်ကြီးဆီကို သုတ်ခြေတင်ကြတာပေါ့။

ဇေယျက သိပ်ပါးတဲ့ကောင်၊ သူအရက်တိုက်ပြီး အစ်မေ
တာကို ကျွန်တော်တို့ ခံလိုက်ရပြီဆိုတာလည်း ရိပ်မိလိုက်သည်

ဒါနဲ့ မြကြာမှုန်အိမ်ရောက်တော့ ခြံတံခါးက အလွယ်တ
ပဲ ဝင်လာနိုင်တယ်။ လာနေကျဆိုတော့ အိမ်တံခါးမကို တွန်းကြ
တယ်။ မရတော့ အောက်ထပ်ပြတင်းပေါက်တံခါးကို ကလန့်
ဝင်ခဲ့ကြတယ်။

လူသံတိတ်ဆိတ်နေတယ်၊ အိမ်အပေါ်ထပ်ကို ခြေသံ
အောင် တက်ခဲ့ပြီး မြကြာမှုန်အခန်းကို သူအရင်ဝင်မယ်၊ ငါအ
ဝင်မယ် အဝေမတည့်လို့ ခေါင်းပန်းလှန်လိုက်သေးတယ်။

ဒီမှာပဲ ကျွန်တော်က အနိုင်ရလို့ မြကြာမှုန်အခန်း
အရင်ဝင်ရတယ်။

မြကြာမှုန်က အိပ်မောကျနေပုံရတယ်။ ကျွန်တော် မြ
မှုန်ကို ပွေ့နှိုးတော့ ဇက်ကျိုးပြီး ပါလာတယ်။

"ဟာ. . . ကိုယ်ကျိုးတော့ နည်းပြီ၊ နန္ဒရေ. . . နန္ဒ၊ ဒါ
ဒါ. . ဇေယျလက်ချက်ပဲ၊ နန္ဒ. . . နန္ဒ"

ကျွန်တော် အထိတ်တလန့်တွေ ရေရွတ်ရင်း နန္ဒကို ခေ
လိုက်တော့ နန္ဒဝင်လာပြီး. . .

"ဟေ. . . ဘာဖြစ်. . . ဟင်"

"ဇေယျ လက်ဦးသွားပြီ"

မြကြာမှုန်အလောင်းကို ပြန်ချ. . . စောင်ပြန်ဖုံး
လက်နှိပ်ခတ်မီးနဲ့ ထိုးကြည့်တော့ ထောင့်မှာ လဲနေတဲ့ စဉ့်အိုးေ





တစ်လုံး တွေ့လိုက်ရတယ်။

"တောက်"

ကျွန်တော်တို့အကြံ ဇေယျ ဦးသွားတာကို ခံရခက်လိုက်
တာများ. . .

"ဒင်းတော့လား"

ဒီအချိန်မှာပဲ ခြံပြင်ခပ်လှမ်းလှမ်းက အသံဗလံတွေနဲ့
လက်နှိပ်ခတ်မီး၊ မီးတုတ်တွေကို လှမ်းမြင်လိုက်ရတော့. . .

"ဟာ. . . နန္ဒရေ၊ ရွာထဲက လူတွေ ဝိုင်းလာပြီ၊ ပြေး. . .
ပြေး၊ နောက်ပေါက်က ပြေးတော့"

နှစ်ယောက်သား ခွေးပြေးဝက်ပြေး ပြေးလာခဲ့ရတာ တစ်
တောဝင် တစ်တောင်ဆင်းပြီးတဲ့အချိန်ရောက်မှ သစ်ပင်ကြီး
တစ်ပင်အောက် အမောဖြေရင်း. . .

"ဟာ. . . × × × ကျိုးနည်းပြီ"

နန္ဒ ရုတ်တရက်အော်တယ်။

ကျွန်တော်က. . .

"ဘာဖြစ်လို့လဲ"

"ငါ့ဦးထုပ်ကော. . . ဦးထုပ်ကျန်ခဲ့ပြီ"

"ဗုဒ္ဓေါ. . . ဟာ. . . ငါ့ဓားကောက်လည်း ကျန်ခဲ့ပြီ"

"ကံဆိုးတယ်ကွာ. . . ဟီး. . . ဟီး"

နှစ်ယောက်သား ဖက်ငိုမိကြတယ်။ နေရင်းထိုင်ရင်း
အရားခံဘဝ ရောက်ရတယ်လို့. . .။

ဒီလိုဖြစ်လေ. . . ဇေယျဆိုတဲ့ကောင်ကို မကျေနပ်လေဘဲ
တွေ့ရာသချိုင်းဓားဆိုင်းပဲဟေ့။

www.burmeseclassic.com



သေမထူး နေမထူးဆိုပြီး ဖေယျကို သဲကြီးမဲကြီး လိုက်နေ ကြတာ တွေ့ချင်တော့ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲ။

သစ်ပင်ကြီးတစ်ပင် ခြေရင်းမှာ အိပ်ပျော်နေတယ်။

ကျွန်တော်တို့ ဒေါသနဲ့ အနားကပ်သွားတော့ သစ်ရွက် ခြောက်၊ သစ်ကိုင်းခြောက်တွေ နင်းမိတဲ့အသံကြောင့် ဒီကောင် နိုးသွားတာ ထင်တယ်၊ သူ့မှာ ပါလာတဲ့ဓားနဲ့ ထိုးပြီး ခုခံတယ် ကျွန်တော်တို့က တုတ်ပဲ ပါတယ်၊ ဒါပေမယ့် ခွန်အားက သာတယ် လေ. . .။

ဒါပေမယ့် သုံးဦးစလုံးဟာ မရှုမလှပါပဲ။

သေလုမျောပါး ဒဏ်ရာကြီးတွေနဲ့ မလှုပ်နိုင်မရှားနိုင် ဖြစ် နေကြတာတောင် အခဲမကျေနိုင်သေးဘဲ ကျွန်တော် ဖေယျကို အစိမ်းလိုက် ဝါးစားမလို ကြည့်ပြီး. . .

"ဖေယျ. . . မင်းကို သံသရာအဆက်ဆက် မကျေဘူး. . . လိုက်သတ်မယ်"

လို့ ပြောရင်းပြောရင်း. . .

"ဟီး. . . ဟီး. . . တီး"

ဿ ဿ ဿ ဿ





"ကိုအောင်ဇင်. . . . ကိုအောင်ဇင်"

"ဟီး. . . ဟီး. . . ဗျာ"

"စိတ်ကို အသာထိန်းပါ ကိုအောင်ဇင်၊ ခု. . . ခင်ဗျားဟာ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ ကိုအောင်ဇင်ပါဗျာ"

ဟု ဒေါက်တာနေအုပ်စိုးက အောင်ဇင်ကို အသာပုတ်နှိုး နှိုး ပြောလိုက်သည်။

အောင်ဇင်မျက်လုံးအစုံ ပွင့်လာပြီး ထထိုင်ကာ. . .

"ဝမ်းနည်းလွန်းလို့ပါ ဆရာ၊ ကံငါးပါး လုံအောင်ထိန်းတဲ့ ကျွန်တော်နဲ့မှ ဆန့်ကျင်ဘက် ဒီအိပ်မက်ကို မက်ရတယ်လို့"

"ရေသောက်လိုက်ပါဦး ကိုအောင်ဇင်"

အောင်ဇင်ကို ရေတစ်ခွက် ငှဲ့ပေးလိုက်သည်။ အောင်ဇင် က ရေယူသောက်ပြီး. . .

"ဒီရက်ပိုင်းမှာ ခင်ဗျားမှာ ထူးခြားတဲ့ အပြောင်းအလဲတွေ ဘာတွေများ ရှိသလား"

www.burmeseclassic.com



ဒေါက်တာနေအုပ်စိုး လမ်းကြောင်းပေးလိုက်သည်။

အောင်ဇင် စဉ်းစားသည်။

"ဪ. . . ထူးခြားတယ်လို့တော့ ဆိုရမယ်ထင်တယ် အထက်ပုဂ္ဂိုလ်တွေက ကျွန်တော်ရဲ့သမာဓိအားကို စမ်းတာလား မသိဘူး၊ ပန်းသစ္စာဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ တွေ့ဆုံခဲ့တယ်"

အောင်ဇင်က ပန်းသစ္စာနဲ့ ဆုံစည်းပုံကို သူသိထားပြီးသည့် အတိုင်း ပြောပြလေသည်။

"တော်ပါပေတယ် ကိုအောင်ဇင်၊ လောဘစိတ် သတ်နိုင်တာကိုက တစ်ပန်းသာနေပြီ၊ ဒီတော့ ခင်ဗျား စရဏအား မှန်မှန် ထုတ်ပေးပါ၊ ဘေးကနေ တည့်မတ်ပေးဖို့က ကျွန်တော့်တာဝန် တကယ် မိမိဘာသာ ပျောက်ရမယ်ဆိုတဲ့စိတ်နဲ့ ပိုပြီးအာရုံစူးစိုက် ဖိဖိစီးစီး လုပ်စေချင်တယ်"

အောင်ဇင်မျက်နှာ တည်ငြိမ်သွားသည်။ စရဏဓာတ် အားကောင်းသူအဖို့ ချက်ဆို နားခွက်က မီးတောက်သူ ဖြစ်သည် သူဘာကို ဆိုလိုသနည်းကို သဘောပေါက်သွားရာ. . .

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်ကြိုးစားပါ့မယ်"

"စိတ်ချပါ ဆရာ"

သို့နှင့် အောင်ဇင် နှုတ်ဆက်ပြန်သွားသည်ကို ကြည့်ရင်း သက်ပြင်းပူတစ်ချက် မှုတ်ထုတ်မိသူက ဆရာဝန်ကိုယ်တိုင် ဖြစ် ကျန်ခဲ့တတ်လေသည်။

ဒီသုံးဦးက သူတို့ဘာသာ အကြောင်းတရားကို တိုက်ဆိုင် စွာဖြင့် ဆုံတွေ့နေကြလေပြီ။

သူတို့အားလုံး အတိတ်ဘဝ၏လွှမ်းမိုးမှုကို မခံရ






အေးအေးချမ်းချမ်းနှင့် သက်တမ်းစေ့ နေထိုင်သွားနိုင်ကြဖို့ လိုအပ် ပါသည်။

သူ ဆေးကုသပေးရုံမက ဆုတောင်းပေးရုံအပြင် အခြား ဘာကော တတ်နိုင်ပါဦးမည်နည်းဟု. . .။

www.burmeseclassic.com





## အခန်း(၂၃)
## မျှော်တုန်း ကြော့ဆုံးလာချေပြီ

နွဲ့သဇ္ဇါနွယ် အံ့အားသင့်သွားရသည်။ သူ့ဆိုင်သို့ ညီရ... ပေါက်ချလာသည်ကိုး။

"လာ. . . ထိုင် ကိုညီရတု၊ ကျွန်မ ဘာများ အကူအညီ... ရမလဲ"

နေရာပေးရင်း ဧည့်ခံလိုက်ရသည်။

ညီရတုက နေသားတကျ ထိုင်ပြီးသည်နှင့်. . .

"ပန်းသစ္စာတစ်ယောက် ပျောက်ချက်သားကောင်းနေ... ပါ မမနွဲ့၊ ဖုန်းခေါ်လို့လည်း မရဘူး၊ အဲဒါနဲ့ မမနွဲ့များ သိမလား... ပါ"





နွဲ့သဇ္ဇါနွယ်. . . ခင်ပွန်းဖြစ်သူ၏ သတိပေးစကားကို ကြားယောင်မိသဖြင့်. . .

"မမနွဲ့ဆီလည်း မလာတာ သုံးရက်လောက် ရှိသွားပြီ၊ ဖုန်းခေါ်ကြည့်လိုက်ဦးမယ်"

"ခေါ်ကြည့်လေ မမနွဲ့၊ ကျွန်တော်ခေါ်တာတော့ မကိုင်ဘူး"

နွဲ့သဇ္ဇါနွယ်. . . ပန်းသစ္စာ တယ်လီဖုန်းကို ခေါ်ကြည့်လိုက်သည်။ ခေါ်နေပြီး မကိုင်။

"မရပါလား"

ထိုစဉ် သူတို့အခန်းထဲသို့ ဧည့်သည်တစ်ယောက် ဝင်ရောက်လာရာ နှစ်ယောက်စလုံး နှုတ်မှ သံပြိုင်ခေါ်လိုက်မိလေသည်။

"ဟင်. . . ပန်းသစ္စာ"

"ဟာ. . . ပန်းသစ္စာ

ပန်းသစ္စာက အပြုံးလေးနှင့်. . .

"အိုး. . . ဘယ်နှယ့်၊ လူကို တွေ့တာ သရဲသဘက် တွေ့တာကျနေတာပဲ. . . အလန့်တကြားပါလား"

"ပျောက်ချက်သားကောင်းနေတာကိုး"

"ခုပဲ သတင်းမေး ရောက်လာတော့ မမနွဲ့ကလည်း ညီမဆီ လှမ်းဆက်နေတာ"

"ဖုန်းကလည်း ဘယ်ခေါ်ရပ့်မလဲ၊ တစ်နေ့က ပြုတ်ကျပြီး ဒေါင်းသွားလို့ ဆိုင်ပို့ထားရတယ်၊ ခု လာရွေးရင်း မမနွဲ့ဆီ လှည့်ဝင်လာတာ၊ ဧည့်သည်တော်က ရောက်နေတာကိုး"

www.burmeseclassic.com



"ဘာလဲ. . . လက်ထပ်လက်စွပ်တွေ လာအပ်တာလား"

"အိုး. . . မဟုတ်ရပါဘူးဗျာ၊ သတို့သမီးလောင်းက အရှောင်အပုန်း ကောင်းနေသေးလို့ မနည်းရှာပုံတော်ဖွင့်ရင်း မမနွဲ့ဆီ ရောက်လာရတာပါဗျာ"

နှစ်ယောက်သားက ချိတ်တိတ်တိတ်ပါလား၊ နွဲ့သဒ္ဒါနွယ် ရင်ထဲ စိုးထိတ်မှုတွေ ဝင်ရောက်လာသော်လည်း. . .

"မမ. . . ဒီမှာ ဖောက်သည်ကြီးတွေက မမကို ခေါ်ပေးဆိုလို့. . ."

"အေး. . . အေး. . . လာပြီ၊ ကဲ. . . နှစ်ယောက်သား စကားပြောနေကြဦး၊ မမ စားစရာတွေ ပို့ခိုင်းလိုက်မယ်"

နွဲ့သဒ္ဒါနွယ် ကိုယ့်မျက်စိရှေ့မှာ ထားလိုက်ခြင်းအားဖြင့် အကျိုးအကြောင်းကို သိနိုင်ပြီး ခင်ပွန်းကိုလည်း ပြန်သတင်းပေးနိုင်သည်ဟူသော ရည်ရွယ်ချက်ဖြင့် ပြောလိုက်ရာ ညီရတုက. . .

"ဟာ. . . နေပါစေ မမနွဲ့၊ ကျွန်တော်တို့ အပြင်ထွက်စားပါ့မယ်"

"အံမယ်. . . ဘယ်သူတ လိုက်မယ်ပြောလို့လဲ၊ ဒီမှာ မမနွဲ့နဲ့ ပြောစရာရှိလို့ လာတာ"

"ပြောစရာရှိတာ ပြောပြီးရင် ကိုယ်နဲ့ လိုက်ခဲ့ပါ ပန်းသစ္စာ ကိုယ်စိတ်ညစ်ညူးဖိစီးလာလို့ လေကောင်းလေသန့် ရှူရိုက်ရင်း စကားပြောကြရအောင်"

"ဟွန်း. . . ပန်းသစ္စာက အဖော်ပြုပေးရမယ်ပေါ့"

နွဲ့သဒ္ဒါနွယ် စိတ်မရှည်ချင်တော့။

"ကိုင်း. . . ကျွန်မက အလုပ်သွားလုပ်ရမှာလား၊ စားစရာမှာပေးရမှာလား"





"ဟာ. . . မလုပ်ပါနဲ့ မမနွဲ့၊ မမနွဲ့လည်း အားတာ မဟုတ်ဘူး၊ လာပါ ပန်းသစ္စာ၊ ပြီးမှ မမနွဲ့ဆီ ကိုယ်ပြန်ပို့ပေးပါ့မယ်၊ မမနွဲ့လည်း အဆွေခင့်အယှက်ဖြစ်ပါတယ်၊ ပန်းသစ္စာ ကားထားခဲ့. . ."

ညီရတုက လေပြေလေးနှင့် ချော့မော့ကာ ပန်းသစ္စာကို ဆွဲခေါ်သွားလေသည်။

ပန်းသစ္စာလည်း မိန်းမသားပေပဲ၊ ကိုလူချော၏ချော့ချော့မော့မော့လေး၌ တိမ်းညွတ်ကာ. . .

"တစ်နာရီပဲ အချိန်ပေးမယ်"

"အိုကေ. . . မမနွဲ့. . . ခွင့်ပြုပါဦး ခင်ဗျာ"

"ကောင်းပါပြီ. . ."

"မမနွဲ့. . . ပန်းသစ္စာ ပြန်လာမယ်နော်"

"အေးပါ"

နွဲ့သဒ္ဒါနွယ်သည် ရှေ့သွားနောက်လိုက်ညီစွာနှင့် ထွက်သွားကြသော ညီရတုနှင့် ပန်းသစ္စာကို ကြည့်ပြီး ပင့်သက် တိတ်တိတ်ခိုးရှိုက်မိလိုက်သည်။

အလွန်လိုက်ဖက်ညီသော စုံတွဲပင်။

ပန်းသစ္စာလို အရည်အချင်းရှိသော မိန်းကလေးနှင့် စီးပွားရေးနိုင်နင်းသော စီးပွားရေးလုပ်ငန်းရှင် ယောကျ်ားတစ်ဦး လက်ထပ်ဖြစ်လျှင် အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားပေပေါ့။

"ဟူး"

လေပူတစ်ချက် မှုတ်ထုတ်ကာ ခေါင်းခါယမ်းပြီး ကပ်လျက် ရွှေအရောင်းခန်းဘက်သို့ ကူးလိုက်ရလေတော့သည်။

www.burmeseclassic.com



အချစ်ရေးမှာ ကြားမဝင်ဘဲ ပွဲကြည့်ပရိသတ် လုပ်နေတော့ အကောင်းဆုံးပါပဲဟုသာ ဆုံးဖြတ်မိလိုက်လေတော့သည်။







## အခန်း(၂၄)
## နေလောင်ပန်း

"ဟောတော့. . . ဘယ်လိုဖြစ်လာတာလဲ၊ ပြီးခဲ့တဲ့သုံးရက်က ဒီမှာပဲ ပြုံးပြုံးပျော်ပျော်နဲ့ လမ်းခွဲသွားပြီးတော့. . . ခုတော့ ကွယ်. . . ဟင်း"

နွဲ့သဒ္ဒါနွယ် သူ့ရုံးခန်းအတွင်းသို့ ဝင်လာသော ပန်းသစ္စာကို ကြည့်ကာ တအံ့တဩ ရေရွတ်လိုက်သည်။

ဟုတ်သည်။ ပြီးခဲ့တဲ့(၃)ရက်ကပဲ ပန်းသစ္စာ၊ ညီရတုနှင့် အပြင်လိုက်သွားသည်။ ကန်တော်ကြီးဥယျာဉ်သို့ ခဏသွားရင်း အအေးသောက်၊ ရေငွေ့ရှူ လေညှင်းခံရင်း ညီရတုက သူ့အား ပရိုပို့စ်(ချစ်ခွင့်ပန်)သွားသည်တဲ့။ သူကတော့ သူ့ကျန်းမာရေး

www.burmeseclassic.com



အခြေအနေကို သတိရကာ စဉ်းစားခွင့် တစ်လတောင်းခဲ့သည်ဟု နွဲ့သဒ္ဒါနွယ်ကို ပြန်ပြောပြခဲ့သေးသည်။ နောက်လမ်းခွဲသွားခဲ့သည်။

ယခုရောက်လာတော့. . . ဟိုနေ့က ပန်းသစ္စာ မဟုတ်သလိုပင်။

မျက်တွင်းဟောက်ပက်၊ မဖြီးမလိမ်းနှင့် လူမမာပုံ ပေါက်နေလေပြီ။

ဆက်တီတွင် ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း. . .

"ဆရာနဲ့ တွေ့ချင်တယ် မမနွဲ့ရယ်"

လိမ္မော်ရည်တစ်ဗူးကို အရင်ဖောက်တိုက်လိုက်ပြီး. . .

"မမ ဖုန်းခေါ်ပေးလိုက်ဦးမယ်"

နွဲ့သဒ္ဒါနွယ် ပြောပြောဆိုဆိုနှင့် ခင်ပွန်းထံ ဖုန်းခေါ်လိုက်သည်။ ဒီအချိန်ဆို ဆေးခန်း၌ လူနာကြည့်နေချိန်ဖြစ်သည်။

"ဟယ်လို. . . ဆရာရှိသလား"

"ရှိပါတယ်ရှင်. . . လူနာကြည့်နေလို့ပါ"

"အေးကွယ်. . . ဆရာ့ဇနီးပါ၊ ပြီးရင် ဖုန်းပြန်ခေါ်ပါလို့"

"ဟုတ်ကဲ့ပါရှင်"

ဖုန်းအသာပြန်ချထားလိုက်ပြီး. . .

"မက်ပြန်ပြီလား အိပ်မက်"

ပန်းသစ္စာက အင်အားချည့်နဲ့လာသူလို ခေါင်းပင် ညိတ်လိုက်နိုင်သည်။

ယခုလို ဝေဒနာခံစားလာရတိုင်း ပန်းသစ္စာမှာ နေလောင်ပန်းလို ညှိုးနွမ်းကာ ဖြူဖတ်ဖြူရော်နှင့် ခြောက်သွေ့လာစမြဲပင်မို့ နွဲ့သဒ္ဒါနွယ် စိတ်ထဲ. . .





"အင်း. . . မောင်ပြောတာမှန်တယ်၊ သူတို့တတွေ အိမ်ထောင်မပြုကြရင် ကောင်းမယ်"

ဟု တွေးနေစဉ် ချိုးကူသံ သံစဉ်ပြောင်းထားသော သူ့ဖုန်းမှ. . .

"ကူးကူ. . . ကူးကူ. . . ကူးကူ"

ဖုန်းဝင်လာသဖြင့် ကောက်ကိုင်လိုက်ပြီး. . .

"မောင်လား"

"ဟုတ်တယ် နွဲ့"

"အရေးကြီးတယ် မောင်ရေ၊ ပန်းသစ္စာ ရောဂါထလာပြန်ပြီ. . . ဖြူဖျော့နေတာပဲ၊ ဆေးခန်းကို ခေါ်လာရမလား"

"ဟာ. . . မခေါ်လာနဲ့၊ ဒီမှာ အခြားလူနာတွေ ရှိသေးတယ်၊ ခါတိုင်းလိုပဲ အိမ်ကို ခေါ်သွားရင်း နီးစပ်ရာ ဆေးခန်းမှာ သွေးပေါင်ချိန်ပြီး အားဆေး၊ အကြောဆေးတစ်ခုခု ဝ၈ ပေးလိုက်ပါ"

"ဟုတ်ပြီ မောင်၊ နွဲ့ အခုပဲ ဆိုင်ပိတ်ပြီး အနီးအနားမှာ အရင်လုပ်ပေးလိုက်မယ်"

"အိုကေ"

"အိုကေ မောင်"

ဖုန်းပြောအပြီး ပန်းသစ္စာကို လှမ်းကြည့်လိုက်ရာ ထိုင်လျက်ကလေး အိပ်နေသည်ကို တွေ့ရသဖြင့် မနိုးရက်သေးဘဲ သိမ်းစရာရှိသည်တို့ကို သိမ်းဆည်း၊ ယူစရာရှိသည်တို့ကို ယူဆောင်ပြီး အားလုံးအဆင်သင့်ဖြစ်မှ. . .

"ပန်းသစ္စာ. . . ညီမ. . .ရေ ထ. . . ထ၊ ဆရာက အိမ်ကစောင့်နေတဲ့၊ နီးစပ်ရာဆေးခန်းမှာ သွေးပေါင်ဝင်ချိန်ဖို့ မှာလိုက်

www.burmeseclassic.com



သေးတယ်"

"အင်း. . . အင်း"

ပန်းသစ္စာမှာ အိပ်မှုန်စုတ်ဖွား ယောင်တီးယောင်တောင် ကလေး ဖြစ်နေရာ နွဲ့သဒ္ဒါနွယ်မှာ ကရုဏာသက်ပြီး တွဲကာ မိမိကားရှိရာသို့ ခေါ်ဆောင်ခဲ့လိုက်သည်။

"ညီမလေး. . . ကားမပါဘူး မှတ်လား"

"ဟုတ်"

"ကောင်းတယ်. . ခုလိုချိန် ကားမမောင်းတာ အကောင်းဆုံးပဲ"

ပန်းသစ္စာကို ကားပေါ် တင်ပြီးမှ တစ်ခါပြန်၍ တံခါးများကို စစ်ဆေးပြီး ကားကို နီးစပ်ရာ လူရှင်းသော ဆေးခန်းတစ်ခုသို့ မောင်းခဲ့လိုက်သည်။

ထင်ထားသလိုပင် သွေးပေါင်က ကျနေသည်။ အပေါ်သွေး(၈၀)၊ အောက်သွေး(၆၅)တဲ့။ အားဆေးထိုးပေးလိုက်သည်။

ထိုဆေးခန်းတွင် ပန်းသစ္စာ ထူးခြားချက်က. . .

"မမနွဲ့. . . ခေါင်းအုံး. . . ခေါင်းအုံးဖယ်ပေးပါ"

ဟု ဆိုသဖြင့် လူနာစမ်းသပ်ကုတင်ပေါ်မှ ခေါင်းအုံးကို ဖယ်ပေးခဲ့ရသေးသည်။

လမ်း၌လည်း ငိုက်လာသဖြင့် ကားကူရှင်ကို လှဲကာ ခါးပတ် ပတ်ပေးထားရသည်။

နွဲ့သဒ္ဒါနွယ် စိတ်ထဲလည်း. . .

"ငါ့နှယ်နော်. . . ဒီဟာမလေးနဲ့က ဘယ်လိုရေစက်ပါလိမ့်၊ ယောကျ်ားကိုတောင် မပြုစုဘဲ သူ့ကိုပဲ ပြုစုနေရတယ်"





ဟုပင်. . .

အိမ်ရောက်တော့ ခင်ပွန်းက ရောက်နေနှင့်လေပြီ။

"ပန်းသစ္စာ. . . ညီမ. . . ထ. . . ထ"

"အင်. . ."

"ဆရာရောက်နေပြီ. . . သိလား"

"အင်း. . ."

ထုံးစံအတိုင်းပင် အိပ်မက်ထဲ လမ်းလျှောက်နေသူလို ဖြစ်နေသော ပန်းသစ္စာကို တွဲခေါ်လာရာ ခင်ပွန်းက. . .

"တစ်ခါတည်းသာ စာကြည့်ခန်းထဲ ခေါ်ခဲ့ နွဲ့ရေ"

"ဟုတ်ကဲ့ မောင်"

စမ်းသပ်ကုတင်ပေါ် လှဲအိပ်ခိုင်းစဉ်. . .

"ဟင့်အင်း. . . ဟင့်အင်း"

ကုတင်ပေါ်မှ ခေါင်းအုံးကို တစ္ဆေသရဲအလား ထိတ်လန့်တကြားကြည့်ပြီး ငြင်းလေသည်။

"နွဲ့. . . ခေါင်းအုံးဖယ်ပေးလိုက်ပါ"

နွဲ့သဒ္ဒါနွယ် အံ့အားသင့်သွားသည်။ ဉူယောကျ်ားက ဘယ်တော်ပါလား။ ပန်းသစ္စာ ခေါင်းအုံးကြောက်မှန်းကိုလည်း ချက်ချင်းသိနေပါလား။

နွဲ့သဒ္ဒါနွယ် ခေါင်းအုံးဖယ်ပေးရင်း တွေးလိုက်လေသည်။

ထိုအခါမှ ပန်းသစ္စာမှ စမ်းသပ်ကုတင်ပေါ်သို့ လဲလျောင်းလိုက်လေသည်။

ဒေါက်တာနေအုပ်စိုးက. . .

"ပန်းသစ္စာ"

www.burmeseclassic.com



"ရှင်"

"ဆရာတို့ကို သိတယ်နော်"

"သိပါတယ်"

"အဖေနာမည်ကော"

"ဦးမောင်မောင်"

"အမေနာမည်ကော"

"ဒေါ်သန်းကြည်"

"ဘယ်မှာနေလဲ"

"တောင်ဥက္ကလာပ၊ ရပ်ကွက်(××××) ၊ (××××)လမ်း အမှတ်(××) မှာပါ"

"အိုကေ. . . အိပ်မက်တွေ မက်လာပြန်ပြီလား"

"ဟင့်. . . ဟင့်. . . ဟင့်၊ ဟုတ်တယ် ဆရာ၊ ကြောက်စရာကြီး"

"ကောင်းပြီ. . . စိတ်တည်ငြိမ်အောင် ကြိုးစားပြီး ဂဏန်းကို တစ်ကနေ တစ်ထောင်အထိ ပြည့်အောင် မမှားယွင်းအောင် ရေတွက်နေပါ"

"ဟုတ်ကဲ့ ဆရာ"

ပန်းသစ္စာတစ်ယောက် ငြိမ်သက်စွာ မျက်စိကလေး မှိတ်ထားပြီး စိတ်ဖြင့် ကိန်းဂဏန်းများကို ရေတွက်နေလေသည်။

ဒေါက်တာနေအုပ်စိုးက မှတ်တမ်းယူရန် ပြင်ဆင်ပြီး ပန်းသစ္စာ အခြေအနေကို ကြည့်လိုက်သည်။ အနည်းငယ်ကြာမှ. . .

"ပန်းသစ္စာ"

"ရှင်"





"ပြောလို့ရပြီမှတ်လား"

"ရပါပြီ"

"ကိုင်း. . . စပြောတော့"

"ဒီလိုပါ ဆရာ၊ မြကြာမှုန် ကံဆိုးပါတယ်၊ မြကြာမှုန် တယ်ချစ်မြတ်နိုးတာ ကိုဇေယျတစ်ယောက်တည်းကိုပါ။ ကိုဥက္ကာ ကိုနန္ဒကို ကြောက်ရွံ့ပြီး အားမတန်လို့ မာန်လျှော့ လိုက်လျောခဲ့ရ မယ့် မြကြာမှုန် ရုန်းထွက်နိုင်မယ့်နည်း စဉ်းစားနေခဲ့ပါတယ်"

"မြကြာမှုန်ဟာ မိကောင်းဖခင်သားသမီးပါ။ တစ်ကောင် တ် တစ်မျက်နှာ အားကိုးတွယ်တာစရာ မရှိတာကို အခွင့်ကောင်း ကြတာများ တွေးမိလေ အသည်းနာနာလေမို့ ဒီထဲကမှ ချစ်မိသူ ဇေယျကို အားထားမျှော်လင့်မိတာ အမှန်ပါပဲ၊ သူသာ လက်ထပ် ရှင် မြကြာမှုန် ကျန်နှစ်ယောက်ပြဿနာကို ရှင်းပစ်မယ်ပေါ့၊ မိုးချုံး လှုလှုပပ ပြင်ပြီး ကိုဇေယျကို မျှော်လိုက်တာများ နေလုံး ကျောက်တဲ့အထိ ရောက်မလာခဲ့ပါဘူး"

"ညရောက်မှ မူးမူးနဲ့ ရောက်လာတယ်၊ အရက်ဆိုင်မှာ နန္ဒ၊ ကိုဥက္ကာတို့နဲ့အတူ သောက်ခဲ့တာတဲ့၊ ကိုနန္ဒတို့ ပြောတာတွေ ပြောပြီးငိုတယ်၊ နောက်ဆုံး အတွင်းပစ္စည်းတွေ ယူပြီး ညတွင်း င်း ထွက်ပြေးဖို့ပြောတယ်"

"မြကြာမှုန်က အချစ်ကို ယုံကြည်ပြီး စုံလုံးကန်းခဲ့မိတယ်၊ အတွင်းပစ္စည်းတွေ ထုတ်ပေးပြီးမှ အခွဲအနွံ့တွေနဲ့ ချော့မြူပြန်တယ်၊ မှာပဲ မြကြာမှုန် အသက်ရှုကျပ်လာတော့တယ်၊ အတင်းကြိုးစား ကန်ပေမယ့် မရဘူး၊ မြကြာမှုန်မျက်နှာပေါ်မှာ ခေါင်းအုံးကြီးက ပ်မိုးလို့၊ အား. . . အား. . . ခေါင်းအုံးကြီး ဖယ်ပေးပါ. . .

www.burmeseclassic.com



ဖယ်ပေးပါ. . . ကယ်ကြပါဦး"

"သေငယ်ဇောမှာ မြကြာမှုန် သိလိုက်ပါပြီ၊ ဇေယျရဲ့ ရက်စက်ယုတ်မာစွာ ဖြားယောင်းလုပ်ကြံမှုဆိုတာ၊ ကြောက်တယ် ကြောက်တယ်. . . ခေါင်းအုံးဖယ်ပေးပါ၊ ဟင့်. . . ဟီး. . . ဟီး"

ခေါင်းခါခါနှင့် မျက်ရည်တရွဲရွဲဖြစ်လာသော ပန်းသစ္စာကို ကြည့်ပြီး နွဲ့သဒ္ဒါနွယ်ပင်လျှင် မျက်ရည်များ ကူးစက်ကုန်သည်။

ပန်းသစ္စာကို အတိတ်က အရိပ်ကျိန်စာသည် ကောင်းစွာ နှောင့်ယှက်လေပြီ။

"ညီမလေး ပန်းသစ္စာ. . . သတိထား. . . သတိထားလေ"

လက်ကလေးကို ဆုပ်ကိုင်ရင်း အားပေးလိုက်သည်။

"ထခိုင်းလိုက်တော့ နွဲ့"

"ထ. . . ညီမလေး. . . ထ"

ပန်းသစ္စာ နွဲ့သဒ္ဒါနွယ် အကူအညီနှင့် သူ့စားပွဲရှေ့တွင် လာထိုင်လေသည်။ မျက်ရည်များကို သုတ်လိုက်ပြီး နွဲ့သဒ္ဒါနွယ် ပေးသော ရေအေးအေးလေးတစ်ခွက်ကို တစ်ကျိုက်တည်း မော့ သောက်လိုက်ရှာလေသည်။

ခဏကြာမှ. . .

"ဒီရက်ပိုင်း. . . ပန်းသစ္စာဘဝမှာ ဘာများ ထူးထူး ခြားခြား ရှိသလဲ"

ပန်းသစ္စာ စဉ်းစားလိုက်ပြီးမှ. . .

"ထူးခြားတယ်လို့တော့ ဆိုရပါမယ်၊ ပန်းသစ္စာ အာရုံကို နောက်စေတာကတော့ ကိုညီရတုပါ၊ ဆရာတို့ မိတ်ဆွေ သူဌေး ပန်းသစ္စာကို ပရိုပို့စ် လုပ်ပါတယ်"





နွဲ့သဒ္ဒါနွယ် ရင်ထဲ ထိတ်ကနဲ ဖြစ်သွားရသည်။

ဤကိစ္စ သူ့ မောင့်ကို မပြောမိသေးတာ မောင်တစ်မျိုး များ ထင်သွားလေမလားဟု။

"ဟင်"

ဒေါက်တာနေအုပ်စိုး အံ့အားသင့်သွားပြီး နွဲ့သဒ္ဒါနွယ်ကို စူးစမ်းကြည့်သည်။ နွဲ့သဒ္ဒါနွယ်က အပြစ်ဝန်ခံသလို ခေါင်းလေး ညိတ်ပြလိုက်မိလေသည်။

"ဒီတော့ ပန်းသစ္စာက. . ."

"စဉ်းစားနေပါတယ် ဆရာ"

"ဟုတ်ပါတယ်. . . စဉ်းစားပါ၊ ကိုယ့်ဝေဒနာက မကြာသေးဘော ရင်ဆိုင်နေရတော့. . . အင်းလေ. . . ပန်းသစ္စာ အတော်လေးကို အချိန်ယူစဉ်းစားပါ"

"ဟုတ်ကဲ့ပါ. . . ဒါကို ပန်းသစ္စာလည်း သဘောပေါက်လာပါပြီ၊ ရောဂါက အရှင်းပျောက်နိုင်ပါ့မလား ဆရာ"

ကိုယ့်ရှုး ကိုယ်ပြန်ပတ်လေပြီလား။

ဒေါက်တာနေအုပ်စိုး ဆွံ့အသွားခဲ့သည်။

အတန်ကြာမှ. . .

"ဒီဝေဒနာမျိုး ဖြစ်စဉ်က ဆရာ့ဘဝမှာ အတွေ့အကြုံက နည်းသေးတော့ ဒါပထမဦးဆုံးမို့ တပ်အပ်သေချာမပြောနိုင်သေးပါဘူး၊ ပျောက်အောင်တော့ ဆရာကော ကာယကံရှင်ကော အတူတကွ ကြိုးစားကြရမှာပေါ့"

"ဟုတ်ကဲ့. . . ပန်းသစ္စာ နားလည်ပါပြီ"

ပန်းသစ္စာ ဘယ်ပုံဘယ်နည်း တွက်ကာ နားလည်သွား

www.burmeseclassic.com




သည်မသိ။ နွဲ့သဒ္ဒါနွယ်ကတော့ နားမလည်နိုင်၊ ပယောဂလည်း မဟုတ်၊ အတိတ်ဟောင်းကို အိပ်မက်အသွင်ပြန်မက်သည့် ဆန်းကြယ်ဖြစ်ရပ်မျိုးပင်။ ပယောဂနည်းနှင့်လည်း ကုရနိုင်ပါ့မည်လား။

"အို. . . ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိဘူးတဲ့၊ ဘုရားတရားသာ များများအားထုတ် ကိုးကွယ်ဆည်းကပ်လိုက်ပေါ့ ပန်းသစ္စာရယ်၊ ကျန်တာတွေခေါင်းထဲ မထည့်နဲ့တော့"

ဟု နွဲ့သဒ္ဒါနွယ်က ပြောချလိုက်ရာ ခင်ပွန်းပင် အံ့အားသင့်ရလေတော့သည်။







## အခန်း(၂၅)
## အရိပ်သဖွယ် ငြိတွယ်တတ်သော

"နွဲ့ရေ. . . အချိုပွဲကို နောက်မှပဲ စားတော့မယ်၊ နွဲ့နဲ့အတူတူ ပန်းကန်ဝိုင်းဆေးပေးဦးမယ်"

"ဟာ. . . ရပါတယ် မောင်ရဲ့၊ မောင့်ဟာသာ အေးအေးဆေးဆေး စားသွားဖတ်နေ. . ."

ဒေါက်တာနေအုပ်စိုးက ပန်းကန်ပေများကို ဗေဇင်သို့ ယူချသွားပြီး စတင်ဆေးကြောလေတော့သည်။

နှုတ်ကလည်း. . .

"အေးအေးဆေးဆေး စားဖတ်နေလို့ မရဘူး၊ ပြီးရင်မောင်က ခေါ်သောတ္တာပြင်မယ်၊ နွဲ့က မောင့်ကို အာဝတ်ဆယ်စုံနဲ့

www.burmeseclassic.com



အနွေးထည် လုံလုံလောက်လောက် ထည့်ပေး"

"ဟင်. . . ဘယ်သွားမလို့လဲ မောင်"

"မောင် နယ်လှည့်ဆေးကုသအဖွဲ့မှာ ဝင်ပေးရမယ်"

"ဟင်. . . နွဲ့ကော လိုက်လို့မရဘူးလား၊ နွဲ့တစ်ယောက်တည်း. . ."

နွဲ့သဒ္ဒါနွယ်က ခုံသုတ်ရင်းက လှမ်းပြောလိုက်သည်။

"နွဲ့ကလည်း. . . ဟန်းနီးမွန်းမှ မဟုတ်တာ. . . အလုပ်ကိစ္စကို၊ ကလေးကျနေတာပဲ၊ နွဲ့တစ်ယောက်တည်းဖြစ်နေရင် ပန်းသစ္စာကို ခေါ်ထားလိုက်ပေါ့"

"အမလေး. . . တော်ပါ၊ စိတ်မထင်လို့ ညည ထအော်ရင် နွဲ့ ဒုက္ခပါပဲ"

ဒေါက်တာနေအုပ်စိုး စိတ်လွတ်ကိုယ်လွတ် ရယ်လိုက်သေးသည်။

"ဟား. . . ဟား. . . ဟား. . . မောင့်မိန်းမ မဟုတ်ဘူး အတိုင်းပဲ"

နွဲ့သဒ္ဒါနွယ်က ပန်းကန်များကို ကူသိမ်းပေးရင်း. . .

"ဘယ်ဘက် ထွက်ရမှာလဲ"

"စာက မနက်ဖြန်မှ ထွက်မယ်၊ ဒီနေ့အစည်းအဝေး ဆုံးဖြတ်ချက်က သိရလို့ ကြိုပြင်ထားရအောင်လို့. . ."

"မောင့်လူနာတွေနဲ့ ဆေးခန်းကကော"

"မောင့်တပည့် ရှိပါတယ်၊ ဒါပေမယ့် ညီရတုနဲ့ ပန်းသစ္စာကြေ့စ်ကတော့. . . အင်း. . . ဆေးဆက်သောက်ဖို့နဲ့ နွဲ့ တစ်နေ့ ပြောသလို ဘုရား၊ တရား၊ သံဃာကိုသာ ဆည်းကပ်ကိုးကွယ်ဖို့





တရားနာနာအားထုတ်ဖို့သာ ပြောထားလိုက်ပါ၊ သူတို့က ရောဂါဆန်းတွေဆိုတော့ အခက်သား"

"အခက်သားမှ. . . တော်တော်ကို ခက်တယ်၊ ပြီးရင် နွဲ့ မောင့်ကို ပြောစရာရှိသေးတယ်"

ဒေါက်တာနေအုပ်စိုး မျက်ခုံးနှစ်ဖက် ပင့်တက်သွားခဲ့လေသည်။

ဇနီးနှင့်အတူ ပန်းကန်ခွက်ယောက်များ ပြီးအောင် သိမ်းဆည်းပေးပြီး အပေါ်ထပ်သို့ နှစ်ယောက်သား တက်ခဲ့ကြသည်။

နွဲ့က. . .

"ခရီးဆောင်အိတ်က သေတ္တာယူမှာလား၊ အိတ်ပျော့ပဲ ယူမလား"

"အိတ်ပျော့ပဲ ကောင်းပါတယ်၊ သယ်ရတဲ့သူတွေအတွက် ပေါ့ပေါ့ပါးပါး ရှိတာပေါ့"

ပြောရင်း ဒေါက်တာနေအုပ်စိုးကလည်း သူ့ခရီးဆောင်ကျောပိုးအိတ်ထဲသို့ သွားလေရာ ထည့်ယူတတ်သော ဗွီဒီယိုကင်မရာနှင့် လိုအပ်သောဆေးဝါး၊ လက်နှိပ်ဓာတ်မီးတို့ကို စစ်ဆေးနေရင်း. . .

"နွဲ့ ပြောစရာရှိတာ ပြောလေ"

"အင်း. . ညီရတု၊ ပန်းသစ္စာအပြင် အောင်ဇင်အကြောင်းပါ နွဲ့ မောင့်ကို ပြောဖူးတယ်နော်"

"အင်း. . . ပန်းသစ္စာ စိန်ထုပ်ပြန်ပေးတဲ့သူလေ၊ မောင်တောင် နွဲ့ကို ပြောလိုက်သေးတယ်မှတ်လား"

"ဟုတ်တယ်. . . အောင်ဇင်လည်း မောင့်လူနာပဲဆိုတာ

www.burmeseclassic.com



လေ. . ."

"အင်း. . ."

"ဒါကြောင့် သိပ်ကို ဆန်းကြယ်ပါတယ်ဆိုတဲ့ ဝတ္ထုတွေ တောင် တကယ့်အဖြစ်အပျက်ကို မမီနိုင်ဘူးဆိုတာပေါ့"

ဒေါက်တာနေအုပ်စိုး Lap Top Computer ကို ဆောင်နေရာမှ ပြန်ချလိုက်ပြီး နွဲ့သဇ္ဇါနွယ်ကို ငေးကြည့်မိရက်သား ဖြစ်သွားလေသည်။

"သူတို့သုံးယောက် ဆုံမိကြပြီ မောင်"

"ဘယ်လိုက ဘယ်လို. . ."

"နွဲ့ သေသေချာချာ ပြောပြမယ် မောင်၊ ပန်းသဇ္ဇာ နေ့လယ်က ပြောပြတာ မောင်ရဲ့၊ ဒီလို. . . ဒီလို. . ."

ဿ ဿ ဿ ဿ





ပန်းသဇ္ဇာအိမ်သို့ အောင်ဇင်သည် အိမ်သားတစ်ယောက် သဖွယ် ဝင်ထွက်သွားလာနေလေပြီ။

ထမင်းစားဖိတ်ရာမှ အစပြုပြီး ပန်းသဇ္ဇာ၏မိဘနှစ်ပါးက အောင်ဇင်ကို သားတစ်ယောက်သဖွယ် ချစ်ခင်သွားသဖြင့်. . . ချိုင့်ဆွဲသမား အောင်ဇင်ကို အိမ်ထမင်းဟင်း သက်သတ်လွတ် ပူပူနွေးနွေး စားနိုင်စေရန် ဖိတ်ခေါ်ကျွေးလေ့ရှိသည်။

ပန်းသဇ္ဇာ ဖခင်ကြီးက "မောင်ရင်လေး" ဟု လည်းကောင်း၊ မိခင်က "လူလေး" ဟု လည်းကောင်း နှုတ်ဖျားမှ မချချေ။

အောင်ဇင်က လပြည့်လကွယ်နှင့် ရှစ်ရက်ဥပုသ်နေ့ ဟူသမျှတို့ကို ဆိုင်ပိတ်ပြီး ဘုရားများ၌ ဓိဋ္ဌာန်ပုတီးစိပ်လေ့ရှိသည်။

လကွယ်နေ့ ဆိုင်ပိတ်သဖြင့် အောင်ဇင်က ပန်းသဇ္ဇာတို့ အိမ်သို့ အလည်သွားသည်။

"ကျွန်တော် ကားပါတယ်၊ ဦးလေးနဲ့အဒေါ်. . . ရွှေတိဂုံ ဘုရားဖူးပါလား. ကျွန်တော်လိုက်ပို့ပေးပါ့မယ်"

www.burmeseclassic.com



“မိန်းမရေ. . . ကောင်လေးပြောနေတယ်. . . ဘယ်လို
လဲ”

“အို. . . သမီးကမှ နေမကောင်းတာ၊ ဖြစ်ပါ့မလား”

အသံဗလံများကြောင့် ပန်းသစ္စာက ဧည့်ခန်းသို့ ထွက်လာပြီး. . .

“ဟိုနေ့က ဆေးခန်းပြ၊ ဆေးသွင်းတာနဲ့ နေကောင်းသွားပါပြီ”

“ဒါဆို သမီးလည်း စိတ်လက်လန်းဆန်းသွားအောင် ဘုရားဖူး လိုက်ခဲ့ပါလား၊ အဖေတို့ကို တွဲမယ့် ကူမယ့်သူ ရှိတုန်း”

မိဘနှစ်ပါးက ဆန္ဒပြင်းပြနေတော့ ပန်းသစ္စာ မငြင်းနိုင် တော့. . .။

“ဒါဆို သမီး ရေချိုးလိုက်ဦးမယ်လေ”

“အေးအေး. . . ဒါဆို. . . မိန်းမရေ၊ မောင်ရင်လေးတို့ ထမင်းကျွေးပါဟ”

“ဟာ. . . ရပါတယ် ဦးလေး”

“ဘယ်ဟုတ်မလဲ. . . အိမ်ထမင်း အိမ်ဟင်း အရသာတို မင်းလည်း ကြိုက်ပါတယ်ကွာ”

အောင်ဇင်က ရှက်ရယ် ရယ်လိုက်လေသည်။

သို့နှင့် အားလုံးပြင်ဆင်ပြီး ထမင်းစားပြီးသွားသည်နှင့် အောင်ဇင်က. . .

“သက်သတ်လွတ်သမားအတွက် ဒန့်ဒလွန်သီးဟင်းဆိုတာ အိပ်မက်တောင် မမက်ခဲ့ဘူး၊ ခုလို. . . ဒန့်ဒလွန်သီးနဲ့ အသားတ ချဉ်ရည်ဟင်းနဲ့ဆိုတော့ ဒေါ်လေးရာ. . . ဘယ်လိုမြိန်မှန်းကို မသိပ





ဘူး”

မြိန်ရေရှက်ရေ စားသုံးသော အောင်ဇင်ကို ကြည့်ကာ ပီတိဖြာပြီး ကျေနပ်နေသူက ပန်းသစ္စာ၏မိဘနှစ်ပါး။

မိဘငတ်နေသော အောင်ဇင်အတွက်လည်း မိဘအစားရ သလိုဖြစ်ကာ လူကြီးနှစ်ဦး၏မေတ္တာ စေတနာရိပ်မှာ ခေတ္တခဏ လေး ဝင်ရောက်ခိုလှုံရသည်ကိုပင် ကျေနပ်နေကာ. . .

“ကျွန်တော့်အတွက်တော့ ဦးလေးတို့ဟာ မိဘတွေလိုပါပဲ”

“ဒါဖြင့်လည်း ဦးလေးလုပ်မနေနဲ့၊ အဖေ အမေလို့သာ ခေါ်ပေတော့၊ ငါတို့အတွက်လည်း မင်းကို တွေ့ရတာ သားတစ် ယောက် ကောက်ရလိုက်သလိုပါပဲ”

ပန်းသစ္စာဖခင်၏စကားကြောင့် အောင်ဇင်စိတ်ထဲ ကြည်နူးသွားပြီး. . .

“ဟုတ်ကဲ့ပါ အဖေ”

အောင်ဇင်စိတ်ထဲ၌လည်း ဦးမောင်မောင်နှင့် ဒေါ်သန်း ကြည်ကို မိဘများကဲ့သို့ မှတ်ယူသကဲ့သို့ ပန်းသစ္စာအပေါ်တွင်လည်း တောင်တောင်အီအီ စိတ်မဝင်။ ညီမလေးတစ်ဦးကဲ့သို့ပင် သဘော ထားသည်။

အောင်ဇင်ကိုယ်တိုင်က ဆန့်ကျင်ဘက်လိင်တို့အပေါ် စိတ် ဝင်စားမှု အားနည်းလေသည်ထင့်. . .။

ညနေခင်းတွင် အားလုံး ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာ ရင်း အေးမြမှု ကြည်ညိုမှုအရသာကို ခံစားရင်း ဝေဒနာမှန်သမျှတို့ ကင်းစင်လွင့်ပါးကုန်လေသည်။

ပန်းသစ္စာ ဖခင် ဦးမောင်မောင်နှင့် အောင်ဇင်ကတတွဲ။

www.burmeseclassic.com



ပန်းသစ္စာတို့ သားအမိကတစ်တွဲ ဘုရားတစ်ဆူပြီးတစ်ဆူ လှည့်လည်ဖူးမျှော်နေစဉ်. . .

"ပန်း"

မမျှော်လင့်သော ခေါ်သံကြောင့် ပန်းသစ္စာ အတော်ပင် အံ့ဩတုန်လှုပ်သွားလေသည်။

'ပန်း' ဟု ခေါ်တာ ညီရတု တစ်ယောက်တည်း ရှိသည်။

ပရိုပို့စ် လုပ်ပြီးနောက်ပိုင်း ဖုန်းပြောသည့်အခါ သူ့အား 'ပန်း' ဟုသာ သုံးနှုန်းလေသည်။

"ဟင်. . . ညီ. . . ဘုရားလာဖူးတာလား"

"အင်း. . . စက်ရုံအတွက် စာချုပ်လာချုပ်တဲ့ ဖော်ရိန်နာကို လိုက်ပို့တာ"

"ပန်းသစ္စာက အဖေနဲ့အမေကို ဘုရားလိုက်ပို့တာလေ ဒါ ပန်းသစ္စာရဲ့အမေပါ"

ညီရတု ပြုံးပြလိုက်ပြီး သူလိုရာကို ဆက်ပြောလေသည်။

"မမန္တနဲ့ တွေ့တော့ ပန်း နေမကောင်းဘူးဆိုလို့. . ."

"ဟုတ်တယ်. . . အခုလည်း စိတ်ပြေလက်ပျောက် လန်းဆန်းအောင် လိုက်လာတာ၊ ဟော. . . အဖေတို့ လာပြီ"

အနီးသို့ ရောက်လာသော ဖခင်နှင့် အောင်ဇင်ကိုပါ ညီရတုနှင့် မိတ်ဆက်ပေးလိုက်သည်။

"ညီ. . . ဒါ ပန်းသစ္စာရဲ့အဖေ ဦးမောင်မောင်ပါ၊ ဒါက ပန်းသစ္စာတို့ရဲ့ကျေးဇူးရှင်လည်းဖြစ်တဲ့ ကိုအောင်ဇင်ပါ၊ အဖေနဲ့ အမေရော၊ အစ်ကိုပါ မှတ်ထားကြနော်၊ ဒါ ပန်းသစ္စာရဲ့မိတ်ဆွေ ညီရတုတဲ့"





ပန်းသစ္စာက သွက်သွက်လက်လက်ပင် မိတ်ဆက်ပေးနေပေမယ့်. . .

အောင်ဇင်နှင့် ညီရတုတို့၏မျက်နှာပြင်မှာ ပြုံးနေသော်လည်း အကဲခတ်မျက်ဝန်းတွေက စူးစူးရှရှနှင့် အရောင်တောက်နေလေသည်။

အောင်ဇင်စိတ်ထဲ၌ နဖူးပြင်တည့်တည့်မှာ မှဲ့ပါသော ညီရတု မျက်နှာပြင်ကို ဖတ်ရှုရင်း တစ်ခုခု ခံစားနေရသကဲ့သို့

ညီရတု၏စိတ်မှာလည်း ဒီလူကို မြင်တာနဲ့ ငါ့စိတ်တွေ မကြည်လင်လိုက်တာဟု ခံစားနေသည်။

တပြိုင်နက်ဆိုသလို ပန်းသစ္စာမှာလည်း သူတို့နှစ်ယောက်ကို ကြည့်ရင်း ခေါင်းမူးနောက်နောက် ဖြစ်လာသည်မို့ ရှုဆေးဘူးလေး ထုတ်ရှူကာ အာရုံခံတန်ဆောင်း လှေကားမှာပင် ထိုင်ချလိုက်ရလေသည်။

ဧည့်သည်များ ပါလာ၍ ညီရတုမှာ ကြာကြာရပ်ပြောချိန် မရသဖြင့် အားလုံးကို နှုတ်ဆက်ထွက်ခွာသွားလေတော့မှ ပန်းသစ္စာ ပင့်သက်ရှိုက်ကာ အသက်ရှုနိုင်တော့သလို ဖြ[illegible]သွားရလေသည်။

၆၀ ၆၀ ၆၉ ၆၉

www.burmeseclassic.com



"အဲဒါပဲ မောင်၊ မောင်ဘယ်လောက်ပဲ စိုးရိမ်စိုးရိမ် သူတို့ရဲ့အထုံရေစက်က ပါလာပြီးသားဆိုတော့ တွေ့ဆုံကြပြီလေ"

"အင်း. . . အောင်ဇင်က ပြောတယ်. . . စိတ်ပျော့တယ်၊ ဆန့်ကျင်ဘက်လိင်တွေကို စိတ်ဝင်စားတတ်ပုံ မရဘူး၊ ပန်းသစ္စာ အပေါ် ညီမတစ်ယောက်ထက် ပိုမှာမဟုတ်ဘူး"

"ဟုတ်တယ် မောင်၊ ပန်းသစ္စာကိုယ်တိုင်ကလည်း ပြောပါတယ်"

"ညီရတုကတော့ စိတ်ကြီးတယ်၊ လိုချင်တာ ဖြစ်ချင်တာ ရှိရင် ရအောင်ဖြစ်အောင် လုပ်တတ်တဲ့သဘောရှိတယ်၊ ပန်းသစ္စာကို နွဲ့က သတိပေးထားလိုက်ပေါ့လေ၊ မောင်လည်း ခရီးထွက်မှာဆိုတော့ နွဲ့ကိုပဲ အပ်ခဲ့ရမှာပဲ"

"အင်း. . . မောင်လည်း ဖုန်းဆက်နော်"

"စိတ်ချပါ. . . တော်ကြာ တယ်လီဖုန်းမင်းသားလို့တောင် အခေါ်ခံနေရဦးမယ်၊ ဖုန်းဆက်သွယ်လို့ရတဲ့နေရာမှန်သမျှမှာ






မောင့်ကိုယ်ပိုင်အချိန်ဟူသမျှ နွဲ့အတွက်ပဲ ဖြစ်စေရပါမယ် ခင်ဗျား"

ပြောပြောဆိုဆို ဒေါက်တာနေအုပ်စိုးက နွဲ့သဒ္ဒါနွယ်၏ ခါးသိမ်သိမ်လေးကို လှမ်းဖက်ဆွဲငင်ကာ ရင်ခွင်ထဲသို့ သိမ်းပိုက်လိုက်လေတော့သည်။

"အိုး. . . လူဆိုး"

www.burmeseclassic.com





အခန်း(၂၆)

## ဒေါက်တာနေအုပ်စိုးနှင့် နန်းလယ်ရွာပုံပြင်

ဒေါက်တာနေအုပ်စိုးတို့ နယ်လှည့်ကွင်းဆင်း ဆေးကုသရေး ခရီးစဉ် စတင်ထွက်ခဲ့ကြလေပြီ။

နိစ္စဓူဝ. . . ဆေးရုံ၊ ဆေးခန်း၊ အိမ်သို့ ရောက်လာသော လူနာများနှင့် ကျင်လည်ခဲ့ရသမျှ ယခုမှပင် ဒေါက်တာနေအုပ်စိုး အတွက် စိတ်အပန်းလည်း ဖြေခွင့်ရ၊ ဗဟုသုတလည်းရ၊ ကုသိုလ်လည်းရမို့ အတော်အကြိုက်တွေ့နေမိသည်။

ရန်ကုန်မှာ လမ်းမလျှောက်ခဲ့ရသမျှ. . .

သူသွားသည်ကလည်း တောင်ကုန်းတောင်တန်းဒေသမို့ ကားလမ်းပေါက်လျှင်ပေါက်၊ မပေါက်လျှင် လှည်းလမ်း။ လှည်းလမ်း





ရလျှင် ခြေကျင်သွားလာရသည်မှာ အတော်ပင် ပျော်စရာ ကောင်းလှသည်။ အဖွဲ့အစည်းနှင့်မို့ အချင်းချင်း နောက်ဟယ် ပြောင်ဟယ်နှင့် ပျင်းချိန်ပင်မရ။

ချစ်ဇနီး နွဲ့ကိုပင်လျှင် ဖုန်းဆက်မည် ပြောထားသော်လည်း ဆက်သွယ်မှု ဧရိယာပြင်ပ ဖြစ်နေသဖြင့် မေ့မေ့ပျောက် ပျောက်ပင် ထားလိုက်သည်။

"ကဲ. . . ဒီရွာရဲ့ခရီးစဉ်ကတော့ နောက်ဆုံးခရီးစဉ်ပဲ တဲ့လူတို့၊ ဒီရွာကနေ သုံးရက် ရွာနီးချုပ်စပ်က လူနာတွေ ဆေး ကုသဖို့ လာကြမယ်"

တာဝန်ခံက သတင်းပို့ထား၍ လုပ်ငန်းမစခင် နားပြုရင်း မှ သူ့စိတ်ထဲ နွဲ့ကို သတိရသွားရာမှ နွဲ့ထံသို့ သူ့လူနာသုံးဦးများ ရောက်လာလေမလားဟု အာရုံပွားရာမှ ဖြတ်ကနဲ သတိရလိုက် သည်က ဒီရွာကို ဝင်လာစဉ်က တွေ့ခဲ့ရသောဆိုင်းဘုတ်ကို ပြန် လည်မြင်ယောင်ရင်း. . .

"ဟင်. . . ဒီရွာနာမည်က"

"နန်းလယ်ရွာပါ"

ရင်ထဲ၌ "ဟာကနဲ" အာမေဋိတ်သံ မြည်ဟီးသွားပြီး ကြက်သီးမွေးညင်းများပင် ထသွားလေတော့သည်။

တိုက်ဆိုင်လိုက်တာ၊ တိုက်ဆိုင်လိုက်တာ။

သူ့ယခု ရောက်ရှိနေသည်က တောင်ပေါ်နယ်စပ်မြို့လေး ဖြစ်သည့်အပြင် တိုင်းရင်းသားကျေးရွာလည်း ဖြစ်သည်။ ရှေးကျသော မြန်မာလူမျိုး တော်တော်များများလည်း ရှိသည်။

"ဒီရွာက ရှေးမီနောက်မီ လူကြီးနဲ့ တွေ့ချင်တယ်"

www.burmeseclassic.com



သူက ရွာသူကြီးကို အကူအညီတောင်းလိုက်သည်။ သိ
မကြာခင် အသက်(၈၀)ခန့်အရွယ် အဘိုးအိုတစ်ယောက်ကို ခေါ်
လာပေးလေသည်။

"ဆရာဝန်ကြီး တွေ့ချင်မေးချင်တယ်ဆို ဒီအဘကို မေး
ဒီအဘက ရွေးမီနောက်မီ ဗဟုသုတ စုံပါတယ်၊ ဖိုးဝဏ္ဏလို့ ခေါ်
တယ်"

"လာ. . . ဒီမှာထိုင်ပါ အဘ"

ဒေါက်တာနေအုပ်စိုး သူ့အနီးမှာ အတူခေါ်ထိုင်ခိုင်းပြီ
ရေနွေးကြမ်းငှဲ့ပေး၊ လက်ဖက်အစ် ထိုးပေးရင်း. . .

"သုံးဆောင်ပါ အဘ"

"ဆရာကြီး စားပါ"

"အဘနာမည်"

"ဖိုးဝဏ္ဏပါ. . ."

"အသက်"

"ရှစ်ဆယ်ကျော်လာပြီ"

အသံက ဝဲတဲတဲနှင့် မြန်မာစကားကို မနည်းပီသအောင်
ကြိုးစားပြောနေရရှာသည်။

"ဟုတ်ပြီ. . . အဘက ဒီရွာဇာတိလား"

"အေးပေါ့. . . ဒီရွာမှာမွေး၊ ဒီရွာမှာပဲ ခေါင်းချဖို့ရက်
စောင့်နေရတာပေါ့"

ကွမ်းချေးများ တက်နေသော သွားများ ပေါ်အောင် ရယ်
မောရင်း ဖြေလေသည်။

"အဘ. . . ကျွန်တော်သိချင်တာ ဖြေပေးမလား"





"မေးလေ. . . မေးပါ၊ ကျုပ်သိချင်တာ အကုန်ပြောပြ
မယ်"

ဒေါက်တာနေအုပ်စိုး အားတက်သွားရသည်။

"ဒီရွာမှာ လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော်က လူတွေကို မှတ်မိ
သလား"

"မှတ်မိတာပ"

"ဒါဆို ဒီရွာမှာ အချမ်းသာဆုံး သူဌေးသမီး မြကြာမှုန်ကို
သိသလား"

"ဟေ. . ."

ဖိုးဝဏ္ဏ ရုတ်တရက် တုန်လှုပ်အံ့အားသင့်သွားပုံ ရလေ
သည်။

"ဆရာကြီး ဘယ်လိုသိတာတုန်း"

"ကြားဖူးတော့ စိတ်ဝင်စားလို့ပါခင်ဗျာ"

"အေးလေကွယ်. . . မြကြာမှုန်က ချောမှချော၊ လှမှလှ၊
ချမ်းသာတာမှ ရွှေတင်မက ငွေကိုတောင် မွေ့ရာချုပ်အိပ်နိုင်တယ်"

"တကယ်လား အဘ"

"တကယ်ပေါ့. . . သူသေသွားတော့ သူ့ပစ္စည်းတွေ ရွာ
ဘုန်းကြီးကျောင်းကို လှူတာလေ၊ မွေ့ရာတွေ၊ ခေါင်းအုံးတွေထဲမှာ
ငွေစက္ကူတွေအပြည့်ပဲ၊ အေး. . . မြကြာမှုန်က ရုပ်ချောသလောက်
အဝက မချောမွေ့ရှာဘူး၊ ရွာထဲက လူသုံးဦးရဲ့မတော်မတရားပြုလို့
သေရတာပ၊ အဲဒီတရားခံတွေလည်း သေပဲ"

"အဲဒီတုန်းက ရွာသူကြီးကော ရှိသေးလား အဘ"

ထိုမြင်ကွင်းကို မျက်မြင်သက်သေဖြစ်ခဲ့ပြီး ကိုင်တွယ်

www.burmeseclassic.com



ဖြေရှင်းခဲ့ရမည့် ရွာသူကြီးဆို ပို၍သိနိုင်မည်ဟု ဒေါက်တာနေအုပ်စိုး တွက်ဆပြီး မေးလိုက်လေသည်။

ဖိုးဝဏ္ဏက ခေါင်းခါယမ်းပြီး. . .

"မရှိတော့ဘူး. . . မြကြာမှုန်ကိစ္စလည်း ဆောင်ရွက်ပေး ပြီးတော့ မကြာခင်မှာ ငှက်ဖျားရောဂါနဲ့ ဆုံးပါးသွားရှာပါတယ်"

"ဒါထက် အဘ. . . မြကြာမှုန်ကို စော်ကားတဲ့သူ (၃)ယောက်ရဲ့နာမည်တွေကို မှတ်မိသလား"

"မှတ်မိပါသကော. . . ကျုပ်သားသမီးတွေနဲ့ ရွယ်တူတွေ ပဲပ၊ ဒီကောင်တွေက လောင်းကစား၊ အသောက်အစားသမားတွေ ဖြစ်လို့ သားတွေကို ဒင်းတို့နဲ့ မပေါင်းဖို့ ဆုံးမခဲ့ရတယ်ပ၊ ဇေယျ ဥက္ကာ၊ နန္ဒတဲ့"

"သူတို့အကြောင်းတွေ မှတ်မိသေးသလား အဘ"

"မှတ်မိပါဘိကော. . . ဇေယျက ပညာပိုတတ်တယ်၊ မိဘ က လယ်ပိုင်နွားပိုင်မို့ စာရင်းဇယားတတ်တယ်၊ ဥက္ကာက ခြံစိုက် တယ်၊ နန္ဒကတော့ အလုပ်ကြမ်းသမား၊ ရေထမ်း၊ ထင်းခုတ်၊ ဝါးခုတ် အကုန်လုပ်တယ်လကွယ်၊ သူတို့သုံးယောက်က သက်တူရွယ်တူ စရိုက်တူပြီး ပေါင်းဖော်ကြတာ သေတော့လည်း အတူတူပဲကွဲ့"

"ဩော်. . ."

"ဆရာဝန်ကြီးက ဘာကြောင့် သိချင်ရတာတုန်း"

"ကြားဖူးတော့ ပုံပြင်လား တကယ်လား သိချင်တာ အဘရာ"

ဒေါက်တာ နေအုပ်စိုးက ပေါ့ပေါ့ပါးပါးဟန်နှင့် ပြောလိုက် ရသော်လည်း ရင်ထဲမှာတော့ အလေးအနက် ထားနေမိသည်





သက်ရှိအတိတ်ဘဝအကြောင်းကို ပြန်ပြောတတ်သည့် လူသုံး ယောက်မှာ သူ့လူနာအဖြစ် ရောက်ရှိနေခဲ့ပြီကိုး။

"ပုံပြင်မဟုတ်ပ၊ တကယ်ပ. . . တကယ်"

"ဒါဆို မြကြာမှုန် နေတဲ့အိမ်ကြီးကော ရှိသေးလား"

"ရှိပ. . . ရှိပ. . . ဘယ်သူမှ မနေရဲဘူး၊ ဒီအတိုင်းပဲ ပိတ် ထားတယ်ပ"

"ဒါဆို သွားကြည့်လို့ရမလား အဘ"

"ဟား. . . ဆရာဝန်ကြီး၊ အခု ညနေစောင်းနေပြီ၊ အဲဒီ ဘက် မသွားရဲပေါင်၊ မနက်ဖြန် ရွာက လူငယ်နှစ်ယောက် ထည့်ပေး လိုက်မယ်၊ ရွာဘုန်းကြီးဆီမှာ အိမ်သော့တောင်းပြီး ဖွင့်ခိုင်းပါ။ ပါတော့ မလိုက်ဝံ့"

"ရပါတယ် အဘ၊ ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အဘ အခုလို ပြောပြတာ ကျေးဇူးတင်တဲ့အနေနဲ့ ကန်တော့တာပါ"

ပြောပြောဆိုဆို ငွေတစ်ထောင်တန်ငါးရွက် အိတ်ကပ်ထဲ ထည့်ပေးလိုက်သည်။

"ဟေ. . . မြို့က ဆရာဝန်ကြီး သဘောကောင်းတာပ၊ ဝမ်းသာတယ်. . . ဝမ်းသာတယ်"

ယခုလို ပိုက်ဆံအထပ်လိုက် ရဖို့ တပင်တပန်း ရှာဖွေရသူ အဘိုးကြီး ဖိုးဝဏ္ဏမှာ ပြုံးရွှင်၍ သွားလေသည်။

ရွာထဲမှာလည်း ဆရာဝန်ကြီးက သူဌေးသမီး မြကြာမှုန်ရဲ့ အကြောင်းကို မေးမြန်းသည်ဟူသောသတင်း တအံ့တသြကြီး ဖြစ်ကုန် ကြလေသည်။

နောက်တစ်နေ့နံနက်. . .

www.burmeseclassic.com



ရွာမှ တည်ခင်းသော ခေါပုတ်ခြောက်မီးကင်နှင့် ပါလာ
သော ကော်ဖီမစ်များကို ဖျော်သောက်ကြပြီးနောက်. . .

"ဝေး. . . မြို့ဆရာဝန်ကြီး၊ သူဌေးသမီးအိမ် သွားမယ်
လိုက်ပို့ပေးမယ့်သူ ရောက်လာပြီ"

လူငယ်နှစ်ယောက်နှင့်အတူ အသက်(၆၀)အရွယ်
အဒေါ်ကြီးတစ်ယောက်လည်း ပါလာသည်။

"ဒေါ်နှင်းဆီက သူဌေးသမီးသူငယ်ချင်းလေ၊ သူလည်း
သူ့သူငယ်ချင်းအိမ်ကို အလွမ်းပြေ လိုက်မလို့တဲ့၊ ခေါ်သွားမလား
မြို့ဆရာဝန်ကြီး"

"ဟာ. . . သိပ်ကောင်းတာပေါ့၊ လိုက်ခဲ့ပါ ဒေါ်နှင်းဆီ"

ဒေါက်တာနေအုပ်စိုး ဒီဂျစ်တယ်ဗွီဒီယိုကင်မရာနှ
လက်နှိပ်ဓာတ်မီး၊ နောက် နှာခေါင်းစည်းပါသော ဦးထုပ်ကို ဆော
လာခဲ့လေသည်။

"မြောက်ဘက်ကို သွားရမှာဗျ"

စိတ်ဝင်စားသူများလည်း လိုက်လာကြသဖြင့် လူက ဘ
အုပ်ကြီးဖြစ်နေလေသည်။

တဖြည်းဖြည်းနှင့် ပြိုကျပျက်စီးနေသော ခြံစည်းရိုး
ငုတ်များသာ ကျန်ရှိလေသည်။

"မြကြာမှုန် ပစ္စည်းဆို ဘယ်သူမှ မထိရဲကြဘူး"

"ဘာဖြစ်လို့လဲ ဒေါ်နှင်းဆီ"

"ကျိန်စာတိုက်ထားတယ် ဆိုပြီးတော့ပေါ့"

"ဩော်. . ."

အိမ်မှာ ရှေးခေတ်အိမ်ကြီးအိမ်ကောင်း ဖြစ်ပေသည်





သစ်ဝါးပေါသောအရပ်ဖြစ်၍ အိမ်ကို သစ်အလုံးလိုက်
တိုင်ထူကာ ဆောက်ထားလေသည်မို့ အခိုင်အခန့်ပင် ရှိနေသေး
သည်။

ဒေါက်တာနေအုပ်စိုး စိတ်ထဲ၌ ဇေယျ၊ မြကြာမှုန်နှင့် ဥက္ကာ
တို့၏ပြောပြချက်များကို တလှည့်စီ ကြားယောင်ရင်း မျက်ဝန်းထဲ
ရုပ်ရှင်ပြသလို ပေါ်လာလေသည်။

ဗွီဒီယိုကင်မရာဖြင့် အိမ်ကြီးကို စတင်မှတ်တမ်းယူလိုက်
သည်။

နောက်. . . အိမ်တံခါးမကြီးကို ဓားနှင့် မနည်းဖွင့်ယူရ
လေသည်။

"ကျွီ"

နှစ်ချို့နေပြီဖြစ်သောကြောင့် တံခါးပတ္တာများက သံချေး
တက်ကာ မြည်လေပြီ။

"ပြတင်းပေါက်တွေ ဖွင့်လိုက်ကြ"

မှောင်မည်းနေသော အိမ်ကြီးကို အလင်းရောင်ရစေရန်
ပြတင်းပေါက်များ ဖွင့်ခိုင်းလိုက်ရသည်။

"ကျွီ. . . ကျွီ. . ."

ဧည့်ခန်း ကျွန်းဆက်တီခုံကြီးများကိုလည်း ဓာတ်ပုံရိုက်ယူ
လိုက်သည်။ စားပွဲပေါ်၌ ဖုန်ထူနှင့် ပန်းမဲ့ပန်းအိုး၌ အမှိုက်သရိုက်
များ ဖြစ်ထွန်းလျက်။

အိမ်ပေါ်တက် လှေကားများမှာလည်း ထုထည်ကြီးမား
သော သစ်များကြောင့် ကောင်းစွာ ခိုင်ခန့်နေဆဲ။

ဖုန်ထုကတော့ လူသူကင်းဝေးသည်မှာ နှစ်ပရိစ္ဆေဒ ကြာ

www.burmeseclassic.com



ညောင်းခဲ့ပြီဖြစ်ကြောင်း သက်သေပြလျက်ရှိနေသည်။

မြကြာမှုန်၏ဘုရားခန်းမှာ အတော်ပင် ကျယ်ဝန်းလှ သည်။

"ဒီက ဘုရားတွေကို ဆရာတော် ပင့်ပေးထားတယ်၊ ရွာဦး ကျောင်းမှာ ရှိတယ်"

ဒေါ်နှင်းဆီက ရှင်းပြလေသည်။

"မြကြာမှုန်ဟာ ဘုရားတရားလည်း ကြည်ညိုပါတယ် အဲဒီအမြောက်ကျည်ဆန် ကြေးပန်းအိုးတွေကိုဆိုရင် ပြောင်လက်နေ အောင် သူကိုယ်တိုင် တိုက်တာ၊ နောက်ပိုင်း ဥက္ကာက ဘုရားတင်မှု ပန်းခူးပေးရင်း ပန်းပို့ရင်းနဲ့ သူ့ပါ ကူတိုက်ပေးတယ်"

ဘုရားစင်ထက်ဝယ် ငုတ်တုတ်ဖြစ်နေသော ကြေးပန်းအိုး များမှာ ဖုန်အလိမ်းလိမ်းနှင့်မို့ အိုးသဏ္ဍာန်ပင် မပီပြင်ရာတော့ချေ

"ဒါက မြကြာမှုန် အိပ်ခန်း မြို့ဆရာဝန်ကြီး"

ဒေါ်နှင်းဆီတစ်ယောက် ပါလာတာ အတော်သိခွင့်ရလေ သည်။ သူက လွန်ခဲ့တဲ့အနှစ်(၂၀)ကမှ ရွာကို ပြန်ရောက်ခဲ့တာ ဖြစ်ကြောင်း၊ မြကြာမှုန်၏ဘဝမှာ သနားစရာ အလွန်ကောင်း ကြောင်း ပြောပြရှာသည်။

ဖုန်များ ထူထပ်ပြီး ပင့်ကူအိမ်များ အထပ်ထပ်ဖြင့် အတော်ညစ်ပေနေသည်။

အိပ်ခန်းမှာ တံခါးမရှိချေ။

ဩော်. . . အရိပ်အမိုး မရှိသော လူချမ်းသာမိန်းမဘဝ ဖြစ်စဉ်မှာ ကြေကွဲဖွယ်ရာ ဝဋ်ကြွေးကို ပေးဆပ်ရလေပြီ။

အိပ်ခန်းထောင့်စွန်းတစ်နေရာမှာ မှောက်လျက်ရှိနေသော





လက်ရာမြောက် စဉ့်အိုးငယ်တစ်လုံးကား အထီးကျန်စွာနှင့် ဖုန် စောင်ခြုံလျက် ရှိနေရှာသည်။

အသေအချာ အမိအရ ကင်မရာထဲ ဝင်အောင် ရိုက်ကူး နေမိလေသည်။

"မြို့ဆရာဝန်ကြီး. . . ဒီရာဇဝင်ကို စိတ်ဝင်စား မှတ်တမ်း တင်နေတာ အကြောင်းရှိသလား"

ဒေါ်နှင်းဆီက မေးလိုက်သည်။

"ဟာ. . . မဟုတ်ပါဘူး၊ ကျွန်တော့်ဝါသနာကိုက ထူးထူး ဆန်းဆန်းလေးတွေကို စိတ်ဝင်စားတတ်လို့ပါဗျာ"

ဟု သူရယ်ရယ်မောမောပင် ပြောခဲ့လေသည်။ ရွာထဲက လူငယ်တစ်ဦးက. . .

"ကျွန်တော်တို့အတွက်တော့ ငယ်ငယ်ကတည်းက မြကြာ မှုန်ဆိုတာ အိပ်ယာဝင် ပုံပြင်တစ်ပုဒ်ပါပဲ"

ဟု ပြောလေသည်။

ဒေါက်တာနေအုပ်စိုး စိတ်တိုင်းကျ လေ့လာပြီးသောအခါ

"ကဲ. . . ရွာထဲက လူနာတွေလည်း စောင့်မျှော်နေကြတော့ မယ်. . . ပြန်ကြရအောင်၊ ဖွင့်ထားတဲ့ တံခါးတွေအားလုံး ပြန်ပိတ် ပေးခဲ့ကြဦး"

အားလုံးက သူ့စကားကို နားထောင်ကြသည်။ တံခါးပိတ် အပြီး အိမ်ထဲမှ အလုအယက် တိုးဝှေ့ထွက်ကြလေသည်။

"ဘယ်သူကျန်သေးလဲ. . . ကိုယ့်အဖော်ကိုယ် ကြည့်ကြဦး"

ဒေါက်တာနေအုပ်စိုး ဆော်ဩလိုက်သည်။

အိမ်ကြီးထဲမှာ ခိုဝင်နေသော ဇီးကွက်၊ တောက်တဲ့တို့၏

www.burmeseclassic.com



အော်မြည်သံက စိတ်မခိုင်သူအတွက် ကြောက်လန့်စိတ် ဖြစ်မိမည်မှာ အမှန်ပင်. . .။

ဒေါက်တာနေအုပ်စိုးတို့အဖွဲ့ ရွာလယ်ထဲ ပြန်ခဲ့ကြသည်။

နေ့လည် ဆေးကုသနားချိန်မှာတော့ ဒေါက်တာနေအုပ်စိုး ရွာကျောင်းသို့ သွားကာ ဆရာတော်ကို ဖူးမျှော်ပြီး လျှောက်ထား လိုက်သည်။

"တပည့်တော်. . . သူဌေးမ မြကြာမှုန်ရဲ့ဆင်းတုတော်ကို ဖူးခွင့်ပြုပါဘုရား"

ရွာကျောင်းထဲမှာ ဆင်းတုတော်ပေါင်းများစွာ သီတင်းသုံး နေ၍ မေးရခြင်းဖြစ်လေသည်။

"သည်တောင်ဘက်က အဆူပေါ့"

အလွန်သပ္ပါယ်၍ ကြည်ညိုစရာကောင်းလှပေသည်။

"အရှင်ဘုရားကော မြကြာမှုန်ကို မြင်ဖူးပါသလား ဘုရား"

"မြင်ဖူးပါသကောကွယ်. . . ကျောင်းဒကာ၊ ဘုရားဒကာက သူ့မိဘများလက်ထက်တည်းကကိုးကွယ်၊ ဘုန်းကြီး ကိုရင်ဘဝတည်းကပေါ့၊ မြကြာမှုန်နဲ့ ဘုန်းကြီးအသက်မကွာပေဘူး"

ဘုန်းကြီးသက်တော်မှာ (၆၀)ကျော်ဝန်းကျင်ပင် ရှိမည်။ သီလတန်ခိုးကြောင့် နုပျိုနေသည်။

"ရွာမှာ အချောဆုံး၊ အလှဆုံး၊ နုညက်တဲ့အသားအရေ ပိုင်ရှင်ပေပဲ၊ ဆုတောင်းကောင်းသလို အလှူဒါနလည်း လက်နဲ့ မပြတ်ရှာခဲ့သူပေပဲ၊ ဒါပေမယ့် အကျိုးပေး ဆိုးရှာတယ်၊ အင်း. . . ဒီအကြောင်း ဖြစ်ပြီးစက မြကြာမှုန်ရဲ့အပေါ် တစ်ရွာလုံးက သနားကြလို့ တရားခံသုံးယောက်ကို အမိအရ လိုက်ရှာကြတယ်၊ အဲ. . .





တွေ့တော့ အလောင်းတွေပဲ တွေ့ရတယ်၊ ရွှေတွေတော့ မရကြဘူး၊ အင်း. . . သူတို့အချင်းချင်း သတ်ဖြတ်လို့ သေကုန်ကြတယ်လို့ပဲ မှတ်ယူကြရတာပေါ့၊ ဒါနဲ့ မြကြာမှုန် မွေ့ရာ၊ ခေါင်းအုံးတွေထဲက ငွေတွေနဲ့ မြကြာမှုန် ရုပ်အလောင်းကိုလည်း သဂြိုလ်၊ ရွာထဲ ဆင်းရဲ နွမ်းပါးသူတွေနဲ့ မိဘမဲ့ကလေးတွေကို ရဟန်းခံ ရှင်ပြုပေးပြီး ကျောင်းလိုအပ်ချက်အတွက် ပိုငွေတွေကို ငွေပဒေသာပင် စိုက်ထူ ပေးထားလိုက်တာပဲကွဲ့၊ ခမျာများအတွက် ရည်စူးပြီးတော့ပေါ့ ကွယ်"

"တင်ပ့ါဘုရား. . . အလွန်မွန်မြတ်လှပါတယ် ဘုရား၊ ခုလို ရှင်းလင်းပြောပြတာ ကျေးဇူးတင်ပါတယ် ဘုရား၊ တပည့်တော် လူနာတွေ ဆက်ကြည့်ပေးရဦးမှာ ဖြစ်လို့ ဦးတင်ခဲ့ပါတယ်ဘုရား၊ ဒါ. . . တပည့်တော်ရဲ့ နဝကမ္မဝတ္ထုပါဘုရား"

"သာဓု. . . သာဓု. . . သာဓု. . . နောင်မကြာမကြာ ရွာကို လာပြီး ဆေးကုပေးနိုင်ပါစေကွယ်"

"မှန်ပ့ါဘုရား. . ."

ဒေါက်တာနေအုပ်စိုး ဆရာတော်ကို ဦးချပြီး ကျောင်းပေါ်မှ ဆင်းလာရင်း တွေးမိလိုက်သည်က. . .

မြကြာမှုန် ဝင်စားသော ပန်းသစ္စာကို ထိုကဲ့သို့သော အဖြစ်ဆိုးမျိုး မကြုံရလေအောင် ကာကွယ်ပေးရပေဦးမည်။

သို့သော်. . . ဤဘဝတွင် အထုံရေစက်ကြောင့် ဆုံလာရသော "ဇေယျ" ဝင်စားသော "ညီရတု" နှင့် "ဥတ္တာ" ဝင်စားသော "အောင်ဇင်" တို့မှာ စည်းစိမ်ဥစ္စာအရတော့ ပန်းသစ္စာကို မက်မောမည်မဟုတ်ပေ။

www.burmeseclassic.com




ပန်းသစ္စာ၏ကုတ္တိယဆန်သော အလှကိုသာ တိမ်းညွှတ်ပြီ

ဟူး. . . ဘာပဲဖြစ်ဖြစ်, အဖြစ်ဆိုး မကြုံရအောင်တော့ ကာကွယ်ပေးရမည်ပင်ဟု. . .။







အခန်း(၂၇)

ဖြစ်ရပ်မှန် မှတ်တမ်းဗွီဒီယို

နွဲ့သဒ္ဒါနွယ် ခင်ပွန်းဖြစ်သူ ပြန်ရောက်လာပြီဖြစ်၍ ပါလာသော လက်ဆောင်ပစ္စည်းများကို ကြည့်ကာ တအံ့တသြဖြစ်နေရသည်။ ကြက်သွန်ဖြူ လက်ဖက်စို၊ ခြောက်၊ ခေါပု ် တို့ဟူးခြောက်၊ ပျားရည်၊ ဝိုင်၊ စွန်ထန်ခြောက်တို့အပြင် လိမ္မော်သီးက ခြင်းတောင်းကြီးသုံးလုံး။

"ဟင်. . . ကုန်စုံဆိုင်တောင် ဖွင့်လို့ရနေပြီ၊ များလိုက်တာမောင်ရယ်"

"ဘုန်းကြီးကျောင်း သွားလှူလိုက်ပြီး အမေတို့အိမ်လည်း ပို့ပေးလိုက်ပေါ့၊ ရထားပေါ်အထိ သူတို့ စီစဉ်တင်ပေးလိုက်တာ၊ ဘူတာကြီး ရောက်တော့ မောင့်ပစ္စည်းက ဟိုင်းလပ်နောက်ခန်း

www.burmeseclassic.com



ပြည့်နေလို့ စင်းလုံးငှားပြန်ခဲ့ရတယ်၊ အဲဒီတော့မှ ကိုယ့်ပစ္စည်းတွေ ဒီလောက်များမှန်း သိတော့တာပဲ၊ ဪ. . . လိမ္မော်သီးခြင်းနှစ်လုံးနဲ့ လက်ဖက်ခြောက်ရယ်၊ တို့ဟူးခြောက်ရယ် မနက်ဖြန် မောင်ဆေးရုံသွားရင် ထည့်ပေးလိုက်၊ လူနာတွေကို ကျွေးမလို့. . ."

"အင်းပါ မောင်ရယ်၊ ခေါပုတ်တွေပါ ကြော်ထည့်ပေးလိုက်မယ်"

"နွဲ့ ပင်ပန်းပါတယ်၊ ဆေးရုံ စားဖိုဆောင်မှာပဲ ကြော်ခိုင်းလိုက်မယ်၊ အဟဲ. . . ဆီသာ ထည့်ပေးလိုက်"

"ဟွန်း. . . တတ်တယ်"

ဇနီး၏မျက်စောင်းလှလှလေးဒဏ်ကို ဒေါက်တာနေအုပ်စိုး မခံစားနိုင်သဖြင့် လှမ်းဖက်ကာ မွှေးကြူလိုက်ပြီး. . .

"လွမ်းလိုက်တာကွာ"

"အပိုလုပ်တယ်. . . နှစ်ပတ်ကြာသွားတာတောင် ဖုန်းသုံးခါပဲ ဆက်ပြီးတော့များ"

"ဆက်သွယ်လို့ မရတဲ့နေရာတွေမို့ပါကွာ၊ တစ်တောင်ဆင်း တစ်တောင်တက်နဲ့ မောင်ဘယ်အထိ ရောက်သွားတယ် ထင်သလဲ"

"ဘယ်သိမှာလဲ"

"နွဲ့ သိချင်သလား"

"သိချင်တာပေါ့. . . ဗဟုသုတ အထူးအဆန်းလေးတွေ နားထောင်ချင်တာပေါ့"

နွဲ့သဒ္ဒါနွယ် အနေနှင့် ခင်ပွန်းပြောလာသမျှ ဗဟုသုတ အတွေ့အကြုံ အထူးအဆန်း မှန်သမျှကို နားထောင်ပေးစမြဲဖြစ်သလို နွဲ့ပြောလျှင်လည်း ခင်ပွန်းက နားထောင်စမြဲဖြစ်သည်။





သူတို့လင်မယားသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုအပြည့်ရှိသကဲ့သို့ အချစ်နှင့် သစ္စာတရားကလည်း ခိုင်မြဲလှသည်။

"နွဲ့ သိရင် အံ့သြမှာ၊ မောင် မမျှော်လင့်ဘဲ မြကြာမှုန်နေခဲ့တဲ့ နန်းလယ်ရွာကို ရောက်သွားခဲ့တယ်"

"ဟင်. . ."

နွဲ့သဒ္ဒါနွယ်မှာ အံ့အားသင့်လွန်းသဖြင့် မျက်လုံးလေးပင် ဝိုင်းစက်သွားရလေသည်။

"အထက်က ခိုင်းလို့သာ သွားရတယ်ဆိုပေမယ့် မောင့်ရဲ့ ကံတရားက လူနာတွေအပေါ် မေတ္တာစေတနာ ထားလို့နဲ့ တူပါတယ်၊ အဲဒီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့တယ်၊ ဒါကြောင့် မောင် ဗွီဒီယိုမှတ်တမ်းပါ ယူခဲ့တယ်"

"ဟယ်. . . ကြည့်ချင်လိုက်တာ"

"ကြည့်ရမှာပေါ့. . . ဒါပေမယ့် မောင်ရေချိုးပြီး ထမင်းစားဦးမယ်၊ ပြီးမှ တီဗွီကြည့်ကြတာနော်"

"ဒါဆို မောင် ရေမြန်မြန်သွားချိုးတော့၊ နွဲ့ ထမင်းပွဲပြင်ထားမယ်. . . အဝတ်ထုတ်ထားပေးပြီးသား"

"အင်း. . . ထမင်းစားရင်း တီဗွီကြည့်လို့ရတာပဲ"

"အိုကေ. . . မောင်ရေ၊ နွဲ့ပြင်ထားလိုက်တော့မယ်"

နွဲ့သဒ္ဒါနွယ်အတွက်ကတော့ အိမ်ဖော်ရ အလုပ်သမား မထားဘဲ ကိုယ်တိုင်လုပ်မို့ ကျွမ်းကျင်မြန်ဆန်စွာပင် ထမင်းပွဲကို ပြင်ဆင်ပြီး လင်ဗန်းနှင့် ယူကာ စာကြည့်ခန်းရှိ ဆိုဖာဆက်တီရှေ့ စားပွဲပေါ်သို့ တည်ခင်းလိုက်သည်မှာ ဒေါက်တာနေအုပ်စိုး ရေမိုးချိုးပြီး အောက်ထပ်သို့ ဆင်းလာချိန်တွင် အချိုပွဲပါ အဆင်သင့်ဖြစ်နေ

www.burmeseclassic.com



လေသည်။

ဒေါက်တာနေအုပ်စိုးက တီဗွီမှာ ကင်မရာကို ဂျပ်ပဲန်ထိုးကာ ဖွင့်လိုက်သည်။

"နွဲ့. . . အဲဒါ မြကြာမှုန်ဘဝက နေခဲ့တဲ့ရွာပေါ့၊ တွေ့လားရွာအဝင်ဆိုင်းဘုတ်"

"နန်းလယ်ရွာ. . . ဟုတ်ပါရဲ့"

နွဲ့သဒ္ဒါနွယ် ကြက်သီးမွေးညှင်း ထသွားရလေသည်။ စိတ်ဝင်စားလွန်းသဖြင့် ထမင်းပန်းကန်ထဲ ဟင်းပုံပြီး ထိုင်ခုံကိုရှေ့သို့ တိုးကာ ကြည့်လေသည်။

ဒေါက်တာနေအုပ်စိုးကတော့ စားသောက်ဖွယ်ရာများတင်ထားသော စားပွဲရှေ့မှာပင် စားရင်းသောက်ရင်း ရှင်းပြလေသည်။

"ဟောဒီအဖိုးကြီးက မြကြာမှုန်ကို မိဘဲ့ ရှေ့မီနောက်မီအဘိုးပဲ၊ ဖိုးဝဏ္ဏတဲ့. . . အသက်(၈၀)ရှိပြီ၊ သူပြောပြနေတာနားထောင်. . . နားထောင်. . ."

"× × × × × × × × × × × × × × × × × × × × × × × × × × ×"

နွဲ့သဒ္ဒါနွယ်က ဖိုးဝဏ္ဏနှင့် ခင်ပွန်းအပြန်အလှန် ပြောသမျှတို့ကို နားထောင်အပြီးတွင်. . .

"အင်းနော်. . . အံ့သြစရာကြီး၊ ပန်းသစ္စာပြောတာတွေနဲ့ အတူတူပါပဲလား၊ လောကကြီးရဲ့တကယ့်အဖြစ်အပျက်တွေဟာ ပုံပြင်ဝတ္ထုတွေထက်ကို ဆန်းကြယ်တယ်နော် မောင်"

"ဒါပေါ့. . . တကယ့်အဖြစ်အပျက်တွေကို မှီငြမ်းပြီး





ဝတ္ထုဆိုတာတွေ ဖြစ်လာရတာပဲပေါ့ နွဲ့ရာ၊ သူက ဒေါ်နှင်းဆီလေ၊ မြကြာမှုန် သူငယ်ချင်းဆိုတာပေါ့"

"အံ့သြစရာပဲနော်. . . ပန်းသစ္စာပြောတဲ့ အိပ်မက်ထဲကလူတွေ တကယ်ရှိခဲ့ကြတာပဲ"

"ဟုတ်တယ်. . . မောင်လည်း အံ့သြလွန်းလို့ မှတ်တမ်းကိုအမိအရ ယူခဲ့ရတာ"

"အင်းလေ. . . ရွာက လူတွေ သိတာက အပေါ်ယံကြောပဲ သိကြတာလေ၊ မြကြာမှုန်ကိုယ်တိုင် အရိပ်၊ အမိုး၊ အကာမဲ့ဘဝနဲ့ လူရမ်းကားတွေရဲ့အနိုင်ကျင့်ကို ခံခဲ့ရတာ၊ သူ့ဘဝသူ ဘယ်လောက် စက်ဆုပ်နာကြည်းသွားမလဲဆိုတာ ဘဝခြားတဲ့တိုင်အောင်မပြေနိုင်ဖြစ်နေလို့လဲ"

"ဟော. . . အဲဒါ မြကြာမှုန် နေခဲ့တဲ့အိမ်ပဲ နွဲ့၊ မောင်ဘစ်ကွက်ချင်းကို ရိုက်ယူထားတာ"

"အို. . . တော်တော်ကောင်းတဲ့ ရှေးဟောင်းအိမ်ကြီးပဲ၊ ရွာက ဒီအတိုင်း အနှစ်သုံးဆယ်ကျော် ပစ်ထားတာပဲလား"

နွဲ့သဒ္ဒါနွယ်က နှမြောစိတ်နှင့် မေးလိုက်လေသည်။

"အင်းလေ. . . မောင်ကတော့ ကျေးရွာလူကြီးကို အကြံပေးခဲ့တယ်၊ စာသင်ကျောင်းအဖြစ် အသုံးပြုဖို့ပေါ့"

"ဟုတ်ပါရဲ့. . . အခန်းဖွဲ့ရင် အများကြီး ရမှာ၊ ကောင်းတယ်. . . ကောင်းတယ်"

လင်မယားနှစ်ယောက်မှာ တကယ်ကို နှစ်ကိုယ့်တစ်စိတ်ဖြစ်သည်။ တစ်ဦးဆန္ဒနှင့်တစ်ဦး ထပ်တူညီဖြစ်လေသည်။

"နွဲ့. . . အဲဒါ မြကြာမှုန်ရဲ့အိပ်ခန်းပဲ၊ သူ့ခေတ်၊ သူ့အခါ

www.burmeseclassic.com



သူ့ရွာမှာတော့ အခမ်းနားဆုံးပဲပေါ့၊ အဲဒီအခန်းမှာပဲ သူ့အသက်ကို စတေးခံခဲ့ရရှာတာပေါ့"

"အင်း. . . သူသေတော့ အဲဒီရွာမှာပဲ သင်္ဂြိုဟ်ရမှာပေါ့"

"ဒါပေါ့. . . စောစောက ဖိုးဝဏ္ဏ ပြောပြသလိုပဲ မြကြာမှုန် ပစ္စည်းယူ၊ လူသတ်ခံရတယ်ဆိုတာကို သိတော့ ရွာသားတွေက မခံချင်လို့ တရားခံတွေနောက် လိုက်တော့ တရားခံသုံးဦးစလုံး အသေမိတယ်လေ"

"သူ့ရဲ့ရွှေတွေရော အခုထိ မတွေ့ဘူးတဲ့လား"

"အင်း. . . ထူးတော့ ထူးဆန်းတယ်၊ ရွှေထုပ်က အစအန ကို ပျောက်နေတာ၊ သိတဲ့လူက တစ်ယောက်ထဲ ရှိတာကို"

"ကိုဇေယျပေါ့"

"အင်း. . ."

"ဒါဆို အဲဒီတရားခံ သုံးယောက်ထဲက တစ်ယောက်ဟာ ညီရတုပဲ ဖြစ်မယ်၊ ဟင်. . . အောင်ဇင်ရောပဲ၊ ဟုတ်တယ်မဟုတ်လား မောင်"

နွဲ့က သူ့အား လှည့်ကြည့်ကာ မျက်ဝန်းမှ အဖြေကို စူးစမ်းလိုက်လေသည်။

ဒေါက်တာနေအုပ်စိုးကလည်း လှစ်နေအောင် ပါးသူပင် စိတ်ကျန်းမာရေး အထူးကု ဆရာဝန်ကြီးပေပဲလေ။

"ဟင်း. . . ဟင်း. . . နွဲ့ကတော့လေ၊ စုံထောက်တော် လုပ်စားလို့ရနေပြီ"

"ဟွန်း. . . မောင်က ဒါကြောင့်မို့ လျှို့ဝှက်ထားတာ မှတ်လား"

☺ အောင်မြင်စာပေ ☺



ဒေါက်တာနေအုပ်စိုး ဝန်မခံသေးဘဲ ဝေ့လည်ကြောင်ပတ် နှင့်. . .

"မောင်က ဆရာဝန်တစ်ယောက်လေကွာ၊ မောင် နွဲ့ကို သတိထပ်ပေးရမယ်၊ ဒီအကြောင်းတွေကို ပန်းသစ္စာကို လုံးဝအသိ မပေးပါနဲ့"

"စိတ်ချပါ မောင်ရယ်၊ မောင်ဒုက္ခရောက်အောင် နွဲ့က မိုက်မဲပါ့မလားလို့၊ သူတို့ဟာ အတိတ်ကို ဥပက္ခာပြုပြီး ပစ္စုပ္ပန် ကိုသည့်တည့်ရှုနိုင်ရင်ပဲ ဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ ပါ၊ နွဲ့တို့ ဒါကိုပဲ ကူညီရမှာ မှတ်လား"

"မောင့်မိန်းမ သိပ်တော်တယ်၊ ဒါပေါ့ နွဲ့၊ ဟော. . နွဲ့. . တွေ့လား"

ဒေါက်တာနေအုပ်စိုးက တီဗွီသို့ အာရုံပြန်ပို့ရင်း ပြော လိုက်သည်။

"အဲဒါ ရွာဘုန်းကြီးကျောင်း၊ ဒီဘုရားက မြကြာမှုန်ဘဝက နေထိုင်ကွယ်လွန်ခဲ့တဲ့ သူ့အိမ်မှာ သိမ်တင်းသုံးတော်မူတဲ့ ဘုရားဆင်းတုတော် ပဲ၊ မြကြာမှုန် မိဘများက ဘုရားဒါယိကာ၊ ဒါယိကာမတွေပဲ၊ မြကြာ မှုန်လည်း မိဘအမွေကို ဆက်ခံယူ လှူဒါန်းခဲ့သူပေပဲ"

"အင်း. . . ဆင်းတုတော်မှာ ရတနာတွေ အများကြီး မြှုပ်နှံလှူဒါန်းခဲ့တာပေပဲ"

"ဒါကြောင့် ဒီဘဝ ပန်းသစ္စာဘဝမှာ ရတနာစိန်ကျောက်နဲ့ ဆုံတွေ့နေရတာ ဖြစ်မယ်နော် နွဲ့"

"ဟုတ်တယ်နော် မောင်"

ဒေါက်တာနေအုပ်စိုး ထမင်းစားပြီးသွားပြီး အချိုပွဲအဖြစ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



ထန်းလျက်ခဲကိုသာ အစာကြေစေရန် ကောက်ဝါးပြီး ရေသောက်ချ လိုက်သည်။

"ကဲ. . . နွဲ့ရေ၊ ပြီးရင် ပိတ်လိုက်တော့၊ မောင်တော့ ခရီးပန်းလာလို့ နားချင်ပြီကွာ"

"အိုကေ မောင်. . . ဂွတ်နိုက်"


"ဂွတ်နိုက် နွဲ့"

ဒေါက်တာနေအုပ်စိုးက ချစ်ဇနီးနဖူးပြင်ပေါ် သို့ နှုတ်ဆက် အနမ်းလေး ပေးပြီး အိပ်စက်အနားယူရန် စာကြည့်ခန်းတွင်း ထွက်သွားလေတော့သည်။

နွဲ့သဒ္ဒါနွယ်မှာ ခင်ပွန်းဖြစ်သူ၏မှတ်တမ်းတင် ရိုက်ကူး သမျှတို့ကို ပြီးဆုံးအောင်အထိ စိတ်ဝင်စားစွာ ကြည့်ရှုရင်း ကျန်ရ ခဲ့လေတော့သည်။







## အခန်း(၂၈)
## ကံ၏အကျိုးဆက်

တစ်ရွာလုံး အုတ်အော်သောင်းနင်း ဖြစ်သည့်သတင်းက ရွာနီးချုပ်စပ်များသို့တိုင်အောင် ပျံ့နှံ့ကုန်သည်။

မနေ့ညကတည်းက အရက်ဆိုင်မှာ အရက်မူးမူးရူးရူးနှင့် ဒေယျတို့သုံးယောက် သောင်းကျန်းသည့်အကြောင်း အရက်ဆိုင်ရှင် က သူနှင့် လမ်းမှာ ဆုံသဖြင့် သတင်းပေးသည်။ "မြကြာမှုန်" အကြောင်းလည်း ပြောသည်တဲ့။ ရွာကင်းသမားတွေကို မြကြာမှုန် အိမ်ကို သတိထားစောင့်ကြပ်ပေးဖို့လည်း မှာကြားခဲ့သည်။

ရွာသူကြီး လုပ်ရသည်မှာ မလွယ်ကူ၊ တစ်ရွာလုံးကို ဩဇာ သြောင်းနိုင်သော်လည်း ပင်ပန်းမှုက တစ်ရွာလုံးထက် ပိုလေသည်။

အရုဏ်လင်းကြက်ပင် မတွန်သေး။ မြကြာမှုန် အိမ်

www.burmeseclassic.com



ပြတင်းဝမှာ လူရိပ်လူခြည် မသဲကွဲဟု ဆိုကာ သတင်းလာပို့သဖြင့် ရွာကို မောင်းထု လူစုကာ ဝိုင်းလိုက်စဉ် မြကြာမှုန်၏အဖြစ်ဆိုးကို မြင်တွေ့လိုက်ရသဖြင့်. . .

တစ်ရွာလုံး စုတ်တသပ်သပ်နှင့် ကြေကွဲရသည်။

နေ့စဉ် ရွာသားများ၏. . .

"သူကြီး. . . လူသတ်သမား မိပြီလား"

"လူသတ်သမား မိပြီလား"

ဟူသော မေးခွန်းပေါင်းများစွာကို အဖြေထုတ်နိုင်ရန် တောနင်းရှာကြသည်။

ဥက္ကာ၏ဆောင်းနေကျဦးထုပ်၊

နန္ဒ၏ပန်းဖြတ်ဓားကောက်။

တရားခံနှစ်ဦး၏သက်သေခံပစ္စည်း။

သို့သော် ဇေယျပါ ထိုနှစ်ဦးနှင့်အတူ ပျောက်ဆုံးနေသည်။ သူတို့သုံးဦးစလုံး အတူတကွ ပူးပေါင်းကြံစည်သည်ဟု သူကြီးလက်ခံသလို တစ်ရွာလုံးလည်း လက်ခံသည်။

တစ်ရက်မှ နှစ်ရက်၊ သုံးရက်။

တစ်ပတ်မျှအကြာတွင်. . .

လူသူအရောက်အပေါက်နည်းသော တောထဲမှာ. . .

ဇေယျ၊ နန္ဒ၊ ဥက္ကာတို့ သုံးဦး၏အလောင်းများ ပုပ်ပွနေပြီ၊ အဝတ်အစားကို ကြည့်၍ အလောင်းကို ခွဲယူရလေသည်။

"လူယုတ်မာတွေ. . . သေမှ ကောင်းတယ်"

"ကိုယ့်အကုသိုလ် ကိုယ်ယူကြတော့ပဲ"

ရွာလူထု၏စိတ်ထဲတော့ ကျေနပ်သွားကြသည်။





"ဝေစုမတည့်လို့ ဒင်းတို့အချင်းချင်း သတ်ဖြတ်တာပဲ ဖြစ်မယ်"

"ရွှေထုပ်ရှာကြပါဦး"

"တွေ့ရင် ဆိုင်ရာအပ်ရမှာပဲ"

"မြကြာမှုန် ကျိန်စာတိုက်ထားလို့ ဒင်းတို့သေရတာပဲ ဖြစ်မယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသော ရွာသူရွာသားတို့ကို ကြည့်ရင်း သူကြီးမှာ စိတ်မောလူမော ဖြစ်နေလေသည်။

သူကြီးရုပ်သွင်မှာ တဖြည်းဖြည်းနှင့် ကူးပြောင်းလာရာ သူ့ရုပ်သွင်ကို အထင်းသား။

"ဟင်. . . အား"

ဒေါက်တာနေအုပ်စိုး ရုတ်တရက် ထထိုင်လိုက်လေသည်။ အိပ်မက်ဆိုး မက်လေပြီ။

တုန်လှုပ်ချောက်ချားမှုနှင့် ဇောချွေးများပင် ပြန်လျက်ရှိသည်။

သူ့ဘေးမှာ ချစ်ဇနီးနွဲ့ ရှိမနေ။ တီဗွီကြည့်၍ မပြီးသေးဘူး ဖြစ်မည်။

တစိမ့်စိမ့်နှင့် တကန့်စီ ပေါ်လာသောမြင်ကွင်း။

ဗွီဒီယို မှတ်တမ်းထဲ မပါချေ။

သို့သော်. . . အိပ်မက်ထဲ၌ သူကိုယ်တိုင် သရုပ်ဆောင်လှုပ်ရှားခဲ့ရသည်။ ရွာသူကြီးနေရာ. . .။

ကုတင်ဘေးရှိ စားပွဲပေါ်မှ ရေပုလင်းကို မော့သောက်

www.burmeseclassic.com



လိုက်ပြီး ထိတ်လန့်မှုကို ဖြေသိမ့်လိုက်ရသည်။

သူတောင် ဒီလိုကဏ္ဍ ပါဝင်ခဲ့သူက ဒီလောက်တုန်လှုပ်နေလျှင် ကာယကံရှင်တွေဆို ပြောဖွယ်ရာမရှိချေ။

သူ စိတ်ငြိမ်ဆေးတစ်ပြား ယူသောက်ပြီး ဆက်လက်အိပ်စက်လိုက်သည်။ ထွက်လေ ဝင်လေ မှန်မှန်ရှူရှိုက်ရင်းမှ. . .

ဇာတိပ္ပိုလ်သီး ပိုးထိုး၍မဖြစ်။

လူဘဝ၏ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့၏ လားရာသည် မည်သူမှ မှန်းဆ၍မရနိုင်။

ပြီးခဲ့သောဘဝက တောတောင်လျှိုမြောင်ကြားက သူကြီးတစ်ဦးက. . .


သည်ဘက်ဘဝကျတော့ ပညာတတ်၊ ဆွေဂုဏ်မျိုးဂုဏ်လည်း တင့်တယ်သော ပညာတတ် ဆရာဝန်ကြီးဘဝ။

ကံစွမ်းအားတို့၏ အကျိုးပေးကား အံ့သြဖွယ် ကောင်းလေစွတကား။

ဟု ဆင်ခြင်သုံးသပ်ရင်း အိပ်ပျော်သွားလေတော့သည်။







## အခန်း(၂၉)
## ရွေးချယ်မှု

နွဲ့သဒ္ဒါနွယ် နံနက်စာ စားဖို့နှင့် နေ့လယ်စာ ထမင်းချိုင့်အတွက် ချက်ပြုတ်ပြီးချိန်တွင် ခင်ပွန်း ဆေးရုံသွားမသွား မသိရသေးသဖြင့် မေးရန် ခြံထဲသို့ လှမ်းကြည့်လိုက်သည်။

မြက်ခင်းပေါ်၌ တိုက်ကွိုကျွမ် ကစားနေတတ်သော ခင်ပွန်းကို မတွေ့ရချေ။

“ရေချိုးနေပြီ ထင်ပါရဲ့” ဟူသောအတွေးနှင့် အပေါ်ထပ်အိပ်ခန်းဆီသို့ ဦးတည်လိုက်သောအခါ. . .

“ဘုရားရေ. . . မောင်က အိပ်တုန်းပါလား”

နေမကောင်းရဲ့လား၊ ခရီးပမ်းလာသဖြင့် ပန်းဖျား ဖျားနေသလား ဟူသောအသိဖြင့် ခင်ပွန်း၏အနီး တိုးကပ်ကာ နဖူးကို

www.burmeseclassic.com



လက်ဖမိုးနှင့် အသာစမ်းလိုက်ရာ. . .

"ဟင်. . . ကိုယ်လည်း မနွေးပါဘူး"

"အင်. . ."

ခင်ပွန်းက အနည်းငယ် လူးလွန့်လာသဖြင့်. . .

"မောင်. . ."

"အင်း. . ."

"ဒီနေ့ ဆေးရုံသွားမှာလား"

"အင်း. . . ဘယ်အချိန်ရှိပြီလဲ"

"ရှစ်နာရီထိုးပြီ မောင်ရဲ့ နေမကောင်းဘူးလားလို့"

ခင်ပွန်းက မျက်လုံးများ ဖွင့်ပြီး ထထိုင်လေသည်။

"ကောင်းပါတယ်. . . Report တင်ရမယ်. . . သွားမယ် ခရီးပန်းလာလို့ထင်တယ်၊ အိပ်လို့ကောင်းလိုက်တာ"

"မောင်တို့ ဝန်ထမ်းဘဝကလည်းနော်. . . နားချိန်လေး တောင် မရှိပါလားနော်"

နွဲ့သဇ္ဇါနွယ်ကတော့ သွက်လက်ပေါ့ပါးစွာပင် သူ ကုတင် ပေါ်က ဆင်းလိုက်သည်နှင့် အိပ်ယာကို ပြန်လည်ပြင်ဆင်လိုက် သည်မှာ မြန်ဆန်လွန်းလှသည်။ ဟိုတယ်သန့်ရှင်းရေးဝန်ထမ်းထက် ပင် မြန်လှ သေသပ်လှသည်။

နောက် သူ့အတွက် အဝတ်အစားထုတ်ပေး၊ သူကိုယ်တိုင် လည်း ရေချိုးရန် အခြားအိပ်ခန်း၊ ရေချိုးခန်းဆီသို့ လျှောက်သွား လေတော့သည်။

ဒေါက်တာနေအုပ်စိုး ငိုင်မနေတော့ဘဲ ညက အိပ်မက်က ပေးသောအတိတ်ကို အတိတ်မှာပဲ ထားလိုက်သည်။





ရေချိုး ကိုယ်လက်သန့်စင်ခြင်း လုပ်ငန်းကို သတိကပ်၍ လုပ်ဆောင်လိုက်သည်။

"အင်းလေ. . . လူနာတွေရဲ့ဝေဒနာကို ကုသပေးနေတဲ့ ဆရာသမားအဖို့က သူတို့ခံစားချက်လိုမျိုး ဖြစ်ဖို့မသင့်တော်ဘူး၊ စိတ်လှုပ်ရှားဖို့တောင် မသင့်ပေဘူး၊ ဝင်လေသိ၊ ထွက်လေသိ၊ သတိ အမြဲကပ်၊ ထိသိ သတိလေး ချပ်ရမယ်၊ ပစ္စုပ္ပန်တည့်တည့်ကိုရှု. . ."

ဟု ရေနွေးစိမ်ရင်း ကိုယ့်ကိုယ်ကို သတိပေး၊ သတိထူ လိုက်သောအခါ ခေါင်းသည် ကြည်ကြည်လင်လင်ဖြစ်ကာ စိတ်မှာ ပေါ့ပါးလန်းဆန်းသွားလေတော့သည်။

သူရေချိုးခန်းက ထွက်လာတော့ ဇနီးနွဲ့က မုန့်တင်ခုံရှေ့ အလှပြင်နေလေပြီ။

"မောင့်ကို ညက ပြောဖို့မေ့နေလိုက်တာ၊ မောင့်ပေးရှင့် တစ်ယောက်က ဖုန်းဆက်တယ်၊ ဆေးခန်းပြနေကျ ပေးရှင့်တဲ့"

"ဘယ်သူတဲ့လဲ"

"နာမည်တော့ မပြောဘူး၊ ဆရာ ဘယ်တော့ပြန်ရောက် မလဲ သိချင်ပါတယ်တဲ့၊ သူက ဆေးခန်းမှာ ပြနေတဲ့လူနာပါတဲ့၊ မောင်ပြန်ရောက်မှ မောင်နဲ့ပဲ တွေ့ချင်တယ်တဲ့"

ဒေါက်တာနေအုပ်စိုး စိတ်ထဲ၌ အောင်ဇင်ပဲ ဖြစ်လိမ့်မည် ဟု တွက်လိုက်သည်။

"နွဲ့ ဘာပြန်ပြောလိုက်သလဲ"

"ရောက်မယ့်နေ့ကို ဆေးခန်းမှာပဲ စုံစမ်းပါလို့၊ ရက်အတိ အကျ မသိမှ မသိတာ"

"ရပါတယ်. . . အောင်ဇင်ဖြစ်မယ်၊ သူရောက်လာမှာပါ"

www.burmeseclassic.com



"အင်း. . . အောင်ဇင်လည်း ပန်းသစ္စာတို့နဲ့ အုပ်စုတူဆိုရင် ဟိုသုံးယောက်ထဲက တစ်ယောက်ယောက်ပဲဖြစ်မှာ၊ ဒါပေမယ့် ဒီဘဝကျတော့လည်း လူကောင်းတွေ ဖြစ်နေပါလား"

"ဘဝပေါင်းများစွာနဲ့ သံသရာမှာ ကျင်လည်ခဲ့ကြတော့ ကံကြမ္မာဆိုတာ လုပ်ခဲ့တဲ့ အကုသိုလ်၊ ကုသိုလ် အနည်းအများပေါ်မူတည်ပြီး အကျိုးကြောင့် အကြောင်းကြောင့်ဆိုတာ ဖြစ်ပေါ်လာရတာပဲ၊ တစ်ဘဝတည်း ကြည့်လို့မရဘူး မှတ်လား နွဲ့"

"ဟုတ်တယ်နော် မောင်၊ ဩော်. . . မောင်ရေ၊ မောင် ညက ပြောတဲ့ လက်ဆောင်ပစ္စည်းတွေအားလုံး ကားပေါ် တင်ပေးထားခိုင်းပြီးပြီ၊ မောင်အေးတို့တွေကိုပါ ပေးလိုက်သေးတယ်"

"နွဲ့သဘောလေ"

"မောင်တို့ လိုအပ်တာရှိလည်း ပြောလေ၊ နွဲ့ ချိုင့်သွားပြင်လိုက်မယ်နော်"

"အိုကေ. . ."

ဒေါက်တာနေအုပ်စိုးလည်း သူယူဆောင်ရမည့် လက်ဆွဲအိတ်ကို ပြန်လည်ပြင်ဆင်ရန် စာကြည့်ခန်းသို့ ဝင်ခဲ့လေသည်။

ဆေးရုံပြီး ညနေဆေးခန်းဝင်တော့ ထုံးစံအတိုင်း ဆေးခန်းပိတ်ခါနီးအချိန်တွင် အောင်ဇင် ရောက်ချလာသည်။

ပျာယီးပျာယာ အမူအရာကတော့ အနည်းငယ် ရှိနေဆဲပင်။ လူတစ်ယောက်၏ပင်ကိုယ်စရိုက်ဆိုတာ ဖျောက်နိုင်ခဲလှသည်ပင်။

"ဆရာရယ်. . . အရေးတကြီး ပြောစရာရှိလို့ လာတာ၊ ဆရာက မရှိဘူးဗျာ"





"ဆိုပါဦး. . . အိပ်မက်မက်ပြန်ပြီလား"

"သည်တစ်ခါ အိပ်မက်မဟုတ်ဘူး ဆရာ. . . ကျိန်စာ၊ အိပ်မက်ထဲကလူကို အရှင်လတ်လတ် အပြင်မှာ တကယ်ရင်ဆိုင်တွေ့လိုက်ရတာ ဆရာ"

ရုတ်တရက် ဒေါက်တာနေအုပ်စိုး အံ့အားသင့်သွားသည်။

"ဟုတ်ပါတယ် ဆရာ၊ ဒီလိုပါ. . . ဟိုတလောက စိန်ထုပ်ပိုင်ရှင် ပန်းသစ္စာကို ကျွန်တော် ကောက်ရတဲ့စိန်ထုပ် ပြန်ပေးရင်း မိသားစုနဲ့ ရင်းနှီးသွားခဲ့ရာကစပြီး လူကြီးတွေကို ဘုရားလိုက်ပို့ပေးတော့ xxxxxxxxx "

ဒေါက်တာနေအုပ်စိုးက ဇနီးနွဲ့ ပြောသဖြင့် သိရှိပြီးဖြစ်နေသော အကြောင်းအရာဖြစ်သော်လည်း မသိသေးသကဲ့သို့ပင် စိတ်ရှည်လက်ရှည် နားထောင်ပေးလိုက်သည်။

"စက်ရုံပိုင်ရှင် ညီရတုဆိုပြီး မိတ်ဆက်ပေးတော့၊ လား. . . လား. . . ဆရာရေ. . . အိပ်မက်ထဲက ရုပ်သွင်မဟုတ်ပေမယ့် ဇေယျမှ ဇေယျအစစ် ဆရာရေ၊ ကျွန်တော့်မနောက အလိုလို သိနေတာလေ၊ ဒီကြားထဲ ချွေးထွက်လာတော့ တာ[illegible] နဖူးကို လှမ်းအသုတ်မှာ သူ့ဆံနွယ်အောက်ကနေ နဖူးအလယ်တည့်တည့်က မှဲ့ကို လှမ်းတွေ့လိုက်ရတယ်၊ မှဲ့ကတော့ အရင်ဘဝက ဇေယျပါဆိုတဲ့တံဆိပ် ခတ်နှိပ်လိုက်သလိုပါပဲ ဆရာ"

အမောတကော ရှင်းပြရှာသော အောင်ဇင့် စကားအဆုံးတွင် ဒေါက်တာနေအုပ်စိုးက. .

"သူ့ကို မြင်တော့ ခင်ဗျားစိတ်ထဲ ဘယ်လိုခံစားလိုက်ရသလဲ ကိုအောင်ဇင်"

www.burmeseclassic.com



"မုန်းတီးနေတာပေါ့ဗျာ. . . နေရင်းထိုင်ရင်းကို မုန်းတီး စိတ်ဝင်နေတော့တာပါပဲ ဆရာ"

"ကောင်းပြီ. . . အကယ်၍များ ကျွန်တော်က ခင်ဗျားကို အဲဒီနန်းလယ်ရွာကို ခေါ်သွားရင် လိုက်မှာလား"

"ဟာဗျာ. . . ဒီလောက်ရှက်စရာကောင်းတဲ့ လုပ်ရပ်ကြီး အဲဒီဘဝက ဥက္ကာကို သိပ်မုန်းသလို ဇေယျကော နန္ဒကိုကော မုန်း တယ်၊ လူမဆန်တဲ့အကောင်တွေ၊ ခု ကျွန်တော် အောင်ဇင်က လူ့ဘဝကို စင်စင်ကြယ်ကြယ်နဲ့ပဲ ပြီးဆုံးချင်ပါတယ် ဆရာ"

အောင်ဇင့်ကို ကြည့်လိုက်သည်။ တရားပြဆရာကောင်းနဲ့ သာ တွေ့လိုက်လျှင် အောင်ဇင် လိုချင်သော စင်ကြယ်သည့် ဘဝမှန်ကို ရနိုင်ပေမည်။

"ကိုအောင်ဇင်"

"ခင်ဗျာ. . . ဆရာ"

"အဲဒီစိတ်ဓာတ်က အခိုင်အမာပဲလား"

"သေချာပါတယ် ဆရာ၊ သက်သတ်လွတ်စားတာ မေတ္တာ ဘာဝနာ ကျင့်သုံးပြီး စားတာလေ၊ မကောင်းတဲ့ အကုသိုလ်ကံ ပြေပျောက်အောင်ပေါ့ ဆရာ"

"ကောင်းပြီ. . . ဒီအထဲ ကိုညီရတုကိုတော့ ကွက်မချန်ခဲ့နဲ့ ပေါ့ဗျာ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်ကြိုးစားပါ့မယ်၊ ဇေယျက ဇေယျ၊ ညီရတုက ညီရတုပေပဲ"

"ဟုတ်ပြီ. . . ဒီစိတ်ထားအတိုင်းဆိုရင် မနက်ဖြန် ကျွန် တော့်အိမ်ကို ထမင်းစားချိန် သွားကြမယ်၊ ခင်ဗျားကို ထူးဆန်းတာ





ပြမလို့"

"ကျွန်တော် ဆရာ့ကို လာကြိုပါ့မယ်"

"ကောင်းပြီ. . . ဆေးရုံကို လာခေါ်ပါ"

"ဟုတ်ကဲ့ပါ ဆရာ. . . ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

အောင်ဇင် ပြန်သွားလေပြီ။

ဒေါက်တာနေအုပ်စိုး စဉ်းစားလိုက်သည်။ ပန်းသစ္စာတို့ (၃)ဦး၏ကေ့စ်ကို ဆေးကုသချက်ထက် လက်တွေ့ကျကျ လွှဲဖယ်နိုင် မည့် နည်းလမ်းရှာဖွေ၍ မရရှိနိုင်သေးပေ။

လောလောဆယ် စွန့်စားလိုက်သည်က သူတို့သုံးဦးထဲတွင် ဘာသာရေးအခြေခံနှင့် သမာဓိအား ပိုကောင်းသည်ဟု ယူဆသော အောင်ဇင်နှင့် စမ်းသပ်ရန် စွန့်စားလိုက်လေသည်။

ဖြစ်နိုင်ပါ့မလား။


ရွာသူကြီး။ နန်းလယ်ရွာက ရွာသူကြီးဖြစ်ခဲ့သော သူပင် လျှင် ဤကိုစ္စ၌ ဆက်နွယ်ပါဝင်ခဲ့ရဖူးရုံမျှနှင့် တုန်လှုပ်ခဲ့ရလျှင် ဘာယက်ရှင်တွေ၏ခံစားချက်က ပို၍ပြင်းထန်ပေမည်။

အင်း. . . အောင်ဇင်၌ ခံယူနိုင်သော စိတ်ဓာတ်စွမ်းအား ရှိနေပါစေဟု ဆုတောင်းပေးရမည်ပင်။

ဒေါက်တာနေအုပ်စိုး ပင့်သက်ချလိုက်ပြီး အိမ်ပြန်ရန် ပြင်ဆင်လေတော့သည်။

www.burmeseclassic.com





## အခန်း(၃၀)
## ပါရမီဖြည့်ဖက်

ညစာစားသောက်စဉ်. . .

"ပန်းသစ္စာနဲ့ ညီရတုကော လာသေးသလား၊ ကျန်းမာရေး အခြေအနေကော"

"ပန်းသစ္စာတော့ ရောက်လာပါတယ်၊ နေကောင်းတယ်တဲ့ ညီရတုတော့ မလာဘူး၊ အောင်ဇင်ကတော့ ပန်းသစ္စာအိမ် အဝင် အထွက်ရှိတယ်၊ ဒါပေမယ့် ပန်းသစ္စာအပေါ် နှမတစ်ယောက်လို့ သဘောထားတယ်၊ ပန်းသစ္စာကလည်း အောင်ဇင့်အပေါ် အစ်ကို တစ်ယောက်ထက် မပိုဘူးတဲ့"

"အင်းလေ. . ဘဝချင်းမှ မတူညီကြတော့တာပဲ၊ ရုပ်ခန္ဓာ





တော နာမ်ပါ ပြောင်းလွဲမှာပဲ၊ ဒီဘဝ ဒါဖြစ်ခဲ့တိုင်း နောက်ဘဝမှာ သည်း ဒါပဲဖြစ်ရမယ်လို့ ကံသေကံမ သတ်မှတ်လို့ ရတာမှ မဟုတ် တာ"

"မောင်. . . ထမင်းစားပြီး နားလိုက်ဦး၊ မောင့်ကြည့်ရတာ မှန်းနေတယ်. . . မလန်းဘူး၊ ပေးရှင့်တွေအကြောင်း သိပ်မတွေးနဲ့၊ ပြည့်ပြည့်ဝဝ နားလိုက်ဦး၊ နွဲ့. . . ပန်းကန်တွေ ဆေးကြောပြီး အရင်းတွက်စရာရှိလို့ တွက်လိုက်ဦးမယ်၊ မောင်အိပ်နှင့်တော့"

"ကောင်းပါပြီ ခင်ဗျာ. . . အမိန့်တော်မြတ်အတိုင်းပါပဲ"

ချစ်ဇနီးသည် တကယ်ပင် သူ့စိတ်ကို ဖောက်ထွင်းသိမြင် နိုင်စွမ်း ရှိလေသည်ထင့်။ သူအမှန်တကယ်ပင် စိတ်ကောလူပါ ဝင်ပန်းနွမ်းနယ်နေလေပြီမို့ စောစောအိပ်ယာဝင်ကာ နားနေချင် သည်။

ဇနီးက ခွင့်ပြုလိုက်တော့ ဟန်ဆောင်ပန်ဆောင်ပင် မငြင်း နိုင်တော့ပဲ အိပ်ယာထဲ တန်းဝင်ခဲ့လေသည်။

ဝင်လေထွက်လေ မှတ်ကာ အိပ်သည့်ကြားက အိပ်မက်က အရိပ်ထင်ပြန်လေပြီ။

သူကပဲ စိတ်စွဲ၍လားမသိ။

သူသည် နန်းလယ်ရှာ ရှာသူကြီးဘဝကို ရောက်သွားပြန် လေသည်။

နန္ဒက သူ့အိမ်သို့ ရေလာပို့ရင်း တစ်နေ့တာ ရေထမ်း ဆောင်းရသမျှ ရေထမ်းခထဲမှ သုံးပုံတစ်ပုံကို သူ့အား အပ်လေ သည်။

"သူကြီး. . . ကျွန်တော်က ဆိုပေမယ့် အလျှအတန်းတော့

www.burmeseclassic.com



လုပ်ချင်တယ်ဗျ"

"အလှူအတန်း လုပ်ချင်တယ်ဆိုတာ ကောင်းတဲ့စိတ်ပေ ကုသိုလ်စိတ်ပေါ့. . . ကောင်းတယ်၊ ဆိုးတာကိုလည်း ပြင်လို့ရ တယ်ကွာ"

"အဟဲ. . . ပြင်ပါ့မယ် သူကြီးရာ၊ ကျုပ်စုထားတဲ့ပိုက်ဆံ တွေနဲ့ ရွာမှာ ကျောင်းဆောက်၊ ဘုရားတည်ရင် ထည့်လှူပေး ခင်ဗျာ"

"အေးလေကွာ. . . ကျောင်းဒကာ၊ ဘုရားဒကာ ဖြစ်လာ ရမှာပေါ့ကွာ" ဟု ဆိုကာ. . .

နန္ဒ၏ဝါးဆစ်စုဘူးကို ထုတ်ပေးလိုက်သည်။ နန္ဒက သူ့ စိတ်နှင့် စုဘူးထဲသို့ ငွေအထပ်လိုက် ထိုးထည့်ရင်း. . .

"ဟိုကောင်တွေ(ဇေယျနှင့်ဥက္ကာ) သိရင် အကုန်ယူပစ်ပြီ ဖဲရိုက်၊ သောက်စားပစ်မှာ၊ သူတို့ပါသမျှလည်း အကုန်ပေးထား ဆိုတော့ ကျွန်တော့်လက်ထဲ ထားလို့မရဘူး"

"အေးပါကွာ. . ." ဟု ဆိုကာ သူကြီးကလည်း လိုအပ် သော ဘုရားပြုပြင်ရာ၌ဖြစ်စေ၊ ကျောင်းဆောက်ရာ၌ဖြစ်စေ၊ တံတားခင်းရာ၌ဖြစ်စေ၊ နန္ဒ၏ပိုက်ဆံပါ သူ့ပိုက်ဆံနှင့် ပေါင်း လှူပေးလေ့ရှိသည်။

သူလှူတိုင်းလည်း ဖြတ်ပိုင်းစာရင်းဇယားပြကာ နန္ဒ သာခုခေါ်စေခဲ့သည်။

သို့တိုင်အောင် သူစိတ်မကောင်းအဖြစ်ရဆုံးက မြကြာ အိပ်ခန်းထဲတွင် တွေ့လိုက်ရသော ဦးထုပ်တစ်လုံး။ နန္ဒ ရေထမ်း ၌ ဆောင်းသည့် ဦးထုပ်လေးဖြစ်နေခြင်းကြောင့်ပင်။ သူကောင်း





မှတ်မိနေသကဲ့သို့. . .

"ဟင်. . . ဒါ နန္ဒရဲ့ဦးထုပ်"

"ဒါ. . . ဥက္ကာရဲ့ပန်းဖြတ်ဓား"

ရွာသားတွေက ပြိုင်တူတွေ့ကြပြောကြမှ ငြင်းမရ။ တရားခံ(၃)ဦး သတ်မှတ်ရသည်။

ဇေယျ၊ ဥက္ကာ၊ နန္ဒ။

တရားခံတွေ မိပြီဆိုပြီး ကြည့်တော့လည်း အသေဆိုးနှင့် ဘဝကူးရာ၌ နန္ဒ ပါလေသည်။ နန္ဒဝတ်နေကျ အဝတ်အစားများ ပင်။

သူကြီးမှာ ကြည့်နေရင်းက နန္ဒ၏ရုပ်သဏ္ဌာန်၊ ခန္ဓာကအစ ပြောင်းလွဲသွားရာ. . .

"ဟင်. . ."

ချစ်ဇနီး နွဲ့သဒ္ဒါနွယ်၏ရုပ်ခန္ဓာအဆင်းသဏ္ဌာန်သည် အထင်းသား ထင်ဟပ်လာလေတော့သည်။

"ဘုရား. . . ဘုရား"

ဒေါက်တာနေအုပ်စိုး "ဖျတ်ကနဲ" ထထိုင်လိုက်လေသည်။

"ဟင်. . . မောင် ဘာဖြစ်လို့လဲ"

အိပ်ယာထဲ ဘယ်အချိန်က ဝင်အိပ်နေသည် မသိသော နွဲ့ကပါ လန့်နိုးသွားပြီး. . .

"အိပ်မက်ဆိုးတွေ မက်နေလို့ပါ"

"ထမင်းစားပြီး တန်းအိပ်တော့ အစာမကြေလို့ထင်တယ်"

သူက "ဟုတ်မယ်" ဟု ပြောပြီး ရေကို ကုန်အောင်သောက် လိုက်သည်။ နွဲ့၏ကပိုကရိုအလှကို ကြည့်ရင်း. . .

www.burmeseclassic.com



နွဲ့က နန္ဒတဲ့လား။

ဘုရား . . . ဘုရား . . . နွဲ့သိရင် ညီရတုတို့လိုများ ဝေဒနာရသွားလေမလား။

"မောင် ဘာကြည့်တာလဲ"

"နှစ်ပတ်တောင် ခွဲခွာနေရတဲ့ နွဲ့ကို လွမ်းလို့ပါကွာ"

ဟုပြောကာ နွဲ့ကို ရင်ခွင်ဆွဲသွင်းကာ အိပ်စက်လိုက်လေတော့သည်။


ဩော် . . ပါရမီဖြည့်ဖက်ဆိုတော့ အတိတ်က အကြောင်းပါခဲ့လို့ ဖြစ်ပေါ်လာရတာပဲဟုသာ ဆင်ခြင်သုံးသပ်လိုက်တော့ ဝေဒနာပျောက်သွားသည်။

နွဲ့ကိုလည်း အသိပေးရန်မလိုဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

နွဲ့၏ဘဝလေး၌ အတိတ်၏အရိပ်တို့ မဖုံးလွှမ်းစေချင်၊ ဒီဘဝ၌ ဖြူစင်နေသော နွဲ့ဘဝတစ်လျှောက်လုံး ဖြူစင်ခြင်း ချမ်းမြေ့ခြင်းနှင့်သာ အဆုံးသတ်သွားပါစေတော့ ဟူသော စေတနာနှင့် စိတ်ဒုန်းဒုန်းချလိုက်ချိန်၌ ရင်ထဲ ပေါ့ပါးသွားပြီး နွဲ့ကို ထွေးပိုက်ရင်းက အိပ်ပျော်သွားလေတော့သည်။







## အခန်း(၃၁)
## ဆရာဝန်၏ပီတိမျက်ရည်

"လာ . . . ကိုအောင်ဇင်"

နေ့လည် အိမ်သို့ ပြန်ပြီး အောင်ဇင်ကို စာကြည့်ခန်းသို့ပင် တိုက်ရိုက်ခေါ်ဆောင်သွားခဲ့လေသည်။

"ဆရာနဲ့ ခင်တာကြာပြီ၊ ခုမှပဲ ဆရာ့အိမ် သိတော့တယ်"

"ထိုင် . . . ကိုအောင်ဇင်၊ ကျွန်တော်က ခင်ဗျားမှာ ဘာသာရေးတရား အခြေခံ ရှိတယ်လို့ ယုံကြည်ပြီးပြတာ၊ အသိပေးတာပါ"

"ဘာများပါလိမ့် ဆရာ"

"ဒီဗွီဒီယိုခွေကို ပြမလို့ပါ၊ အဲဒါကို မြင်ရသိရတဲ့အခါမှာ ပစ္စုပ္ပန်တည့်တည့်ကြည့်ပြီး တရားနှလုံးသွင်းပေးပါ"

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် စိတ်ဝင်စားလာပြီ"

ဒေါက်တာနေအုပ်စိုး ဗွီဒီယိုခွေကို ဖွင့်ပြလိုက်သည်။ အသံကိုတော့ တမင်ထည့်သွင်းမပြဘဲ ဖျောက်ဖျက်ထားလိုက်လေသည်။

စတင်ပြသချိန် ရွာဆိုင်းဘုတ်ကို တွေ့လိုက်သည်နှင့် အောင်ဇင်၏မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။

"ကိုအောင်ဇင်. . . အဲဒီအဘိုးကြီးကို သိသလား"

"ဦးဝဏ္ဏပဲ. . . သူ့မှာ ကျွန်တော်တို့ရွယ်တူ သားနှစ်ယောက်ရှိတယ်၊ သူတောင် အိုသွားပေမယ့် ရုပ်ပြောင်းလွဲခြင်း သိပ်မရှိသလိုပဲ"

သေချာပါပြီ။ အောင်ဇင်သည် ပြီးခဲ့သောဘဝကို အိပ်မက်အရ မဟုတ်ဘဲ ကောင်းစွာမှတ်မိနေပါပြီ။

နောက်. . . မြကြာမှုန် အိမ်ကြီးကို ပြရာ. . .

"ဟင်. . . မယ်နှင်းပါလား"

"သိလို့လား"

"သိတယ်. . . မြကြာမှုန် သူငယ်ချင်း မနှင်းဆီလေ၊ သူ့အိမ်ထောင်မကျခင်က မြကြာမှုန်နား ကပ်လို့ရတာမဟုတ်ဘူး၊ သူတစ်ရွာသားနဲ့ ညားပြီး ယောင်နောက်ဆံထုံးပါသွားမှ မြကြာမှုန်နား ကပ်လို့ရတာ၊ ခု ရွာပြန်ရောက်နေပြီပေါ့"

ခြံဟူသော မြက်ရိုင်းခြောက်နေရာကို ကြည့်လျက်. . .

"အဲဒီအိမ်ဘေးပတ်လည်မှာ အရင်က ပန်းစိုက်ခင်းကြီးပေါ့ ဆရာ"

တစ်ကွက်ချင်း ပြသော အိမ်အနေအထားမှာ. . .

"ဟောဒီအနောက်ဘက် ပြတင်းပေါက်ကနေ ရွာက





ဝိုင်းလာလို့ ထွက်ပြေးခဲ့ရတာ"

မြကြာမှုန်အိပ်ခန်းကို ပြတော့ သူ့အတိတ်ဘဝက လုပ်ရပ်ကို ရှက်သဖြင့် ခေါင်းငုံ့ထားလေသည်။

မြကြာမှုန် ဘုရားခန်းမှ ကြေးပန်းအိုးများကို အမှိုက်သရိုက်ကြား တွေ့မြင်ရတော့. . .

"ကျွန်တော် ဝိုင်းဝန်းတိုက်ချွတ်ဆေးကြောပေးခဲ့တဲ့ ဘုရားပန်းအိုးတွေပေါ့"

ထိုကုသိုလ်ကံတရားက ဒီဘဝကို အကြောင်းထင်လေသည်လား။

ရွာဦးကျောင်းဆရာတော်ကို ပြတော့. . .

"ဟင်. . . ဆရာတော်တောင် ဖြစ်နေပြီလား"

"သိလို့လား"

"သိတယ်. . . ဦးဇင်းဇောတိကဘဝပဲ ရှိခဲ့သေးတာ"

"ဟောဒီဘုရားကကော"

"မြကြာမှုန် ကိုးကွယ်တဲ့ဘုရားလေ၊ ဒီဘုရားအတွက် ပန်းခူးကပ်၊ သောက်တော်ရေ၊ သုံးတော်ရေခွက်တွေနဲ့ ပန်းအိုးတွေကို ဆေးကြောတိုက်ချွတ်၊ ကျောင်းဆောင်သန့်ရှင်းရေး၊ ဖုန်မတင်အောင်ထိ ကျွန်တော်လုပ်ပေးခဲ့တာပေပဲ"

ဗွီဒီယိုပြသခြင်းကို ရပ်လိုက်ပြီး. . .

"အကယ်၍ ကိုအောင်ဇင် မြကြာမှုန်ကို အခုဘဝမှာ တွေ့ရင် ဘယ်လိုသဘောထားမလဲ"

"ဟာ. . . ဆရာကလည်း၊ ဆရာပဲ ပစ္စုပ္ပန်တည့်တည့်ကြည့်ဆို၊ ကျွန်တော်က အောင်ဇင်လေ၊ ဒါကြောင့် ဥက္ကာမဟုတ်

သလို မြကြာမှုန်လို့ သူ့ကို သိလည်း ကျွန်တော်က မတုန်လှုပ်တော့ပါ ဘူး"

"ဘာကြောင့်ပါလဲ"

"သီလ၊ သမာဓိ၊ သိက္ခာကို စောင့်ထိန်းလို့ ပစ္စုပ္ပန်ဘဝမှာ သံသရာလွတ်ကြောင်း တရားကိုသာ ကျင့်ကြံအားထုတ်ဖို့ကိုသာ အရေးကြီးပါတယ် ဆရာ"

"Good (ဂွတ်) Very Good (ဗဲရီးဂွတ်)၊ ကိုအောင်ဇင် စိတ်ဓာတ်ကို လေးစားသွားပါပြီ၊ ဒီသဘောတရားကို လက်ကိုင်ပြီး ထားရင် ကျွန်တော်ပေးတဲ့ဆေးကို သောက်စရာ မလိုတော့ဘဲ တောင် နေလို့ရပါပြီ၊ ပစ္စုပ္ပန် အကျိုးတရားကိုသာ မြဲမြဲစွာ ကျင့်နိုင်ဖို့ ကြိုးစားပါတော့ဗျာ"

သူ့စကားဆုံးတော့ အောင်ဇင့်မျက်နှာ ပြုံးရွှင်သွားပြီး ဝမ်းသာအားရဟန်နှင့်. . .

"ဆရာ. . . တကယ်လား ဆရာ၊ ဒါဆို ကျွန်တော် လူကောင်းဖြစ်ပြီပေါ့ဗျာ. . . ဟုတ်လား"

"အစကတည်းက ကိုအောင်ဇင်ဟာ လူကောင်းပါဗျာ လူတွေမှာ ဇာတိဿရဉာဏ် ပါလာတဲ့လူက အတိတ်ကာလကို မြင်တတ်တဲ့သဘောပါပဲ၊ သိစိတ် မသိစိတ် ခွဲခြားတတ်ရင် ဒီကျိန်စာ အိပ်မက်က ဓာတ်ပြယ်သွားတာပါပဲ"

"ဟုတ်လိုက်လေ ဆရာရယ်၊ ကျွန်တော် ဆရာ့ကို ရွေးချယ် တာ မှန်သွားလေခြင်းလို့၊ ခဏလေးထိုင်ပါဦး ဆရာ"

ပြောပြောဆိုဆို သူ့အား ထိခြင်းငါးပါးနှင့် ထိုင်ကန်တော့ နေသော အောင်ဇင်ကို ဆုပေးရင်း ပီတိမျက်ရည်ပင် ရစ်ဝဲရလေ





တော့သည်။

လူသားတစ်ဦးအတွက်တော့ ရောဂါဝေဒနာ ကင်းစင် သွားအောင် သူဆောင်ရွက်ပေးနိုင်ခြင်းဟူသော ပီတိမျက်ရည်ပင်။

သူတို့နှစ်ဦး အောင်ဇင့်ကားကလေးဖြင့် ခြံထဲမှ ပြန်ထွက်ခဲ့ စဉ် သူတို့အား စောင့်ကြည့်နေသော လူတစ်ဦး ရှိနေသည်ကို မသိ လိုက်ကြချေ။

ဒေါက်တာနေအုပ်စိုး ခြံနှင့် တစ်ခြံကျော်တွင် ကားရပ်ထား ပြီး ကားတွင်းမှ စောင့်ကြည့်နေသူက ညီရတုပင်။

ညီရတုက ကိစ္စရှိ၍ ဒီအနီးအနား ရောက်လာခိုက် ဒေါက်တာနေအုပ်စိုး အောင်ဇင့်ဘေးတွင် လိုက်ပါလာသော ကား ကို မြင်တွေ့လိုက်ရသဖြင့် ထူးဆန်းသွားခဲ့ပြီး နောက်ယောင်ခံလိုက် ခဲ့သည်။

ဒေါက်တာ့အိမ်ထဲသို့ ဝင်သွားကြပြီး နာရီဝက်ခန့်အကြာ တွင် ပြန်ထွက်လာကြသည်။

စိတ်ထဲ၌ စနိုးစနောင့် ဖြစ်၍နေလေပြီ။

ဒီလူလည်း ငါ့လို ဝေဒနာသည်ပဲလား။


ဒီလူကို မိအောင်တော့ ဖမ်းမှဖြစ်မည်။

ပြီးလျှင်. . . ပန်းသစ္စာထံ သတင်းပေး ဖော်ကောင်လုပ် ကာ တားဆီးရမည်။

ဒီလူက ပန်းသစ္စာနှင့် သူ၏ချစ်ခရီးလမ်းအတွက် ဆူး ညှောင့်ခလုတ်တစ်ခုပင်ဟု. . .။

www.burmeseclassic.com





## အခန်း(၃၂)
## ဆုံမှတ်တစ်ခု၌

"တန်. . . တန်"

ပန်းသစ္စာ ဖုန်း Screen ၌ ပေါ်လာသောနံပါတ်ကို ကြည့်လိုက်သည်။ ညီရတု၏နံပါတ်ဖြစ်နေ၍ ဖုန်းခလုတ်ကို ပိတ်လိုက်လေသည်။

ဒီနေ့ တစ်လပြည့်ပြီ။ ညီ့ကို သူ Yes (or) No တစ်ခုခုတော့ ဖြေရတော့မည်။

"ဘယ်လိုလုပ်မလဲ. . . ဆရာတို့က ငါ့ကို အိမ်ထောင်မပြုစေချင်ဘူး၊ ဟုတ်တယ်လေ. . . ဝေဒနာသည်မှန်း အိမ်ထောင်ကျပြီးမှ သိသွားလို့ တစ်ရက်က နှစ်ရက်ဖြစ်နေပါဦးမယ်"





ထိုစဉ် ပန်းသစ္စာက သူ့အား ရှောင်လေ ညီရတု ကြိတ်မနိုင် ခဲမရဖြစ်လေ။

ခုလည်း သူ့အား အဖြေပေးမည့် တစ်လပြည့်နေ့ ဖြစ်သဖြင့် ဖုန်းခေါ်သည်။ ဖုန်းကို ပိတ်ပစ်လိုက်ပုံရသည်။

ညီရတု ဒေါကန်သွားသည်။

ပန်းသစ္စာ ခုလိုဖြစ်သွားရသည်မှာ ဟိုလူ အောင်ဇင့်ကြောင့် ဖြစ်မည်ဟူသောအတွေးနှင့် အောင်ဇင့်အပေါ် ကျားနာခဲခဲကာ အကွက်ကောင်း စောင့်နေတော့သည်။

တစ်ညနေမှာတော့ ဒေါက်တာနေအုပ်စိုး ဆေးခန်းသို့ မလွဲမသွေ အောင်ဇင် ရောက်လာလိမ့်မည်ဟု တွက်ဆပြီး ဆေးခန်းရှေ့တွင် စောင့်နေလိုက်သည်။

တိုက်ဆိုင်ချင်သည့် ကံကြမ္မာကလည်း အောင်ဇင်သည် မနေ့က ဒေါက်တာနေအုပ်စိုးကို လက်ချည်းပဲ ကန်တော့ခဲ့ရခြင်းကို မကျေနပ်နိုင်ဘဲ လက်ဆောင်ပစ္စည်းများနှင့် သွားရောက် ထပ်မံကန်တော့ရင်း သူ တရားအစစ်အမှန် တွေ့ဖို့ ရိပ်သာတစ်ခု၌ စတင်ကာ တရားအားထုတ်တော့မည် ဖြစ်ကြောင်း ပြောဆိုအသိပေး နှုတ်ဆက်ကန်တော့ပြီး ပြန်ထွက်အလာ သူ့ကားအနီးအရောက်တွင် ဆီးကြိုရပ်ကာ ထားလိုက်သော လူတစ်ယောက်ကြောင့်. . .

"ဟင်. . . ကိုညီရတု"

"ဟုတ်ပ. . . ကိုအောင်ဇင်၊ ဘာလဲ. . . စိတ်ရောဂါလာကုနေတာလား"

ဟု ညီရတုက မခိုးမခန့်ဟန်နှင့် မေးလေပြီ။

www.burmeseclassic.com



အောင်ဇင် သိလိုက်ပြီ။ အတိတ်က ကျိန်စာမာတ်သက်ကြောင့် ဤလူရန်စလေပြီဆိုတာ. . .

စိတ်ထဲ၌ မှတ်ယူပြီး နားဝင်သွားအောင် ပစ်သွင်းလိုက်မည်ဟု ဆုံးဖြတ်လိုက်ပြီး. . .

"ဟုတ်ပါတယ် ဇေယျရယ်"

"ဘာ"

မိုးကြိုးပစ်ချခံလိုက်ရသည့်နှယ် ဖြစ်သွားပြီး ညီရတုမျက်နှာကြီး မည်းတက်ကာ အော်လိုက်လေသည်။

"ခင်ဗျားရဲ့အတိတ်က မဲ့ကြီးက အခုဘဝအထိ ပါလာသေးတာကိုး၊ ဘယ်လိုသတ်သတ် မဲ့ကို သတ်လို့မရဘူးမှတ်လား"

"မင်း. . . မင်း"

ညီရတုမှာ ဒေါသစိတ်မွှန်ကာ ဘာပြန်ပြောရမှန်းမသိတကိုယ်လုံး တဆတ်ဆတ် တုန်ခါပြီး လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိလေပြီ။

"ဟိုး. . ဟိုး. . . ဒါက နန်းလယ်ရွာ မဟုတ်သလို ဇေယျနဲ့ဥက္ကာဘဝလည်း မဟုတ်တော့ဘူး ညီရတု၊ သတိထားဦးလေဗျာခု. . . ခင်ဗျားက ညီရတုပဲ၊ စက်ရုံပိုင်ရှင်သူဌေး ဦးညီရတုလေ. . . သတိထားပါဗျာ"

ဟု အောင်ဇင်က ညီရတု ကြားအောင် အနည်းငယ် အသံကို မြှင့်ပြောမှ ညီရတု၏တရှုးရှုး ဒေါသအိုးမြည်သံက လျော့သွားလေတော့သည်။

"ဒီမှာ ကိုညီရတု၊ ပစ္စုပ္ပန်ဘဝကိုပဲ တည့်တည့်ရှုစမ်းပါဗျာပြီးခဲ့တာကို နစ်မျောပုံသွင်းမနေပါနဲ့ဗျ၊ ဒါ အိုင်တီခေတ်ဗျ၊ (၂၀)ရာစုခေတ်မဟုတ်တော့ဘူး"

"တောက်. . ."

ဒေါသစိတ် မပြေတပြေမို့ ကားပေါ် တက်ကာ ညီရတုမောင်းထွက်သွားလေတော့သည်။ ကိုအောင်ဇင်က ငေးကြည့်ရင်းသက်ပြင်းချလိုက်သည်။

"ဟင်း. . ."

"တယ်ခက်ပါလား ညီရတုရာ၊ ကျုပ်ပြောတာတွေ ခင်ဗျားခေါင်းထဲကနေ ရင်ဘတ်ထဲ စိမ့်ဝင်သွားစမ်းပါဗျာ၊ သံသရာစက်ဝန်း မလည်ပတ်ချင်စမ်းပါနဲ့တော့"

ဟု စိတ်ထဲ အတွေးနှင့် ပြောရင်း သူ့ကားပေါ် တက်ကာမောင်းထွက်သွားလေတော့သည်။

ဒီအဖြစ်သနစ်များက မလှမ်းမကမ်း တာဒ်ပင်အကွယ်မှရပ်ကြည့်နေသော ပန်းသစ္စာက မြို့ထဲအပြန် ဆရာ့ဆေးခန်းနားရောက်လာသည်မို့ ဆရာ့အားလည်း နှုတ်ဆက်ရင်း ဆေးဆက်သောက်ဖို့ လိုမလိုလည်း မေးရင်းဟူသော ရည်ရွယ်ချက်နှင့် ကားကို ကားရှင်းရာ၌ ရပ်ထားပြီး လျှောက်အလာ ဒ ါဖူးသော ညီရတုကားနှင့် အောင်ဇင့်ကားပါ တွေ့လိုက်ရသည့်အပြင် အောင်ဇင့်ကားအနီး ယောင်လည်ဖြစ်နေသော ညီရတုကြောင့် တာဒ်ပင်ရိပ်၌ခဏခိုဝင်ကာ ရပ်ကြည့်နေလိုက်သည်။

အောင်ဇင်က ဆေးခန်းထဲမှ ထွက်လာပြီးနောက် အခြေအတင် ပြောဆိုကြသည်ကို ကြားလိုက်ရသောအခါ ပန်းသစ္စာအံ့သြကာ တုန်လှုပ်ချောက်ချားသွားလေသည်။

နောက် ဝမ်းနည်းလွန်းသဖြင့် မျက်ရည်များပင် ကျလာခဲ့

www.burmeseclassic.com



လေသည်။

ညီ. . . ညီရတုက. . . ဧယျတဲ့၊ ဟုတ်မည်၊ နဖူးက မှဲ့တို
သူ့သံသယ ဝင်ခဲ့တာ. . . ခုတော့ သေချာနေပြီ။


အစ်ကို. . . ကိုအောင်ဇင်က ဉက္ကာတဲ့လား။

ဘုရား. . . ဘုရား။ ပန်းသစ္စာ ယူကျုံးမရစိတ်၊ ဝေခွဲမရ
စိတ်တို့ဖြင့် ကြောက်ရွံ့စိတ်ဝင်ကာ ကားပေါ်သို့ ပြန်တက်ခဲ့ပြီး
စိတ်ငြိမ်သက်အောင် ကြိုးစားပြီးမှ ကားကို မောင်းထွက်ခဲ့လေသည်။

သူ ကားကို ဦးတည်လိုက်မိသည်က အစ်မရင်းလို အား
ထားရသော မမနွဲ့နှင့် ဆရာ့အိမ်သို့သာပင်။







အခန်း(၃၃)
ပါရမီဖြည့်ဖက်၏အကူအညီ

"ဟင့်. . . ဟင့်. . . မမနွဲ့"

ခြံစောင့်က ပန်းသစ္စာ ဆိုသဖြင့် တံခါးဖွင့်ခိုင်းလိုက်ပြီး
ဆိုင်းမဆင့်ဘဲ ရောက်လာသော ပန်းသစ္စာကို တံခါးမကြီး ဖွင့်ကာ
ထွက်ကြိုစဉ် ကားကို ပုံပျက်ပန်းပျက် ထိုးရပ်လိုက်ပြီး တံခါးကို
ဖွင့်ဆင်းပြီး သူ့ထံ ပြေးကာ သူ့ရင်ခွင်ထဲ တိုးဝင် အားပါးတရ
ငိုရှိုက်နေသော ပန်းသစ္စာကို. . .

"ဟဲ့. . . ဟဲ့. . . ဒီကလေးမ၊ ဘယ်ကဘယ်လို ဖြစ်လာ
ဘာလဲ. . . ပြောပါဦး"

www.burmeseclassic.com



နှုတ်ကလည်းမေး၊ လူကလည်း ဖေးမကာ ဧည့်ခန်းဆီသို့ ခေါ်ဆောင်လာရသည်။

ထိုစဉ် ပန်းသစ္စာနောက်မှ ရှေ့ဆင့်နောက်ဆင့် ရောက်လာသော ဒေါက်တာနေအုပ်စိုးက အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး စိတ်ပူစွာဖြင့် အိမ်ထဲသို့ ခပ်သွက်သွက်ဝင်ခဲ့လိုက်သည်။

"ညီမရယ် . . . မမနွဲ့ ရင်ပူလိုက်တာကွယ်၊ ဘာဖြစ်လာသလဲ ပြောပြစမ်းပါဦး၊ ဟော . . . မောင် . . . လုပ်ပါဦး"

ဒေါက်တာနေအုပ်စိုး ရောက်လာပြီဆိုတော့ ပန်းသစ္စာ ခေါင်းထောင်လေပြီ။

မျက်ရည်လည်းရွဲ၊ နှပ်အရွဲသားနှင့် ပရိဒေဝမီး တောက်လောင်လျက် . . .

"ဆရာ . . . ဆရာ . . . မမနွဲ့၊ ပန်းသစ္စာ ရှက်တယ် . . . ရှက်တယ်"

"ဘာဖြစ်လာတာလဲဆိုတာ ပြောပြဦးမှပေါ့ ပန်းသစ္စာရဲ့ . . . ထိုင်ထိုင်"

ယခုမှပင် ပန်းသစ္စာ ဆိုဖာပေါ် ထိုင်နိုင်လေပြီ။ နွဲ့သဒ္ဒါနွယ်က တစ်သျှူးများ ထုတ်ပေးတော့ ပန်းသစ္စာက မျက်ရည်များ၊ နှပ်များကို တစ်ရှက်ပြီးတစ်ရှက် သုတ်ရင်း . . .

"ညနေစောင်း ပန်းသစ္စာ မြို့ထဲက ပြန်လာတော့ ဆရာ့ဆေးခန်းရှေ့ ရောက်တာနဲ့ × × × × × ×"

ပန်းသစ္စာက သူတွေ့ခဲ့ရသမျှ၊ ကြားခဲ့ရသမျှကို ရှင်းပြလေပြီး . . .

"× × × ညီရတုက ဖေယျတဲ့၊ အစ်ကိုအောင်ဇင်က ဥက္ကာ





. . . ဘုရား . . . ဘုရား . . . ပန်းသစ္စာကိုလည်း မြကြာမှုန်မှုန်း သိ . . .ကြရင် . . . ဟင့် . . . ဟင့်၊ ပန်းသစ္စာ ရှက်လို့သေရချည်ရဲ့ ဆရာ၊ ဟီး . . . အီး"

"ဖြစ်ရလေ ညီမရယ်"

နွဲ့သဒ္ဒါနွယ်ပင် မျက်ရည်ဆမ်းလေပြီ။

ဒေါက်တာနေအုပ်စိုး ပြဿနာကို တွက်ဆမိလိုက်ပြီ။ ခေါင်းထဲတွင် အောင်ဇင်အတွက် ဖြေရှင်းပြီးသားမို့ စိတ်မပူပင်ချေ။

ယခုလောလောဆယ် အရေးကြီးနေသည်က ပန်းသစ္စာ။ . . .မှာက မိန်းကလေးကလည်း ဖြစ်ပြန် . . .

ယခင် အတိတ်ဘဝက အရိပ်ကလည်း နွမ်းကြေခဲ့ရသည့် . . .ဖြစ်ဆိုးကြောင့် အတော့်ကို အလူးအလဲ ခံစားနေရရှာသည်။

ပန်းသစ္စာက တစ်ငိုတည်းငို . . .။

ပန်းသစ္စာကို ကြည့်ပြီး ဖျောင်းဖျမရတော့ နွဲ့ကပါ တရှုပ်. . .။

အတိတ်ဘဝ၏အရိပ်မှန်သမျှကို သိမြင်ပြီးဖြစ်သော . . .ဒေါက်တာနေအုပ်စိုးအတွက်ကတော့ မထူးခြားတော့။

အကြောင်းဆက်တို့က ဘယ်လိုအကျိုးတရားကြောင့် . . .လာသည်ကို သိပြီးသားဖြစ်သည်။

ဒါကို အေးဆေးစွာ ဖြေရှင်းဖြောင့်မတ်ပေးဖို့ပဲ လိုတော့ . . .သည်။

ပန်းသစ္စာကို ဆေးတိုက်ထားလိုက်ပြီး . . .

"နွဲ့ရေ . . . ဒီညတော့ ပန်းသစ္စာကို ဒီမှာပဲ သိပ်တော့၊ . . . သိပ်လိုက်၊ မောင်က စာကြည့်ခန်းမှာပဲ အိပ်လိုက်မယ်၊ အိပ်ယာ

အသစ်တွေဘာတွေလည်း ပြင်မနေနဲ့ . . . ပင်ပန်းတယ်၊ ဒီ
ပန်းသစ္စာမိဘတွေဆီကိုသာ ပန်းသစ္စာ ဒီမှာအိပ်မယ့်အကြောင်း
စိတ်မပူဖို့အကြောင်း လှမ်းအကြောင်းကြားထားလိုက်"

"ကောင်းပြီ မောင်"

နွဲ့က ပန်းသစ္စာအိမ်သို့ လှမ်း၍ဖုန်းဆက်ပြီး အိမ်
ဆွမ်းကပ်ရှိလို့ ပန်းသစ္စာကို ခေါ်ထားလိုက်သည်။ မနက်ပြ
ပြန်ပို့ပေးမည်ဟု အကြောင်းကြားထားလိုက်လေသည်။

နွဲ့ . . . ပန်းသစ္စာကို တွဲခေါ်ကာ သူတို့ ကုတင်ဦ
သိပ်လိုက်လေသည်။ သိစိတ်နှင့်မသိစိတ် ရောထွေးနေသော
သစ္စာမှာ အရုပ်တစ်ရုပ်လိုပင်။ သိပ်ထားသည့်အတိုင်း ငြိမ်သက်
လေပြီ။

"နွဲ့ . . ."

"ပြောမောင်"

"ခုချိန်မှာ သူ့စိတ်တွေဟာ ဝိရောဓိဖြစ်နေတယ်၊ အတိ
ဘဝက စိတ်နဲ့ ပစ္စုပ္ပန်ဘဝစိတ်နဲ့ လုံးထွေးနေတယ်၊ ဒီအချိန်
အရေးကြီးတယ်၊ နွဲ့ စောင့်ရှောက်ပေးပါ"

"စိတ်ချပါ . . . မောင့်လူနာဟာ နွဲ့လူနာပဲပေါ့၊ ပြီး
ပန်းသစ္စာဟာ နွဲ့ညီမဆိုရင်လည်း မမှားပါဘူးလေ"

နွဲ့စကားကြောင့် ဒေါက်တာနေအုပ်စိုး စိတ်ကူးတ
ရလိုက်သည်။ ထို့ကြောင့် သွေးတိုးစမ်းလိုက်သည်။

"နွဲ့ရေ . . . အကယ်၍များ နွဲ့ဟာ မြကြာမှုန်တို့
လမ်းထဲက တစ်ယောက်ယောက်ဆိုရင် နွဲ့ဘယ်လိုခံစားပြီး ပြော
ပေးမလဲဆိုတာ မောင်သိချင်တယ်"





နွဲ့က သူ့အား မျက်ထောင့်ကပ်ကြည့်လိုက်ပြီး . . .

"ဟင်း . . . ဟင်း . . . မောင်ကတော့ ကြံကြံဖန်ဖန် ခေါင်းရှုပ်ခံတယ်"

"ပြောပါနွဲ့ရယ် . . . မောင်တကယ်သိချင်တာပါ"

"ဒီမှာ မောင် . . . နွဲ့ကလေ . . . ခေါင်းနောက်စရာ ရောက်လာရင် ဖက်တွယ်မထားတတ်ဘူးဆိုတာ မောင်သိရဲ့သားနဲ့၊ အဲဒီလိုဆိုရင်လည်း စိတ်ကို အကန့်လိုက် ထားပြီး ဒါက ဖယ်ရမယ့်ကိစ္စ၊ ဒါက လက်ခံသင့်လက်ခံထိုက်တဲ့ကိစ္စဆိုတဲ့ ဝေဖန်ပိုင်းခြားဉာဏ်နဲ့ ရွေးချယ်မှာပဲ၊ သောကဖြစ်စေမယ့်အရာမှန်သမျှ အမှိုက်တစ်ခုလို ဖယ်ရှားပစ်လိုက်မှာပဲ၊ ပစ္စုပ္ပန်တည့်တည့်ကို ရှုပြီး ကောင်းကျိုးကိုပဲ ရှေ့ရှုနေထိုင်မှာပဲ၊ ပြီးခဲ့တာတွေ လာရောလည်း လက်မခံနိုင်ပေါင် . . . တွန်းလှန်ပစ်လိုက်မှာပဲ"

နွဲ့စကားကို သဘောကျသဖြင့် ဒေါက်တာနေအုပ်စိုး ရယ်မောကာ ချစ်ဇနီး၏နဖူးလေးကိုပင် ဖွဖွကလေး ထုလိုက်ပြီး . . .

"တော်တယ် . . . နွဲ့မှာ အဲဒီလိုစိတ်ထားရှိရင် မောင်စိတ်ချပါပြီ၊ လာ . . . သူအိပ်နေပါပြီ၊ ထမင်းစားကြရအောင် နွဲ့"

နွဲ့က ပန်းသစ္စာကို စောင်လေး ရင်ဘတ်အထိ ဆွဲဖုံးပေးပြီး Air Con: ကိုလည်း အအေးအနည်းငယ် လျှော့ပေးလိုက်သည်။

ဒေါက်တာနေအုပ်စိုး နွဲ့ပခုံးအား တွဲဖက်ခေါ်ရင်း အောက်ထပ်သို့ ဆင်းရင်း အာရုံက ညီရတုထံ ရောက်သွားသည်။

ပန်းသစ္စာ ပြောပုံအရဆို အောင်ဇင်အတွက်က စိတ်ချရပြီးသား။

ညီရတုနှင့် ပန်းသစ္စာတို့နှစ်ယောက်ကတော့ အတော့်ကို

www.burmeseclassic.com



ဖြည်ယူရမည့် ကြိုးနှစ်ထုံးနှယ်ပင်။

"ဟူး. . ."

"မောင်နော်. . . လူနာကုတာလည်း ကုတာပဲ၊ ကိုယ့်ကျန်းမာရေးလည်း ကိုယ်ဂရုစိုက်ဦး"

"အေးပါကွာ. . . အေးပါ၊ ဒါထက်. . . နွဲ့၊ ပန်းသစ္စာနိုးရင် ဘယ်အချိန်ဖြစ်ဖြစ် မောင့်ကို လာနှိုးနော်"

"အင်းပါ မောင်ရယ်"

ဟု နွဲ့က ဖြေလိုက်သော်လည်း တကယ်တမ်းတော့ ညစာစား သိမ်းဆည်းပြီး သူက စာကြည့်ခန်း၊ နွဲ့က ပန်းသစ္စာနှင့်အတူ သူတို့အိပ်ခန်း၌ အိပ်ရန် လမ်းခွဲပြီးနောက် သူလည်း အိပ်ပျော်သွားခဲ့လေသည်။

စကားသံနှင့် လှုပ်ရှားမှုအသံကြောင့် သူနိုးလာချိန်တွင် သန်းခေါင်ကျော် တစ်နာရီထိုးလုလုအချိန် သူအသာထ၍ မီးရောင်ရှိရာ ထမင်းစားခန်းသို့ ခြေဖွနင်းကာ လျှောက်သွားလိုက်သည်။

နွဲ့နှင့် ပန်းသစ္စာ။ နှစ်ဦးသား သူ့အား မမြင်။ နွဲ့က ဘာမှမစားမသောက်ဘဲ ငိုရှိုက်ရင်း မောမောနှင့် အိပ်ပျော်သွားသော ပန်းသစ္စာ တရေးနိုးအလာ၌ ဗိုက်ဆာပုံရသည်။ နွဲ့က ကော်ဖီနှင့်မုန့် ပြင်ဆင်ကျွေးရင်း တရားချနေလေသည်မို့ သူ ထမင်းစားခန်းသို့ မဝင်ဘဲ နားစွင့်နေလိုက်သည်။

"ပန်းသစ္စာ"

"ရှင်. . . မမနွဲ့"

"စိတ်ကြည်လင်ပြီလား"

"ဟုတ်ကဲ့ မမနွဲ့"





"မမနွဲ့ စကားပြောလို့ရမလား"

"ပြောပါ မမ"

"မမနွဲ့ မနေ့က ညီမလေး ခံစားရတာကို ကိုယ်ချင်းစာပေးပါတယ်၊ ဥပမာ. . . ညီမလေးရယ်၊ ကိုယ်ညစ်ပေနေတဲ့ အဝတ်အစားကို ဒီအတိုင်း ဘယ်သူမှ ပြန်မဝတ်ချင်ကြဘူးမှတ်လား၊ ကိုးပေရေနေတာရော၊ ချွေးနံ့အနံ့အသက်တွေရော မကောင်းဘူးမှတ်လား၊ ဒီတော့ ဘာလုပ်မလဲ"

"လျှော်ဖွတ် မီးပူတိုက်ပြီး ဝတ်မှာပေါ့ မမနွဲ့"

"ဟုတ်တယ်. . . ဖြူစင်အောင် လျှော်ဖွတ်မီးပူတိုက်ပြီး သန့်ပြန့်သွားတာနဲ့ ပြန်ဝတ်ကြတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် မမနွဲ့"

"အေး. . . ဒီလိုပါပဲ၊ ပန်းသစ္စာရဲ့အတိတ်ကံကြောင့် ခံစားကြုံတွေ့ခဲ့ရတာတွေကို ဝမ်းနည်းမနေပါနဲ့၊ အတိတ်ကို အတိတ်မှာ ထားခဲ့ပါ၊ နောက်တစ်ခု မမနွဲ့ မေးမယ်၊ ညီမလေး သေသေချာချာ စဉ်းစားပြီးမှ ဖြေနော်"

"ဟုတ်ကဲ့ပါ မမ. . . မေးပါ"

"ညီမဟာ မြကြာမှုန်လား. . . ပန်းသစ္စာလား"

"ပန်းသစ္စာပါ"

"အဖေအမေတော တူသလား"

"မတူပါဘူး မမ"

"ရုပ်အင်္ဂါချင်းကော"

"မတူပါဘူး မမ"

"အင်းလေ. . . အခုလည်း ပန်းသစ္စာအဖြစ် ဘဝမှာ

www.burmeseclassic.com



ရပ်တည်နိုင်ဖို့ မိဘလုပ်ကျွေးနိုင်ဖို့ ကြိုးစားနေတာမှတ်လား"

"ဟုတ်ပါတယ် မမ၊ ပန်းသစ္စာ သဘောပေါက်ပါတယ်"

"ကောင်းပြီ. . သံသရာစက်ဝန်းကြီးက သံလိုက်စက်ကွင်းလိုပဲ လည်ပတ်နေတာလေ၊ ဒီလိုပါပဲ. . . ကောင်းတာလည်း ကြုံတဲ့အခါကြုံမှာပဲ၊ မကောင်းတာလည်း ကြုံတဲ့အခါလည်း ကြုံမှာပဲ၊ ဒါကိုသိရင် ထမင်းချက်တဲ့အခါ ကြွက်ချေးခဲတို့ စပါးလုံးတို့ တွေ့ရင် ဖယ်ထုတ်သလို မကောင်းတာကို ဖယ်ထုတ်နိုင်တာပဲမှတ်လား။ ဒီတော့ ကိုယ့်စိတ်ကို နိုင်အောင် လေ့ကျင့်လိုက်စမ်းပါ ညီမရယ်"

"ခုလို ရှင်းပြတာ ကျေးဇူးတင်လိုက်တာ မမနွဲ့ရယ်"

"ဒါဆို အဖြူမြင်ရက်နဲ့ အနီလို့ ဖြေရင် သူများက ဘာပြောမလဲ"

"အဟင်း. . . ဟင်း. . . အရူးလို့ ပြောမယ်၊ Colour Blind လို့လည်း ပြောမှာပေါ့ မမနွဲ့"

"ဒါပေါ့. . . ကိုအောင်ဇင်ကို မြင်ရင်. . ."

"ကိုအောင်ဇင်ပေါ့"

"ညီရတုကို မြင်ရင်. . ."

"ညီရတုပဲပေါ့"

"ဒါဆို အဖြေက ရှင်းပြီပဲ၊ ညီမ ဘာသောကရောက်နေရတာလဲ"

"ဟုတ်ပါတယ် မမ၊ မနေ့က ကြားစဆိုတော့ ပန်းသစ္စာလည်း ထူပူသွားပြီး ရှက်လည်းရှက်မို့ ဆောက်တည်ရာမရ ဖြစ်မိတာပါ"

"ခုဆို. . . ပန်းသစ္စာ စိတ်အေးလက်အေး ဖြေရှင်းလို့ရပြီ





တ်လား"

"ဟုတ်ကဲ့ပါ မမနွဲ့"

"ကိုအောင်ဇင် မြင်ရင်လည်း ရဲရဲရင်ဆိုင်လိုက်၊ ညီရတု မြင်ရင်လည်း ရဲရဲရင်ဆိုင်လိုက်ပါ၊ ညီရတုအပေါ်ကော စိတ်ယိုင်ချင် သေးသလား"

"တော်ပါပြီ မမရယ်၊ သံသရာစက်ဝန်းကို ပန်းသစ္စာ ကြောက်သွားပါပြီ၊ အိမ်ထောင်ရေးကိုလည်း အမှန်တကယ် စိတ်ကုန် ကြောက်ရွံ့သွားပါပြီ"

"သေချာရဲ့လား"

"သေချာပါတယ် မမ၊ အင်း. . . မမနွဲ့နဲ့ ဆရာလည်း ပန်းသစ္စာကြောင့် အတော်ပင်ပန်းသွားကြပြီနော်"

"ပင်ပန်းတာထက် ပန်းသစ္စာစိတ် လမ်းကြောင်းမှန်ပေါ် ရောက်ဖို့အရေးကြီးတာပါလေ၊ ခု ဆရာကော မမပါ ညီမလေး အတွက် စိတ်အေးသွားရပြီကွယ်၊ ကဲ. . . ကဲ၊ ဆရာပေးထားတဲ့ဆေး လေး သောက်ပြီး တရေးထပ်အိပ်ကြဦးစို့"

"ဟုတ်ကဲ့ပါ မမနွဲ့"

ဒေါက်တာနေအုပ်စိုး အသာအယာ နောက်ပြန်ဆုတ်ကာ ကြည့်ခန်းထဲ ပြန်ဝင်ခဲ့လေသည်။

နောက် လူနာကုတင်ထက်ဝယ် ပြန်လှဲလျောင်းရင်း ဇနီး သူ၏ပြောင်မြောက်စွာ ပန်းသစ္စာကို စိတ်ဓာတ်စစ်ဆင်ရေး များဟော ကုသပေးခြင်းကို ကျေနပ်ကာ ပီတိဖြာနေလေသည်။

နွဲ့၏သိတတ်လိမ္မာမှုဖြင့် လူနာတစ်ယောက် လမ်းမှန်ကို လျှောက်နိုင်ပြီဆိုတာကို သိလိုက်ရသဖြင့် ဝမ်းသာပီတိဖြာကာ


www.burmeseclassic.com



ချစ်ဇနီးအပေါ် တိုး၍ပင် လေးစားမြတ်နိုးစိတ်က ပို၍ပို၍သွားပြီ။







## အခန်း(၃၄)
## ဝိဘာတ်ကြမ္မာင်လေပြီ

"တန်. . . တန်. . . တန်"

ပန်းသစ္စာ ဖုန်းကောက်ကိုင်လိုက်သည်။

"ပန်းသစ္စာ. . . ကိုယ် ခြံရှေ့ရောက်နေပြီ၊ လာတွေ့ပါ. . မတွေ့ရင် အိမ်ထဲ ဝင်ခဲ့မယ်"

ပန်းသစ္စာ ညီရတုအား ရင်ဆိုင်ရန် အသင့်ရှိနေပြီမို့. . .

"ကောင်းပြီ ကိုညီရတု၊ စောင့်နေပါ. . . ထွက်ခဲ့မယ်"

ဟု ပြောပြီး ဖုန်းပိတ်လိုက်သည်။

မိဘနှစ်ပါးက ဆွေမျိုးတစ်ဦးအိမ် နာရေးသတင်းမေး သွားနေသဖြင့် အိမ်မှာ ရှိမနေချေ။ ကားကို အိမ်နီးချင်း ချာတိတ်

www.burmeseclassic.com



တစ်ဦးကို မောင်းနိုင်းပြီး သွားခြင်းဖြစ်သည်။

ပန်းသစ္စာ ခြံရှေ့ ထွက်လိုက်သည်။

"ဘယ်ပျောက်နေတာလဲ ပန်းသစ္စာ၊ ကိုယ်က ပန်း ကတိတည်တယ် ထင်နေတာ"

"တစ်လပြည့်ရင် အဖြေပေးမယ်ဆိုတာ တစ်ရက်စွန်းသွားလို့ မှတ်လား"

"မှတ်မိသားပဲ. . . တစ်နေရာ သွားကြရအောင်"

"ကျွန်မ မအားဘူး ကိုညီရတု"

"ဘာဖြစ်လို့ မအားတာလဲ၊ အောင်ဇင်နဲ့ တွေ့နေရလို့လား"

ပန်းသစ္စာ တုန်လှုပ်ခြင်း ကင်းမဲ့နေလေပြီ။ ညီရတု၏ စွဲချက်အပေါ်၌လည်း ဒေါသစိတ်ပင် မဖြစ်မိတော့။

"တွေ့တဲ့အခါလည်း တွေ့ပါတယ်၊ ဒါပေမယ့် မအားတာက သူ့အတွက် အချိန်ပေးတာမဟုတ်ဘူး၊ ပန်းသစ္စာအတွက် ပန်းသစ္စာ အချိန်ပေးနေရလို့ပါ"

"ဗျာ. . ."

"ပန်းသစ္စာ ကျန်းမာရေးအခြေအနေက မကောင်းဘူး ကိုညီရတု"

ညီရတု မျက်ဝန်းထဲ စိုးရိမ်ရိပ်တို့ ယှက်သန်းသွားပြီး. . .

"ဟုတ်လား. . . ဘယ်ဆေးရုံမှာ ပြနေသလဲ၊ ဘယ်သူနဲ့ ပြသလဲ၊ ကိုယ်လိုက်ပို့ပေးမယ်လေ"

"ရပါတယ် ကိုညီရတု၊ ပန်းသစ္စာရောဂါက ပန်းသစ္စာကိုယ်တိုင် ကုမှရတာပါ။ စိတ်ဓာတ်ကြံ့ခိုင်ဖို့ အရေးကြီးတယ်လို့ ဆရာနဲ့မမန္တကြ ပြောပါတယ်"





ညီရတုမှာ အံ့အားသင့်လွန်းသဖြင့် မျက်ခုံးနှစ်ဖက်ပင် မြင့်တက်သွားရလေသည်။

"ဟင်. . . ပန်း. . . ပန်းက"

"ဟုတ်ပါတယ် ကိုညီရတု၊ ပန်းသစ္စာက ဆရာဦးနေအုပ်စိုးရဲ့လူနာပါ"

"ဗျာ. . ."

ညီရတု တုန်လှုပ်သွားလေပြီ။

ရင်ထဲမှာ မလုံမလဲနှင့် ခံရခက်သော ဝေဒနာဆိုးတစ်ရပ် ငြိကပ်လာလေပြီ။ ပန်းသစ္စာ တမင်ပြောနေတာလား။

သူ့ကိုများ ဒေါက်တာနေအုပ်စိုးရဲ့မိတ်ဆွေမဟုတ်ဘဲ လူနာအဖြစ် သိသွားသဖြင့် စောင်းပါးရိပ်ခြည် ပြောတာများလား။

အတွေးနှင့် မေးခွန်းများစွာက သူ့စိတ်ကို ရှုပ်ထွေးစေသည်။

သို့သော် ဟန်ကိုယ့်ဖို့ ဆိုသည့်အတိုင်း. . .

"မဟုတ်သေးဘူး ပန်း၊ အနာသိရင် ဆေးရှိပါတယ်၊ ကုလို့ပျောက်ကင်းနိုင်ပါတယ်"

"ပန်းသစ္စာရောဂါက သာမန်ရောဂါနဲ့ မတူဘဲလေ၊ ဒါကြောင့် ကိုညီရတုကို အကြောင်းမပြန်နိုင်တာ၊ ပြန်ရင်လည်း. . ."

"နေ. . . နေပါဦး ပန်း၊ ဖြည်းဖြည်းစဉ်းစားပါ၊ ပန်း ဘယ်အာရုံ ရောက်နေရောက်နေ ကိုယ်မြတ်နိုးပါတယ်၊ ကိုယ်ပြုစုပေးမယ် ပန်းနဲ့ယှဉ်. . . ထပ်စဉ်းစားပေးပါ"

ပန်းသစ္စာ ပြုံးသားရတော့မည်။

ညီရတုကို ယဉ်ယဉ်လေးနှင့် ငြင်းပယ်၍ ရနိုင်မည်မထင်

www.burmeseclassic.com



ပါ။ သို့သော် နောက်ဆုံးအနေနှင့်တော့ လေပြေအေးအေးလေးနှင့်ပင်. . .

"ပန်းသစ္စာ ဘဝကို စိတ်အေးလက်အေးလေးနဲ့ ဖြတ်သန်းပါရစေ"

"ဖြတ်သန်းပါ. . . ကိုယ်က ပါရမီဖြည့်ဖက်အဖြစ် ကူညီပေးမှာပါ၊ ကိုယ့်ဘဝအတွက် ပန်းသစ္စာဟာ မရှိမဖြစ် လိုအပ်သူ ဖြစ်နေလို့ပါကွာ"

ညီရတု အပြောလေးက အရည်ပျော်လောက်ပေပြီ။

သို့သော် ပန်းသစ္စာ နှလုံးသားက မာကျောနေလေပြီမို့. .

"ဝမ်းနည်းပါတယ် ကိုညီရတု၊ စိတ်ဆန္ဒကို ရှေ့တန်းမတင်ပါနဲ့ရှင်၊ တကယ်လို့ ရှင့်နာမည်ဟာ ဇေယျဆိုရင် ပန်းသစ္စာနဲ့က ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်သွားပါပြီ. . . ဒါပါပဲ၊ ရှင့်လမ်းရှင် ဆက်လျှောက်နိုင်အောင် ကြိုးစားပါ"

ညီရတု ဘာမှမပြောနိုင်တော့ဘဲ ကျောက်ဆစ်ရုပ်သဖွယ် ဖြစ်သွားလေသည်။

ပန်းသစ္စာ ခြံဝင်းထဲသို့ ပြေးဝင်ခဲ့ပြီး ခြံဝင်းတံခါးကို သော့ခတ်လိုက်လေသည်။

နောက်လှည့်မကြည့်ဘဲ အိမ်ထဲဆီသို့သာ တန်းဝင်ခဲ့ပြီး သံပန်းတံခါးကို သော့ခတ်လိုက်လေသည်။

အမှန်တော့ သော့ခတ်စရာပင် မလို။ သော့ထက် ခိုင်မာသော စိတ်နှလုံး သံမဏိတံခါးချက်များကို ညှန်ကြားစေစားနိုင်စွမ်း ရှိနေလေပြီပဲ။

"ဝူးကနဲ" ကမူးရှူးထိုး မောင်းထွက်သွားသော ညီရတု






အတွက် စိတ်မကောင်းပါ။

သို့သော်. . . ဇေယျ၏ပုံရိပ်သွင်ကို ဖျောက်ဖျက်ဖြစ်ဖို့၊ မြကြာမှုန်ဟူသော အိပ်မက်ဆိုးကို လုံးဝမေ့ပျောက်ပစ်ဖို့အတွက် ပန်းသစ္စာ အဆပေါင်းများစွာ တိုး၍ကြိုးစားအားထုတ်ရဦးမည်မို့။

www.burmeseclassic.com





## အခန်း(၃၅)
## ပုထုဇဉ်နှောင့်ဗမာ ဉမ္မတ္တကော

"ကူးကူ. . . ကူးကူ. . . ကူးကူ"

ဖုန်းမြည်သံကြောင့် ဒေါက်တာနေအုပ်စိုး ဖုန်း Screen ပေါ်သို့ လှမ်းကြည့်လိုက်သည်။

ညီရတု၏ဖုန်းနံပါတ်ဖြစ်နေလေသည်။

"ဟုတ်ကဲ့ နေအုပ်စိုးပါ"

"ဆရာ. . . ဆရာ. . . ကျွန်တော် ဆရာ့ကို တွေ့ချင်လို့ မယ်"

သောကလောင်မီးမြိုက်မှုကြောင့် ပူလောင်နေသော အလောသုံးဆယ်သံဖြင့် ညီရတု ပြောနေလေပြီ။





"လာခဲ့လေဗျာ. . . လာခဲ့ပါ၊ ခင်ဗျားအတွက် တံခါး အသင့်ဖွင့်ထားပါတယ်"

ဖုန်းချသွားလေပြီ။

သူထင်ထားသည့်အတိုင်း ညီရတုမှာ တုန်လှုပ်ချောက်ချား နေလေပြီ။

သူက တံခါးဖွင့်လိုက်သည်။

ရောက်မလာသေးသဖြင့် ဂိတ်ကို ဖုန်းဆက်မေးတော့ လည်း ခြံဝမှာ ညီရတု ကားရှိမနေပါတဲ့။

ဩော်. . . အိမ်က ဆက်တာလား၊ လမ်းက ဆက်တာလား၊ တစ်ခုခုပါပဲဟု တွေးကာ မျှော်နေမိစဉ်. . .

"မောင်ရေ. . . စားစရာတွေ အေးစက်ကုန်မယ်နော်. . . စားလိုက်ဦး"

"အင်းပါ နွဲ့ရာ"

နံနက်စာ စားသောက်ပြီး ရုံးသွားရန် ပြင်ဆင်ပြီးချိန်အထိ ညီရတု လုံးဝပေါ်မလာချေ။

လင်မယားနှစ်ယောက်စလုံး အပြင်သွားရန် တံခါးမကြီး ကို အဖွင့်. . .

"တီ. . . တီ. . . တီ"

ကားဟွန်းသံကြောင့် လှမ်းကြည့်မိရာ လာနေကျ ကား မဟုတ်၍. . .

"နွဲ့ဧည့်သည်လား"

"ဟင့်အင်း. . . နွဲ့ဧည့်သည်လာဖို့ ချိန်းထားတာမရှိပါဘူး"

ကားသည် ပေါ်တီကိုရှေ့ ဆိုက်လေသည်။ ခြံစောင့် မောင်

www.burmeseclassic.com



အေးပါ အနားရောက်လာသည်။ သူ့အား. . .

"ညီရတုမို့ ပေးဝင်လိုက်တာပါ ဆရာ"

"ဪ. . ."

လူနှစ်ယောက် တွဲချကာ ခေါ်ဆောင်လာသော ညီရတု၏ ညှိုးသိုးသိုးနှင့် နွမ်းဖတ်နေသောပုံစံကို ကြည့်ကာ လင်မယား နှစ်ယောက်စလုံး တော်တော်ပင် စိတ်မကောင်းဖြစ်သွားရလေသည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ"

ဘေးက တွဲလာသူ အဖော်တစ်ဦးက. . .

"တစ်နေ့လုံး တစ်ညလုံး မြကြာမှုန် လာနေပြီ လာနေပြီ ဆိုပြီး အော်နေတာပါပဲ ဆရာ"

"ဖြစ်ရလေဗျာ. . . လာလာ. . ."

စာကြည့်ခန်းဘက်သို့ ဦးဆောင်ခေါ်သွားပြီး. . .

"ကဲ. . . လူနာကို ဒီမှာ ခဏလှဲခိုင်းလိုက်ပါ"

ညီရတုသည် ဟိုကြည့်ဒီကြည့် ဂဏှာမငြိမ် မျက်လုံးများဖြင့် ကြည့်ကာ. . .

"မြကြာမှုန်. . . မြကြာမှုန်. . . ကျွန်တော့်ကို ခေါ်နေပြီ၊ အနားရောက်လာပြီ. . . လာနေပြီ"

"ကိုညီရတု. . . ကိုညီရတု. . . သတိထားလေဗျာ၊ ကျွန်တော့်ကို သိလား"

"ဆရာ. . . ဆရာ"

သိစိတ်တစ်ဝက် မသိစိတ်တစ်ဝက်နှင့် အသိလွတ်တာက ပိုများနေလေပြီမို့. . .





"စိတ်ကို တဖြည်းဖြည်းချင်း လျှော့မှတ်ယူပါ၊ မှတ်ပါ. . . မှတ်ပါ"

"ဝူး. . . ဝူး"

ရှန်းကန်ပေါက်ကွဲလေပြီ။ အဖော်နှစ်ယောက်၊ မောင်အေးတို့ကို ချုပ်ခိုင်းထားပြီး. . .

"မြကြာမှုန်. . . မြကြာမှုန် ရောက်လာပြီ၊ သတ်တော့မယ် လာသတ်နေပြီ. . . အား. . ."

အိပ်ဆေးထိုးပေးလိုက်ရသည်။

သွေးရူးသွေးတန်းဖြစ်နေလေပြီ။

ငါးမိနစ်ကျော်ကျော်ခန့်အကြာတွင် ရှန်းကန်မှု လျော့ပါးသွားပြီး အိပ်ပျော်သွားလေတော့သည်။

"ကိုင်း. . . ဆရာတို့ ဆရာသမားကို ကျွန်တော်တို့ စိတ်ကျန်းမာရေးဆေးရုံကို ပို့မှဖြစ်တော့မယ်"

"ဗျာ. . ."

"သူ့ရဲ့သားချင်း အရင်းအချာတွေဆီကို ခင်ဗျားတို့ ဆက်သွယ်အကြောင်းကြားပေးကြပေတော့"

"ပြန်. . . ပြန်ကောင်းပါ့မလား ဆရာ"

"ဆေးရုံမှာ ဆေးဝါးမှန်မှန်တိုက်ကျွေးပြီး ကျွမ်းကျင်တဲ့ ဆရာဆရာမတွေရဲ့ကုသမှုနဲ့ ပျောက်ကင်းသွားတဲ့ ဝေဒနာရှင်တွေ အများကြီးပါဗျာ၊ ကဲ. . . ကဲ၊ ကျွန်တော်လည်း ဆေးရုံသွားမှာမို့ အခုတည်း သွားကြရအောင်"

"ဟုတ်ကဲ့ပါ ဆရာ"

ဒေါက်တာနေအုပ်စိုးက မလှမ်းမကမ်းမှ စိတ်ထိခိုက်စွာ

www.burmeseclassic.com



ရပ်ကြည့်နေသော ဖနီးသည်၏ပခုံးကို ဖက်ကာ ဖျစ်ညှစ်အားပေး လိုက်သည်။

"မကြာခင် ကောင်းသွားမှာပါ နွဲ့ရယ်"

အားပေးရင်း လူနာခေါ်ဆောင်သွားနိုင်ရန် ပြင်ဆင်ရလေသည်။

"မောင်အေး. . . ဝိုင်းကူပြီး ကားပေါ် တင်ပေးလိုက်ဦး"

"ဟုတ်ကဲ့ပါ ဆရာ"

"နွဲ့ကော တစ်ခါတည်း ထွက်မှာလား၊ ကားမောင်းလို့ ရရဲ့လား၊ မောင် လိုက်ပို့ပေးရမလား"

"ရပါတယ်. . . မောင်သွားနှင့်ပါ၊ ရေတစ်ခွက်လောက် သောက်ပြီး ခဏနားပြီးမှ နွဲ့သွားမယ်"

"ဖြစ်တယ်နော်. . ."

"ဖြစ်ပါတယ်. . . လူဆိုတာက ဘုရားဟောထဲကလို ပုထုဇ္ဇနော၊ ဥမ္မတ္တကောကြီးပါပဲ မောင်ရယ်"

"အိုကေ. . . မောင်သွားပြီ"

ဒေါက်တာနေအုပ်စိုး နွဲ့ပခုံးကို ပုတ်ကာ အားပေးလိုက်ပြီး အိမ်ထဲမှ ထွက်ခဲ့လေတော့သည်။


နွဲ့စကားကြားလိုက်သည်နှင့် သူစိတ်ချလိုက်ပြီ။

လူတိုင်းလူတိုင်း သိဖို့လိုအပ်ပါသည်။

"ပုထုဇ္ဇနော၊ ဥမ္မတ္တကော" ဟု. . .။







အခန်း(၃၆)

အိပ်မက်သံသရာမှ နိုးထလာသော်

ပလေကမ်းခြေတစ်နေရာ၌. . .

ပင်လယ်လေ၏ သန့်ရှင်းလတ်ဆတ်သော ရနံ့ကို ရှူရှိုက်ရင်း အုန်းလက်ထီးအမိုးအောက်က အုန်းပက်လက် ကုလားထိုင်လေးတွင် ထိုင်ကာ လင်မယားနှစ်ယောက် အုန်းစိမ်းရည် သောက်ရင်း အပြောကျယ်သော ပင်လယ်ပြင်ကြီး၏ရှုခင်းအရသာကိုလည်း အပြည့်အဝ ခံစားရင်း ဘဝအမောတို့ကို အပန်းဖြေနေလေသည်။

"နွဲ့ ဘာတွေတွေးနေတာလဲ"

နွဲ့သဒ္ဒါနွယ်က ပြုံးကာ ခင်ပွန်း၏ပခုံးထက်၌ ခေါင်းမှီတင်

www.burmeseclassic.com



လိုက်ရင်း. . .

"စုံနေတာပဲ"

"ဘာလဲ. . . စိန်တွေ၊ ရွှေတွေ၊ ကျောက်တွေကို သတိရနေပြန်ပြီလား"

"မဟုတ်ရပါဘူး မောင်ရာ. . . ပန်းသစ္စာတို့အကြောင်း"

"ဟိုး. . . ဟမ်းနီးမွန်းခရီးစဉ်လေ၊ ဘယ်သူ့အကြောင်းမှ မတွေးနဲ့"

"အံမယ်. . . နွဲ့ကိုသာ မောင်က ပြောနေ၊ မောင်ကောမောင့်ပေးရှင့်တွေအကြောင်း မတွေးဘူးလို့ အာမခံနိုင်လို့လား"

ဒေါက်တာနေအုပ်စိုး "ဟက်ကနဲ" ရယ်လိုက်လေသည်။

မှန်ပါသည်။ လွန်ခဲ့သော(၃)လခန့်က. . .

သူ. . . ညီရတုကို ဆေးရုံတင် ကုသစဉ်ကစပြီး ခါတိုင်းထက် အချိန်တစ်နာရီထက် ပိုပေးကာ အဖော်ပြု စကားပြောပေးခဲ့ရသည်။ ညီရတုက သူ့ကိုပဲ မှတ်မိနေသည်။ သူ့စကားဆို နာခံသည်။

တစ်ရက်ထက်တစ်ရက် ညီရတု အခြေအနေ တိုးတက်လာစဉ်၌ တစ်ဖက်မှာ သူ့ဇနီး နွဲ့ကလည်း အလုပ်များနေလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ပန်းသစ္စာက. . .

အတိတ်ဘဝ၏အရိပ်မည်းကို အောင်မြင်စွာ ချေဖျက်နိုင်ခဲ့ပြီး သံသရာစက်ဝန်းထဲ အကုသိုလ်နှင့် ကျင်လည်ရမှာ ကြောက်သည့်အတွက် အေးချမ်းသော တရားမေ့အရိပ်၌ ရာသက်ပန်ခိုဝင်နားလိုက်သည်။

ပန်းသစ္စာဘဝနှင့် မဟုတ်တော့။ သာသနာ့အနွယ်ဝင် "သီလရှင်" ဆရာလေး "မာလာရီ" ဘဝနှင့်ဖြစ်သည်။

သို့အတွက်. . . နွဲ့က ပစ္စည်းလေးပါး ဒကာခံကာ အစစအရာရာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။

အောင်ဇင်. . .

သာသနာ့ရိပ်သာတစ်ခု၌ နှစ်လတာမျှ တရားအားထုတ်ပြီးနောက် ပြန်ထွက်လာသည်။

ဆရာလေး မာလာရီ၏မိဘနှစ်ပါးကို သူ့မိဘနှစ်ပါးကဲ့သို့ မှတ်ယူကာ ကျွေးမွေးစောင့်ရှောက်ရင်း "မာလာရီ" ၏အစ်ကိုတော်တစ်ယောက်အနေနဲ့ ခံယူကာ လိုအပ်သော ပစ္စည်းလေးပါး ဒကာခံပေးခဲ့သည်။

ထိုအချိန်မှာပင်. . .

စိတ်ကျန်းမာရေးဆေးရုံတင်ကာ ကုသမှု ခံယူခဲ့ရသည့် ညီရတုသည် နှစ်လခွဲခန့်အကြာတွင် သိစိတ်နှင့် မသိစိတ် ကွဲပြားသွားပြီးနောက် ဆေးရုံက ဆင်းခွင့်ရသွားခဲ့လေသည်။

စိတ်ပြေလက်ပျောက် ဖြစ်စေရန်ဟု ဆိုကာ ပြည်ပရောက် ညီရတု၏အစ်မတစ်ဦးက အလည်အပတ် ခေါ်ဆောင်သွားလေသည်။

မသွားခင် သူတို့လင်မယားကို လာရောက် ကန်တော့ရင်း ညီရတုက. . .

"ခုနေ ကျွန်တော် ဘာမှမတွေးချင်သေးဘူး ဆရာ၊ ကျွန်တော့်စိတ်ကို အဖြူရောင်သက်သက်အနေနဲ့ ထားပြီး ကမ္ဘာပတ်လိုက်ဦးမယ်၊ ပြန်လာတဲ့အခါမှာတော့ ဘဝအတွက်၊ သံသရာအတွက် ဘာဆက်လုပ်သင့်တယ်ဆိုတဲ့ အဖြေတစ်ခုတော့ ရရှိလာ




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com



မှာပါ ဆရာ”

ဟု ပြောသွားသဖြင့် သူတို့လင်မယားသည် ညီရတု ပြန်အလာနှင့် ညီရတု ဆုံးဖြတ်ချက် သံသရာအတွက် မှန်ကန်သော အဖြေတစ်ခုဖြစ်ပါစေဟုလည်း ဆုတောင်းမေတ္တာ ပို့သနေမိကြသည်။

နောက်. . . သူတို့(၃)ယောက်ကြောင့် လင်မယား နှစ်ယောက်စလုံး ပင်ပန်းခဲ့ကြသည်မို့ ရုံးပိတ်ရက်နှင့် တိုက်သော ပိတ်ရက်(၅)ရက်ကို အပန်းဖြေခရီး ထွက်ခဲ့ကြခြင်းဖြစ်သည်။

“ဟိတ်. . . မောင်”

နွဲ့က သူ့မေးစေ့ကို ဆွဲလှည့်တော့မှ သူ၏အတွေးကွန်ရက် ပျက်ပြယ်သွားပြီး. . .

“အင်. . . နွဲ့ဘာလဲ”

“နွဲ့ကို ပြောပြီး မောင့်ကျတော့တွေးနေပြီ၊ ဟွန်း. . . ညီရတုတို့အကြောင်းမှ ဟုတ်ရဲ့လား မောင်”

“ဟင်း. . . ဟင်း. . . မောင်တို့နဲ့ သူတို့ရဲ့ရေစက်ပဲ လေ၊ အဲဒါကြောင့် သူတို့တွေနဲ့ ဆုံခဲ့ကြုံခဲ့ကြတာပေါ့၊ ကဲ. . . ပြီးတာတွေ တွေးမနေပါနဲ့တော့၊ ပစ္စုပ္ပန်တည့်တည့်ပဲ ရှုရအောင်၊ အင်း. . . မောင့်မိန်းမက သိပ်ကိုလှတာပဲ. . . အပျိုရုံးတယ်”

ပြောပြောဆိုဆို ဒေါက်တာနေအုပ်စိုးက နွဲ့သဒ္ဒါနွယ်ကို ချစ်ရည်ရွှန်းလက်သော မျက်ဝန်းအစုံနှင့် စိုက်ကြည့်ကာ ပြောလိုက်လေရာ. . .

“ဟွန်း. . . လူဆိုး”

“မဆိုးပါဘူး. . . အနားတိုးစမ်းပါဦး”





ရှန်းထွက်ချင်သော ဇနီးကို တိုး၍ဖက်ထားလိုက်ရာ နွဲ့သဒ္ဒါနွယ် မျက်လုံးပြူးသွားပြီး ဘေးဘီကို ကြည့်ကာ. . .

“ဟင်းနော်. . . ဆရာဝန်ကြီးလုပ်နေပြီး ကဲချင် ခွဲချင်သေးတယ်၊ တော်ကြာ သိတဲ့သူက မြင်သွားရင်. . .”

“မြင်မြင်ကွာ. . . ကိုယ့်မိန်းမ ကိုယ်ချစ်တာ ဂုဏ်တွေ၊ အရှယ်တွေ၊ သိက္ခာတွေနဲ့ ဆိုင်သလားကွာ၊ လောလောဆယ် ပစ္စုပ္ပန်တည့်တည့်မှာလေ၊ ဟောဒီ နွဲ့ရယ်၊ မောင်ရယ်၊ ပင်လယ်ပြင်ကြီးရယ်၊ မိုးကောင်းကင်ကြီးရယ်ပဲ ရှိတယ်ဗျ. . . သိရဲ့လား”

ပြောလေ ကဲလေ တိုးဖက်လေမို့ နွဲ့သဒ္ဒါနွယ် ဘာမှမပြောတော့။ ရှန်းထွက်ရန်လည်း မစဉ်းစားတော့။

“မောင်နော်. . .”

ဟု ဆိုကာ နွေးထွေးပြီး ရာသက်ပန် အားကိုးသွားနိုင်မည့် ရင်ခွင်ဝပ်ကျင်းထဲသို့သာ နစ်ဝင်သွားမတတ် တိုး၍တိုး၍ ခိုလှုံရင်း။

မြပုလဲခင်

၃. ၂. ၀၈

10:45 AM